တနင်္လာ၊ ဧပြီ (၁)
**ဝတ် ၁**
ဟေဗြဲ ၁၀း၁

*"သင်သည် ဣသရေလအမျိုးသားတို့ကို ဆင့်ဆိုရမည်မှာ၊ သင်တို့တွင် တစုံတယောက်သောသူသည် ထာဝရဘုရားအား ပူဇော်သက္ကာ ပြုလိုလျှင် . . . "*

# ဝတ်ပြုရာကျမ်း၏ရည်ရွယ်ချက်

ထာဝရဘုရားက မိမိလူတို့အား ဥပဒေသုံးမျိုး ပေးတော်မူခဲ့ပါသည်။ ထိုသုံးမျိုးကား၊ ပညတ်တော်ဆယ်ပါး၌ အချုပ်တွေ့ရသော အကျင့်တရားနှင့်ဆိုင်သော ဥပဒေ၊ ဂတိတော်ပြည်၌ ဣသရေလလူမျိုးများ ကျင့်သုံးမည့် အုပ်ချုပ်ရေးနှင့်ဆိုင်သောဥပဒေ၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဆိုင်သောဥပဒေ ဟူ၍ဖြစ်ပါသည်။ အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေ တွင် ကျူးလွန်သူနှင့် ကျူးလွန်ခံရသူ အပေါ် ပြစ်ဒဏ်ပေးခြင်းနှင့် နစ်နာကြေးပေးခြင်းများလည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်၊ တစုံတယောက်သည် သိုးတကောင်ကို ခိုးယူ သတ်ဖြတ်၍ ဖမ်းဆီးရမိလျှင်၊ ထိုသူသည် သိုးပိုင်ရှင်ထံ သိုးလေးကောင် ပြန်ပေးရပါမည်။ နွား ဆိုလျှင် ငါးကောင်ပြန်ပေးရမည်။ အကျင့်တရား ဥပဒေသည် ထိုသို့ မဟုတ်ပါ။

အကျင့်တရားဥပဒေ ပေးရခြင်းမှာ အပြစ်သားများအား ဘုရားသခင်အပေါ်၌ သူတို့သည် အလွန်အပြစ်ကြီးမားလှကြောင်း ဖော်ပြရန် ဖြစ်ပါသည်။ ဥပမာအားဖြင့်၊ အပြစ်သားသည် သူတပါး ဥစ္စာ တပ်မက်ခြင်းကို အပြစ်မှန်း မသိခဲ့ပါ။ ဘုရားသခင်က ဒသမမြောက် ပညတ်တော်၌ "... တပ်မက် လိုချင်သောစိတ် မရှိစေနှင့်" (ထွက် ၂၀း၁၇) ဟု မိန့်တော်မူ၏။ ထို့ကြောင့် လူသည် တပ်မက်ခြင်း ရှိသောအခါ၊ စိတ်ထဲ၌ နာကျင်ခြင်း ခံစားလာရ၏။ လက်တွေ့ကျူးလွန်ခြင်း မရှိသော်လည်း ထိုသို့ တပ်မက်ခြင်းသည် ဘုရားသခင်အပေါ်၌ အပြစ်ပြုပြီဖြစ်ပါသည်။ ဤပညတ်တော်ဆယ်ပါးအားဖြင့်၊ အပြစ်သားများသည် ခိုးယူခြင်းပြုသောအခါ၊ လူအပေါ်၌ သာမက၊ ဘုရားသခင် အပေါ် အပြစ်လွန်ကျူးကြောင်း သိလာမည်ဖြစ်ပါသည်။ ထိုနည်းတူ၊ မိဘကို မရိုမသေပြုခြင်း၊ သူ့မယား ပြစ်မှားခြင်း၊ လူ့ အသက်သတ်ခြင်းနှင့် မမှန်သောသက်သေ ထွက်ဆိုခြင်းတို့သည်လည်း အပြစ်ဖြစ်ကြပါသည်။ အပြစ်သားများသည် မိမိတို့၏ အလွန်ကြီးမားသောအပြစ်ကို သိလျက်၊ ကယ်တင်ရှင်ကို ရှာမည်အကြောင်း၊ သူတို့၏အပြစ်များကို ဖော်ပြဖို့ရန် အကျင့်တရားဥပဒေကို ပေးခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ အုပ်ချုပ်ရေး ဥပဒေနှင့်မတူ၊ ဤအကျင့်တရားဥပဒေတွင် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ဖို့ရန် နစ်နာကြေးပေးဆောင်ခြင်း (သို့) နောင်တရခြင်းလမ်း မရှိခဲ့ပါ။ ထို့ကြောင့်၊ ဝတ်ပြုကိုးကွယ်ခြင်းတရား ဥပဒေဝင်ရောက်လာခြင်းဖြစ်ပါသည်။

ဘုရားသခင်က မိမိလူတို့အား ပျက်စီးခဲ့ပြီဖြစ်သော မိမိနှင့်မိဿဟာယဖွဲ့ခြင်း ကို ပြန်လည် ပြုပြင်ဖို့ရန် ဝတ်ပြုကိုးကွယ်ခြင်းတရားဥပဒေကို ပေးတော်မူခဲ့၏။ အကျင့်တရားဥပဒေက အပြစ်ရှိကြောင်း ဖော်ပြ၏။ သို့သော်လည်း၊ ဝတ်ပြုကိုးကွယ်ခြင်းတရားဥပဒေက ထိုအပြစ်သားကို ပြန်လည်ပြုပြင်လျက်၊ ဘုရားသခင်၏လူတို့အား မည်သို့ သန့်ရှင်းသော အသက်တာ ပိုင်ဆိုင်လျက်၊ ဘုရားသခင်ထံချဉ်းကပ်ရမည်ကို သွန်သင်ခဲ့ပါသည်။ ဝတ်ပြုရာကျမ်းထဲတွင်၊ အပြစ်သားသည် အပြစ်လွှတ်ခြင်းခံရမည်အကြောင်း၊ ပူဇော်ရမည့် ယဇ်ပူဇော်ခြင်းများကို တွေ့ရပါသည်။ ဝတ်ပြုရာကျမ်း၌ တွေ့ရသော ယဇ်ပူဇော်ခြင်းများက ခရစ်တော်ကို ပုံဆောင်ကြပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁း၄။

**ဆုတောင်းချက်** -အဖဘုရား၊ ခရစ်တော် ကြွလာတော် မမူမီကတည်းမှစ၍ ခေတ်အဆက်ဆက် ကယ်တင်ခြင်း ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

**ဝတ် ၁**

ရောမ ၃း၂၃-၁၄

*"ထိုသားသည် . . . အမိဝမ်းထဲကပင်
သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝလိမ့်မည်"*

# မီးရှို့ရာယဇ်သည် လူအပေါင်းအတွက်ဖြစ်၏

မီးရှို့ရာယဇ်သည် အပြစ်ဖြေဖို့ရန် ဖြစ်ပါသည်။ မီးရှို့ရာယဇ်ပလ္လင်ပေါ်၌ ထိုပူဇော်သက္ကာကို အကုန်လုံး မီးရှို့ရမည်ဖြစ်ပါသည်။ ထိုပူဇော်သက္ကာကို ဘယ်သူမျှ၊ ယဇ်ပုရောဟိတ်များကလည်း မစားရပါ။ သို့သော်လည်း ထိုနွားသရေကိုမူ မီးမရှို့ဘဲ၊ ပူဇော်ခြင်းကိုပြုသော ယဇ်ပုရောဟိတ်ထံ ပေးရပါမည်။ ယဇ်ကောင်အပေါ် လက်တင်ခြင်းသည် အလုံးစုံကိုယ်စားပြုခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ ထာဝရဘုရားအပေါ် ကျူးလွန်သောအပြစ်ကြောင့် ခံရမည့်သေခြင်းကို ထိုယဇ်ကောင်က ကိုယ်စားခံပေးကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ထိုသူ၏ရှေ့၌ ယဇ်ပုရောဟိတ်သည် ယဇ်ကောင်ကို ယူ၍ မီးရှို့ရာယဇ်ပလ္လင်ရှေ့တွင် သတ်ရမည်။ မိမိကိုယ်တိုင်သတ်ခြင်း၊ ပူဇော်ခြင်းမပြုရပါ။ ထိုအမှုကို ပြုမည့် မိမိ၏အမှုတော်ဆောင်များအဖြစ် ဘုရားသခင်က အာရုန်၏အမျိုးကို ရွေးချယ်တော်မူခဲ့ပါသည်။ ဘုရားသခင်သည် မွေးဖွားခြင်းအမှု၌လည်း အဆုံးစွန်အာဏာရှိတော်မူသည် ဖြစ်သောကြောင့်၊ ယဇ်ပုရောဟိတ်အမျိုးရွေးချယ်တော်မူသောသူသည်လည်း ဘုရားသခင်ဖြစ်ပါ၏။

ယဇ်ပူဇော်ခြင်းအတွက် တန်ဖိုးအကြီးဆုံးဖြစ်သော နွားကို လူတိုင်း မတတ်နိုင်ကြပါ။ ထို့ကြောင့်၊ ပုံမှန် ဝင်ငွေရရှိသောသူသည် သိုး (သို့) ဆိတ်ကို ယူဆောင်နိုင်ပါသည်။ ဆင်းရဲသောသူသည် ချိုး (သို့) ခိုကို ယူဆောင်နိုင်ပါသည်။ ပို၍ ဈေးကြီးသော ချိုးကို အရင်ရှာရပါမည်။ ချိုးမရမှသာ ခိုကို အသုံးပြုရပါမည်။ မီးရှို့ရာယဇ်ကို လူတိုင်းပြုရပါမည်၊ မပြုဘဲ မနေရပါ။ အပြစ်ဖြေရာယဇ် ဖြစ်သောကြောင့်၊ နွား (သို့) သိုး (သို့) ဆိတ် မတတ်နိုင်သော၊ ဆင်းရဲသားအတွက် ထိုငှက်များကို ယူဆောင်လာရန် ဘုရားသခင်ခွင့်ပြုတော်မူ၏။ နွားကို တတ်နိုင်သောသူသည် ငွေကို ချွေတာလျက်၊ ချိုးငှက်ကို ယူဆောင်၍မရပါ။

ထို နွား (သို့) ဆိတ်နှင့်သိုးတို့သည် အပြစ်မပါသော အထီးဖြစ်ရပါမည်။ ထိုယဇ်ကောင်၏ အရေခွံကို ခွါလျက်၊ အပိုင်းပိုင်းဖြတ်ရမည်။ ငှက်များကိုမူ ယဇ်ပုရောဟိတ်သည် ခေါင်းကို ယူဆောင်လာရမည်။ လူအပေါင်းတို့သည် သူတို့၏ပူဇော်သက္ကာကို နောင်တရသောစိတ်ဖြင့် မှာထားတော်မူသည်အတိုင်း ယူဆောင်လာရမည် ဖြစ်ပါသည်။ ဤ မီးရှို့ရာယဇ်သည် ခရစ်တော်ကို ပုံဆောင်သော ဝိညာဉ်နှင့်ဆိုင်သော ဝတ်ပြုခြင်းဖြစ်တော်မူ၏။

**ကျက်မှတ်ရန်** - ဝတ် ၁း၄။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်အတွက် အသေခံတော်မူသော၊ အကျွန်ုပ်၏ မီးရှို့ရာယဇ် ဖြစ်တော်မူသော ယေရှုခရစ်တော်ကြောင့် ကျေးဇူးတင်ပါသည်။ ယေရှု နာမတော်ဖြင့် ဆုတောင်းပါ၏။ အာမင်။

*"နွားကို မီးရှို့ရာယဇ်ပြုလိုလျှင်၊ အပြစ်မပါသော အထီးကို ဆောင်ခဲ့၍ . . ."*

# အပြစ်မပါသောတိရစ္ဆာန် ဖြစ်ရပါမည်

ထာဝရဘုရားထံ ပူဇော်သော ယဇ်ကောင်တိုင်းသည် အပြစ်မပါသောတိရစ္ဆာန်ဖြစ်ရပါမည်။ ဤတရားကို ပြောင်းလဲ၍ မရပါ။ အပြစ်မပါသော တိရစ္ဆာန်သည် မျိုးပွားခြင်းအတွက် အလွန်ကောင်းသည်ဖြစ်သောကြောင့် သိုးထိန်းများနှင့်တောင်သူများက အလွန်တန်ဖိုးထားခဲ့ကြပါသည်။ အပြစ်အနာဆာရှိသော တိရစ္ဆာန်များကို သတ်စားတတ်ကြ၏။ အကောင်းဆုံးတိရစ္ဆာန်များကို မျိုးပွားခြင်းအတွက်သိမ်းထားတတ်ကြပါသည်။ သို့သော်လည်း၊ အပြစ်အတွက် ပူဇော်သော၊ မီးရှို့ရာယဇ်အဖို့ ယဇ်ကောင်သည် အပြစ်မပါသော တိရစ္ဆာန်ဖြစ်ရမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။

ဤစုံလင်ခြင်းက ဤလောကီအပြစ်ကို ယူဆောင်သွားသော ဘုရားသခင်၏ စုံလင်သော သိုးသငယ်ကို ပုံဆောင်ခြင်းဖြစ်ပါသည်။ ယေရှုခရစ်တော်သည် ဘုရားသခင်၏သိုးသငယ်ဖြစ်တော်မူ၏။ သူသည် အပျိုစင် မာရိမှ သန့်ရှင်းစုံလင်စွာ မွေးဖွားခဲ့ပါသည်။ လုကာ ၁း၃၅ တွင်၊ "ကောင်းကင်တမန်ကလည်း သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏အပေါ်မှာ သက်ရောက်တော်မူ၍၊ အမြင့်ဆုံးသော ဘုရား၏တန်ခိုးအာနုဘော်တော်သည် သင့်ကို လွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့် ထိုသန့်ရှင်းသောသားသည်လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်" ဟုဆို၏။ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့အတွက် အသက်ရှင်ပြီး၊ အသေခံဖို့ရန် ကျွန်တော်တို့ကဲ့သို့ အသွေးအသားဖြင့် လူ့ဇာတိခံယူခဲ့ပါသည်။ အပြစ်သားများအတွက် အသေခံဖို့ရန် သူသည် စုံလင်သောသူ ဖြစ်ဖို့လိုအပ်ပါသည်။ ဤလောက၌ သူသည် စုံလင်သောအသက်တာဖြင့် အသက်ရှင်နေထိုင်ခဲ့ပါသည်။ ဘုရားသခင်၏ ပညတ်တရားအလုံးစုံကို စုံလင်စွာ နာခံလိုက်လျှောက်ခဲ့ပါသည်။ သူသည် ကျွန်တော်တို့ခံရသော သွေးဆောင်ခြင်းမျိုးစုံကို ခံခဲ့ရသော်လည်း၊ အပြစ်လုံးဝပြုတော်မမူ။

အပြစ်မပါသော ယဇ်ကောင်ကို ယူဆောင်လာသောသူက မိမိစိတ်ထဲ၌ ဤတိရစ္ဆာန်သည် လူ့ကိုယ်စား အသေခံ၍ မရကြောင်း သိခဲ့ပါသည်။ လူသည် ဘုရားသခင်၏သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားခြင်းဖြစ်ပါသည်။ တိရစ္ဆာန်မူကား ထိုသို့ မဟုတ်ပါ။ ထို့ကြောင့်၊ ထိုအပြစ်မပါသော ယဇ်ကောင်ပုံဆောင်ထားသော၊ မိမိကိုယ်စား အသေခံမည့် ဘုရားသခင်၏သိုးသငယ်သည် ကြွလာတော်မူမည်အကြောင်း သူသိခဲ့ပါသည်။ ထို့ကြောင့် စိတ်ထဲမှ ယုံကြည်ခြင်းမရှိဘဲ၊ နှုတ်အားဖြင့်သာ ကယ်တင်ခြင်းဆုတောင်းချက်ကို မြွက်ဆိုလျှင်၊ ကယ်တင်ခြင်းမရသကဲ့သို့၊ အပြစ်မပါသော ယဇ်ကောင်ကို ပူဇော်သော်လည်း၊ တာဝန်အရသာပြုလျှင် ထိုသူသည် ကယ်တင်ခြင်းရမည် မဟုတ်ပါ။ ကယ်တင်ခြင်းကို ထာဝရဘုရားပိုင်တော်မူ၏။ ရောမ ၁၀း၉-၁၀ ထဲတွင်၊ "သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏" ဟု ဖော်ပြထားပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁း၃။

**ဆုတောင်းချက်** - အဖဘုရား၊ တဦးတည်းသော သားတော်၊ ယေရှုခရစ်တော်အားဖြင့် အကျွန်ုပ် အပြစ်များမှ ကယ်နှုတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ ဧပြီ (၄)
**ဝတ် ၁**
ရောမ ၁၀း၉

*"ပူဇော်သော နွား၏ ခေါင်းပေါ်မှာ မိမိလက်ကို တင်ရသဖြင့် . . . "*

# မီးရှို့ရာ ယဇ်ကောင်ပေါ်၌ လက်တင်ခြင်း

သမ္မာကျမ်းစာထဲ၌ လက်တင်ရခြင်း အကြောင်းများစွာ တွေ့ရပါသည်။ သင်းအုပ်လူကြီးတို့သည် နာမကျန်းသောသူတို့အပေါ် လက်တင်လျက် ဆုတောင်းပေးကြရပါမည်။ ဗတ္တိဇံ မင်္ဂလာခံခြင်း၊ သင်းအုပ်အဖြစ် ဘိသိတ်ပေးခြင်း၊ အမှုတော်မြတ် စတင်ဆောင်ရွက်ဖို့ရန် စေလွှတ်သောအခါ စသည်တို့၌ လက်တင်ခြင်း ပါဝင်ပါသည်။ ထိုအမှုအရာအားလုံးသည် ဤဓမ္မဟောင်း လက်တင်ခြင်း၌ အခြေခံထားပါသည်။

မီးရှို့ရာယဇ်ကောင်ပေါ်၌ လက်တင်ခြင်းသည် တလုံးတဝတည်းဖြစ်ခြင်းကို ရည်ညွှန်းပါသည်။ ယူဆောင်လာသော အပြစ်မပါသော တိရစ္ဆာန်နှင့် မိမိသည် တသားတည်းဖြစ်ကြောင်း ဆိုလိုပါသည်။ ဤလက်တင်ခြင်းသည် တိရစ္ဆာန် ခေါင်းပေါ်၌ လက်ကို ပေါ့ပေါ့လေး တင်ယုံ တင်ခြင်းကို မဆိုလိုပါ။ တိရစ္ဆာန်ခေါင်းပေါ်၌ လက်ကို တင်လျက်၊ လေးလံစွာ ဖိထားခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် တသားတည်းဖြစ်ခြင်းကို အလေးအနက် ဖော်ပြရာရောက်၏။ ဘုရားသခင်အပေါ် ပြုမိသော မိမိအပြစ်အတွက် ထိုတန်ဖိုးကြီးသော တိရစ္ဆာန်ကို မိမိသဘောဖြင့် ယူဆောင်ခြင်းဖြစ်ကြောင်း သဘောပေါက် ရပါမည်။ ဤယဇ်ပူဇော်ခြင်းကို မပြုလျှင် မိမိအပြစ်အတွက် ပေးဆပ်ရမည်ဖြစ်၍ ထိုပေးဆပ်မှုသည် ငရဲထဲသို့ ပစ်ချခံရခြင်းပင်ဖြစ်ပါသည်။

သန့်ရှင်းတော်မူသော ဘုရားသခင်အပေါ် မိမိကျူးလွန်သော အပြစ်ကို မိမိပြုသော ကောင်းမှုဖြင့် မဖြေနိုင်ကြောင်း သူသိပါသည်။ ကောင်းမှုကို ပြုခြင်းငှါ ဘုရားသခင် မိန့်တော်မူသော်လည်း၊ ထိုကောင်းမှုက အပြစ်ကို မဖြေနိုင်ပါ။ ဥပမာအားဖြင့်၊ ရှစ်ရက်မြောက်သောနေ့၌ အရေဖျားလှီးခြင်းကို ခံသော်လည်း ထိုအမှုက မိမိကို မကယ်တင်နိုင်ကြောင်း သူသိပါသည်။ ပသခါပွဲ စောင့်ခြင်းကလည်း မိမိကို မကယ်တင်နိုင်ကြောင်း သူသိပါသည်။ အပြစ်မပါသော တိရစ္ဆာန်ကို ယုံကြည်ခြင်းဖြင့် ပူဇော်မှသာလျှင် မိမိသည် ကယ်တင်ခြင်း ရနိုင်ကြောင်း သူသိပါ၏။ အနာဂတ်၌ မိမိအတွက် အသေခံမည့် ဘုရားသခင်၏သားတော်၊ ယေရှုခရစ်တော်ကို မြော်ကြည့်ရပါမည်။

ယုံကြည်ခြင်းဖြင့် လက်တင်ခြင်းအမှုကို စိတ်နှလုံးထဲမှ လေးနက်စွာ ပြုရမည်ဖြစ်ပါသည်။ စိတ်နှလုံး မှန်ကန်ခြင်းရှိ မရှိကို ထာဝရဘုရား သိတော်မူ၏။ ထိုအခါ ထိုပူဇော်သက္ကာကို ဘုရားသခင် လက်ခံတော်မူလျက်၊ အပြစ်လွှတ်ခြင်းခံရပါသည်။ ယနေ့ခေတ် အပြစ်သားသည်လည်း မိမိအပြစ်အတွက် ယေရှုအသေခံတော်မူပြီး၊ သေခြင်းမှ ထမြောက်တော်မူကြောင်း စိတ်ထဲမှ ယုံကြည်လျက်၊ နှုတ်ဖြင့်ဝန်ခံခြင်းပြုသောအခါ ဖြောင့်မတ်ရာသို့ ရောက်သကဲ့သို့ဖြစ်ပါသည်။ ကိုယ်စားခံတော်မူခြင်း တရားကို စိတ်ထဲမှ အမှန်တကယ်ယုံကြည်လက်ခံခြင်းဖြစ်၏။

**ကျက်မှတ်ရန်** - ဝတ် ၁း၄။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်အတွက် အသေခံတော်မူသော၊ အကျွန်ုပ်၏ မီးရှို့ရာယဇ် ဖြစ်တော်မူသော ယေရှုခရစ်တော်ကြောင့် ကျေးဇူးတင်ပါသည်။ ယေရှု နာမတော်ဖြင့် ဆုတောင်းပါ၏။ အာမင်။

**ဝတ် ၂**
ဟေဗြဲ ၁၀း၁၃

*“ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာ ထဲက အလွန်သန့်ရှင်းသောအရာ ဖြစ်၏”*

# ဘောဇဉ် ပူဇော်သက္ကာ၏ အဓိပ္ပါယ်

ဘောဇဉ် ပူဇော်သက္ကာ၏ အထွေထွေအဓိပ္ပါယ်မှာ “လက်ဆောင် ပူဇော်သက္ကာ” ပင်ဖြစ်ပါသည်။ ဤပူဇော်သက္ကာတွင် စပါးစေ့ (သို့) တိရစ္ဆာန် ပူဇော်ခြင်း ပါဝင်ပါသည်။ မီးရှို့ရာယဇ် (သို့) အပြစ်ဖြေရာယဇ်နှင့်တွဲလျက် ဖော်ပြသောအခါ၊ ထိုအရာသည် အသွေးမပါသော ပူဇော်ခြင်း ဖြစ်ပါသည်။ သို့သော်လည်း၊ မီးရှို့ရာယဇ်၊ အပြစ်ဖြေရာယဇ်၊ ချီလွဲသော ပူဇော်သက္ကာနှင့် မိဿဟာယယဇ်စသည့် ပူဇော်သက္ကာများ စုစည်းဖော်ပြသောအခါ ဤပူဇော်သက္ကာသည်လည်း စပါးစေ့ (သို့) အသွေးပါသောယဇ်ဟုလည်း ဆိုလိုနိုင်ပါသည်။

ဘောဇဉ် ပူဇော်သက္ကာသည် မရှိမဖြစ်လိုအပ်သကဲ့သို့ (ပူဇော်သက္ကာများစာရင်းထဲ၌) မိမိစိတ်အလိုအလျောက် ပူဇော်သောယဇ် (ဤယဇ်တခုတည်း သီးခြားပြုခြင်း) လည်းဖြစ်ပါသည်။ ဥပမာအားဖြင့် စုစည်းပူဇော်ခြင်း၌ ဤသို့တွေ့ရပါသည် - “ကျေးဇူးတော်ဝန်ခံဖို့ရာ ပူဇော်လျှင်၊ ကျေးဇူးတော်ဝန်ခံရာယဇ်နှင့်တကွ ဆီရောသောတဆေးမဲ့မုန့်ပြား၊ ဆီနှင့်လုပ်သော တဆေးမဲ့မုန့်ကြွပ်၊ ဆီရောသောမုန့်ညက်နှင့် လုပ်၍ကြော်သောမုန့်ပြားတို့ကို ပူဇော်ရမည်။ ထိုမုန့်ပြားမှတပါး၊ မိဿဟာယ ပူဇော်သက္ကာနှင့်ဆိုင်သော ကျေးဇူးတော်ဝန်ခံရာယဇ်နှင့်တကွ တဆေးပါသော မုန့်ကိုလည်း ပူဇော်ရမည်” (ဝတ် ၇း၁၂-၁၃)။

ဤပူဇော်သက္ကာ တခုတည်းဆိုလျှင် မိမိစိတ်အလိုအလျောက် ပူဇော်ရသော ပူဇော်သက္ကာ ဖြစ်ပါသည်။ ပူဇော်သောသူသည် ဘုရားသခင်ထံ မိမိခံစားရသော ကျေးဇူးတော်ကို ချီးမွမ်း ဖော်ပြခြင်း ဖြစ်ပါသည်။ နာမကျန်းဖြစ်ခြင်းမှ ပြန်လည်နေကောင်းလာသောကြောင့်ဗုဒ်၊ ခရီးသွားရာ၌ ကွယ်ကာခြင်းခံရသောကြောင့်ဗုဒ်၊ အသီးအနှံ ဖြစ်ထွန်းသောကြောင့်ဗုဒ်၊ ဘုရားသခင်၌ မိသားစုတခုလုံး မွေ့လျော်သောကြောင့်ဗုဒ် ထိုသို့ ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်နိုင်ပါသည်။ ဤ ပူဇော်သက္ကာကို ဘုရားသခင်က မိမိအလိုအလျောက်ပြုသောယဇ်အဖြစ် လက်ခံထားတော်မူ၏။ အခြားသောယဇ်အပေါင်းတို့သည် ဘုရားသခင်ထံ အပြစ်ပြုသောကြောင့် (သို့) မစင်ကြယ်သော ကြောင့် ပူဇော်ခြင်းပြုရန် ခိုင်းစေခြင်းဖြစ်ပါသည်။ ထိုသို့ပူဇော်ခြင်းပြုသောအခါ၌လည်း လုပ်ဆောင်ရန် ဖော်ပြထားသောအချက်အတိုင်း ပြုရပါမည်။ သို့မှသာ ဘုရားသခင် လက်ခံတော်မူမည်။ သို့သော်လည်း ဤဘောဇဉ်ပူဇော်သက္ကာကိုမူ မဖြစ်မနေမဟုတ်ဘဲ၊ မိမိစိတ်အလိုအလျောက် ပြုရပါမည်။

ခရစ်တော်သည် ကျွန်ုပ်တို့၏ ဘောဇဉ်ပူဇော်သက္ကာဖြစ်တော်မူ၏။ ကောင်းကြီးမင်္ဂလာ ခံစားခြင်း၊ ကျေးဇူးဂရုဏာတော်ခံစားရခြင်း၊ ကယ်တင်ခံရခြင်းကြောင့် ဘုရားသခင်၏ကျေးဇူးတော် ချီးမွမ်းခြင်းသည် တပိုင်းဖြစ်ပါသည်။ သို့သော်လည်း၊ သခင်ယေရှုခရစ်တော်ကြောင့်ဗုဒ်၊ ဘုရားသခင် သည် ကောင်းကင်နှင့်မြေကြီးကို အစိုးရသောအရှင်ဖြစ်သည်ဟုဆိုလျက် ဘုရားသခင်ကို ချီးမွမ်းခြင်း သည် အလွန်ကြီးမြတ်လှပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ အဖြစ်တော်ကို သိလျက် ဝတ်ပြုကိုးကွယ်ပြီး၊ မိမိအလိုအလျောက် ချီးမွမ်းခြင်းယဇ် ပူဇော်ခြင်းပြုရပါမည်။

**ကျက်မှတ်ရန်** - ဝတ် ၂း၃။

**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုကြောင့် အနက်ဆုံးသော အကျွန်ုပ် စိတ်နှလုံးထဲမှ ကျေးဇူးတင် မည်အကြောင်း နေ့စဉ် သွန်သင်ပေးတော်မူပါ။ အာမင်။

စနေ၊ ဧပြီ (၆)
**ဝတ်** ၂
ရောမ ၆း၁၇-၂၂

*"ဆီရော၍ တဆေး မပါသောမုန့်ညက်နှင့် လုပ်ရမည်"*

# တဆေးမဲ့ ဖြစ်ရပါမည်

ကျမ်းစာထဲမှ "တဆေး" ၏ပုံဆောင်ခြင်းအဓိပ္ပါယ်သည် အပြစ်နှင့်ဆိုင်သောအရာ (သို့) ညစ်ညူးခြင်း ဖြစ်ကြောင်းကို နားလည်ခဲ့ကြပါသည်။ တဆေး ပုံဥပမာ ဖော်ပြသော၊ မသဲ ၁၃း၃၃ ၌ တကြိမ်တည်း ကောင်းသောအဓိပ္ပါယ်ဆောင်လျက် အသုံးပြုခဲ့ပါသည်။ ဤပုံဥပမာထဲတွင်၊ တဆေးထည့်လျက် ဖြည်းဖြည်းချင်း နယ်သောအခါ မုန့်ညက်ရှိသမျှကို ဖောင်းကြွစေသော တဆေး၏ ဂုဏ်သတ္တိကို ဖော်ပြခဲ့ပါသည်။ တဆေးကို ယနေ့ ပေါင်မုန့်များပြုလုပ်ရာ၌ အသုံးပြုကြသည်ကို တွေ့ရပါသည်။ ဤတဆေး၏ဂုဏ်သတ္တိအား ဤကမ္ဘာလောကတခုလုံးသို့ ပျံ့နှံ့လျက်ရှိသော ဧဝံဂေလိသတင်းကောင်းနှင့် ခိုင်းနှိုင်းထားပါသည်။ တဆေးကဲ့သို့ မမြင်ရသော်လည်း ထိုသတင်းကောင်းသည် ခေတ်အဆက်ဆက် ယုံကြည်သူများ၏အသက်တာ ပြောင်းလဲခြင်း၌ထင်ရှားစွာ တွေ့ရပါသည်။

တဆေးဟူသော စကားလုံးပထမဆုံးတွေ့ရသည်မှာ မောရှေထံ ထာဝရဘုရားက ပသခါပွဲကျင်းပရန် မိန့်တော်မူချက်ဖြစ်သော ထွက် ၁၂း၁၅ ထဲတွင်ဖြစ်ပါသည်။ ထို့နောက် တဆေးမဲ့မုန့်ပွဲအကြောင်းကို ချက်ချင်း ဆက်လက်ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏လူတို့သည် အဲဂုတ္တုပြည်မှ ထွက်ခွါကြသောအခါ တဆေးကို မယူဆောင်သွားရပါ။ တဆေးသည် မကောင်းသောအရာ၊ အပြစ်နှင့်ဆိုင်သောအရာမှန်သမျှ မြင်နိုင်သောအရာ၊ မမြင်နိုင်သောအရာ၊ စိတ်နှလုံးထဲမှ တပ်မက်ခြင်းနှင့် အပြစ်အလုံးစုံကို ပုံဆောင်ရည်ညွှန်းပါ၏။

တဆေးမဲ့မုန့်ပွဲ ပြင်ပတွင် တဆေးပါသောမုန့်ကို စားခွင့်ရှိပါသည်။ သို့သော်လည်း၊ တဆေးမဲ့မုန့်ပွဲကာလတွင် စားလျှင် အပြစ်ဖြစ်ပါသည်၊ မိမိအိမ်၌လည်း တဆေးကို မဆောင်ထားရပါ။ အသွေးမပါသော လက်ဆောင်ပူဇော်သက္ကာ ပူဇော်ခြင်းကို ခွင့်ပြုသော်လည်း၊ ဘောဇဉ် ပူဇော်သက္ကာတွင် တဆေးကိုခွင့်မပြုပါ။

တဆေးသည် ဣသရေလလူတို့အတွက် သန့်ရှင်းသော အသက်တာဖြင့် အသက်ရှင်ခြင်း အရေးကြီးမှုနှင့်လိုအပ်မှုကို အောက်မေ့စေသော၊ အလွန်ကောင်းမွန်သည့် ပုံဆောင်ရာဖြစ်ပါသည်။ တဆေးပယ်ရှင်းခြင်းဆိုသည်မှာ၊ ဘုရားသခင်ရှေ့၌ ခရစ်တော်အားဖြင့် မိမိ၏အပြစ်ကို ဝန်ခံခြင်း ဖြစ်ပါသည်။ ခရစ်တော်၏အသွေးတော်ဖြင့် ထိုသူ၏အပြစ်ကို ဆေးကြောပေးခဲ့ပြီဖြစ်၏။ အပြစ်၌ ကျင်လည်လျက်ပင်၊ ထာဝရဘုရားထံ ပူဇော်သက္ကာကို မပူဇော်ရပါ။ ထိုသို့ ပူဇော်ခြင်းကို ပြုလျှင် ဟန်ဆောင်မှုပင် ဖြစ်ပါ၏။ ထာဝရဘုရားသည် ရိုးသားဖြူစင်သန့်ရှင်းသော စိတ်နှလုံးနှင့် အသက်တာကို တောင်းတော်မူ၏။ သန့်ရှင်းသောအသက်တာသည် ထာဝရဘုရား လက်ခံတော်မူသော ပူဇော်သက္ကာဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၂း၁၁။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်သန့်ရှင်းသည်နည်းတူ ကျွန်တော်သန့်ရှင်းမည် အကြောင်း မစတော်မူပါ။ ယေရှုနာမအားဖြင့် ဆုတောင်းပါ၏။ အာမင်။

# ဆားခပ်ရမည်

ဘောဇဉ်ပူဇော်သက္ကာတိုင်း၌ တဆေး မထည့်ရသော်လည်း၊ ဆားခပ် ရမည်။

ဆားသည် ငန်သောအရသာ ရှိ၏။ ယနေ့ စူပါမားကက်များ၌ ရောင်းနေသော ဆားတို့သည် အကုန်လုံးငန်ကြပါသည်။ သို့သော်လည်း၊ ပင်လယ်သေ ပတ်ဝန်းကျင်၌ ရှိသော ဆားသည် ထိုအရပ်ဒေသရှိ အညစ်အကြေးအချို့နှင့်ရောနှောသောအခါ အရသာမဲ့ ဖြစ်တတ်၏။ ဆားသည် မိမိ၏ငန်သောအရသာ ပျောက်လျှင်၊ အသုံးမဝင်တော့ဘဲ၊ လူတို့ နင်းခြေခြင်းအတွက်သာ ဖြစ်လာ၏။ မသဲ ၅း၁၃၊ "သင်တို့သည် ဤလောက၏ဆားဖြစ်ကြ၏။ ဆားမူကား၊ အငန်ကင်း ပျောက်လျှင် ငန်သောအရသာကို အဘယ်သို့ ရပြန်မည်နည်း။ ပြင်သို့ပစ်လိုက်၍ ကျော်နင်းခြင်းမှ တပါး အဘယ်အသုံးမျှမဝင်။"

ဆားသည် ဣသရေလပြည်တွင် အလွန်အရေးပါသောအရာဖြစ်ပါသည်။ အစားအစာ အရသာရှိစေဖို့ရန် အသုံးပြုကြ၏။ ထို့ပြင် ရေခဲသေတ္တာ မလိုဘဲ အသားငါးများကို မပျက်စီးအောင် ဆားဖြင့် သိပ်ထားတတ်ကြ၏။ ထို့ကြောင့် (ယဇ်ပလ္လင်သို့ယူဆောင်လာသော) ပူဇော်သက္ကာများကို ဆားခပ်ရခြင်းဖြစ်ပါသည်။ ထိုအခါ မိမိစိတ်အလိုအလျောက် ယူဆောင်လာသော ပူဇော်သက္ကာများ သည် ပုပ်ပွပျက်စီးခြင်း မရှိတော့ပါ။ ထို့ကြောင့် ထာဝရဘုရားက ဆားခပ်ရန် မိန့်တော်မူခြင်း ဖြစ်ပါသည်။ ဤဆား၏ ထိန်းသိမ်းကွယ်ကာခြင်း ဂုဏ်သတ္တိက ဣသရေလလူတို့အား မိမိတို့၏အကျင့် နှင့် အပြောအဆိုများကို ဆားခပ်ဖို့လိုအပ်ကြောင်း အောက်မေ့စေလိမ့်မည် ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏လူများ ဖြစ်ကြပါသည်။ သူတို့၏ သန့်ရှင်းသော အသက်တာသည် လူအသီးအသီး၊ မိသားစုနှင့် အဖွဲ့အစည်းများကို အကျင့်ပျက်ခြင်းမှ ကာကွယ်ပေး ပါလိမ့်မည်။ သူတို့၏ အကျင့်ကို ပျက်စေသော မသန့်ရှင်းခြင်းအမှုများသည် အပြစ်များဖြစ်၏။ ဘုရားသခင်ရှေ့တွင် ခရစ်တော်၌ နောင်တရခြင်းသည် သူတို့၏အသက်တာ၌ ငန်သောအရသာကို ပြန်ရစေပါသည်။ ပတ်ဝန်းကျင် ရှိလူတို့သည် သူတို့၏အသက်တာ၌ ခရစ်တော်ကို မြင်ရဖို့လိုပါသည်။

ယေရှုက တောင်ပေါ်ဒေသနာတွင် (မသဲ ၅) ယုံကြည်သူအပေါင်းတို့သည် ဤလောက၏ ဆားများဖြစ်ကြကြောင်း မိန့်တော်မူ၏။ ယနေ့ ကျွန်တော်တို့သည် ဘုရားသခင်၏လူ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သန့်ရှင်းသောအသက်တာသည် ဆားကဲ့သို့ ထိန်းသိမ်းကွယ်ကာခြင်း ဂုဏ်သတ္တိ ရှိပါသည်။ ဘုရားသခင်သည် သန့်ရှင်းတော်မူသည်ဖြစ်သောကြောင့်၊ သင်တို့လည်း သန့်ရှင်းခြင်း ရှိကြလော့။ သန့်ရှင်းအသောအသက်တာသည် ယနေ့၌ အလွန်အရေးကြီးသော၊ အလွန်လိုအပ်သော အရာ ဖြစ်ပါသည်။ သင်သည် ဤလောက၏ဆားဖြစ်ပါသလား။

**ကျက်မှတ်ရန်** - ဝတ် ၂း၁၃

**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုအားဖြင့် အကျွန်ုပ်ကို အိမ်၌၎င်း၊ ကျောင်း၌၎င်း၊ အလုပ်ရုံ ၌၎င်း၊ အသင်းတော်၌၎င်း ဆားဖြစ်စေတော်မူပါ။ အာမင်။

*"ထာဝရဘုရားအား မီးဖြင့်ဆက်ကပ်၍ မွှေးကြိုင်သော ပူဇော်သက္ကာ ဖြစ်သတည်း"*

# ထာဝရဘုရားထံ မွှေးကြိုင်သော ပူဇော်သက္ကာ

"မွှေးကြိုင်သော" (ဝတ် ၂း၂) ဟူသည့် စကားလုံး၏ အဓိပ္ပါယ်မှာ "ကောင်းသောရနံ့" ဟူ၍ ဖြစ်ပါသည်။ ထိုအရာကို အပြစ်သားသည် ထာဝရဘုရားထံမှ ရရှိဖို့ရန် မျှော်လင့်လျက်ရှိ၏။ ဘုရားသခင်က လူ၏ဖြောင့်မတ်ခြင်းသည် အဝတ်စုတ်မျှသာဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။ ဟေရှာ ၆၄း၆၊ "အကျွန်ုပ်တို့ ရှိသမျှသည် စင်ကြယ်ခြင်း မရှိပါ။ ပြုဖူးသမျှသော ကုသိုလ်ကောင်းမှု တို့သည် ညစ်သော အဝတ်နှင့်တူကြပါ၏။ အကျွန်ုပ်တို့ ရှိသမျှသည် သစ်ရွက်ကဲ့သို့ ညှိုးနွမ်းလျက် ရှိ၍၊ ကိုယ်အပြစ်တို့သည် လေကဲ့သို့ အကျွန်ုပ်တို့ကို တိုက်သွားပါပြီ။" အံ့သြစရာမရှိပါ။ လူသည် အပြစ်ရှိလျက် အမိဝမ်းမှ မွေးဖွားလာခဲ့ပါသည်။ အပြစ်ထဲ၌ ကျင်လည်အသက်ရှင်ခဲ့၏။ နှုတ်ဖြင့် အပြစ်ပြု၏။ စိတ်နှလုံးဖြင့် တပ်မက်၏။ သူပြုသောအမှုတို့သည် မကောင်းမှု၊ ဆိုးသွမ်းသောအရာ ဖြစ်ကြ၏။ ဤလောက၌ သူပြုသောအရာတို့သည် ထာဝရဘုရားထံ လုံးဝမရောက်၊ လက်ခံတော် မူသော ကောင်းသောရနံ့ မဖြစ်ကြပါ။ သို့သော်လည်း ကျမ်းစာ မိန့်တော်မူသည်အတိုင်း မှန်ကန်စွာ ပူဇော်သော စိတ်အလိုအလျောက် ပူဇော်သော ပူဇောသက္ကာကို ထာဝရဘုရားသည် မွှေးကြိုင်သော ရနံ့အဖြစ် လက်ခံတော်မူမည်ဟုဆိုထားပါသည်။

တဆေးမပါရပါ။ ပျားရည်လည်း ခွင့်မပြုပါ။ ထိုခေတ်ကာလ၌ ပျားရည်ကို ရုပ်တုကိုးကွယ် ခြင်း၌ လူတို့က အသုံးပြုခဲ့ကြကြောင်း John Gill က ဆိုခဲ့ပါသည်။ ထာဝရဘုရားကိုးကွယ်ခြင်းနှင့် တပါးအမျိုးသားတို့၏ဘုရားများ (ရုပ်တုများ) ကိုးကွယ်ခြင်းသည် ကာလရှေလ၌ လုံးဝကွဲပြားမှု ရှိကြောင်း ထင်ရှားလှပါသည်။ စိတ်နှလုံးထဲမှ ယုံကြည်ခြင်းနှင့် ဝမ်းမြောက်ခြင်းဖြင့် ဘုရားသခင်ထံ ပူဇော်ကြရပါမည်။ ဝတ်ပြုခြင်းဆိုင်ရာနည်းလမ်းအတိုင်းပြုသည့်တိုင်၊ စိတ်မပါဘဲ တာဝန်အရသာ မပြုရပါ။ ထာဝရဘုရားသည် စိတ်နှလုံးကိုငှ်၊ ပူဇော်သက္ကာကိုငှ် သိမြင်ကြည့်ရှုတော်မူ၏။ စိတ်နှလုံး မှန်ကန်မှုရှိလျှင်၊ ထိုပူဇော်ခြင်းကိုလည်း ကျမ်းစာအတိုင်းပြုမည်ဖြစ်ပါသည်။

ယနေ့ ယုံကြည်သူများသည် အပတ်တိုင်း ဝတ်ပြုကိုးကွယ်ခြင်း၌ မိမိစိတ်အလိုအလျောက် အလှူတော်များကို ယူဆောင်လာကြရပါမည်။ ဘုရားသခင်မိန့်တော်မူသည်အတိုင်း ပေးလှူခြင်းသည် ကောင်း၏။ သို့သော်လည်း ထိုဘုရားသခင်ကို ချစ်သော ချစ်ခြင်းအားဖြင့် မိမိစိတ်အလိုအတိုင်း ပေးလှူခြင်းသည် သာ၍ကောင်း၏။ ထိုသို့သော ပေးကမ်းခြင်းကို ထာဝရဘုရား နှစ်သက်တော်မူ၏။ မွှေးကြိုင်သော ပူဇော်သက္ကာအဖြစ် ဘုရားသခင်သည် လက်ခံတော်မူလိမ့်မည်။ ဤ အလိုအလျောက် ပူဇော်သက္ကာတွင် အမှုဆောင်ခြင်း၊ ဘုရားလူတို့အတွက် လက်ဆောင်ပေးခြင်း၊ သူတပါးကို အားပေး စကားဆိုခြင်း၊ မကျန်းမာသောသူများ သွားရောက် ကြည့်ရှုခြင်း၊ ကောင်းသောအမှု၊ သန့်ရှင်းသော အမှု အပေါင်းပါဝင်ပါသည်။ ဘုရားသခင်ကို ချစ်သော ချစ်ခြင်းမှ ပေါ်ထွက်လာသော အမှုတော် တိုင်းသည် ဘုရားသခင်လက်ခံသော မွှေးကြိုင်သည့် ပူဇော်သက္ကာပင်ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၂း၁၆။

**ဆုတောင်းချက်** -အို အဖဘုရား၊ အကျွန်ုပ်အတွက် အသေခံတော်မူသော၊ အကျွန်ုပ်၏ မီးရှို့ရာယဇ် ဖြစ်တော်မူသော ယေရှုကြောင့် ကျေးဇူးတင်ပါသည်။ ယေရှုနာမ အားဖြင့် ဆုတောင်းပါ၏။ အာမင်။

*“အပြစ် မပါသော အထီးအမ တကောင်ကောင်ကို၊ ထာဝရဘုရားရှေ့တော်၌ ဆက်ရမည်”*

# မိဿဟာယယဇ် လိုအပ်ရခြင်း

လူသားအချင်းချင်း သင့်မြတ်ခြင်းသည် ဘုရားသခင်နှင့် သင့်မြတ်ခြင်း ရှိပြီးမှ စတင်မည့် အမှု ဖြစ်ပါသည်။ လူတိုင်း အပြစ်သားဖြစ်ကြ၏။ အားလုံး ရန်သူ သဖွယ်ဖြစ်ကြပါသည်။ ထို့ကြောင့် မကျေနပ်မှု၊ သေခြင်းနှင့် ပျက်စီးခြင်း၌တည်သော ဤကမ္ဘာလောကတွင် စစ်မှန်သော ငြိမ်သက်ခြင်း မရှိပါ။ လူတို့သည် အချင်းချင်း အစဉ် တိုက်ခိုက်ကြ၏။ သုတ္တံ ၃၀း၁၅-၁၇ က လူ့လောကကို မှန်ကန်စွာ ဤသို့ ဖော်ပြလျက်ရှိပါသည်၊ “မျှော့ကောင်၌ ပေးပါနှင့် ပေးပါ ဟူသော သမီး နှစ်ကောင် ရှိ၏။ အလိုဆန္ဒ မပြေနိုင်သောအရာ သုံးပါး မက၊ တန်တော့ဟု မဆိုတတ်သောအရာ လေးပါး ဟူမူကား၊ သင်္ချိုင်းတပါး၊ မြုံသော မိန်းမ ဝမ်းတပါး၊ ရေမဝနိုင်သော မြေတပါး၊ တန်တော့ဟု မဆိုတတ်သော မီးတပါးတည်း။ အဘကို ကဲ့ရဲ့စားသောသူ၊ အမိ စကားကို နားမထောင်၊ မထီမဲ့မြင် ပြုသောသူ၏မျက်စိကို ချိုင့်၌ ကျင်လည်သော ကျီးအတို့သည် နှိုက်ကြလိမ့်မည်။ ရွှေလင်းတ သငယ်တို့သည်လည်း စားကြလိမ့်မည်။”

အပြစ်သားဖြစ်သောကြောင့် လူတိုင်းသည် ဘုရားသခင်၏ရန်သူဖြစ်ကြပါသည်။ လူသည် ဤလောကနှင့် လောကီအရာများကို ချစ်ခင်ကြ၏။ ထို့ကြောင့်၊ လူသည် ဘုရားသခင်၏ရန်သူ ဖြစ်ပါသည်။ ယာကုပ် ၄း၄၊ “မတရားသော မေထုန်၌ မှီဝဲသော ယောကျ်ား မိန်းမတို့၊ လောကီ မိဿဟာယသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ကို မသိကြသလော။ ဤလောကနှင့် မိဿဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏။” ထို့ကြောင့် အပြစ်သားသည် ဘုရား သခင်ထံ မချဉ်းကပ်နိုင်ပါ။ ဘုရားသခင်၏နိုင်ငံတော်ကိုလည်း မြင်ခွင့်မရှိ။ ထိုသို့ ဘုရားသခင်၏ ရန်သူ ဖြစ်သောကြောင့် လူသည် ဘုရားသခင်နှင့် ဝေးကွာလျက်ရှိပါသည်။

သို့သော်လည်း မိမိ၏ ကျေးဇူးတော်နှင့်ဂရုဏာတော်အားဖြင့် ထာဝရဘုရားသခင်သည် မိဿဟာယယဇ်ကို အပြစ်သားအတွက် ပြင်ဆင်တော်မူ၏။ မိဿဟာယယဇ်သည် တခုတည်း ပူဇော်ရသောယဇ်မဟုတ်၊ ထာဝရဘုရားထံ အပြစ်သားက ရှေးဦးစွာ ပြုရသောယဇ်မဟုတ်ပါ။ ထိုသို့ ဘုရားသခင်နှင့် သင့်မြတ်ခြင်းရှိဖို့ရန် သူ၏အပြစ်များ အရင်ခွင့်လွှတ်ခြင်းခံရဖို့လိုပါသည်။ ဝတ်ပြု ရာကျမ်း ၃ ထဲ၌ ဖော်ပြသော တိရစ္ဆာန်ပူဇော်ခြင်းများတွင်၊ မိဿဟာယယဇ်အတွက် အပြစ်မပါ သော တိရစ္ဆာန်အထီး (သို့) အမ ပါဝင်ပါသည်။ ထို မိဿဟာယယဇ်ကောင် အထီး အမကို ပူဇော်သက္ကာ ယူဆောင်သူမှ ရွေးချယ်ခွင့် ရှိပါသည်။ ဤမိဿဟာယယဇ်သည် ပူဇော်သောသူနှင့် ဘုရားသခင်အကြား သင့်မြတ်ခြင်းကို ဖော်ပြခြင်းဖြစ်၍၊ ခရစ်တော်ကို တိုက်ရိုက်ပုံဆောင်ခြင်း မဟုတ်သောကြောင့် အပြစ်ဖြေရာယဇ်နှင့် မီးရှို့ရာယဇ်ကဲ့သို့ အထီးဖြစ်ရမည် ဟူ၍မရှိပါ။ ယေရှု ခရစ်တော်၌ အပြစ်လွှတ်ခြင်းခံရသောသူသည် ဘုရားသခင်နှင့် သင့်မြတ်လျက် မိဿဟာယဖွဲ့ခြင်း ခံရမည်အကြောင်း ဘုရားသခင်က ဤ မိဿဟာယယဇ်ကို ပြင်ဆင်ပေးတော်မူခြင်းဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၃း၁။
**ဆုတောင်းချက်** -အဖဘုရား၊ ခရစ်တော်အားဖြင့် ကိုယ်တော်နှင့်မိဿဟာယဖွဲ့ခြင်း ခံရ သောကြောင့် ကျေးဇူးတင်ပါသည်။ အာမင်။

ဗုဒ္ဓဟူး၊ ဧပြီ (၁၀)
**ဝတ် ၃**
ဖိလိ ၄း၄-၇

*"ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာ အစာအဟာရ ဖြစ်သတည်း"*

# မိဿဟာယ ပူဇော်သက္ကာသည် လူအပေါင်းအတွက်ဖြစ်ပါသည်

ဤလောကသည် ငြိမ်သက်ခြင်းနှင့် လွဲဦးမည်ဖြစ်ပါသည်။ ကမ္ဘာလူသားများသည် ငြိမ်သက်ခြင်းကို မည်မျှပင် တောင့်တကြပါစေ၊ ဘယ်တော့မှ ပိုင်ဆိုင်ကြမည် မဟုတ်ပါ။ ဘုရားသခင် မပါဘဲ ထိုငြိမ်သက်ခြင်းကို မရရှိနိုင်ပါ။ ထို့ကြောင့် ကမ္ဘာမြေကြီး စတင်တည်ရှိသည့် အချိန်၊ လူသား အပြစ်ထဲသို့ ကျဆုံးသော အချိန်မှ စ၍ ယခုအချိန်ထိ စစ်တိုက်ခြင်းနှင့်ပြည့်နှက်နေပါသည်။ မိသားစု တိုင်း၌ ငြင်းခုံခြင်းရှိ၏။ နေရာတိုင်း၊ လူ့အဖွဲ့အစည်းများ၌ နှုတ်ဖြင့်၎င်း၊ လက်ပါ၍၎င်း တိုက်ခိုက်ခြင်း ရှိသည်ကို တွေ့ရပါသည်။ ဤ ငြိမ်သက်ခြင်း ကင်းမဲ့မှုကို လူက အဖြေမရှာနိုင်သေးပါ။ သို့သော် လည်း အပြစ်သားတိုင်းအတွက် ဘုရားသခင်သည် မိဿဟာယယဇ်ကို ပြင်ဆင်ပေးတော်မူ သောကြောင့် ကျေးဇူးတင်ပါသည်။

လူသည် မိမိကိုယ်ကို လှည့်စားလျက်၊ ခဏတာ ငြိမ်ချမ်းရေး သဘောတူစာချုပ်ကို ငြိမ်သက်ခြင်း ဟုထင်မှတ်ထား၏။ ဝမ်းနည်းစရာ ကောင်းသည် သာမက လူသည် မိမိအစွမ်းဖြင့် ငြိမ်သက်ခြင်း မရှာနိုင်ကြောင်း ထင်ရှားဖော်ပြလျက်ရှိပါသည်။ လူသည် အပြစ်ပါလျက် မွေးဖွားသည် ဖြစ်၍ ဝမ်းနည်းခြင်း၊ နာကျင်ခြင်း၊ ပြဿနာနှင့် မကင်းလွတ်နိုင်ပါ။ သူတပါးက ငြိမ်သက်ခြင်းကို လုယူသောကြောင့် မဟုတ်ပါ။ ပြဿနာအရင်းအမြစ်သည် အခြားမဟုတ်၊ အပြစ်နှင့်ဆိုင်သော လူ၏စိတ်နှလုံးပင်ဖြစ်ပါသည်။ ဘုရားသခင်၏ ဖြေရှင်းကုသခြင်းကို လက်ခံလျှင်၊ လူသည် ငြိမ်သက်ခြင်းလမ်းကို တွေ့ရှိမည်ဖြစ်ပါသည်။ အဓိက ပြဿနာဖြစ်သော၊ ဤဆိုးသွမ်းသော စိတ်နှလုံး ကို လူသည် မိမိအစွမ်းဖြင့် မဖယ်ရှားနိုင်ပါ။ သူတပါးအပေါ် ကောင်းမှုမပြုနိုင်ခဲ့ပါ။ ကြိုးစား ဆက်ကပ်သော်လည်း ကြေကွဲခြင်းကြုံတွေ့ရ၏။ သားသမီးအတွက် ဘဝတခုလုံး ပုံအပ် ပေးဆပ် ခဲ့သော မိဘများကို မေးကြည့်ပါ၊ အကျိုး မဖြစ်ထွန်းမှုကို သူတို့ ပြောပြပါလိမ့်မည်။

သို့သော်လည်း ဘုရားသခင်နှင့် မဖြစ်နိုင်သောအရာ ဟူ၍ မရှိပါ။ မိဿဟာယယဇ်သည် အပြစ်ဖြေရာယဇ်နှင့် မီးရှို့ရာယဇ်ကဲ့သို့ အသွေးသွန်းခြင်း ရှိ၏။ ဘုရားသခင်မိန့်တော်မူသည်အတိုင်း၊ ယဇ်ကောင်သည် အပြစ်မပါသော၊ စင်ကြယ်သောအကောင်ဖြစ်ရပါမည်။ ဘုရားသခင်နှင့် သင့်မြတ်ခြင်းကို ခရစ်တော်အားဖြင့်သာ ရရှိနိုင်၏။ ခရစ်တော်၏ မိမိကိုယ်ကို ပူဇော်ခြင်းဖြင့် ဘုရားသခင်၏ တရားမျှတမှုသည် စုံလင်စွာထင်ရှားလျက်၊ အပြစ်သားနှင့် ဘုရားသခင်သည် ပြန်လည်၍ သင့်မြတ်ခြင်းရှိနိုင်၏။ ထိုသင့်မြတ်ခြင်းအတွက် ခရစ်တော်သည် မိမိ၏အသက်ကို စွန့်တော်မူခဲ့ပါသည်။ ထိုမျှလောက် ကြီးမားလှသောတန်ဖိုးကို ခရစ်တော်ပေးဆပ်ခဲ့ပါသည်။ ထို ဘုရားသခင်၏ငြိမ်သက်ခြင်းအားဖြင့်သာ လူသည် တပါးသူများနှင့် သင့်မြတ်ခြင်း ရှိလာနိုင်ခြင်း ဖြစ်ပါသည်။ ငြိမ်သက်ခြင်းအကြောင်းကို နားလည်ခြင်းရှိလာ၏။ သူတပါးထံ ဘုရားသခင်၏ ငြိမ်သက်ခြင်းကို ပေးဆောင်ဖို့ရန် ခရစ်တော်ထံ မိမိအသက်တာကို ဆက်ကပ်နိုင်လာပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၃း၁၁။

**ဆုတောင်းချက်** -အို အဖဘုရား၊ ဘဝခရီးလမ်းကြမ်း၌ အကျွန်ုပ် စိတ်နှလုံး ငြိမ်သက်ခြင်း ရှိမည် အကြောင်း မစတော်မူပါ။ ယေရှုအားဖြင့် အကျွန်ုပ် အော်ဟစ်သံကို နားညောင်း တော်မူပါ။ အာမင်။

*“. . . ကျောက်ကပ်နှစ်ခုနှင့် ကျောက်ကပ်ဆီဥ၊ ကျောက်ကပ်နှင့်တကွ အသည်းပေါ်၌ ရှိသော အမြေး . . .”*

# ရင်တွင်း ငြိမ်သက်ခြင်း

ထာဝရဘုရားပြုတော်မူသော အပြစ်သားနှင့် သင့်မြတ်ခြင်း၊ ပေးတော်မူသော ငြိမ်သက်ခြင်းသည် အထဲမှ စတင်သောအရာဖြစ်ပါသည်။ ထိုအချက်ကို ကျောက်ကပ်နှစ်ခု၊ ဆီဥနှင့်အသည်းပေါ်၌ရှိသော အမြေးတို့ကို ထာဝရဘုရားထံ မွှေးကြိုင်သော ပူဇော်သက္ကာအပြစ် ပူဇော်ခြင်း၌ တွေ့ရပါသည်။ ထိုအရာတို့သည် သန့်ရှင်းသော တိရစ္ဆာန်၏ အကောင်းဆုံးနှင့် အတွင်းအင်္ဂါများဖြစ်ကြပါသည်။ ဝတ်ပြုရာကျမ်း ၃ ထဲ၌အသုံးပြုသော တိရစ္ဆာန်တိုင်း၏ ထိုအပိုင်းများကို ထာဝရဘုရား ပိုင်တော်မူ၏။

ခရစ်တော်၌ ဘုရားသခင်၏သားသမီးတို့၏ အတွင်းစိတ်ထဲမှ စတင်သော ထိုငြိမ်သက်ခြင်းသည် ထာဝရတည်သော ငြိမ်သက်ခြင်း ဖြစ်ပါသည်။ အပြင်ပိုင်း တွေ့ကြုံခံစားရသော ညှင်းပန်းနှိပ်စက်ခြင်း၊ သစ္စာဖောက်ခြင်း၊ သေခြင်း စသည်တို့ကပင် ထာဝရဘုရားထံမှ ရရှိသော ထိုငြိမ်သက်ခြင်းကို မထိခိုက်နိုင်ပါ။ မိသာဟာယယဇ်သည် ခရစ်တော်၌ အပြစ်များ ခွင့်လွှတ်ခံရခြင်းကို ဖော်ပြခြင်း ဖြစ်ပါသည်။ အပြစ်၏အခဖြစ်သော သေခြင်းနှင့်ငရဲတို့ကို ဖယ်ရှားပါပြီ။ ထိုအသိတရားက ငြိမ်သက်ခြင်းကို ယူဆောင်လာ၏။ တခါတရံ အပြစ်ပြုမိသောသူသည်လည်း ထိုငြိမ်သက်ခြင်းကို ပြန်လည်ရရှိဖို့ရန် နောင်တရလျက် အပြစ်ဝန်ခံခြင်းပြုတတ်၏။ သန့်ရှင်းစင်ကြယ်စေခြင်းခံရ ပြီးသော စိတ်အသိဉာဏ်သည် ဘုရားသခင်နှင့်သင့်မြတ်ခြင်း အရသာကို ခံစားခဲ့ပြီဖြစ်သောကြောင့်၊ အပြစ်ကြောင့် ထိုငြိမ်သက်ခြင်း ပျောက်သွားမည်ကို ခွင့်မပြုပါ။ ဘုရားသခင်အပေါ် ပြစ်မှားခဲ့သော အပြစ်များတို့ကို အသွေးတော်အားဖြင့် ဆေးကြောခဲ့ပြီဖြစ်၍ အပြစ်မရှိသောသူဟု သတ်မှတ်တော်မူခြင်း ခံရသောကြောင့် အပြစ်ကြွေး မရှိတော့ပါ။ အပြစ်၏ကျွန်ဘဝမှ သူသည် ထာဝရ လွတ်မြောက်ခဲ့ပြီဖြစ်ပါသည်။ ဤသည်ကား မိမိ၏သားသမီးအပေါင်းတို့အား ဘုရားသခင်က ခရစ်တော်၌ ပေးတော်မူခဲ့သော ငြိမ်သက်ခြင်းပင်ဖြစ်ပါသည်။

မိသာဟာယယဇ်သည် အဖိုးမဖြတ်နိုင်သော ပူဇော်သက္ကာဖြစ်၍၊ ထာဝရဘုရားထံ ပူဇော်သောအခါ ပူဇော်သူသည် ယုံကြည်ခြင်းနှင့်တကွ ဝမ်းမြောက်ခြင်း အပေါင်းဖြင့် ပူဇော်ရပါမည်။ ထိုတရားကို သိသောသူသည် ဤမိသာဟာယယဇ်ကို ထာဝရဘုရားထံ ပူဇော်ပြီးနောက်၊ ဘုရားသခင်ထံမှလာသော ငြိမ်သက်ခြင်းကို စိတ်ထဲ၌ ခံစားလျက် ယဇ်ပလ္လင်မှ ထွက်သွားမည်ကို မျှော်လင့်ရင်း၊ ထိုယဇ်ကို ပူဇော်ဖို့ရန် စိတ်အားထက်သန်လျက်ရှိပါသည်။

ယနေ့ ယုံကြည်သူ ကျွန်တော်တို့သည်လည်း၊ ဘုရားသခင်ထံ ခရစ်တော်အားဖြင့် ဆုတောင်းလျက်၊ မိမိအပြစ်များကို ဝန်ချတောင်းပန် သောအခါ၊ ထိုသို့သော ငြိမ်သက်ခြင်းကို စိတ်ထဲ၌ ရရှိခံစားရနိုင်ပါသည်။ အစဉ်မပြတ် ဆုတောင်းပါ။

**ကျက်မှတ်ရန်** - ဝတ် ၃း၅။
**ဆုတောင်းချက်** -အို အဖဘုရား၊ သခင်ယေရှု၌ အကျွန်ုပ်၏စိတ်နှလုံးကို ငြိမ်သက်ခြင်းအရှင် စောင့်ရှောက်တော်မူပါ။ အာမင်။

သောကြာ၊ ဧပြီ (၁၂)
**ဝတ် ၄**
၂ တိ ၂း၁၅

*"တရားကို မသိ၊ ထာဝရဘုရား၏ပညတ်တော်ကို လွန်ကျူးပြစ်မှား၍ မပြုအပ်သောအမှုကို ပြုမိသည့်အရာတွင် . . . "*

# အပြစ်ဖြေရာယဇ် - တရားကို မသိဘဲ ပြုမိသောအပြစ်အတွက်

အပြစ်ဖြေရာယဇ်သည် ပူဇော်သက္ကာအပေါင်းတွင် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်ပါသည်။ ဤ ယဇ်ပူဇော်ခြင်းတွင်၊ တိရစ္ဆာန်၏ အင်္ဂါအစိတ်အပိုင်းများကို "တပ်ပြင်မှာ ပြာသွန်ရာ ရှင်းလင်းသော အရပ်သို့" (ဝတ် ၄း၁၂) မီးရှို့ဖို့ရန် ယူဆောင်ခဲ့ရပါသည်။ အခြား ယဇ်ပူဇော်ခြင်း အပေါင်းတို့ကို တဲတော်ဝန်းအတွင်း၌ ပူဇော်ရသော်လည်း၊ ဤ အပြစ်ဖြေရာယဇ် ပူဇော်ခြင်းတွင် တပ်ပြင်သို့ သွားရောက်ခြင်း ပါဝင်ခဲ့ပါသည်။ ဤ ယဇ်ပူဇော်ခြင်း ပြီးမြောက်ကြောင်း ဖော်ပြခြင်းဖြင့် ထိုယဇ်ကောင်၏ အစိတ်အပိုင်းများကို အမှန်တကယ် ဖယ်ရှားခဲ့ကြပါသည်။

အပြစ်သည် လူကို မသန့်ရှင်းသောသူ ဖြစ်စေပါသည်။ ထိုသို့သော မသန့်ရှင်းခြင်း အခြေအနေတွင် ထာဝရဘုရားကို ချဉ်းကပ်၍ မရပါ။ အပြစ်ဖြေရာယဇ် ပူဇော်ပြီးနောက်တွင်၊ အပြစ်မှ သန့်ရှင်းစေခြင်းခံရပြီး၊ တရားကို မသိဘဲ ပြုမိသောအပြစ်မှလည်း သန့်ရှင်းစေခြင်း ခံရကြောင်း သိထားရပါမည်။ မသိခြင်းသည် အလွန်ကောင်း၏၊ အပြစ်မှန်း ကျွန်တော်တို့ မသိသောကြောင့် ဘုရားသခင်က ကျွန်တော်တို့ကို တရားခံအဖြစ် သတ်မှတ်မည် မဟုတ်ဟု ထင်တတ်ကြပါသည်။ ဘုရားသခင်သည် တပါးအမျိုးသားများကို သက်သေ ရှိသည်အတိုင်း တရားစီရင်တော်မူ၏။ ထိုသက်သေသည် မိမိ ဖန်းဆင်းထားသောအရာပင် ဖြစ်ပါသည်။ နှုတ်ကပတ်တော်အားဖြင့် သူတို့ကို စီရင်မည် မဟုတ်ပါ။ ထိုသို့ပြုခဲ့လျှင်၊ သူတို့က မိမိတို့ထံ နှုတ်ကပတ်တရား ပေးတော်မမူဟု ငြင်းခုံကြပါလိမ့်မည်။ ထို့ကြောင့် ပေးတော်မူသော၊ ဖန်ဆင်းခြင်း သက်သေကို အသုံးပြုမည်ဖြစ်ပါသည်။ ဘုရားသခင်သည် တရားသော ဘုရားဖြစ်ပါသည်။ ထို့ကြောင့် မသိခြင်းသည် ခိုင်လုံသော သက်သေ မဟုတ်ပါ (နှိုင်း - ရောမ ၁)။

သို့သော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော် ပိုင်ဆိုင်သော သူ့လူများသည် ထို နှုတ်ကပတ်တရားတော်၏ သန့်ရှင်းစေခြင်းကို ခံရသောကြောင့်၊ ထိုတရားတော်အတိုင်း စီရင်ခြင်း ခံရကြမည်။ နှုတ်ပတ်တော် သူတို့၌ရှိသောကြောင့် တရားကို မသိဟု ဆင်ခြေပေး၍ မရပါ၊ နောင်တရသင့်ပါသည်။ ထို့ကြောင့် အပြစ်ဖော်ပြခြင်း ခံရသောအခါ၊ အပြစ်ဖြေရာယဇ်ကို ပူဇော်ရပါမည်။

နှုတ်ကပတ်တရားတော် သွန်သင်ပေးသောဆရာများသည် ဘုရားသခင်၏လူတို့အား တရား မသိခြင်း အပြစ်မှ ကယ်ထုတ်ဖို့ရန် အစဉ် တရားတော်ကို သင်ပေးရပါမည်။ ယုံကြည်သူတိုင်းသည် ထို တရား မသိခြင်းအပြစ်ကို မကျူးလွန် ဖို့ရန် နှုတ်ကပတ်တော်ကို များများသိရန် ကြိုးစားလေ့လာသင်ယူရပါမည်။ သို့မဟုတ်လျှင်၊ ခရစ်တော်အတွက် သက်သေကောင်း ဖြစ်လိမ့်မည် မဟုတ်ပါ။ ဘုရားသခင်၏သားသမီးတို့သည် "ကျွန်တော်မသိပါ" ဟူသော အပြစ်နောက်ကွယ်၌ မပုန်းကွယ်ရပါ။ ထိုအပြစ်မှ နောင်တရသင့်ပါသည်။ နှုတ်ကပတ်တရားတော်ကို ကြိုးစားသင်ယူလေ့လာမည်ဟု ဂတိပြုရပါမည်။

**ကျက်မှတ်ရန်** - ဝတ် ၄း၂။
**ဆုတောင်းချက်** -အဖဘုရား၊ တရားကိုမသိဘဲ လွန်ကျူးမိသောအပြစ်မှ ကျွန်ုပ်ကိုမစတော်မူပါ။ ယေရှုနာမတော်အားဖြင့် ဆုတောင်းပါ၏။ အာမင်။

*"ဘိသိက်ခံသော ယဇ်ပုရောဟိတ်သည်
. . . ကိုယ်တိုင် ပြစ်မှားလျှင် . . . "*

# အပြစ်ဖြေရာယဇ် - ယဇ်ကောင် အဆင့်ဆင့်သတ်မှတ်ခြင်း

အပြစ်ဖြေရာယဇ်သည် အပြစ်လွတ်ခြင်းအတွက်ပြုသော မီးရှို့ရာယဇ် ကဲ့သို့ မဟုတ်ပါ။ မီးရှို့ရာယဇ်သည် အပြစ်လွတ်ခြင်းအတွက် အစဉ်ပြုလုပ်ခြင်းဖြစ်၍ ယဇ်ကောင်များကို သေချာ ဖော်ပြထားပါသည်။ အပြစ်သား၏ ချမ်းသာမှုအပေါ် မူတည်၍ ယဇ်ကောင်ကို ဆင့်ဆင့် သတ်မှတ် ထားပါသည်။ ချမ်းသာလျှင် နွားကို ယူဆောင်လာရမည်။ သာမန်လူဖြစ်လျှင် သိုးထီး (သို့) ဆိတ်ထီး ကို ယူဆောင်လာနိုင်၏။ ဆင်းရဲသားသည် ချိုး (သို့) ခိုများကို ယူဆောင်လာနိုင်ပါသည်။ ထို ယဇ်ကောင်များသည် အပြစ်မပါသော အကောင်ဖြစ်ရပါမည်။

အပြစ်ဖြေရာယဇ်တွင် အထီး (သို့) အမ ကိုလည်း ခွင့်ပြုပါသည်။ ယဇ်ကောင် အဆင့် သတ်မှတ်ချက် ဟူမူကား ယဇ်ပုရောဟိတ်အကြီး (သို့) လူထုအတွက် နွား၊ ရှင်ဘုရင်အတွက် ဆိတ်ထီး၊ သာမန်လူအတွက် ဆိတ်မ (သို့) သိုးမ၊ ဆင်းရဲသားအတွက် ချိုး (သို့) ခို၊ အလွန် ဆင်းရဲသောသူ အတွက် မုန့်ညက်တသြမဲ ဟူ၍ဖြစ်ပါသည်။ လွန်ကျူးသောအပြစ် မဟုတ်ဘဲ၊ တရားကို မသိသော အပြစ်ဖြစ်သောကြောင့် ယဇ်ကောင်အဆင့်သတ်မှတ်ချက် လျော့ပေါ့သည်ကို တွေ့ရပါသည်။ အပြစ်သားသည် အပြစ်မှန်းသိခဲ့လျှင် ကျူးလွန်မိမည်မဟုတ်ဟု ထင်ရပါသည်။ သို့သော်လည်း၊ ဘုရားရှေ့ လူရှေ့၌ ထိုအမှုသည် အပြစ်ဖြစ်ပါသည်။ ပြုပြီးမှသာ အပြစ်မှန်း သိခဲ့ရပါသည်။ သို့သော်လည်း ထိုအပြစ်အတွက် သန့်ရှင်းစေခြင်းအမှုကို သူပြုရပါမည်။

ယဇ်ကောင် အဆင့်သတ်မှတ်ချက်၌ တရားကို မသိဘဲ ပြုသောအပြစ်သည် တယောက် နှင့်တယောက် ပြင်းထန်မှု မတူညီကြောင်း တွေ့ရပါသည်။ ယဇ်ပုရောဟိတ်အကြီး၏ အပြစ်သည် (တဦးတည်းဖြစ်သော်လည်း) လူထုတရပ်လုံး၏အပြစ်နှင့် ညီမျှသည်ဟု သတ်မှတ်ထားပါသည်။ အကြောင်းမှာ ယဇ်ပုရောဟိတ်အကြီးသည် နှုတ်ကပတ်တရားတော်ကို သိသောသူ၊ သန့်ရှင်း ရင့်ကျက်သောသူဖြစ်ရမည်ဖြစ်သောကြောင့်၊ တရားမသိဘဲ ကျူးလွန်သော သူ၏အပြစ်သည် ဘုရား ရှေ့၌ ပို၍ ကြီးမားခြင်းဖြစ်ပါသည်။ တရားတော်ကို ပို၍ သူတို့ သိသင့်သည် မဟုတ်လော။ ယနေ့ အသင်းတော်၌လည်း ထိုသို့ဖြစ်ရပါမည်။ သင်းအုပ်ဆရာနှင့် သင်းအုပ်လူကြီးတို့သည် အသင်းသူ အသင်းသားတို့ထက် ပို၍ ကျမ်းစာကို သိကြရပါမည်။ ထို့ကြောင့် တရားကို မသိဘဲ လွန်ကျူးသော သူတို့၏အပြစ်သည် သာမန်လူတို့ထက် ပို၍ ကြီးမားခြင်းဖြစ်ပါသည်။ ဘယ်အပြစ်မဆို အပြစ် သည် အပြစ်ဖြစ်ပါသည်။ ခရစ်တော်၏နာမတော်ကို ညစ်ပတ်စေပါသည်။ အသင်းတော်ကို ဦးဆောင်သောသူတို့အပေါ်၌ ခရစ်တော်၏နာမတော်သည် ပို၍ လေးလံခြင်းရှိပါသည်။ ထို့ကြောင့် သူတို့ အပြစ်လွန်ကျူးသောအခါ ထိုနာမတော်သည် ပို၍ ထိခိုက်ခြင်းရှိ၏။

**ကျက်မှတ်ရန်** - ဝတ် ၄း၃။
**ဆုတောင်းချက်** -အဖဘုရား၊ အကျွန်ုပ်အား ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို ကောင်းကောင်း သင်ယူ လေ့လာသောသူ ဖြစ်စေတော်မူပါ။ အာမင်။

**ဝတ် ၄**
ယာကုပ် ၄း၈

*"နွားဆီဥရှိသမျှကို ယူ၍၊
မီးရှို့ရာယဇ်ပေါ်မှာ ရှို့ရမည်"*

# အပြစ်ဖြေရာယဇ် - သန့်ရှင်းစင်ကြယ်စေခြင်းအတွက်

အပြစ်ဖြေရာယဇ်သည် သန့်ရှင်းစင်ကြယ်စေခြင်းအတွက် ဖြစ်ပါသည်။ ဤသန့်ရှင်းစေခြင်း၌ လူနှင့် အရာဝတ္ထုလည်း ပါဝင်နိုင်ပါသည်။ တရား မသိဘဲ ဘုရားသခင်ပေါ် ကျူးလွန်မိသော အပြစ်လည်း ပါဝင်ပါသည်။ ဥပမာအားဖြင့်၊ မိန်းမတဦးသည် ကလေးမွေး၏ (သို့) ရာသီလာ၏၊ ထို မိန်းမသည် မစင်ကြယ်ဟု သတ်မှတ်ထားပါသည်။ ထာဝရဘုရားရှေ့၌ ပြန်လည်သန့်ရှင်းမည်အကြောင်း ထိုမိန်းမသည် အပြစ်ဖြေရာယဇ်ကို ပူဇော်ရပါမည်။ သို့မှသာ သန့်ရှင်းသောအရာများ၌ ထိုမိန်းမသည် ပြန်လည် ပါဝင်ခွင့်ရှိ၏။ ထိုမိန်းမသည် အပြစ် ကျူးလွန်ခြင်း မရှိခဲ့သော်လည်း အပြစ်ပြုသောသူ ကဲ့သို့ မစင်ကြယ်ဟု သတ်မှတ်ခြင်း ခံခဲ့ရပါသည်။ အပြစ်ဖြေရာယဇ်သည် ထိုသို့သောအမှုအတွက် ရည်ရွယ်ခြင်းဖြစ်ပါသည်။

အခန်းထဲ၌ မိမိနှင့်အတူရှိနေသောသူ သေသောအခါ၊ ထိုသူသည် မစင်ကြယ်ဟု သတ်မှတ်ခြင်းခံရပါသည်။ ထိုအမှု၌လည်း အပြစ်ဖြေရာယဇ် ပြုရပါမည်။ ထာဝရဘုရား ရှေ့၌ သန့်ရှင်း စင်ကြယ်စေခြင်း ခံရမည်အကြောင်း အပြစ်ဖြေရာယဇ်ကို ပူဇော်ရမည်။ ဝတ်ပြုရာကျမ်း ၈ ထဲတွင်၊ အာရုန်နှင့်သူ့သား လေးဦးတို့အား အမှုတော်အတွက် ဆက်ကပ်ခြင်း၌ ပထမဆုံး ပြုရသောအရာမှာ အပြစ်ဖြေရာယဇ် ပူဇော်ခြင်းဖြစ်ပါသည်။ ဤသည်ကား မီးရှို့ရာယဇ်ပလ္လင် သန့်ရှင်းစင်ကြယ်စေခြင်းအတွက် ဖြစ်ပါသည်။ သို့မှသာ အခြားသော ပူဇော်ခြင်းများကို ထို သန့်ရှင်းသော ယဇ်ပလ္လင်၌ ပူဇော်နိုင်မည်ဖြစ်ပါသည်။ သန့်ရှင်းသောအရာဝတ္ထုများက အခြားသောအရာ ထိတွေ့ခြင်းဖြင့် ထိုအရာကို မသန့်ရှင်းစေနိုင်ပါ။ သို့သော်လည်း မသန့်ရှင်းသောအရာကို လူကို ထိလျှင်မူ၊ လူသေ (သို့) နူနာ (သို့) မီးဖွားသော မိန်းမနှင့် ထိတွေ့၍ မသန့်ရှင်းဖြစ်သကဲ့သို့ မသန့်ရှင်းသောသူ ဖြစ်စေတတ်၏။ ဤ အပြစ်ဖြေရာယဇ်သည် ဘုရားသခင်၏လူတို့အား သန့်ရှင်းသောအသက်တာ အလွန်အရေးပါမှုကို သတိရစေရန်ဖြစ်ပါသည်။ ထို့ပြင် ဘုရားသခင်၏လူတို့သည် ဤလောကီအရာများနှင့် ထိတွေ့ခြင်းဖြင့် မသန့်ရှင်းသောသူ ဖြစ်လာနိုင်ကြောင်းကို သတိပေးခြင်းလည်းဖြစ်ပါသည်။

ခရစ်တော်သာလျှင် ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေနိုင်သောသူ ဖြစ်၏။ ကျွန်တော်တို့သည် အပြစ်လွတ်ခြင်းအတွက် ဘုရားသခင်ထံ ဆုတောင်းသောအခါ၊ ခရစ်တော်၏အသွေးတော်ဖြင့် အသစ်တဖန် ဆေးကြောလျက် သန့်ရှင်းစင်ကြယ်စေခြင်းကို ခံရကြပါသည်။ ယောဟန် ၁၇း၁၇ ၌ ယေရှုဆုတောင်းသကဲ့သို့ နှုတ်ကပတ်တော်ကလည်း ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ် စေနိုင်ပါသည်။ အကြား၊ အမြင်အားဖြင့် ဤလောကီအရာတို့သည် ကျွန်တော်တို့ကို ညစ်ညူးစေတတ်ပါသည်။ သတိမထားလျှင် ကျွန်ုပ်တို့၏စိတ်နှလုံးကိုလည်း ထိုလောကီအရာများက ညစ်ညူးစေတတ်ပါသည်။ ဤ ဓမ္မဟောင်းကျမ်း၏ အပြစ်ဖြေရာယဇ်က ကျွန်တော်တို့သည် ဘုရားသခင်ရှေ့၌ အစဉ်သန့်ရှင်းစင်ကြယ်ခြင်းရှိဖို့လိုအပ်ကြောင်း သတိပေးလျက်ရှိပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၄း၁၇။
**ဆုတောင်းချက်** -အဖဘုရား၊ ကျွန်ုပ်အပြစ်များကို ခရစ်တော်ယေရှု၏အသွေးတော်ဖြင့် သန့်ရှင်းစင်ကြယ်စေတော်မူပါ။ အာမင်။

# ဒုစရိုက်ဖြေရာယဇ် - ထိုယဇ်၏အဓိပ္ပါယ်

ထာဝရဘုရား၏အမြင်၌ ဘယ်အရာသည် ဒုစရိုက်အပြစ် ဖြစ်ပါသနည်း။ ဝတ် ၅း၁-၅၊ “တစုံတယောက်သောသူသည် အမှုကို မြင်သည် ဖြစ်စေ၊ သိသည်ဖြစ်စေ၊ ကျိန်ဆိုစေသော စကားကို ကြား၍ သက်သေဖြစ်လျက်နှင့် ပြန်မပြောဘဲ နေသဖြင့် ပြစ်မှား၍၊ မိမိ ဒုစရိုက်အပြစ်ကို ခံရသော် ၎င်း၊ တစုံတယောက်သောသူသည် မစင်ကြယ်သောသားရဲ သားယဉ်၊ တွားတတ်သော တိရစ္ဆာန်၏ အသေကောင် အစရှိသော မစင်ကြယ်သောအရာတစုံတခုကို အမှတ်တမဲ့ ထိမိသဖြင့်၊ မစင်ကြယ်ရာ သို့ရောက်၍ အပြစ်ရှိသော်၎င်း၊ လူ၌ ကပ်သော မစင်ကြယ်သော အရာတစုံတခုကိုလည်း မသိဘဲ ထိမိ၍ နောက်တဖန်သိလျှင်၊ အပြစ်ရှိရာသို့ ရောက်သော်၎င်း၊ တစုံတယောက်သောသူသည် ကောင်းသောအမှု၊ မကောင်းသောအမှုကို ပြုမည်ဟု အကျိုးအပြစ်ကို မသိဘဲ ကျိန်ဆိုလျက် သစ္စာပြုလေရာရာ၌ အပြစ်တစုံတခု ရောက်သော်၎င်း၊ ထိုသို့သော အပြစ်တစုံတခုရောက်လျှင်၊ ထို အပြစ်ကို ဘော်ပြတောင်းပန်ရမည်။”

ဒုစရိုက်အပြစ်များတွင် မျက်မြင်သက်သေ မရှိသော အပြစ် (အငယ် ၁)၊ သိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ မသန့်ရှင်းသောအရာကို ထိခြင်း (အငယ် ၂)၊မထိခင် သိသည်ဖြစ်စေ၊ ထိပြီးမှ သိသည်ဖြစ်စေ လူ၏ မသန့်ရှင်းသောအရာကို ထိခြင်း (အငယ် ၃) နှင့် မစောင့်ထိန်းသော ဂတိသစ္စာပြုခြင်း (အငယ် ၄) တို့ ပါဝင်ပါသည်။ ထာဝရဘုရားသည် မိမိလူတို့အား သူတို့သည် အပြစ်၌ ရှင်သန်လှုပ်ရှားနေကြသော ဤလောကီလူတို့အတွက် သန့်ရှင်းသော သက်သေခံဖြစ်မည် အကြောင်း သူတို့၏ သန့်ရှင်းစင်ကြယ်သောအကျင့်ကို အစဉ်သတိရအောက်မေ့စေတော်မူလို၏။ ဂတိတော်ပြည်၌ ကျင့်ရမည့်အကျင့်များသည် ယေရှုခရစ်တော်၏သန့်ရှင်းသော နာမတော်ကို ချီးမြှောက်ရန်ဖြစ်၍၊ ထိုသို့သော အကျင့်ကျင့်ခြင်းငှါ မိန့်တော်မူခံရသော အခြားလူမျိုးမရှိပါ။ ဣသရေလအမျိုးသာလျှင် ထိုသို့သောအကျင့်ကို နေ့စဉ်ကျင့်ရမည်ဖြစ်ပါသည်။ သို့သော်လည်း ထိုသို့ မကျင့်လျှင် အပြစ်ဖြစ်ပါ သည်။ ထို့သို့ သန့်ရှင်းစွာ နေထိုင်ကျင့်နိုင်ကြဖို့ကို အထူးလေးထားကြောင်း ဒုစရိုက် ဖြေရာယဇ်က ထင်ရှားစေခဲ့ပါသည်။

ခရစ်တော်အတွက် သန့်ရှင်းသော သက်သေဖြစ်ခြင်း ဂုဏ်ပုဒ်သည် ဒေသန္တာရ အသင်း တော်၏ တာဝန်ဖြစ်လာခဲ့ပါသည်။ ထိုအသင်းတော်များသည် သတင်းကောင်းရောက်ရာ ကမ္ဘာ့ နေရာအနှံ့တွင် ပျံ့နှံ့လျက် ရှိပါ၏။ ထိုအသင်းတော်များနှင့် အသင်းသူအသင်းသားတို့သည် ဆိုးသွမ်း သော ဤလောကီကမ္ဘာတွင် နေထိုင်အသက်ရှင်စဉ် ဘုရားသခင် သန့်ရှင်းသကဲ့သို့၊ အသက်တာ သန့်ရှင်းခြင်း ရှိရမည်အကြောင်း အစဉ်သတိပြုဖို့လိုပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၅း၅။
**ဆုတောင်းချက်** -အို ကောင်းကင်ဘုံရှိ အဖဘုရား၊ ကိုယ်တော်သန့်ရှင်းသည်နည်းတူ သန့်ရှင်းမည် အကြောင်း ကျွန်ုပ်ကို မစတော်မူပါ။ အာမင်။

အင်္ဂါ၊ ဧပြီ (၁၆)
**ဝတ် ၅**
၁ ပေ ၂း၈-၁၂

*"ဒုစရိုက်ဖြေသော ယဇ်ဖြစ်သတည်း။ အကယ်စင်စစ် ထိုသူသည် ထာဝရဘုရားကို ပြစ်မှားရာရောက်သတည်း"*

# ဒုစရိုက်ဖြေရာယဇ် - အပြစ်ဖြေရာယဇ်

ဒုစရိုက်ဖြေရာယဇ်သည် အပြစ်ဖြေရာယဇ်လည်း ဖြစ်ပါသည်။ ဝတ် ၅း၆၊ "ပြစ်မှားမိသော အပြစ်အတွက် အပြစ်ဖြေရာယဇ်ဖြစ်စေခြင်းငှါ သိုးသငယ်ဖြစ်စေ၊ ဆိတ်သငယ်ဖြစ်စေ၊ အမတကောင်ကောင်တည်းဟူသော ဒုစရိုက်ဖြေရာယဇ်ကို ထာဝရဘုရားထံတော်သို့ ဆောင်ခဲ့ပြီးလျှင်၊ ယဇ်ပုရောဟိတ်သည် ထိုသူ၏အပြစ်အတွက် အပြစ်ဖြေခြင်းကို ပြုရမည်။" ဒုစရိုက်အပြစ်များကို ဝတ် ၅း၁-၄ ထဲတွင် ဖော်ပြခဲ့ပါသည်။ မိမိလူတို့ထံ ဘုရားသခင်ဖော်ပြထားသောအရာများ ချိုးဖောက်ခြင်းသည် ဘုရားသခင်အပေါ် ဒုစရိုက်ပြုခြင်းပေတည်း။ ထိုဘုရားသခင်၏ ဖော်ပြချက် များကို သမ္မာကျမ်းစာထဲတွင် တွေ့ရပါသည်။

ထိုအပြစ်များကို ဤလောကီလူသားများက အပြစ်ဟူ၍ မယူဆကြပါ။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ဘုရားသခင်သည် မိမိလူတို့အား အလွန်သန့်ရှင်းခြင်းရှိဖို့ရန် စံနှုန်းချမှတ်ထားပါသည်။ ဤလောကီလူသားတို့သည် အပြစ်၌ သေလူများဖြစ်ကြပါသည်။ ထိုသန့်ရှင်းခြင်းစံနှုန်းကို သမ္မာကျမ်းစာအပြင်၌ မတွေ့ရပါ။ လူတို့သည် အလွန်ဆိုးသွမ်း၍ ဇာတိအလိုနောက်ကို လိုက်ကြပါသည်။ လူတိုင်းသည် မိမိအမြင်၌ ကောင်းသည်ဟု ထင်မှတ်သောအရာကိုပြုကြပါသည်။ မုသာပြောခြင်းသည် နိုင်ငံတခုတွင် အပြစ်ဖြစ်သော်လည်း၊ အခြားတနိုင်ငံတွင် ထိုသို့ မမြင်ကြပါ။ ထိုကြောင့် မုသာကိုအဖြူ မီးခိုးရောင်၊ အနက်ဟူ၍ အဆင့်သတ်မှတ်ကြ၏။ ထိုအရာသည် ပုံမှန်သဘောဖြစ်လာခဲ့ပါသည်။ မုန့်လုပ်သောသူက မုန့်ကို အထပ်လိုက် အစာသွပ်၍ ထပ်သကဲ့သို့၊ စာတန်သည် မုသာကို တထပ်ပြီး တထပ် ထပ်လျက် လူ့အဖွဲ့အစည်းများကို ကျွေးခဲ့ပါသည်။ အပြစ်သားများသည် ထိုမုသာမုန့်ကို နှစ်ပေါင်း ၆၀၀၀ ကျော် သုံးဆောင်ခဲ့ပြီဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတိုင်း၌ ထိုသို့သော ယိုယွင်းပျက်စီးမှုကို တွေ့ရပါသည်။

ထာဝရဘုရားသည် မိမိလူတို့အား နေ့နှင့်ည၊ အလင်းနှင့်အမှောင် ကွဲပြားသကဲ့သို့ ကွဲပြားစေလိုပါသည်။ ဂတိတော်ပြည်၌ နေထိုင်ကြသောအခါ၊ သူတို့၏ နေ့စဉ်အကျင့်တို့သည် သန့်ရှင်းစင်ကြယ်ခြင်း ရှိရမည်ဖြစ်ပါသည်။ အချင်းချင်းအပေါ် ဒုစရိုက်ပြုခြင်းသည် ဘုရားသခင်အပေါ် ဒုစရိုက်ပြုရာရောက်ပါသည်။ အသွေးသွန်းခြင်းမရှိလျှင်၊ အပြစ်လွတ်ခြင်းမရှိ ဖြစ်သောကြောင့်၊ အပြစ်များကို ဖယ်ရှားဖို့ရန် ယဇ်ပူဇော်ခြင်းကို ပြုကြရမည်ဖြစ်ပါသည်။ သူတို့၏ မစင်ကြယ်ခြင်းသည် ဘုရားသခင်ရှေ့၌ အပြစ်ဖြစ်ပါသည်။ ဘုရားသခင်၏လူ ကျွန်တော်တို့သည် အသင်းတော်၌ ဘုရားသခင်ချမှတ်ထားသော သန့်ရှင်းသောစံနှုန်းအတိုင်း၊ မိမိဂတိကိုတည်လျက်၊ မှန်သောသက်သေကို ခံလျက်၊ အပြစ်ဟုထင်ရသောအရာတိုင်းကို ရှောင်ကြဉ်လျက် နေထိုင်ကြရပါမည်။ ထိုအခါ ခရစ်တော်၏ဘုန်းတော်သည် ထင်ရှားတော်မူလိမ့်မည်။

**ကျက်မှတ်ရန်** - ဝတ် ၅း၆။

**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်အတွက် သန့်ရှင်းသောအသက်တာပြလျက် ကောင်းသော သက်သေဖြစ်မည်အကြောင်း အပြစ်ကို အပြစ်မှန်း လျင်မြန်စွာ သိနားလည်ဖို့ရန် အကျွန်ုပ်ကို ပြုပြင်တော်မူပါ။ အာမင်။

ဗုဒ္ဓဟူး၊ ဧပြီ (၁၇)
**ဝတ် ၅**
ဟေဗြဲ ၉း၂၂

*"ယဇ်ပုရောဟိတ်သည် အပြစ်ဖြေခြင်းကို ပြုလျှင်၊ ထိုသူ၏အပြစ် လွတ်လိမ့်မည်"*

# ဒုစရိုက်ဖြေရာယဇ် - အသွေးမပါသောယဇ်

ဒုစရိုက် (သို့) အပြစ်ဖြေရာယဇ်သည် အပြစ်ပြုသော ဣသရေလအား သန့်ရှင်းစင်ကြယ်စေရန်အတွက်ဖြစ်ပါသည်။ ဤယဇ်သည် အခြားသော ပူဇော်သက္ကာများ၊ မီးရှို့ရာယဇ်ကဲ့သို့ မိမိအဆင်ပြေသော အချိန်၌ ပူဇော်သော ယဇ် မဟုတ်ပါ။ ဒုစရိုက်ဖြေရာယဇ်သည် ချက်ချင်း ပူဇော်ရမည့်ယဇ်ဖြစ်ပါသည်။ မိမိထိတွေ့သော သူတို့သည် မစင်ကြယ်ဖြစ်ကြမည်ဖြစ်သောကြောင့်၊ ဘုရားသခင်ရှေ့၌ အလျင်မြန်ဆုံး သန့်ရှင်းစေခြင်းကို ခံယူဖို့လိုအပ်ပါသည်။ ထိုသို့မဟုတ်လျှင် သူသည် မိသားစုနှင့် မိတ်ဆွေများ၏ ရှောင်ကြဉ်ဖယ်ရှားခြင်းခံရနိုင်ပါသည်။

အလွန်ဆင်းရဲသောသူအား "မုန့်ညက် တဩမဲ" (ဝတ် ၅း၁၁) ပူဇော်ရန် ဘုရားသခင်ခွင့်ပြုထားတော်မူ၏။ အကြောင်းမှာ ဘုရားသခင်ရှေ့၌ မည်သူမျှ မသန့်ရှင်း မစင်ကြယ်ခြင်း အမှု၌ဆင်ခြေမပေးနိုင်ရန် ဖြစ်ပါသည်။ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ဘုရားသခင်၏လူမည်သူမဆို သန့်ရှင်းစင်ကြယ်ခြင်း ရှိရန် အလွန်အရေးကြီးကြောင်း ပေါ်လွင်ပါသည်။ ဟေဗြဲ ၉း၂၂ ထဲတွင် "ပညတ်တရားအတိုင်း ခပ်သိမ်းသောအရာတို့ကို ကုန်မတတ် အသွေးအားဖြင့် စင်ကြယ်စေတတ်၏။ အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ" ဟု ဖော်ပြထားပါသည်။ ဘုရားသခင်၏သန့်ရှင်းစုံလင်သော နှုတ်ကပတ်တော်သည် အလွန်တိကျလှပါသည်။ ဘုရားသခင်ခွင့်ပြုတော်မူသောပူဇော်ခြင်းအပေါင်းသည် အသွေးပါသော ပူဇော်ခြင်းမဟုတ်ခဲ့ကြောင်း ထင်ရှားပါသည်။ ဤဒုစရိုက်ဖြေရာယဇ်သည် အခြားနှင့် လုံးဝမတူ၊ ထူးခြားလှပါသည်။ အသွေးမပါသော ပူဇော်ခြင်းကို ထာဝရဘုရားခွင့်ပြုတော်မူခဲ့သော်လည်း၊ ဤအချက်က ယေရှုခရစ်တော်၏ အသွေးသွန်းခြင်း ယဇ်ပူဇော်ခြင်းကို လုံးဝ တန်ဖိုးမလျော့စေခဲ့ပါ။ ဤသန့်ရှင်းသော တိရစ္ဆာန်ပူဇော်ခြင်းတို့သည် ခရစ်တော် ကွဲလာတော်မမူမီ ခဏတာ အစားထိုးခြင်းဖြစ်ပါသည်။ ယခု အဖြစ်အပျက်ကို ကြည့်ခြင်းဖြင့် အားနည်းချက်ရှိသည်ကို တွေ့ရပါသည်။ အချို့သောသူသည် ဂတိတော်ပြည်၌ အနေဆင်းရဲကြကြောင်းကို ဘုရားသခင် သိတော်မူ၏။ ထို့ကြောင့် ယခု ပူဇော်ခြင်းတွင် ပုံဆောင်ခြင်းထက် ဝိညာဉ်အကျိုးသဘောကို ပို၍ အလေးထားကြောင်း တွေ့ရပါသည်။ ဣသရေလလူ အဘယ်သူမျှ ယဇ်ပူဇော်ခြင်း မပြုနိုင်သောကြောင့်၊ သန့်ရှင်းစင်ကြယ်ခြင်းမရှိဖြစ်၍ သန့်ရှင်းသောပွဲများနှင့် သန့်ရှင်းသော အမှုတော်မြတ်၌ မပါဝင်နိုင်ဖြစ်မည်ကို ထာဝရဘုရား လုံးဝမလိုလားခဲ့ပါ။ ကျွန်ုပ်တော်တို့အတွက် သင်ခန်းစာမူကား၊ ခရစ်တော်သည် အပြစ်ကြွေးကို အကုန်လုံး ဆပ်ပေးတော်မူပြီဖြစ်၍ အမှန်နောင်တရလျက်၊ အပြစ်လွှတ်ခြင်းကို တောင်းလျှောက်နိုင်သည်ဖြစ်သောကြောင့်၊ သန့်ရှင်းသောသူ၊ ယုံကြည်သူ မည်သူမျှ အပြစ်၌ကျင်လည်ခြင်းမပြုရပါ။ ထိုသို့ အပြစ်၌ ဆက်လက် ရှင်သန်နေထိုင်နေခြင်း၌ အဘယ်ဆင်ခြေမျှပေး၍မရပါ။

**ကျက်မှတ်ရန်** - ဝတ် ၅း၁၁။
**ဆုတောင်းချက်** -အဖဘုရား၊ ခရစ်တော် ကွဲလာတော် မမူမီကတည်းမှစ၍ ခေတ်အဆက်ဆက်ကယ်တင်ခြင်း ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။

*"ဘုရားနှင့်ဆိုင်သောအရာ၌ ပြစ်မှားမိရာကို ပြုပြင်ပြီးလျှင် . . . "*

# ဒုစရိုက်ဖြေရာယဇ် - ပြစ်မှားမိရာအတွက်

သန့်ရှင်းသောအရာ၌ ထာဝရဘုရားအပေါ် တရားမသိဘဲ အပြစ်ကျူးလွန်မိသောအခါ၊ ထိုအပြစ် သန့်ရှင်းစင်ကြယ်စေခြင်းအတွက် ဒုစရိုက်ဖြေရာယဇ်ကို ပူဇော်ရပါမည်။ ဝတ် ၅း၁၆ "ထိုသို့ ဘုရားနှင့်ဆိုင်သောအရာ၌ ပြစ်မှားမိရာကို ပြုပြင်ပြီးလျှင်၊ ငါးစုတစုကိုလည်း ထပ်၍ ယဇ်ပုရောဟိတ်အား ပေးရမည်။ ယဇ်ပုရောဟိတ်သည်လည်း ဒုစရိုက်ဖြေရာယဇ်ဖြစ်သော သိုးအားဖြင့်၊ ထိုသူအဘို့ အပြစ်ဖြေခြင်းကို ပြုလျှင်၊ သူ၏အပြစ်လွတ်လိမ့်မည်။" ဘုရားနှင့်ဆိုင်သော အရာ၌ ပြစ်မှား (ထိခိုက်) လျှင် ဟု အဘယ့်ကြောင့် ဆိုသနည်း။ အရာဝတ္ထုအပေါ်၌ ဘယ်သူမှ အပြစ်မပြုနိုင်၊ ထို့ကြောင့် ထိခိုက်ဟူသော မူရင်းစကားလုံးကို အသုံးပြုခြင်းဖြစ်ပါသည်။ အမှန်မှာ ထိုထိခိုက်ခြင်းသည် ပြစ်မှားခြင်းအပြစ်ကို ဆိုလိုပါသည်။ ထိုဘုရားနှင့်ဆိုင်သောအရာကို ထိခိုက်ခြင်းသည် ပြစ်မှားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုအပြစ်ကို ပြုသောသူသည် အမှားကို သိသောအခါ သန့်ရှင်းစင်ကြယ်စေခြင်း ခံယူရမည်ဖြစ်ပါသည်။ ဤသည်ကား ဘုရားသခင်၏ သန့်ရှင်းခြင်းစံနှုန်းဖြစ်ပါသည်။ အပြစ်ပြုခြင်း၌ "မသိသောကြောင့် ပြုမိပါသည်" ဟူသော ဆင်ခြေသည် အသုံးမဝင်ကြောင်း ဘုရားသခင်၏လူတို့သည် သိမှတ်ကြရပါမည်။

ဤ သန့်ရှင်းသော၊ ဘုရားနှင့်ဆိုင်သောအရာတွင် ဆယ်ဘို့တစ်ဘို့နှင့် အလှူများ ပါဝင်ကြပါသည်။ ဂတိသစ္စာကို ပြုလျက် ထိုဂတိကို မစောင့်ဘဲနေလျှင်၊ ဘုရားသခင်ထံအပြစ်ကို ကျူးလွန်ပါ၏။ ထိုအပြစ်သည် လေဝိလူတို့အား ကျွေးမွေးဖို့ရန်ဖြစ်သော ဆယ်ဘို့တစ်ဘို့ မပေးဘဲနေခြင်း ဖြစ်နိုင်ပါသည်။ ထိုအပြစ် ပေါ်လွင်သောအခါ ထိုသူသည် ငါးပုံတပုံ ထပ်၍အပိုပေးရပါမည်။ ထို့ပြင် မိမိအလိုအတိုင်းပေးမည်ဟု ဂတိသစ္စာပြုလျက် မပေးဘဲနေခြင်းလည်း ဖြစ်နိုင်ပါသည်။ ယုဒလူသည် ဘုရားသခင်အတွက်ဟူ၍ ဖယ်ထားခဲ့သော ဆယ်ဘို့တစ်ဘို့ကို မိမိစားသုံးခဲ့လျှင် ဒုစရိုက်အပြစ်မြောက်ပါသည်။ ထိုအပြစ် သန့်ရှင်းစင်ကြယ်စေခြင်းအတွက် စားသုံးခဲ့သောအရာ အပြင် ငါးပုံတပုံ ထပ်၍ပေးလျက်၊ ထာဝရဘုရားထံ တိရစ္ဆာန်ယဇ်ပူဇော်ခြင်း ပြုရပါမည်။ ဒုစရိုက်ဖြေရာယဇ်သည် ဘုရားသခင်၏လူတို့အား မိမိတို့အသက်တာ၌ ဘုရားသခင်အတူပါရှိတော်မူခြင်း အလွန်အရေးကြီးကြောင်းကို သတိရအောက်မေ့စေရန်ဖြစ်ပါသည်။ သူတို့ပိုင်ဆိုင်သော အရာအားလုံးသည် ထာဝရဘုရားအပိုင်ဖြစ်တော်မူ၏။ ထိုအထဲမှ အချို့ကို ဘုရားသခင်ထံ ဆက်ကပ်ခြင်းသည် ဘုရားသခင်လူတို့အား ထိုတရားကို ဘုရားသခင်သွန်သင်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဘုရားသခင်ထံ ပေးကမ်းခြင်းအမှုကလည်း ထိုတရားကို ကျွန်ုပ်တို့အား သတိရအောက်မေ့စေပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၅း၁၇။

**ဆုတောင်းချက်** -အဖဘုရား၊ ပိုင်ဆိုင်သမျှသောအရာများသည် ကိုယ်တော်ပေးသနားတော်မူရာဖြစ်ကြောင်း သိလျက်၊ ဆယ်ဘို့တစ်ဘို့ပေးရသောအခွင့်ရသောကြောင့် ကျွန်တော် ကျေးဇူးတင်ပါ၏။

သောကြာ၊ ဧပြီ (၁၉)
**ဝတ် ၆**
မသဲ ၅း၃၈-၄၂

*"ဣသရေလအမျိုးသားတို့ကို ဆင့်ဆိုရမည်မှာ သင်တို့တွင် တစုံတယောက်သောသူသည် ထာဝရဘုရားအား ပူဇော်သက္ကာကို ပြုလိုလျှင် . . ."*

# အလျော်အစား ပေးခြင်း

မသိဘဲ ပြုမိသောအပြစ်ဖော်ပြပြီးနောက်၊ ဘုရားသခင်သည် သိလျက်ပင် ပြုသောအပြစ်ကိုဖော်ပြခဲ့ပါသည်။ မသိဘဲ ပြုမိသောအပြစ်သည် အထူးသဖြင့် ဘုရားသခင်အပေါ် သာ ပြစ်မှားသောအပြစ်ဟု ဖော်ပြ၏။ ဝတ် ၆ ထဲတွင်၊ သိလျက်ပင် ပြုသောအပြစ်များသည် ဘုရားသခင်နှင့် လူသားအပေါ် ကျူးလွန်သောအပြစ်ဖြစ်ကြောင်း ဖော်ပြ၏။ ဤသို့ ရှင်းလင်းစွာ ဖော်ပြခဲ့ပါသည် - ဝတ် ၆း၂-၃၊ "တစုံတယောက်သောသူသည် သူတပါး အပ်နှံသောဥစ္စာအတွက်၊ ပေါင်ထားသောဥစ္စာအတွက်၊ မိမိနှင့် စပ်ဆိုင်သောသူအား မုသာစကားကို ပြောသော်၎င်း၊ သူ့ဥစ္စာကို အနိုင်အထက်ယူသော်၎င်း၊ မိမိနှင့် စပ်ဆိုင်သောသူကို လှည့်စားသော်၎င်း၊ ပျောက်သော ဥစ္စာကို တွေ့သောအခါ၊ မုသာစကားကို ပြော၍ မဟုတ်မမှန်ဘဲ ကျိန်ဆိုသော်၎င်း၊ ထိုသို့သော ဒုစရိုက်တစုံတခုကို ပြု၍ ထာဝရဘုရားကို ပြစ်မှားမိလျှင်။" ဣသရေလထံ ပေးခဲ့သော ပညတ်တော်ဆယ်ပါးကို ကြည့်လျှင်၊ လူလူချင်း ပတ်သက်မှုသည် ဘုရားနှင့်ဆိုင်သောအရာဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ လူသား အပေါ် ကျူးလွန်ခြင်းသည် ဘုရားသခင်ကို ပြစ်မှားရာရောက်၏။ ထို့ကြောင့် သူတို့၏နောင်တရခြင်းသည် နှစ်ဆင့်ရှိရပါမည်။

ထာဝရဘုရားထံ ပြုရမည့် ပူဇော်သက္ကာအပြင်၊ ကျူးလွန်ခြင်းခံရသောသူထံ အလျော်အစားလည်း ပေးရမည်ဖြစ်ပါသည်။ တောင်းပန်ရုံမျှဖြင့် မလုံလောက်ပါ။ ဖမ်းမိခြင်းခံရလျှင်၊ ခိုးယူခဲ့သောအရာကို ပြန်ပေးလျက် ငါးပုံတပုံ (၂၀ ရာခိုင်နှုန်း) ထပ်ပေးရမည်။ ဤပြစ်ဒဏ်သည် တရားမျှတမှုရှိ၏။ ခိုးယူခြင်းအမှုကို လျော့ချစေရန်ဖြစ်ပါသည်။ မတရားကြီးလေးသော ပြစ်ဒဏ်လည်း မဟုတ်ပါ။ ယနေ့ခေတ် တရားစီရင်ခြင်းတွင်၊ ပြစ်မှုကို လူတို့သည် မကျူးလွန်မည်အကြောင်း ကျူးလွန်သောသူအပေါ်၌ မတရားကြီးလေးသော ပြစ်ဒဏ်ကို ချမှတ်ဖို့ရန် ရှေ့နေက တရားသူကြီးအား တောင်းလျှောက်လေ့ရှိပါသည်။ ဤသည်ကား မှားယွင်းသော အတွေးအခေါ်ဖြစ်ပါသည်။ ထိုအတွေးကို လက်ခံမည်ဆိုလျှင်၊ ခိုးမှုအား လက်ဖြတ်ခြင်းပြစ်ဒဏ်ပေးရမည်ဖြစ်ပါသည်။ လူသား၏အပြစ်ဇာတိသဘောသည် အပြစ်၏ကျေးကျွန်ဖြစ်သောကြောင့် အဘယ်ပြစ်ဒဏ်ကိုပင် ချမှတ်ပါစေ၊ အပြစ်မပြုဘဲ နေနိုင်မည် မဟုတ်ပါ။ မတရားကြီးလေးသော ပြစ်ဒဏ်ချမှတ်ခြင်းက အပြစ်လွန်ကျူးခြင်းကို မဆီးတားနိုင်ပါ။ ခရစ်တော်ယုံကြည်ခြင်းကသာ ဆီးတားနိုင်မည်ဖြစ်ပါသည်။ အကြောင်းမှာ ခရစ်တော်၌ စိတ်နှလုံးအသစ်ပြုပြင်ခြင်းခံရကြ၏။ အပြစ်လွန်ကျူးခြင်းကို ဆက်လက်လုပ်ဆောင်မည် မဟုတ်တော့ပါ။ တရားစီရင်ခြင်းသည် အလွန်အကျွံ ပြစ်ဒဏ်ပေးခြင်း မဟုတ်ဘဲ၊ တရားမျှတသော ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်ပါသည်။ အသင်းတော်၏ စည်းကမ်းထိန်းသိမ်းခြင်းအမှု၌လည်း ထိုသို့ဖြစ်ရပါမည်။ ဆုံးမခြင်းတိုင်းသည် ပြန်လည်ပြုပြင်ခြင်းအတွက်ဖြစ်ပြီး ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်ဖြစ်၍ တရားမျှတမှုရှိရပါမည်။

**ကျက်မှတ်ရန်** - ဝတ် ၁း၄။

**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေရန်နှင့် သူတပါး ကောင်းကြီးမင်္ဂလာအတွက် သူတပါးအမှုကို ကျွန်တော် မှန်ကန်စွာ သုံးသပ်နိုင်မည်အကြောင်း မစတော်မူပါ။ အာမင်။

စနေ၊ ဧပြီ (၂၀)
**ဝတ် ၆**
ဆာလံ ၅၅း၁၆-၁၇

*"ယဇ်ပလ္လင်မီးသည် အလျှင်းမသေဘဲ
အစဉ်မပြတ် လောင်ရမည်"*

# မီးရှို့ရာယဇ်၏မီးတောက်မီးလျှံ

မီးရှို့ရာယဇ်ပလ္လင်အောက်မှ ပြာများကို ဖယ်ရှားဖို့ လိုအပ်သောအခါ မည်သို့ပြုရပါမည်နည်း။ သန့်ရှင်းရာဌာနဖြစ်သောကြောင့်၊ အဘယ်သူက ထိုအမှုကို ပြုရမည်နည်း၊ မည်သို့ပြုရပါမည်နည်း။ မီးရှို့ရာယဇ်ပလ္လင်ပေါ်မှ မီးသည် အစဉ်လောင်နေရမည်ဖြစ်ပါသည်။ စတင်မီးရှို့ခဲ့သောသူသည် ထာဝရဘုရားပင်ဖြစ်ပါသည်။ ဝတ် ၉း၂၄ "ထာဝရဘုရားထံတော်မှ မီးထွက်၍ ယဇ်ပလ္လင်ပေါ်မှာရှိသော မီးရှို့ရာယဇ်နှင့် ဆီဥကိုလောင်လေ၏။ ထိုအကြောင်းအရာကို လူများတို့သည် မြင်သောအခါ ကြွေးကြော်၍ပြပ်ဝပ်ကြ၏။" ဝတ် ၈ ထဲတွင်၊ မောရှေက အာရုန်နှင့် သူ၏သားများကို ယဇ်ပုရောဟိတ်အမှုဆောင်ရွက်ရန် သန့်ရှင်းစေသောအချိန်၌ ယဇ်ပလ္လင်မီးကို ရှို့ခဲ့သော်လည်း၊ ထိုယဇ်ပရောဟိတ်အမှု ဆောင်ရွက်ခြင်းသည် ပထမအကြိမ် မဟုတ်ခဲ့ပါ။ ဝတ် ၉ ထဲ၌ တွေ့ရသော ယဇ်ပရောဟိတ်အမှုတော် ဆောင်ရွက်ရန် ပထမအကြိမ် ခန့်အပ်ခြင်းတွင်၊ ယဇ်ပလ္လင်ပေါ်မှ မီးရှို့ရာယဇ်ကို လောင်စေဖို့ရန် ဘုရားသခင်သည် ကောင်းကင်မှ မီးကို ချပေးတော်မူခဲ့ပါသည်။ ဤသည်ကား လေဝိအမျိုး ယဇ်ပုရောဟိတ် စတင်ခြင်းဖြစ်ပါသည်။ ထို မီးရှို့ရာယဇ်ပလ္လင်၏ မီးသည် လုံးဝ မငြိမ်းရပါ။ ထိုပလ္လင်၏ ပြာများကို ယဇ်ပုရောဟိတ်များကသာ ဖယ်ရှင်းခွင့်ရှိ၏။ ထိုသို့ပြာများကို ဖယ်ရှား၍ ယဇ်ပလ္လင်ဘေး၌ ထားသောအခါ ယဇ်ပုရောဟိတ်သည် မိမိ၏ယဇ်ပုရာဟတ်ဝတ်စုံကို ဝတ်ဆင်ရပါမည်။ ထို့နောက် ထိုယဇ်ပရောဟိတ် ဝတ်စုံကို ချွတ်လျက်၊ သာမန်ဝတ်စုံဝတ်ပြီး ထိုပြာများကို တပ်ပြင်၊ သန့်ရှင်းသောအရပ် (အမှိုက်နှင့် မစင် စွန့်သောနေရာမဟုတ်) သို့ ပစ်ထားရပါမည်။ ထိုမှုတခုလုံးပြုစဉ်၊ ယဇ်ပလ္လင်၏မီးသည် အစဉ် တောက်လောင်နေစေရန် သတိပြုရပါမည်။ တာဝန်ကျသော ယဇ်ပုရောဟိတ်သည် မီးအစဉ် တောက်လောင်နေစေရန် မနက်တိုင်း ထင်းထည့်ပေးရပါမည်။

ထိုသို့ မီးအစဉ် တောက်လောင်နေစေခြင်း၏အဓိပ္ပါယ်မှာ ဘုရားသခင်သည် မိမိလူတို့အား အပြစ်ဖြေရန်အတွက် မိမိထံ အစဉ်ဝင်လာနိုင်ကြောင်း အသိပေးတော်မူခြင်းဖြစ်ပါသည်။ သူတို့ပြုရမည့်အမှုကား၊ ချဉ်းကပ်ဝင်လာရန်သာဖြစ်ပါသည်။ နောင်တရလိုလျှင်လည်း ထာဝရဘုရားလက်မခံတော့မည့်အချိန်ရောက်လာပါလိမ့်မည်။ ယဇ်ကောင်ယူ၍ ချဉ်းကပ်ရသော ဤယဇ်ပလ္လင်သည် သန့်ရှင်းသော ပထမဆုံးအရာဝတ္ထုဖြစ်ပါသည်။ ထိုပြာများပင်လျှင် သန့်ရှင်းကြောင်း၊ ယဇ်ပုရောဟိတ်က မိမိဝတ်စုံကိုဝတ်လျက် ဖယ်ရှားရခြင်းအမှု၌ ထင်ရှားပါသည်။ ထိုသို့ သန့်ရှင်းရခြင်းသည် အသွေးပါသော ယဇ်ပူဇော်ခြင်းမှ စတင်ခြင်းဖြစ်ပါသည်။ ယနေ့ ယုံကြည်သူအပေါင်းတို့အတွက် ဘုရားသခင်သည် အစဉ်အသင့်ရှိသည်ဖြစ်၍ အစဉ်မပြတ် ဆုတောင်းခြင်းဖြင့် အစဉ်ဝင်ရောက် ချဉ်းကပ်ခွင့်ရှိပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၆း၉။

**ဆုတောင်းချက်** -အဖဘုရား၊ မခြားမလပ် ဆုတောင်းဖို့ရန် ကျွန်ုပ်ကို မစတော်မူပါ။ အသက်ရှင်စဉ်ကာလတခုလုံး ကိုယ်တော်ထံမှ ထွက်မသွားမည်အကြောင်း မစတော်မူပါ။ ယေရှုနာမတော်အားဖြင့် ဆုတောင်းပါ၏။ အာမင်။

*"အာရုန်၏သားယောကျ်ားအပေါင်းတို့သည် စားရကြမည်။ . . . ပူဇော်သက္ကာကို ကိုင်သောသူအပေါင်းတို့သည် သန့်ရှင်းကြမည်"*

# ဘောဇဉ်ပူဇော်သက္ကာ - သန့်ရှင်းသောသူများအတွက်သာ

ဘောဇဉ်ပူဇော်သက္ကာသည် အသွေးမပါသော ပူဇော်သက္ကာဖြစ်ပါသည်။ တဆေးသည် အပြစ်နှင့်မကောင်းမှုကို ပုံဆောင်သည်ဖြစ်သောကြောင့် တဆေးမဲ့ ပူဇော်ခြင်းဖြစ်ပါသည်။ ဘောဇဉ်ပူဇော်သက္ကာကို ချီးလွှဲခြင်း (သို့) ချီးမွမ်းခြင်း ယဇ်ပူဇော်ခြင်း ဟုလည်း သိမှတ်ထားကြပါသည်။ ဤပူဇော်သက္ကာကို အပြစ်လွှတ်ခြင်းခံ၍ ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်း ခံရ ပြီးမှ နောက်ဆုံး၌ ပူဇော်ခြင်းပြုရ၏။ ဘုရားသခင်၏ကျေးဇူးကရုဏာတော်အားဖြင့် ခရစ်တော်၌ မိမိခံရသော ခွင့်လွှတ်ခြင်းကြောင့် ဘုရားသခင်ကို ချီးမွမ်းခြင်းဖြစ်၍ အလွန်သင့်တော်လှပါသည်။ မုန့်ညက် လက်တဆုပ်စာကို မီးရှို့ရာယဇ်ပလ္လင်တွင် ဘုရားသခင်ထံ ပူဇော်ရပါမည်။ ထိုမီးခိုးအထက်အရပ်သို့ တက်သွားခြင်းက ဘုရားသခင်အတွက် မွှေးကြိုင်သောအရာဖြစ်ကြောင်း ဖော်ပြပါသည်။ ထိုဘောဇဉ်ပူဇော်သက္ကာမှ အကျန်များကို သန့်ရှင်းသောအရပ်၌ စားဖို့ရန် ယဇ်ပုရောဟိတ်များထံ ပေးရမည်ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်တို့သည် အိမ်သို့ယူ၍ သန့်ရှင်းသောနေရာ၌ စားကြမည် ဖြစ်ပါသည်။ ဖုတ်သောအခါ တဆေးကို မသုံးရပါ။ အပြစ်ဖြေရာယဇ်နှင့် ဒုစရိုက်ဖြေရာယဇ်ကဲ့သို့ ထာဝရဘုရားအတွက် အလွန်သန့်ရှင်းသောအရာ ဖြစ်ပါသည်။ ဤဘောဇဉ်ပူဇော်သက္ကာသည် သန့်ရှင်းသောသူ၊ ယဇ်ပုရောဟိတ်များအတွက်သာဖြစ်ပါသည်။

ဤပူဇော်ခြင်းအမှု၏ ဝိညာဉ်အကျိုးမူကား ယဇ်ပုရောဟိတ်များသည် ဘုရားသခင်နှင့် လူတို့အကြား၌ သံတမန်များဖြစ်၍ သူတို့ပြုသောအမှုသည် သန့်ရှင်းသောအမှုဖြစ်ကြောင်း သတိရ အောက်မေ့စေခြင်း ဖြစ်ပါသည်။ ထိုသို့သော သန့်ရှင်းသည့်အမှု ဤလောက၌ အခြားအမှုမရှိပါ။ ပူဇော်သက္ကာ ယူဆောင်လာသောသူသည် အပြစ်သားဖြစ်ပါသည်။ ယဇ်ပုရောဟိတ်များက ထာဝရဘုရားထံ ထိုပူဇော်သက္ကာကို ယုံကြည်ခြင်းဖြင့် ပူဇော်လျက်၊ ယူဆောင်လာသောသူ၏ အပြစ်သည် ဆေးကြောခြင်းခံရမည်ဖြစ်သည်။ ယဇ်ပုရောဟိတ်ပြုသောအမှုသည် ထာဝရဘုရားထံ လူတို့အတွက်ပြုခြင်းဖြစ်ပါသည်။ ဝိညာဉ်အကျိုး အထူးခံစားရသောသူသည် ပူဇော်သက္ကာ ယူဆောင်လာသောသူ ဖြစ်ပါသည်။ ထို့ကြောင့် ယဇ်ပုရောဟိတ်တို့က မိမိတို့သည် သန့်ရှင်းသည် ဖြစ်၍ ယဇ်ပုရောဟိတ်ပြုသောအမှုတော်သည် သာမန်အမှုမဟုတ်ဘဲ၊ သန့်ရှင်းသောအမှု ဖြစ်ကြောင်း အောက်မေ့ရပါမည်။ ထို ဝိညာဉ်အမှုဆောင်ရွက်ခြင်း၌ ဝိညာဉ်အကျိုးကိုလည်း ဘုရားသခင် သက်ရောက်စေတော်မူ၏။ သူတို့နှင့်သူတို့ပြုသောအမှုက စုံလင်သော ပူဇော်ခြင်းကို တကြိမ်တည်းအပြီး ပူဇော်တော်မူသော၊ ယုံကြည်သူတိုင်း၏ ယဇ်ပုရောဟိတ် အကြီးဖြစ်တော်မူသော၊ ကယ်တင်ရှင် ယေရှုကို ရည်ညွှန်းပါ၏။ သူတို့သည် ခရစ်တော်၏အမှုတော်ဆောင်ဖြစ်ကြပြီး၊ သူတို့ အမှုတော်ဆောင်သောအရပ်သည် သန့်ရှင်းသောနေရာဖြစ်ပါသည်။ သူတို့ပြုသော သန့်ရှင်းသည့် အမှုတော်သည် ဘုရားသခင်ထံ မွှေးကြိုင်သောရနံ့ကဲ့သို့ ရောက်ရှိမည်ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၆း၁၆။

**ဆုတောင်းချက်** -အို အဖဘုရား၊ သန့်ရှင်းသောလက်၊ သန့်ရှင်းသော စိတ်နှလုံးဖြင့် ကိုယ်တော်၏ အမှုတော်ကို ဆောင်ရွက်မည်အကြောင်း မစတော်မူပါ။ အာမင်။

*"ထာဝရဘုရားအဘို့ ထာဝရပညတ်တော် ဖြစ်သတည်း။ . . . ဘောဇဉ်ပူဇော်သက္ကာ ရှိသမျှကို အကုန်အစင် မီးရှို့ရမည်"*

# ယဇ်ပုရောဟိတ်အတွက်ပြုသော ပူဇော်သက္ကာ

ယဇ်ပုရောဟိတ်များသည် ထာဝရဘုရား၏အမှုတော်ကို ဆောင်ရွက်၍၊ စိုက်စရာ လယ်မြေ အမွေ မခံရ (သို့) ကျောင်းစရာ သိုး မရှိ ဖြစ်သောကြောင့်၊ ထာဝရဘုရားကိုယ်စား ဣသရေလလူတို့ ထံမှ ဆယ်ဘို့တဘို့ နှင့် ပူဇော်သက္ကာများကို လက်ခံရရှိခဲ့ပါသည်။ သူတို့သည် ဣသရေလပြည် တလျှောက် အချက်အခြာကျသောနေရာ၌ ရှိသည့် မြို့ ၄၈ မြို့ကို အမွေခံခဲ့ကြရ၏။ တဲတော်၌ ဆောင်ရွက်ရသောအမှုများမှအပ၊ သူတို့ဆောင်ရွက်ရမည့် တခုတည်းသော အခြား ဝိညာဉ်အမှု မှာ ဣသရေလလူတို့အား သန့်ရှင်းသောအသက်တာပိုင်ဆိုင်လျက်၊ မှန်ကန်စွာ ထာဝရဘုရားကို ကိုးကွယ်နိုင်ဖို့ရန် ဘုရားသခင်၏နှုတ်ကပတ်တော် သင်ကြားပေးခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် ဂတိတော်ပြည်သည် ခရစ်တော်၌ သန့်ရှင်းမည်ဖြစ်ပါသည်။ သူတို့သည် ဣသရေလအမျိုး ဆယ့်နှစ် မျိုးတို့၏ ဝိညာဉ်အရေးကို စောင့်ရှောက်ကြမည်ဖြစ်သလို၊ ထိုအမျိုးများကလည်း ဤယဇ်ပုရောဟိတ် များ၊ လေဝိအမျိုးသားများ၊ သူတို့၏မိသားစုများ၏ စားရေးသောက်ရေးကို ဂရုစိုက်ကြည့်ရှုပေးကြ ရမည်ဖြစ်ပါသည်။ ထိုသို့ အပြန်အလှန် စောင့်ရှောက်ခြင်းအားဖြင့် ဣသရေလသည် ဘုရားသခင်၏ အုပ်စိုးမှုအောက်၌ ကောင်းမွန်စွာ နေထိုင်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် အဦးသီးသော အသီးများကို ယဇ်ပုရောဟိတ်များနှင့် သူတို့၏မိသားစုများအား ပေးကြပြီး၊ ဆယ်ဘို့တစ်ဘို့များကို လေဝိအမျိုးသား နှင့် သူတို့၏မိသားစုအား ပေးခဲ့ကြပါသည်။ ဤအဦးသီးသောအသီးနှင့် ဆယ်ဘို့တစ်ဘို့တို့သည် ထာဝရဘုရားထံ ပူဇော်သည်ဖြစ်သောကြောင့် သန့်ရှင်းကြသည်ဖြစ်၍ ဘုရားသခင်ကိုယ်စား ယဇ်ပုရောဟိတ်များနှင့် လေဝိအမျိုးတို့က လက်ခံရရှိကြပါသည်။

ထိုအဦးသီးသောအသီး၊ ဆယ်ဘို့တစ်ဘို့နှင့် ပူဇော်သက္ကာများထဲမှ ယဇ်ပုရောဟိတ်နှင့် လေဝိလူတို့သည် မိမိတို့၏ ဆယ်ဘို့တစ်ဘို့ကို ပေးကြရပါမည်။ "ထာဝရ ဘောဇဉ်ပူဇော်သက္ကာ ဖြစ်စေခြင်းငှါ မုန့်ညက်တသြမဲကို၊ နံနက်တဝက်၊ ညတဝက် ထာဝရဘုရားအား ပူဇော်ရမည်" (ဝတ် ၆း၂၀)။ ထိုဆယ်ဘို့တစ်ဘို့ကို အကုန်လုံး မီးရှို့ရမည်ဖြစ်ပါသည်။ ဘယ်သူမှ စားခွင့်မရှိပါ။ ယဇ်ပုရောဟိတ်ဖြစ်ခြင်းနှင့်လေဝိအမျိုးသည် အတူတူပင်ဖြစ်ပါသည်။ သူတို့သည် ထာဝရဘုရား ရှေ့၌သန့်ရှင်းသောသူ ယဇ်ပုရောဟိတ်များဖြစ်ကြ၍ ဘုရားသခင်နှင့် ဘုရားသခင်လူတို့၏ အမှုတော် ကို ဆောင်ရွက်ကြရပါမည်။ ဆယ်ဘို့တစ်ဘို့ပေးခြင်းသည် နာခံခြင်းနှင့် ဆက်ကပ်ခြင်းကို ဖော်ပြ လျက်ရှိပါသည်။ နှိမ့်ချသောစိတ်ရှိရန် သတိပေးခြင်းလည်းဖြစ်ပါသည်။ မိမိအသက်တာနှင့် ပိုင်ဆိုင် သမျှတို့သည် ဘုရားသခင်ထံမှ ဖြစ်ကြောင်း သိလျက်၊ ဝမ်းမြောက်ခြင်းနှင့်တကွ သန့်ရှင်းစွာ နေထိုင် ကြရပါမည်။ လူတိုင်း ဆယ်ဘို့တစ်ဘို့ ပေးရပါမည်။ သင်းအုပ်ဆရာများနှင့် အချိန်ပြည့် အမှုတော် ဆောင်များသည်လည်း ဘုရားသခင်၏အခြားသားသမီးများနည်းတူ မိမိတို့၏ ဆယ်ဘို့တစ်ဘို့ကို ပေးကြရပါမည်။

**ကျက်မှတ်ရန်** - ဝတ် ၆း၂၃။

**ဆုတောင်းချက်** -အဖဘုရား၊ ပေးကမ်းရသော အခွင့်ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ကိုယ်တော်အဘို့ အသုံးတော်ခံရန် ကျွန်ုပ်အသက်တာကို ဆက်ကပ်မည် အကြောင်း မစတော်မူပါ။ အာမင်။

အဂါ၊ ဧပြီ (၂၃)
**ဝတ် ၆**
ဟေဗြဲ ၁၃း၁၀-၁၁

*"ယဇ်ပုရောဟိတ် ယောကျ်ားအပေါင်းတို့သည် စားရကြမည်။ အလွန်သန့်ရှင်းပေ၏။"*

# အပြစ်ဖြေရာယဇ်ကို စားခွင့်မရှိသော်လည်း

အပြစ်ဖြေရာယဇ် တစိတ်တပိုင်းကို ယဇ်ပုရောဟိတ်များသာ စားခွင့်ရှိကြောင်းကို ကျမ်းစာ၌ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ယဇ်ပုရောဟိတ် မိသားစုမှ ယောကျ်ားများကသာ စားခွင့်ရှိသည် ဖြစ်သောကြောင့် ဤသည်ကား ဝိညာဉ်အရေးနှင့် သက်ဆိုင်ပါသည်။ လူထု စည်းဝေးရာ တဲတော်ဝင်း အတွင်းရှိ သန့်ရှင်းသောနေရာတွင် စားရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ သန့်ရှင်းသော အစာကို သန့်ရှင်းသောသူကသာလျှင် စားသုံးခွင့်ရှိ၏။ အဝတ်အစားကို အပြစ်ဖြေရာယဇ် အသွေးစွန်းမိလျှင် ထိုအဝတ်ကို လျှော်ရမည်ဖြစ်သည်။ မြေအိုးကို အသုံးပြုလျှင် ခွဲပစ်ရပါမည်။ အကြောင်းမှာ ထိုမြေအိုးသည် အသွေးနှင့် ထိတွေ့ပြီဖြစ်သောကြောင့် ပြန်သုံး၍ မရတော့ပါ။ ကြေးဝါအိုးကို အသုံးပြုလျှင် ရေဖြင့် သန့်ရှင်းစင်ကြယ်စွာ ဆေးကြောရမည်။ အကြောင်းမူကား သာမန်အရာများသည် သန့်ရှင်းသောအရာနှင့် ထိတွေ့ခြင်းမပြုရပါ။ ကျမ်းစာသင်ပေးတော်မူသော အသီးအခြားနေခြင်း၊ ခွဲခြားခြင်း ရှိရပါမည်။

သို့သော်လည်း၊ ယဇ်ပုရောဟိတ်များ စားခွင့်မရှိသော၊ အကုန်လုံး မီးရှို့ရမည့် အပြစ်ဖြေရာယဇ်တခု ရှိပါသည်။ ဤသည်ကား ဆယ်ဘို့တစ်ဘို့နည်းတူ၊ ယဇ်ပုရောဟိတ်များ ကိုယ်တိုင်ပူဇော်သောယဇ်ပင်ဖြစ်ပါသည်။ အပြစ်ဖြေရာနေ့၌ ယဇ်ပုရောဟိတ်အကြီးက သန့်ရှင်းရာဌာနတော်ထဲသို့ဝင်၍ ယဇ်ပုရောဟိတ်များနှင့်ဘုရားသခင်၏လူများအတွက် အပြစ်ဖြေဖို့ရန် အသွေးဖြန်းလျက်ပူဇော်သောယဇ်လည်းပါဝင်ပါသည်။ ထိုယဇ်ကောင်၏အသားကို မစားရ၊ ထာဝရဘုရားထံ အကုန်အစင်ပူဇော်ရမည်ဖြစ်ပါသည်။

ဝိညာဉ်အကျိုးမူကား ဘုရားသခင်၏လူအပေါင်းတို့သည် သန့်ရှင်းခြင်းရှိရမည်ဟူ၍ ဖြစ်ပါသည်။ ဘုရားသခင်၏လူအပေါင်းတို့အတွက် ယဇ်ပုရောဟိတ်ဖြစ်ဖြစ်၊ သာမန်ကျသရေလလူဖြစ်ဖြစ်၊ တူညီသော သန့်ရှင်းသော စံနှုန်းတခုသာလျှင် ရှိပါသည်။ အပြစ်ဖြေရာယဇ်ကို ယဇ်ပုရောဟိတ်များ စားကြခြင်းမှာ မိမိတို့သည် သန့်ရှင်းသောအမှုတော်ကို ဆောင်ရွက်သော သန့်ရှင်းသောသူများဖြစ်ကြောင်း သတိရစေရန် ဖြစ်ပါသည်။ သို့သော်လည်း၊ အပြစ်ဖြေရာယဇ်နေ့တွင်၊ ခရစ်တော်၌တည်သော ကယ်တင်ခြင်းနှင့် သန့်ရှင်းသောသက်သေ တလုံးတဝတည်းဖြစ်ခြင်းကို အထူးဖော်ပြခြင်းဖြစ်ပါသည်။ ဟေဗြဲ ၁၃း၁၀-၁၁၊ "တဲတော်၌ ဝတ်ပြုသောသူတို့ စားရသော အခွင့်မရှိသော ယဇ်ပလ္လင်သည် ငါတို့၌ ရှိ၏။ အကြောင်းမူကား၊ ယဇ်ပုရောဟိတ်မင်းသည် အပြစ်ဖြေသော ယဇ်ကောင်၏အသွေးကို သန့်ရှင်းရာ ဌာနထဲသို့ သွင်းပြီးမှ၊ ယဇ်အသေကောင်တို့ကို တပ်ပြင်၌ မီးရှို့ရ၏။"

**ကျက်မှတ်ရန်** - ဝတ် ၆း၃၀။
**ဆုတောင်းချက်** -အို အဖဘုရား၊ ကိုယ်တော် သန့်ရှင်းသည်နည်းတူ ကျွန်တော်သည် အသက်လုံး သန့်ရှင်းမည်အကြောင်း မစတော်မူပါ။ အာမင်။

*“ဒုစရိုက်ဖြေသော ယဇ်ပူဇော်ခြင်းတရား ဟူမူကား၊ အလွန် သန့်ရှင်းပေ၏”*

# ယဇ်ပုရောဟိတ်များသည် ပူဇော်သက္ကာအချို့ကို ယူရ၏

ယဇ်ပုရောဟိတ်များနှင့် သူတို့၏မိသားစုများအား ဣသရေလလူတို့၏ အဦးသီးသော အသီးဖြင့် ထောက်ပံ့ကျွေးမွေးကြပါသည်။ ပူဇော်သက္ကာအချို့ကို ယဇ်ပုရောဟိတ်များသည် ထာဝရဘုရားကိုယ်စား လက်ခံကြကြောင်း တွေ့ရပါသည်။ မီးရှို့ရာယဇ်ပလ္လင်ကိုသာ ဒုစရိုက်ဖြေရာ ယဇ်ပလ္လင်အဖြစ် အသုံးပြုခဲ့ပါသည်။ အသွေးကိုလည်း ယဇ်ပလ္လင်ပတ်လည်၌ ဖြန်းရပါသည်။ ယဇ်ကောင်၏အတွင်းအင်္ဂါဖြစ်သော ဆီဉ၊ ကျောက်ကပ်နှစ်လုံး၊ အသည်း စသည်တို့ကို ယဇ်ပုရောဟိတ်မှ ယဇ်ပလ္လင်ပေါ်တွင် မီးရှို့ ပြီးနောက်၊ ကျန်သော အစိတ်အပိုင်းများကို ထိုယဇ်ပုရောဟိတ် ထံ ပေးရကြပါသည်။ ထိုယဇ်ကောင်၏ အရေကိုလည်း (နွားသာလျှင်) ယဇ်ပုရောဟိတ် ထံပေးရ၏။ ထိုအရေသည် အပြစ်ဖြေရာယဇ်နှင့် ဒုစရိုက်ဖြေရာယဇ်ကောင်၏ အရေဖြစ်ပါသည်။ ဝတ် ၁း၃-၉ ထဲ၌ တွေ့ရသော ပုံမှန် မီးရှို့ရာယဇ်သည် အကုန်လုံး ထာဝရဘုရားထံ ပူဇော်ရသည်ဖြစ်သော ကြောင့် ထိုယဇ်ကောင်၏အရေ မဟုတ်ပါ။ ယခုတွေ့ရသော “မီးရှို့ရာယဇ်” သည် အပြစ် ဖြေရာနှင့် ဒုစရိုက်ဖြေရာယဇ်ဖြစ်၍ ယဇ်ကောင်၏ အချို့အပိုင်းကို ယဇ်ပလ္လင်တွင် မီးရှို့လျက်၊ ကျန် အစိတ်အပိုင်းများကို ဘုရားသခင်ရှေ့၌ သန့်ရှင်းသော ယဇ်ပုရောဟိတ်များ ထံပေးရပါသည်။

ဓမ္မဟောင်းခေတ်တွင် ပဋိညာဉ်များကို နှစ်ဦးနှစ်ဖက်လူများ အတူတကွ စားသောက်ခြင်း ဖြင့် ချမှတ် အတည်ပြုတတ်ကြပါသည်။ ယခုအမှုတွင် ယဇ်ပုရောဟိတ်များသည် ပူဇော်သက္ကာကို ဘုရားသခင်၏လူများနှင့် ဘုရားသခင်ကို ကိုယ်စားပြုလျက် စားကြခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ အမြင်တွင် မိမိတို့ယူဆောင်လာသော ပူဇော်သက္ကာကို သူတို့ကိုယ်တိုင် မစားကြပါ။ လူထုကို ကိုယ်စားပြုသော ယဇ်ပုရောဟိတ်တို့သည် ထိုပူဇော်သက္ကာကို စားကြ၏။ ထိုပူဇော်သက္ကာနှင့် ယဇ်ပုရောဟိတ်တို့သည် သန့်ရှင်းကြ၏။ လူတို့အမြင်တွင် သူတို့ မီးရှို့ပူဇော်သော ယဇ်ကောင် အစိတ်အပိုင်းများကို ထာဝရဘုရား ကိုယ်စားပြုသော ယဇ်ပလ္လင်က “စားသုံး” လောင်ကျွမ်းခဲ့သည် ဟု မြင်ကြပါသည်။ ထို့ကြောင့် ပဋိညာဉ်အားဖြင့် အချင်းချင်း ဆက်နွယ်မှုရှိခြင်းကို အပြစ်ဖြေရာယဇ် နှင့် ဒုစရိုက်ဖြေရာယဇ်က ပုံဆောင်ထားပါသည်။ ပူဇော်သောသူများကို ထာဝရဘုရားက သန့်ရှင်း စေတော်မူပြီး၊ ဘုရားသခင်နှင့် မိသာဟာယဖွဲ့ခြင်းကို ပြန်လည်ပြုပြင်ခဲ့ပါသည်။ အတူတကွ စားသောက်ခြင်းတွင် အလွန်ရင်းနှီးမှုရှိခြင်းအကြောင်းကို တွေ့ရပါသည်။ ယောဟန် ၆း၅၃-၅၆ ကို ဖတ်ပါ။

**ကျက်မှတ်ရန်** - ဝတ် ၇း၈။

**ဆုတောင်းချက်** -အဖဘုရား၊ ကျွန်ုပ်အပြစ်များအတွက် ကားတိုင်ပေါ်၌ အသေခံလျက်၊ ယခု ကျွန်ုပ်နှင့်အတူ ရှိတော်မူသော ခရစ်တော်ကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။

ကြာသပတေး၊ ဧပြီ (၂၅)
**ဝတ် ၇**
ဒေ ၅း၄-၅

*“ကြွင်းသေးသော အသားကိုလည်း သန်ဘက်နေ့၌ မီးရှို့ရမည်”*

# မိဿဟာယယဇ် - သစ္စာပြုခြင်း၊ ကျေးဇူးတော်ဝန်ခံခြင်း၊ ကိုယ်အလိုအလျောက် ပူဇော်ခြင်း

မိဿဟာယယဇ်ကို သစ္စာဂတိပြုခြင်း၊ ကျေးဇူးတော်ဝန်ခံခြင်း (သို့) ကိုယ်အလိုအလျောက် ပူဇော်ခြင်းနှင့်တကွ ပူဇော်နိုင်ပါသည်။ ဤအမှု သုံးခုကို ထာဝရဘုရားသည် မိမိလူတို့အား ခံစားစေတော်မူလို၏။ ထိုအရာတို့သည် စိတ်နှလုံး ဝမ်းမြောက်ခြင်းမှ ထွက်လာသောအရာများ ဖြစ်ပါသည်။ ဝမ်းမြောက်သော စိတ်နှလုံးသည် ယေရှုခရစ်တော်အသွေးတော်၏ ထိတွေ့ခြင်းကို ခံခဲ့သော စိတ်နှလုံးပင်ဖြစ်ပါသည်။ ဝတ်ပြုရာကျမ်းမှ ယဇ်ပူဇော်ခြင်းများသည် အပြစ်ကို ဆောင်ယူသွားသော ဘုရားသခင်၏ အပြစ်မပါသော သိုးသငယ်တည်းဟူသော၊ ခရစ်တော်ကို ပုံဆောင်ကြောင်း ယုံကြည်သူသည် သိပါ၏။ ထိုအသိသည် အပြစ်မှ ဆေးကြော သန့်စင်ခဲ့သော စိတ်နှလုံး၏ အသိပင်ဖြစ်၏။ ထိုသို့ သန့်ရှင်းစင်ကြယ်စေခြင်းကြောင့် ဤပူဇော်ခြင်းသုံးခုကို ပူဇော်ရခြင်းဖြစ်ပါသည်။

ယုံကြည်သူသည် ထာဝရဘုရားနှင့် ကောင်းကင်ဘုံ၌ ထာဝရနေရမည်ဖြစ်သောကြောင့်၊ ဤလောက၌ သူခံစားရသော ကျေးဇူးတော်အပေါင်းအတွက် ဘုရားသခင်ထံ ဂတိသစ္စာပြုလျက် ဝမ်းမြောက်ခြင်းယဇ် ပူဇော်ခြင်းကို ပြုရန် ယခုသာလျှင် အခွင့်ရှိကြောင်း သိပါသည်။ ဤလောက၌ မိမိအသက်မီးဇာကုန်သွားလျှင်၊ ထိုမိဿဟာယယဇ်ကို ပူဇော်၍ ရတော့မည်မဟုတ်ပါ။ ယခုထိုအခွင့်အရေးကို တန်ဖိုးထားဖို့ လိုပါသည်။

ဂတိသစ္စာကို ဘုရားသခင်၏နာမတော်ဖြင့် ပြုရပါသည်။ ထာဝရအသက်ရှင်ခြင်း ခံရသောကြောင့် ကောင်းကင်ဘုံရှိ အဖဘုရားထံ မိမိပြုသော ဂတိစကားကို ဝမ်းမြောက်ခြင်းနှင့် တကွ ပြုရပါမည်။ ထိုအမှုကို မိမိအလိုအလျောက် ပြုရ၏။ အတင်းစေခိုင်းခြင်း မဟုတ်ပါ။

သို့သော်လည်း၊ ယနေ့ အမည်ခံ ယုံကြည်သူများသည် မိမိတို့ စကားကို အလေးမထားကြပါ။ ထို့ကြောင့် အိမ်ထောင်ကွဲခြင်းများစွာ ရှိရခြင်းလည်း ဖြစ်ပါသည်။ ဤယုံကြည်သူများသည် မုသာကို ပြောလျက်၊ အရှက်တရားလည်း မရှိကြ။ ခရစ်တော်၌ စစ်မှန်သော ကယ်တင်ခြင်း မခံရကြသောကြောင့် ဖြစ်ပါသည်။ စစ်မှန်သော ယုံကြည်သူများသည် ဝမ်းမြောက်ခြင်းရှိကြ၏။ အမှန်ပြုမည်ဟူသော စိတ်ဆုံးဖြတ်ချက်ဖြင့် ဂတိသစ္စာကို ပြုကြပါသည်။ သူတို့သည် ဝမ်းမြောက်သောသူဖြစ်ကြောင်းကို ဘုရားသခင်၏အမှုတော်မြတ်၌ ဆက်ကပ်ကြခြင်းဖြင့် ထင်ရှားစွာတွေ့နိုင်ပါသည်။ ထာဝရဘုရား၏အမှုတော်ကို ဝမ်းမြောက်ရွှင်လန်းသော စိတ်ဖြင့် ဆောင်ရွက်ကြ၏။ ထာဝရဘုရားထံ မိဿဟာယယဇ်ကို နေ့စဉ်ပူဇော်လျက်၊ ဘုရားသခင်၏ဘုန်းတော်အတွက် ခရစ်တော်၌ သန့်ရှင်းသော အသက်တာဖြင့် အသက်ရှင်ကြပါသည်။ မိဿဟာယယဇ် ပူဇော်ခြင်းသည် ခရစ်တော်ကြောင့် ကျွန်တော်တို့အသက်တာ၌ ခံစားရသော ကောင်းကြီးမင်္ဂလာအပေါင်း၌ ဝမ်းမြောက်ခြင်းရှိလျက်၊ ထိုဝမ်းမြောက်ရွှင်လန်းခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားကို ချစ်သောစိတ်၊ မှန်ကန်သောစိတ်ဖြင့် ဘုရားသခင်ထံ ကျွန်တော်တို့ ဂတိသစ္စာပြုရပါမည်။

**ကျက်မှတ်ရန်** - ဝတ် ၇း၁၆။

**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်သည် မိမိစကားတော်ကို စောင့်သကဲ့သို့ အကျွန်ုပ်သည်လည်း ကျွန်ုပ်စကား၌ တည်မည်အကြောင်း မစတော်မူပါ။ အာမင်။

*"အမိဝမ်းထဲကပင် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝလိမ့်မည်"*

# ဆီဥနှင့်အသွေး မစားရ

ထာဝရဘုရားက မိမိလူတို့အား အဆီနှင့် အသွေးကို မစားဖို့ရန် မိန့်တော်မူခြင်းသည် ကျန်းမာရေးအကြောင်းကြောင့် မဟုတ်ပါ။ မသန့်ရှင်းသော တိရစ္ဆာန်၏အဆီ၊ ထာဝရဘုရားထံ ပူဇော်သော အဆီကို လူတို့ မစားရပါ။ အကြောင်းမှာ အဆီသည် မစင်ကြယ်၊ လူသည် စင်ကြယ်၏။ မသန့်ရှင်းသော တိရစ္ဆာန်၏ (မိမိဘာသာ သေသော၊ တောရိုင်းက သတ်သော) အဆီကို မစားရ၊ သိုး (သို့) ဆိတ် (သို့) နွား (သန့်ရှင်းသော တိရိစ္ဆာန်) ဆိုလျှင်လည်း မစားရပါ။ သေဆုံးရခြင်း အကြောင်းက မစင်ကြယ်ဖြစ်စေပါသည်။ စားသောသူသည်လည်း မစင်ကြယ်ဖြစ်ပါလိမ့်မည်။ မသန့်ရှင်းသောအရာသည် လူကို မသန့်ရှင်းဖြစ်စေနိုင်၏။ သို့သော်လည်း သန့်ရှင်းသောအရာက ထိသောသူကို မသန့်ရှင်းစေနိုင်ပါ။ မသန့်ရှင်းသောသူသည် သန့်ရှင်းသောအရာကို ထိမိလျှင်မူကား ထိုအရာသည် မစင်ကြယ်ဖြစ်ပါလိမ့်မည်။

ထာဝရဘုရားထံ ပူဇော်သောအဆီသည် အကောင်းဆုံးအပိုင်းဖြစ်ပါသည်။ ထာဝရဘုရား ထံသာ ပူဇော်ရပါ၏။ ယဇ်ပုရောဟိတ်အပါအဝင်၊ ဘုရားသခင်၏လူတို့သည် ထိုအဆီကို စားခွင့် မရှိပါ။ ဆိုလိုသည်မှာ ထာဝရဘုရားထံသို့ အကောင်းဆုံးကိုသာ ပေးရမည်ဟူ၍ ဖြစ်ပါသည်။ သို့သော်လည်း၊ ထိုတိရစ္ဆာန်သည် ပူဇော်သော ယဇ်ကောင်မဟုတ်ဘဲ၊ ဘုရားသခင်လူတို့က မိမိတို့ စားသုံးဖို့သတ်လျှင် ဤတားမြစ်ချက်သည် အကျုံးမဝင်ပါ။ သို့သော်လည်း၊ အသွေးမူကား ဘယ်သော အခြေအနေ၌မျှ မစားရပါ။ ရုပ်တုကိုးကွယ်ခြင်းနှင့် အစဉ်ပတ်သက်သည် ဖြစ်သောကြောင့်၊ အသွေးကို မစားရ၊ မသောက်ရပါ။ ရုပ်တုကိုးကွယ်သောသူများက ရန်သူ၏အသွေးကို သောက်လျှင် ရန်သူအပေါ် အစိုးရသည်ဟု ထင်မှတ်ထားကြပါသည်။ မစားရခြင်း အကြောင်းရင်း နောက်တခုမှာ အသွေးသည် အသက်ကို ကိုယ်စားပြု၏။ အသွေးသွန်းခြင်း မရှိလျှင်၊ အပြစ်လွှတ်ခြင်း မရှိ။ ထို့ကြောင့် ကျွန်ုပ်တို့၏အပြစ်များမှ ကယ်တင်ဖို့ရန် သခင်ဘုရားသည် မိမိ၏အသွေးတော်မြတ်ကို သွန်းလျက် ကာရနီကားတိုင်ပေါ်၌ အသေခံရခြင်း ဖြစ်ပါသည်။

ထာဝရဘုရားထံ အကောင်းဆုံးကိုသာ ကျွန်တော်တို့ပေးလှူရပါမည်။ ဤသည်ကား ချစ်ခြင်းမေတ္တာ အမှန်အကန်ဖော်ပြခြင်းပေတည်း။ ကျွန်ုပ်တို့၏ အကောင်းဆုံးအချိန်၊ အကောင်းဆုံး ဆောင်ရွက်မှု၊ အကောင်းဆုံးအရာများကို ဘုရားသခင်ထံပေးရပါမည်။ လူငယ်များသည် သူတို့၏ ငယ်ရွယ်နုပျိုမှုခွန်အားကို ပေးရပါမည်။ တနေ့တာအချိန်၌ ကျွန်တော်တို့ စိတ်အားထက်သန်၍ အလန်းဆန်းဆုံးသောအချိန်ကို ဆုတောင်းခြင်းနှင့် ကျမ်းစာ လေ့လာခြင်းအတွက် အသုံးပြုကြ ရပါမည်။ ထိုသို့ ပြုခြင်းသည် ဝမ်းမြောက်ခြင်းရှိသော ယုံကြည်သူ၏ ဆက်ကပ်မှုပင်ဖြစ်ပါသည်။ ထိုသို့ပြုသည့်တိုင် ကျွန်တော်တို့သည် အကျိုးမရှိသောကျွန်သာလျှင် ဖြစ်ပါ၏။ ဝါကြွားစရာမရှိ။

**ကျက်မှတ်ရန်** - ဝတ် ၇း၂၄။

**ဆုတောင်းချက်** -အို အဖဘုရား၊ အကောင်းဆုံးကိုသာ ကျွန်တော် ပေးကမ်းမည်အကြောင်း မစတော်မူပါ။ သခင် ယေရှု ခရစ်တော်၏နာမတော်အားဖြင့် ဆုတောင်းပါ၏။ အာမင်။

*"မိဿဟာယ ယဇ်အသွေး . . . ကို၊
အာရုန်၏သားတို့တွင် ပူဇော်သောသူသည်၊
လက်ျာ ပခုံးကို မိမိအဘို့ ယူရမည်"*

## မိဿဟာယယဇ် - ယဇ်ပုရောဟိတ်၏ဝေစု

အသွေးနှင့်အဆီ ပူဇော်ခြင်းကို ပြုသော ယဇ်ပုရောဟိတ်များသည် မိဿဟာယ ယဇ်ကောင်၏ ညာဘက်ပခုံးနှင့်ရင်ပတ်ကို ပိုင်ဆိုင်ခွင့်ရှိပါသည်။ ထိုအပိုင်းသည် အသားများသော အပိုင်းဖြစ်ပါသည်။ မိဿဟာယယဇ်သည် အပြစ်ဖြေရာယဇ်နှင့် မီးရှို့ရာယဇ်အားဖြင့် ထာဝရဘုရားနှင့် ပူဇော်သက္ကာ ယူဆောင်သောသူအကြား၌ ပြန်လည်သင့်မြတ်ခြင်းရှိကြောင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ ဤသင့်မြတ်ခြင်းသည် အသွေးသွန်းခြင်းအားဖြင့် ဖြစ်ပါသည်၊ အကြောင်းမှာ အသွေးသွန်းခြင်းမရှိလျှင် အပြစ်လွှတ်ခြင်း မရှိပါ။

မိဿဟာယယဇ်ကို ထာဝရဘုရား ပိုင်တော်မူ၏၊ ထိုနည်းတူ ဝတ်ပြုခြင်းနှင့်ဆိုင်သော ယဇ်ပူဇော်ခြင်း အကုန်လုံးကိုလည်း ဘုရားသခင် ပိုင်တော်မူ၏။ သန့်ရှင်းသောသူများကသာလျှင် သန့်ရှင်းသော အစာကို စားခွင့်ရှိပါသည်။ ထို့ကြောင့်၊ ယဇ်ပုရောဟိတ်များသည် မိဿဟာယယဇ် အချို့အပိုင်းကို ထာဝရဘုရားကိုယ်စား စားသုံးခဲ့ရ၏။ ဤသည်ကား၊ ယုဒ ထုံးတမ်းစဉ်လာတွင် အလွန် ရင်းနှီးမှုကို ဖော်ပြသော၊ မိဿဟာယဖွဲ့ခြင်းကို ဖော်ဆောင်ပါသည်။ ထို့ပြင် ပဋိညာဉ် နှင့် ဆိုင်သော ပူဇော်ခြင်းကို လက်ခံကြောင်း ရည်ညွှန်းခြင်းဖြစ်ပါသည်။

ဤပူဇော်ခြင်းဝတ်ကို ပြုသောသူသည် မိမိ ခွင့်လွှတ်ခြင်း ခံရပြီဖြစ်ကြောင်း သိလျက်၊ သန့်ရှင်းစင်ကြယ်သောသူအဖြစ် တဲတော်မှ ထွက်သွားပါလိမ့်မည်။ ထိုယဇ်ပူဇော်ခြင်းအပြီးတွင် သူသည် အပြစ်လွှတ်ခြင်းကို ခံခဲ့ပါသည်။ ပူဇော်ခြင်းကို ဆောင်ရွက်ပေး၍ စားသုံးခဲ့သော ယဇ်ပုရောဟိတ်သည်လည်း ထာဝရဘုရားပေးအပ်တော်မူသော မိမိ၏တာဝန် ကြီးလေးမှုကို သဘောပေါက်ခဲ့ပါသည်။ သူသည် ဘုရားသခင်၏လူတို့ရှေ့၌ ဘုရားသခင်ကို ကိုယ်စားပြုလျက်၊ ထာဝရဘုရားရှေ့တွင် ဘုရားသခင်၏လူများကိုယ်စား ထိုအသွေးနှင့်အဆီကို ပူဇော်ခဲ့ပါသည်။ ဤသည်ကား သံတမန်ပြုသော အမှုတော်ပင်ဖြစ်ပါသည်။ ထိုအမှုပြုစဉ် သူသည် ခရစ်တော်၌ အစဉ် သန့်ရှင်းဖို့လိုပါသည်။ ထာဝရဘုရားရှေ့တော်၌ သူ့စိတ်နှလုံး ပြင်ဆင်လျက် အသင့်ရှိရပါ မည်။ ထိုသံတမန် အမှုဆောင်ရွက်ခြင်းကို အခြားယဇ်ပုရောဟိတ်တဦးဦးကသာ အစားထိုးနိုင်၏။

ယနေ့ ခရစ်ယာန်တို့သည် ဘုရားသခင်ရှေ့၊ လောကလူတို့ရှေ့၌ ယဇ်ပုရောဟိတ်များ ဖြစ်ကြပါသည်။ ဘုရားသခင်ရှေ့တွင်၊ သူတို့သည် သန့်ရှင်းသောသူ ဖြစ်၍ ချစ်သောသူနှင့် မိတ်ဆွေ များကို ကိုယ်စားပြုနိုင်ပါသည်။ အခြားယုံကြည်သူများအတွက်၊ ခရစ်တော်က မိမိ၏မြတ်သော အသွေးတော်ဖြင့် ပြင်ဆင်တော်မူသော ယဇ်ပုရောဟိတ်ဖြစ်၍ သံတမန်များ ဖြစ်ကြပါသည်။ သူတို့သည် ခရစ်တော်၌ အစဉ်သန့်ရှင်းခြင်း ရှိကြရပါမည်။ အကြောင်းမှာ သူတို့သည် ယနေ့ သံတမန်များဖြစ်၍ ဘယ်သူမှ သူတို့နေရာကို အစားထိုး၍ မရပါ။

**ကျက်မှတ်ရန်** - ဝတ် ၇း၃၁။

**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်ထံ ဆုတောင်းခြင်းဖြင့် ချဉ်းကပ်ရသော အခွင့် ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။

တနင်္ဂနွေ၊ ဧပြီ (၂၈)
**ဝတ် ၈**
ဟေဗြဲ ၇း၂၆-၂၇

*"မောရှေကလည်း၊ ဤသို့ ထာဝရဘုရား မှာထားတော်မူပြီဟု ပရိသတ်တို့အား ပြောလိုက်၏"*

# သန့်ရှင်းစေခြင်း - မောရှေသည်ဘုရားဖြစ်ခဲ့၏

ဤအမှုသည် ဣသရေလသမိုင်း၌ အလွန်အရေးပါသော အခိုက်အတန့်ဖြစ်ပါသည်။ တဲတော်တည်ဆောက်ပြီးစီးလျက်၊ သန့်ရှင်းစေတော်မူခဲ့ပြီဖြစ်၏ (ထွက်မြောက်ရာကျမ်း အဆုံး၌)။ ထာဝရဘုရားသည် မိမိလူတို့၏ တဲတော်ဆက်ကပ်ပူဇော်မှုကို လက်ခံတော်မူခဲ့၏။ လူ့သမိုင်း၌ ဘုရားသခင် ကျိန်းဝပ်တော်မူရာ ပထမဆုံးတည်ဆောက်ပြင်ဆင်ခြင်းပင် ဖြစ်ပါသည်။ ထာဝရဘုရားက ယဇ်ပုရောဟိတ်အမှုတော်ကို ဆောင်ရွက်ဖို့ရန် အာရုန်အမျိုးကို ရွေးချယ်ခန့်အပ်တော်မူ၏။ ထိုဝိညာဉ်နှင့်ဆိုင်သော အမှုတော်ကို စတင်မဆောင်ရွက်မီ၊ ထာဝရဘုရားရှေ့၌ သန့်ရှင်းသောသူဖြစ်ကြမည်အကြောင်း သန့်ရှင်းစေခြင်း ခံရကြမည်ဖြစ်ပါသည်။ ထိုသန့်ရှင်းစေခြင်းအမှုကို ပြုရန် ထာဝရဘုရားက မောရှေအား မိန့်တော်မူ၏။ ထိုအမှုကို ဘုရားသခင်၏လူတို့ရှေ့၌ ပြုရမည်ဖြစ်၏။

မောရှေအား ဘုရားသခင်က၊ အပြစ်ဖြေရာယဇ်အတွက် နွား၊ မီးရှို့ရာယဇ်အတွက် သိုးထီး၊ သန့်ရှင်းစေခြင်းယဇ်အတွက် အခြားသိုးထီး၊ ချိုလှဲသောယဇ် (ဘောဇဉ်ပူဇော်သက္ကာ) အတွက် လိမ်းရန် ဆီ နှင့်တဆေးမဲ့မုန့်တတောင်းကို ပြင်ဆင်စေတော်မူ၏။ သို့သော်လည်း မောရှေအတွက် ပူဇော်ခြင်း ပြုရန် မိန့်တော်မူခြင်းမတွေ့ရပါ။ ဘုရားသခင်၏လူတို့အတွက် ယဇ်ပုရောဟိတ်များ (ယဇ်ပုရောဟိတ် အကြီးအပါအဝင်) သည် နေ့စဉ်ယဇ်ပူဇော်ခြင်း စတင်သောအခါ၊ ရှေးဦးစွာ မိမိတို့ သန့်ရှင်းစင်ကြယ် စေခြင်းအတွက် အပြစ်ဖြေရာယဇ်နှင့် မီးရှို့ရာယဇ်ကို ပူဇော်ခဲ့ကြပါသည်။ သို့သော်လည်း၊ ယခု အာရုန်အမျိုး ယဇ်ပုရောဟိတ်အရာ၌ သန့်ရှင်းစေခြင်းအမှုတွင် မောရှေအား မိမိ သန့်ရှင်းစေခြင်း အတွက် အပြစ်ဖြေရာယဇ်နှင့် မီးရှို့ရာယဇ်ပြုစရာ မလိုခဲ့ပါ။ အကြောင်းမှာ ထိုသူတို့အတွက် မောရှေသည် ဘုရားနေရာ၌ ရပ်တည်သောကြောင့်ဖြစ်ပါသည်။ ထိုအချက်ကို မောရှေ၏ အမှုတော် စတင်သောအချန်၌ ဘုရားသခင်က ခန့်အပ်မိန့်တော်မူခဲ့ပြီဖြစ်၏ (နှိုင်း - ထွက် ၄း၁၄-၁၇)။ လူထုကလည်း ဘုရားသခင် တိုက်ရိုက်စကားပြောတော်မူခြင်းကို ကြောက်ကြသဖြင့်၊ ဘုရားသခင် ရှေ့တော်၌ မောရှေသည် မိမိတို့၏ကိုယ်စားဖြစ်ပါစေဟု ဆိုခဲ့ပါသည်။ မောရှေ မိန့်တော်မူသမျှကို ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် လက်ခံကြမည်ဟု ဆိုခဲ့ကြပါသည် (နှိုင်း - ထွက် ၂၀)။ ထို့ကြောင့်၊ မောရှေသည် မိမိအတွက် အပြစ်ဖြေရာယဇ်နှင့် မီးရှို့ရာယဇ် ပူဇော်ခဲ့လျှင်၊ ဘုရားသခင် သည် လူများကဲ့သို့ အပြစ်ရှိသောသူဖြစ်သည်ဟူသော အယူဝါဒ ဖော်ပြရာရောက်လိမ့်မည်။

ကျွန်တော်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့၏ အမြတ်ဆုံးသော ယဇ်ပုရောဟိတ် အကြီး ဖြစ်တော်မူသည့် ခရစ်တော်အားဖြင့် အစဉ် ချဉ်းကပ်ကြရပါမည်။ ဆုတောင်းတိုင်း ယေရှု နာမတော်အားဖြင့် တောင်းရပါမည်။ ခရစ်တော်သည် ဘုရားသခင်ရှေ့တော်၌ တကြိမ်တည်းဖြင့် ထာဝရ စုံလင်တော်မူသော ကျွန်ုပ်တို့၏ ပူဇော်သက္ကာဖြစ်တော်မူ၏။

**ကျက်မှတ်ရန်** - ဝတ် ၈း၄။
**ဆုတောင်းချက်** -အဖဘုရား၊ အကျွန်ုပ်အတွက် အသေခံတော်မူသော၊ ကျွန်ုပ်၏ မီးရှို့ရာယဇ် ဖြစ်တော်မူသော ယေရှုခရစ်တော်ကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။

*“မောရှေသည် လိမ်းရန် ဆီကို ယူ၍၊ တဲတော်နှင့်
တဲတော် တန်ဆာ ရှိသမျှကို လိမ်းသဖြင့် . . . ”*

# ယဇ်ပုရောဟိတ်များကို ဆီလိမ်းတော်မူခြင်း

ဣသရေလသည် မိမိသမိုင်း၌ အလွန်သန့်ရှင်း အရေးပါသောအမှုကို ပထမဆုံး အကြိမ် မြင်တွေ့ရမည်ဖြစ်ပါသည်။ ထိုအမှုကား အမှုတော်အတွက် ယဇ်ပုရောဟိတ်အမျိုး ဆီလိမ်းခြင်း ပင်ဖြစ်ပါသည်။ တဲတော် တည်ဆောက်ပြီးစီးသည့်တိုင်၊ ဣသရေလသည် အမျိုးအားလုံးနှင့် ပတ်သက်သော ဝိညာဉ်ရေးရာအမှု မခံစားခဲ့ရသေးပါ။ ယခုတွင် ဤလောကီလူတို့ မမြင်မတွေ့ ခဲ့ဘူးသော သန့်ရှင်းခြင်းဟူသည့် ဝိညာဉ်ကောင်းကြီးမင်္ဂလာကို ဣသရေလသည် မြင်တွေ့ရမည် ဖြစ်ပါသည်။

ထာဝရဘုရားသာလျှင် မိမိ၏ယဇ်ပုရောဟိတ်များကို ခန့်အပ်တော်မူ၏။ ထိုသူတို့သည် ဘုရားသခင်နှင့်လူအကြား၌ သံတမန်များဖြစ်ကြပါသည်။ လူသည် မိမိအတွက် ယဇ်ပုရောဟိတ် မခန့်အပ်နိုင်ပါ။ ယဇ်ပုရောဟိတ်သည် ပထမဆုံး ယဇ်ပုရောဟိတ်အကြီးဖြစ်သော အာရုန်၏အမျိုး မှ ဆင်းသက်လာသူဖြစ်ရပါမည်။ သူတို့သည် ယုံကြည်သူဖြစ်စေ၊ မဖြစ်စေ၊ ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်ဖို့ရန် ခန့်အပ်ခြင်းခံရကြပါသည်။ မိန့်တော်မူချက်အတိုင်း မှန်ကန်စွာ ဆောင်ရွက်လျှင် ထာဝရဘုရားလက်ခံတော်မူမည်။ ယဇ်ကောင်များကို ဝတ်ပြုသောသူက ထာဝရဘုရားထံ ယူဆောင် လာရန်ဖြစ်ပါသည်။ ထို့သို့ဖြင့် ယဇ်ပုရောဟိတ်များက မှန်ကန်စွာပြုလျှင် ဘုရားသခင်သည် ဝတ်ပြုသောသူ၏အပြစ်များကို ခွင့်လွှတ်မည်ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်များ၌ အပြစ်ခွင့်လွှတ် နိုင်သောတန်ခိုး လုံးဝမရှိပါ။ သူတို့သည် သံတမန်သာလျှင်ဖြစ်ကြ၏။ သူတို့သည် ထာဝရဘုရား ရေးဆွဲထားသော ယဇ်ပုရောဟိတ်ဝတ်စုံကို ဝတ်ဆင်ကြရပါမည်။ ထိုဝတ်စုံကို ဝတ်ဆင်သောအခါ၊ သူတို့သည် သန့်ရှင်းသောအမှုကို ဆောင်ရွက်ကြောင်း သတိပြုရန်ဖြစ်ပါသည်။ သူတို့သည် ထာဝရဘုရား သန့်ရှင်းသကဲ့သို့ သန့်ရှင်းကြရပါမည်။ ယဇ်ပုရောဟိတ် သန့်ရှင်းစေခြင်း မတိုင်မီ၊ တဲတော်နှင့် ထိုအသုံးအဆောင်ပစ္စည်းများကို အရင်သန့်ရှင်းစေရပါမည်။ ထိုသို့ တဲတော် တန်ဆာ ပလာများကို ဆီလိမ်းခြင်းဖြင့် သန့်ရှင်းစေပြီးမှ အာရုန်၏ခေါင်း၌ လိမ်းရန်ဆီ လောင်းခြင်းဖြင့် ယဇ်ပုရောဟိတ်များကို သန့်ရှင်းစေခြင်းပြုရ၏။

သန့်ရှင်းသူတို့သည် သန့်ရှင်းသောအရာများကို ထိခွင့်ရှိကြပါသည်။ တဲတော်၌အမှုတော် ဆောင်ခြင်းသည် သန့်ရှင်းသောအမှု ဖြစ်ပါသည်။ ထာဝရဘုရား၏သန့်ရှင်းခြင်းနှင့် ဣသရေလလူတို့ ၏အပြစ်ရှိခြင်းသည် ယဇ်ပုရောဟိတ်ဝတ်စုံနှင့် အာရုန်အမျိုး ယဇ်ပုရောဟိတ်ဖြစ်ခြင်း၌ ထင်ရှား လျက်ရှိပါသည်။ အခြားဣသရေလအမျိုးတို့သည် ယဇ်ပုရောဟိတ်အမှုတော်ကို ဆောင်ရွက်၍ မရပါ။ ရှင်ဘုရင်များကလည်း ထိုအမှုကို မဆောင်ရွက်ရပါ။

**ကျက်မှတ်ရန်** - ဝတ် ၈း၁၂။
**ဆုတောင်းချက်** -အို အနန္တတန်ခိုးရှင် ထာဝရဘုရား၊ ကိုယ်တော် သန့်ရှင်းသည်နည်းတူ ကျွန်ုပ် ကိုလည်း သန့်ရှင်းစေတော်မူပါ။ အာမင်။

အင်္ဂါ၊ ဧပြီ (၃၀)
**ဝတ် ၈**
၁ ပေ ၅း၁၁-၁၂

*"အခြားသောသိုးအရာ၌ခန့်ထားရာ သိုးကို ဆောင်ခဲ့၍၊ အာရုန်နှင့် သူ၏သားတို့သည် မိမိတို့လက်ကို သိုးခေါင်းပေါ်မှာ တင်ကြ၏"*

# လက်ျာနား၊ လက်ျာလက်မနှင့် လက်ျာခြေမ

အပြစ်ဖြေရာယဇ် (သန့်ရှင်းစင်ကြယ်စေခြင်းအတွက်) နှင့် မီးရှို့ရာယဇ် (အပြစ်လွတ်ခြင်းအတွက်) ပူဇော်ပြီးနောက်၊ ထာဝရဘုရားရှေ့၌ မောရှေသည် သန့်ရှင်းစင်ကြယ်စေခြင်း ဆက်ကပ်ခြင်း ယဇ်ကောင် သိုးထီးကို ပူဇော်ခဲ့ပါသည် (နှိုင်း - ဝတ် ၈း၂၂)။ မပူဇော်မီ၊ ထိုသိုးထီးခေါင်းပေါ်၌ အာရုန်နှင့်သူ၏သားများက လက်တင်ခဲ့ပါသည်။ ထိုအမှုက တလုံးတဝတည်းဖြစ်ခြင်း၊ ကိုယ်စားပြု ခြင်းကို ဖော်ပြပါသည်။ ဘုရားသခင်နှင့်လူအကြား၌ သင့်မြတ်ခြင်း ရှိဖို့ရန် သူတို့ကိုယ်စား သိုးထီး အသေခံခဲ့ပါသည်။ ပြုလုပ်ပုံ အဆင့်ဆင့်တွင် မိဿဟာယယဇ် နှင့် တူညီမှုရှိပါသည်။ ဤပူဇော်ခြင်း ကို ယဇ်ပုရောဟိတ်များအား ထာဝရဘုရား၏အမှုတော် ဆောင်ရွက်ဖို့ရန် သန့်ရှင်းစေခြင်း ဖြစ်သော ကြောင့် ဆက်ကပ်ခြင်းပူဇော်သက္ကာ ဟုခေါ်ပါသည်။ သူတို့သည် ဘုရားသခင်နှင့်လူအကြား၌ သံတမန်ဖြစ်ကြပါသည်။ ဘုရားသခင်သန့်ရှင်းသည်နည်းတူ သူတို့သည်သန့်ရှင်းကြရပါမည်။

ထိုသိုးထီး၏အသွေးကို ယူရပါမည်။ အာရုန်နှင့် သူ့သားများ၏ လက်ျာနား၊ လက်ျာလက်မနှင့် လက်ျာခြေမတို့ကို ထိုအသွေးလိမ်းရပါမည်။ ဆိုလိုသည်မှာ ထာဝရဘုရား၏ အမှုတော်ကို သူတို့ဆောင်ရွက်စဉ် မိန့်တော်မူချက် သမ္မာတရားကို သေချာနားထောင်ကြရမည်ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်ရှေ့၌ လူတို့နှင့်ဆက်ဆံမှုတွင် သမ္မာတရားသည် အရေးကြီးဆုံးဖြစ်ပါသည်။ သူတို့သည် ထာဝရဘုရားရှေ့တွင် သံတမန်ဖြစ်ကြသောကြောင့် ယဇ်ပူဇော်ခြင်း၊ တရားစီရင်ခြင်းနှင့် နှုတ်ကပတ်တော် သွန်သင်ခြင်းအမှုများ ပြုသောအခါ မှန်ကန်စွာ ပြုကြရပါမည်။ သူတို့ခြေသည် သန့်ရှင်းသော၊ ဖြောင့်မတ်ခြင်းတရား စိုးမိုးသော နေရာသို့သာ သွားရပါမည်။ သူတို့သည် ယေရှုခရစ်တော် သခင်ဘုရားကို ကိုယ်စားပြုကြပါသည်။ သူတို့အသက်တာ တခုလုံးသည် သခင်ယေရှုခရစ်တော်ကို ညွှန်ပြသော၊ ကောင်းသောအမှုပြုခြင်းဖြင့် ပြည့်စုံရပါမည်။ ထို ဆီလိမ်းခြင်းအပြီးတွင် ချီလှဲ့ခြင်းယဇ်ကို ပူဇော်ရ၏။ သန့်ရှင်းစွာ ထာဝရဘုရား၏အမှုတော်ကို ဆောင်ရွက်ဖို့ရန် သန့်ရှင်းစင်ကြယ်စေလျက် ဆက်ကပ်ခြင်းခံရသောကြောင့်၊ ထာဝရဘုရားထံ ဝမ်းမြောက်သောအားဖြင့် ကျေးဇူးတော်ချီးမွမ်းခြင်းကို ပြသလျက် အာရုန်နှင့်သူ့သားများသည် သူတို့ခေါင်းအထက်၌ ထိုချီလှဲ့ခြင်းကို ပြုကြပါသည်။ ဤသည်ကား လက်ခံခြင်း၊ ဝမ်းမြောက်ခြင်းနှင့် အခွင့်ထူးခံရခြင်းကြောင့် ပြုလုပ်သော သန့်ရှင်းသည့်အပြုအမူဖြစ်ပါသည်။

ယနေ့ ကျွန်တော်တို့သည် သန့်ရှင်းသော ယဇ်ပုရောဟိတ်များဖြစ်ကြပါသည်။ ဖော်ပြပါ သန့်ရှင်းစင်ကြယ်စေခြင်းအမှုသည် ဓမ္မသစ်ကျမ်းရှိ ထာဝရဘုရား၏ယဇ်ပုရောဟိတ်များဖြစ်သော ကျွန်တော်တို့အား သန့်ရှင်းစင်ကြယ်စေခြင်းကို ရည်ညွှန်းပါသည်။ ကျွန်တော်တို့သည် သန့်ရှင်းစွာ ထာဝရဘုရား၏အမှုတော်ကို ဆောင်ရွက်ဖို့ရန် အထူးဆက်ကပ်ထားခြင်း ခံရကြပါသည်။ ကျွန်ုပ်တို့၏အသက်တာ၊ အကျင့်နှင့်နှုတ်စကားသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရပါမည်။

**ကျက်မှတ်ရန်** - ဝတ် ၈း၂၃။

**ဆုတောင်းချက်** -အဖဘုရား၊ ယဇ်ပုရောဟိတ်များကဲ့သို့ သန့်ရှင်းခြင်းနှင့်တကွ ကိုယ်တော်၏ အမှုတော်ကို ဆောင်ရွက်ရသောအခွင့်ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။ ယေရှုနာမတော်အားဖြင့် ဆုတောင်းပါ၏။ အာမင်။

*“ခုနစ်ရက်ပတ်လုံး အရာ၌ခန့်ထားခြင်း မင်္ဂလာကို ဆောင်ရကြမည်”*

# စုံလင်သော ဆက်ကပ်သန့်ရှင်းစေခြင်း

ဆက်ကပ်သန့်ရှင်းစေခြင်းသည် တချို့တဝက်ဟူ၍ မရှိ၊ အလုံးစုံ ဆက်ကပ်မှု ဖြစ်ပါသည်။ ယုံကြည်သူသည် ထာဝရဘုရားအား၊ “ကျွန်ုပ်အသက်တာကို ကိုယ်တော်အတွက် အသင်းတော်၊ အလုပ်၊ မိသားစု၌ ဆက်ကပ်ထားပါပြီ၊ ကျွန်ုပ် ဝါသနာနှင့်ပိုင်ဆိုင်မှုကိုတော့ မဆက်ကပ်ရပါစေနှင့်။ ကျွန်တော် ကြိုးစားအားထုတ်ပြီးမှ ရရှိသော ဤပိုင်ဆိုင်မှုများကိုတော့ မဆက်ကပ်မည်အကြောင်း ခွင့်ပြုတော်မူပါ” ဟု မဆိုနိုင်ပါ။ ထိုသို့သော တောင်းလျှောက်မှုသည် မတွေးဝံ့စရာပင်ဖြစ်ပါသည်။ ဤဆက်ကပ်မှုသည် ဘုရားသခင်ထံ ပြုရသောအမှုဖြစ်ပါသည်။

ယဇ်ပုရောဟိတ်၏ သန့်ရှင်းဆက်ကပ်မှုသည် အသက်တာ တခုလုံး၊ တစ်ရာ ရာခိုင်နှုန်း ဖြစ်ရပါမည်။ အသက်တာ၏ဘယ်အပိုင်းကိုမျှ ချန်လှပ်၍ မရပါ။ သူတို့ကို အကုန်အစင်သန့်ရှင်း ဆက်ကပ်ဖို့ရန် လိမ်းရန်ဆီနှင့် အသွေးကို ယဇ်ပုရောဟိတ်အပေါင်းနှင့် သူတို့၏ဝတ်စုံများအပေါ်၌ ဖြန်းခဲ့ကြရပါသည်။ ထာဝရဘုရားအတွက် မွှေးကြိုင်သောရနံ့ဖြစ်မည်အကြောင်း၊ အစကတည်းမှ ဤယဇ်ပုရောဟိတ်အမှုသည် အသက်သေသည်အထိ၊ ဘဝတခုလုံး ဆက်ကပ်ခြင်းဖြစ်ကြောင်း သိဖို့လိုပါသည်။ ချီလှဲခြင်းပူဇော်သက္ကာသည် ယဇ်ပုရောဟိတ်ဘက်မှ ကျေးဇူးတော်ချီးမွမ်းခြင်း ဖြစ်သည်သာမက၊ ဘုရားသခင်၏ တဘက်သတ် ခန့်အပ်တော်မူခြင်းကို လက်ခံကြောင်း ပြသခြင်း လည်းဖြစ်ပါသည်။ ထိုသို့ ဆက်ကပ်သန့်ရှင်းစေခြင်းအချိန် ခုနစ်ရက်အတွင်း ယဇ်ပုရောဟိတ် တို့သည် တဲတော်မှ မထွက်ရပါ။ ထိုခုနစ်ရက် မပြည့်မှီ ထွက်သွားသောသူသည် သေလိမ့်မည်။ ဤသည်ကား ဘုရားသခင်၏အမိန့်ဖြစ်ပါသည်။

ယနေ့ ဘုရားသခင်၏သားသမီးများ ထာဝရဘုရားထံ အသက်တာ ဆက်ကပ်ခြင်းသည် လက်တွေ့မကျသောအရာဖြစ်ပါသည်။ ယုံကြည်သူအနည်းငယ်ကသာလျှင်၊ ထာဝရဘုရားထံ အလုံးစုံဆက်ကပ်ခြင်းအမှုသည် ယုံကြည်သူတိုင်းအတွက် ဖြစ်ကြောင်း သိကြ၏။ ဤဆက်ကပ်မှု သည် ကယ်တင်ခြင်းမှ အစပြု၍ ဘုန်းတော်ဝင်စားသည်အထိ ထာဝရဘုရား၏အမှုတော်အတွက် ကျွန်ုပ်တို့၏ဘဝတခုလုံး သန့်ရှင်းစင်ကြယ်ခြင်းဖြင့် အသက်ရှင်ခြင်းပင်ဖြစ်ပါသည်။ ထိုသို့ အလုံးစုံ ဆက်ကပ်မှု မရှိလျှင် ကျွန်တော်တို့သည် အပြစ်ထဲသို့ အမှန်ကျပါလိမ့်မည်။ ထိုသို့ မဆက်ကပ်ခဲ့ သောအရာ ရှိလျှင် ထိုအရာနှင့် ဘုရားသခင်အကြား ရွေးချယ်ဖို့ လိုအပ်သောအချိန် ရောက်လာပါ လိမ့်မည်။ ကျွန်ုပ်တို့အသက်တာသည် ကာရနီတောင်ကုန်း၌ ခရစ်တော်ပြုတော်မူသော ရွေးနှုတ်တော်မူခြင်းအမှုကြောင့် ကိုယ်တော်ပိုင်သော အသက်တာပင်ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၈း၃၅။

**ဆုတောင်းချက်** -အို ဘုရားသခင်၊ ကိုယ်တော်ထံ ကျွန်တော် အရာခပ်သိမ်း ဆက်ကပ်ပါ၏။ ကိုယ်တော် အသုံးတော်ခံ ဖြစ်မည်အကြောင်း ကိုယ်တော် လက်ခံတော်မူပါ။ အာမင်။

*"မိန့်တော်မူသည်အတိုင်း ဤသို့ပြုကြ၍၊ ထာဝရဘုရား၏ဘုန်းတော်သည် သင်တို့အား ထင်ရှားမည်"*

# အမှုတော်အတွက် ဆက်ကပ်ခြင်း အစီအစဉ်

အမှုတော်စတင်ခြင်းသည် အမှုတော်အပေါင်းတွင် အရေးကြီးဆုံးသောအမှုဖြစ်ပါသည်။ ဆက်လက်ဆောင်ရွက်မည့် အမှုတော်အားလုံး၏ စံနှုန်း၊ အစအဦးဖြစ်ပါသည်။ ဤအမှုသည် ထာဝရဘုရားထံမှဖြစ်၍၊ ထာဝရဘုရားအပိုင်ဖြစ်၍၊ ထာဝရဘုရားအတွက် ဖြစ်တော်မူ၏။ အာရုန် နှင့်သူ့သားတို့သည် ယခု စတင်သန့်ရှင်းစေခြင်း၊ ဆက်ကပ်ခြင်းစံနှုန်းကို လိုက်၍ အနာဂတ်အမှုတော်အပေါင်း၌ အမှားမပြုဖို့ရန် သတိပြုကြရပါမည်။ ဣသရေလလူအပေါင်းတို့က စောင့်ကြည့်ခဲ့ကြပါသည်။ ပိုအရေးကြီးသည်မှာ ထာဝရဘုရား၏ စောင့်ကြည့်တော်မူခြင်းပေတည်း။ အာရုန်၏သား နှစ်ဦးဖြစ်သော၊ နာဒပ်နှင့် အဘိဟုက ဤအမှု၌ ကူညီခဲ့ပါသည်။

မောရှေသည် အာရုန်နှင့်သူ့သားများကို ယဇ်ပုရောဟိတ်အမှုအတွက် သန့်ရှင်းစင်ကြယ်စေခြင်းပြုသောအခါ၊ မိမိအတွက် အဘယ် ယဇ်မျှမပူဇော်ခဲ့သော်လည်း၊ အာရုန်နှင့်သူ့သားတို့သည် မိမိတို့၏အပြစ်အတွက် ရှေးဦးစွာ ပူဇော်ခြင်းပြုခဲ့ကြပါသည်။ မီးရှို့ရာယဇ်ပလ္လင် သန့်ရှင်းစေရန်အတွက် အပြစ်ဖြေရာယဇ်ကို ပူဇော်ခဲ့ကြပြီးနောက်၊ မိမိတို့၏အပြစ်အတွက် မီးရှို့ရာယဇ်ကို ပူဇော်ခဲ့ကြပါသည်။ အာရုန်နှင့်သူ့သားတို့သည် ဆက်ကပ်ခြင်းကို ခံရပြီးသော်လည်း၊ နေ့သစ်၌ အမှုတော် မဆောင်ရွက်မီ ထာဝရဘုရားရှေ့တော်၌ မသန့်ရှင်းသောသူဟု သတ်မှတ်ခြင်းခံရကြပါသည်။ သန့်ရှင်းစင်ကြယ်စေခြင်းသည် ထိုနေ့အတွက်သာ အကျုံးဝင်ပါသည်၊ အကြောင်းမှာ သူတို့၏အတွင်းပိုင်း မဟုတ်ဘဲ၊ အပြင်ပိုင်းသာ စင်ကြယ်ပါ၏။ ထို့ကြောင့် ခရစ်တော်၏အသွေးတော် လိုအပ်ခြင်းဖြစ်ပါသည်။ ဤယဇ်ပူဇော်ခြင်းတို့သည် ခရစ်တော်ကို ပုံဆောင်ကြသည်ဖြစ်သောကြောင့်၊ တန်ခိုးမရှိသောအရာမဟုတ်၊ သန့်ရှင်းစေခြင်းတန်ခိုးရှိကြပါသည်။ ထို့ကြောင့် ယဇ်ပုရောဟိတ်တို့သည် ထိုနေ့၌ ထာဝရဘုရား၏အမှုတော် ဆောင်ရွက်ဖို့ရန် ဘုရားသခင်ရှေ့၌ သန့်ရှင်းသောသူ ဖြစ်ကြပါသည်။ သူတို့သည် ဘုရားသခင် ခန့်ထားတော်မူသော သံတမန်ဖြစ်ကြသောကြောင့်၊ ဘုရားသခင်၏လူများ ယူဆောင်လာသော ယဇ်ပူဇော်ခြင်းများကို လက်ခံလျက် သူတို့၏တာဝန်ဖြစ်သော ထိုဝိညာဉ်အမှုကို ဆောင်ရွက်ခဲ့ကြပါသည်။ ဟေဗြဲ ၉း၁၃-၁၄၊ "အကြောင်းမူကား၊ အညစ်အကြေးရှိသောသူတို့ အပေါ်၌ ဖြန်းသော နွားအသွေး၊ ဆိတ်အသွေး၊ နွားမကလေး၏ ပြာသည်၊ သူတို့ ကိုယ်ခန္ဓာ၌ စင်ကြယ်ခြင်းကို ပြုနိုင်သည်မှန်လျှင်၊ ထိုမျှမက၊ အပြစ်ကင်းသော ကိုယ်တော်ကို၊ ထာဝရ ဝိညာဉ်တော်အားဖြင့်၊ ဘုရားသခင့်ရှေ့၌ တင်လှူ ပူဇော်သော ခရစ်တော်၏အသွေးသည်၊ သေခြင်းနှင့် စပ်ဆိုင်သော အကျင့်ကို ပယ်ရှင်း၍၊ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကို ကိုယ် သိသောစိတ်ကို စင်ကြယ်စေခြင်းငှါ၊ သာ၍တတ်နိုင်တော်မူသည်မဟုတ်လော။"

ကျွန်ုပ်တို့၏အပြစ်အတွက် ကားတိုင်ပေါ်၌ ခရစ်တော် အသေခံသောအခါ၊ ခရစ်တော်ကို ယုံကြည်သောသူအပေါင်းတို့သည် အတွင်းအပြင် သန့်ရှင်းစေခြင်းခံရကြ၏။ သို့သော်လည်း၊ အာရုန်နှင့် သူ့သားများနည်းတူ ကျွန်တော်တို့သည် နေ့စဉ် အပြစ်ပြုသောကြောင့် နေ့စဉ်အပြစ်ဝန်ခံလျက် နောင်တရဖို့ လိုအပ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၉း၂။
**ဆုတောင်းချက်** - အို အဖဘုရား၊ ခရစ်တော်၏အသွေးတော်ဖြင့် အကျွန်ုပ်အား နေ့စဉ်သန့်ရှင်းစေတော်မူပါ။ အာမင်။

*"ထာဝရဘုရား၏ဘုန်းတော်သည်
လူများတို့အား ထင်ရှားလေ၏"*

# ထာဝရဘုရား၏ဘုန်းတော် ထင်ရှားတော်မူ၏

အမှုတော်အတွက် ဆက်ကပ်ခြင်းအစီအစဉ် ကောင်းမွန်စွာ ဆောင်ရွက်လျက် ရှိပါသည်။ အာရုန်နှင့်သူ့သားများသည် လူထုအတွက် ပူဇော်ခြင်း မပြုမီ မိမိတို့အတွက် ပူဇော်ခြင်း ပြုခဲ့ကြပါသည်။ လူထုအတွက် ပြုသော ပူဇော်ခြင်း အဆင့်ဆင့်မှုကား၊ အပြစ်ဖြေရာယဇ်၊ ပြီးမှ မီးရှို့ရာယဇ်၊ ဘောဇဉ်ပူဇော်သက္ကာ၊ မိဿဟာယယဇ်နှင့် ချီးမွမ်းခြင်း (သို့) ချီလွှဲခြင်းယဇ် တို့ဖြစ်ပါသည်။ အငယ် ၁၅ မှ ၂၃ ထိ၊ အဆင့်ဆင့် ဖော်ပြထားပါသည်။ မောရှေ နှင့် အာရုန်သည် မီးရှို့ရာယဇ်ပလ္လင်မှ သန့်ရှင်းရာဌာနဖြစ်သော ပရိသတ် စည်းဝေးရာတဲတော်သို့ ဝင်ခဲ့ကြပါသည်။ မောရှေသည် ဘုရားသခင် ကိုယ်စားပြုလျက်၊ အာရုန်သည် ယဇ်ပုရောဟိတ်အမျိုး နှင့် ဘုရားသခင်၏လူတို့ကို ကိုယ်စားပြုပါသည်။ ထိုအရပ်၌ သူတို့ ဘယ်လောက်ကြာကြာ နေခဲ့ကြသည်ကို မဖော်ပြခဲ့ပါ။ မောရှေသည် အာရုန်အား မီးခုံ၊ ရှေ့တော်မုန့်ထားရာစားပွဲနှင့် နံ့သာပေါင်းရှို့သော ပလ္လင်တို့နှင့် ပတ်သက်သော ယဇ်ပုရောဟိတ်တို့၏ တာဝန်များကို ပြောပြသည်ဟု ထင်ရပါသည်။

သန့်ရှင်းရာဌာနမှ သူတို့သည် ထွက်လာပြီး ဣသရေလလူတို့ကို ကောင်းကြီးပေးခဲ့ပါသည်။ ဝတ် ၉း၂၃၊ "ထာဝရဘုရား၏ဘုန်းတော်သည် လူများတို့အား ထင်ရှားလေ၏။" မင်္ဂလာရှိသော ဆက်ကပ်ခြင်း အစီအစဉ်ဖြစ်သောကြောင့် ဝမ်းမြောက်ရွှင်လန်းရသော၊ ကျေးဇူးတော်ချီးမွမ်းခြင်း အချိန်လည်း ဖြစ်ပါသည်။ ထာဝရဘုရားထံမှ မီးသည် မီးရှို့ရာယဇ်ပလ္လင်ပေါ်၌ ယဇ်နှင့် ဆီဥကို လောင်လေ၏။ ထာဝရဘုရားပြုတော်မူသော ထိုအရာကို လူတို့သည် မြင်သောအခါ ကြွေးကြော်လျက် ပြပ်ဝပ်ကြပါသည်။

ထာဝရဘုရားသည် မိမိလူတို့ပြုသောအမှု၌ ဝမ်းမြောက်ခြင်းရှိတော်မူ၏။ သမ္မာတရားအတိုင်း မိမိတို့၏ ဝိညာဉ် တာဝန်ဝတ္တရားများကို သိလျက်၊ မောရှေ နှင့် အာရုန်၏ ဦးဆောင်မှုအောက်၌ ထိုသို့ပြုကြပါသည်။ မိမိသန့်ရှင်းသည်နည်းတူ မိမိလူတို့သည် သန့်ရှင်းခြင်းရှိရမည်ဟူသော သွန်သင်ချက်ကို လိုက်လျှောက်ခဲ့ကြပါသည်။ ပညတ်တော်ဆယ်ပါးက ဘုရားသခင်၏ သန့်ရှင်းခြင်း စံနှုန်းကို သင်ပေးပါသည်။ ထိုတရားက လူအပေါင်းတို့အား အပြစ်ရှိကြောင်း ဖော်ပြလျက်ရှိပါသည်။ ဝတ်ပြုခြင်းဆိုင်ရာ ယဇ်ပုရောဟိတ်အမှုက ထာဝရဘုရားထံ ပြန်လှည့်ရန်နည်းလမ်း၊ အသွေးသွန်းခြင်း မရှိဘဲ အပြစ်လွတ်ခြင်းမရှိကြောင်းကို ဖော်ပြပါသည်။ ထာဝရဘုရားသည် ဝမ်းမြောက်ခြင်း ရှိ၍ ဘုရားသခင်၏လူတို့သည်လည်း ဝမ်းမြောက်ခြင်း ရှိကြ၏။ ယနေ့ခရစ်ယာန်တို့သည်လည်း ထာဝရဘုရားရှေ့၌ သန့်ရှင်းစွာ နေထိုင်ခြင်းဖြင့်၊ မိမိတို့၏အသက်တာ စတင်ဆက်ကပ်ခဲ့သော နေ့ကို အမှတ်ရကြဖို့လိုအပ်ပါသည်။ ထိုနေ့သည် ထာဝရဘုရားက စုံလင်သော မိမိ၏ သိုးသငယ်၊ ခရစ်တော်၏အသွေးတော်ဖြင့် သူတို့၏အပြစ်များကို ဆေးကြောခဲ့သော ကယ်တင်ခြင်း ခံရသော နေ့ပင်ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၉း၂၄။
**ဆုတောင်းချက်** -အဖဘုရား၊ ခရစ်တော် ကြွလာတော်မမူမီကပင် ခေတ်အဆက်ဆက် ကယ်တင်ခြင်း ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။

စနေ၊ မေ (၄)
**ဝတ် ၁၀**
ယောဟန် ၄း၂၃း၂၄

*"ထာဝရဘုရား မှာထားတော်မူသော မီးမဟုတ်၊ ထူးခြားသောမီးကို ရှေ့တော်၌ ပူဇော်၏"*

# ဘုရားသခင်သည် လူမျက်နှာကို မထောက်

အရာအားလုံး အဆင်ပြေချောမောသောအခါ၊ လူသည် အပြစ်ကို ပြုလျက် အရာအားလုံး ဖျက်ဆီးတတ်၏။ သို့သော်လည်း ထာဝရဘုရား၏သန့်ရှင်းခြင်း စံနှုန်းသည် ဘယ်တော့မှ ကျဆင်းသွားလိမ့်မည် မဟုတ်ပါ။ အာရုန်နှင့်သူ့သားများသည် ထာဝရဘုရား၏အသုံးတော်ခံ ဖြစ်ဖို့ရန် ဆက်ကပ်ခဲ့ပြီ ဖြစ်ပါသည်။ ဘုရားသခင်၏အမြင်၌ သူတို့သည် ယခု သန့်ရှင်းသောသူဖြစ်ကြပါသည်။ အခြားသော ဣသရေလလူတို့နှင့် ကွဲပြားမည်အကြောင်း သူတို့သည် အလွန်ထူးခြား၍ ကျက်သရေရှိသော ယဇ်ပုရောဟိတ်ဝတ်စုံကို ဝတ်ဆင်ခဲ့ကြပါသည်။ ထိုသို့သော ဝမ်းမြောက်ပျော်ရွှင်ခြင်း၊ အမြင့်ဆုံးသော ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်းနေသောအချိန်အခါ၌ ကောင်းကင်မှ သေခြင်းစေလွှတ်မည်ကို ဘယ်သူမှ ထင်မှတ်မထားခဲ့ကြပါ။

ထိုသို့ မထင်မှတ်ဘဲ၊ မထင်မှတ်သောအရပ်မှ သေခြင်း ရောက်လာခဲ့ပါသည်။ ယဇ်ပုရောဟိတ်သည် အပြစ်ပြုခဲ့ပါသည်။ ယဇ်ပုရောဟိတ်တို့သည် ဘုရားသခင် ချဉ်းကပ်သောအခါ မိမိတို့ အလိုအတိုင်း ပြုနိုင်သည်ဟူသော အတွေးမရှိစေခြင်းငှါ၊ ယခု ဖြစ်ပျက်သောအရာက အလွန်အရေးကြီးသောတရားကို ဟောခဲ့ပါသည်။ တရားစီရင်ခြင်းအမှု၌ ဘုရားသခင်သည် လူမျက်နှာကို ထောက်တော်မမူ။ သူသည် ဘုရားသခင်ဖြစ်တော်မူသောကြောင့် မိမိကိုယ်ကို မဆန့်ကျင်နိုင်၊ မိမိ၏ သန့်ရှင်းသော နှုတ်ကပတ်တော် ချိုးဖောက်ခြင်းအပြစ် မပြုနိုင်ပါ။ မကြာသေးမီက ပူဇော်သောယဇ်ကို လောင်စေဖို့ရန် ထာဝရဘုရားထံမှ ကျလာခဲ့သော မီးသည် ယခုတွင် အာရုန်၏သားကြီး နှစ်ဦးဖြစ်သော နာဒပ်နှင့်အဘိဟုတို့ကို လောင်ကျွမ်းစေဖို့ရန် ကျရောက်လာခဲ့ပါသည်။ ဤပြစ်ဒဏ်သည် တရားပြီး၊ အလွန်ပြင်းထန်လှပါသည်။ သူတို့နှစ်ဦး၌ သား မရှိကြပါ။ ထို့ကြောင့် သူတို့မျိုးဆက်သည် အဆုံးသတ်ခဲ့ပါသည်။ ယဇ်ပုရောဟိတ်မျိုးဆက်သည် ယခု တခဏ ရပ်တန့်နေရပါသည်။ အာရုန်၌ သားလေးယောက် ရှိခဲ့ပါသည် (နှိုင်း - တောလည် ၃း၄)။

ဤသားနှစ်ဦး၏အပြစ်မှုကား ထာဝရဘုရား မှာထားတော်မူသော မီး မဟုတ်၊ ထူးခြားသော မီးကို ရှေ့တော်၌ ပူဇော်ခြင်း ဖြစ်ပါသည်။ "ထူးခြားသောမီး" ဆိုသည်မှာ ထာဝရဘုရား မှာထားတော်မမူသောမီးကို ဆိုလိုပါသည်။ ဘုရားသခင် မှာထားတော်မမူသော်လည်း၊ မိမိတို့မှန်သည်ဟု ထင်မှတ်သည့် အတိုင်း ပြုခဲ့ကြပါသည်။ ထိုအမှုသည် အလွန်ပြင်းထန်သော အပြစ်ဖြစ်ကြောင်း ဘုရားသခင်၏ ပြစ်ဒဏ်စီရင်ခြင်းကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။ ယဇ်ပုရောဟိတ် အပေါင်းတို့သည် သတိထားကြရပါမည်။ သူတို့သည် ဘုရားနှင့်လူအကြား၌ သံတမန် ဖြစ်ကြပါသည်။ သူတို့သည် ဘုရားသခင် ချမှတ်ထားသော ဥပဒေသများကို သေချာလိုက်လျှောက်ကြရပါမည်။ ထိုတရား၌ ထပ်မပေါင်းရ၊ နှုတ်လည်း မနှုတ်ရပါ။ ယနေ့ ဝတ်ပြုကိုးကွယ်ခြင်း၌လည်း ကျွန်တော်တို့ သည် ထိုသို့ပြုကြရမည်ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၀း၂။
**ဆုတောင်းချက်** -ဘုရားသခင်သည် နှုတ်ကပတ်တော်အတိုင်း စိတ်ဝိညာဉ်နှင့် ပြုသော အကျွန်ုပ်၏ ဝတ်ပြုခြင်းကို သနား လက်ခံတော်မူပါစေ။ အာမင်။

တနင်္ဂနွေ၊ မေ (၅)
**ဝတ် ၁၀**
ဟေဗြဲ ၁၀း၁၉-၂၂

*"ငါသည် သန့်ရှင်းခြင်း ရှိသည်ဟု ငါ့ထံသို့ ချဉ်းကပ်သောသူတို့သည် မှတ်ရမည်။ လူအပေါင်းတို့သည် ငါ့ဘုန်းကို ချီးမြှင့်ရကြမည်"*

# ထာဝရဘုရားသည် ယဇ်ပုရောဟိတ်များအလယ်၌ သန့်ရှင်းတော်မူ၏

အမြင့်ဆုံးသောဘုရား၏ ယဇ်ပုရောဟိတ်ဟု ခေါ်ခြင်းခံရခြင်းသည် လူသားအပေါ် ဘုရားသခင်ပေးတော်မူသော အမွန်မြတ်ဆုံးသော ဘုန်းအသရေပင်ဖြစ်ပါသည်။ သို့သော်လည်း သူတို့သည် အလွန်ကြီးလေးသော တာဝန်ဝတ္တရားကို ထမ်းရွက်ကြရပါသည်။ သူတို့၌ ထာဝရဘုရား၏ဘုန်းတော် ထင်ရှားဖို့လိုပါသည်။ ထိုဘုန်းတော်ကို လူတို့သည် မြင်ရကြလိမ့်မည်ဖြစ်၏။ ဤသည်ကား ယဇ်ပုရောဟိတ်တိုင်း၏ တာဝန်ဖြစ်ပါသည်။ သူတို့သည် မိမိအသက် မွေးဝမ်းကျောင်းအတွက် အပြင်အလုပ်လုပ်စရာ မလိုပါ။ သူတို့သည် ဘုရားသခင်လူတို့၏ ဆယ်ဘို့တဘို့နှင့် ပူဇော်သက္ကာများဖြင့် အသက်မွေးခဲ့ကြရပါသည်။ ထို့ကြောင့် လေဝိအမျိုး ဝိညာဉ်နှင့်ဆိုင်သော အမှုများကို အာရုံစိုက်ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။

လေဝိအမျိုး ခရစ်တော်အတွက် တည်ရှိသော အမျိုးဖြစ်ပါသည်။ လေဝိအမျိုးသည် ခရစ်တော်အကြောင်းကို သက်သေခံသော အမျိုးဖြစ်ပါသည်။ ထိုဝိညာဉ်နှင့်ဆိုင်သော အမှုကို လေဝိလူတို့၏အကူအညီပေးခြင်းဖြင့် ယဇ်ပုရောဟိတ်တို့သည် ဆောင်ရွက်ခဲ့ကြ၏။ သူတို့သည် သမ္မာကျမ်းစာအတိုင်း ဘုရားသခင်၏လူတို့အား ယဇ်ပူဇော်ခြင်းအကြောင်း သင်ပေးလျက်၊ လူတို့သည်လည်း မှန်ကန်စွာ ဝတ်ပြုခြင်းကို ပြုကြလျှင် ဘုရားသခင်နှင့်မိမိလူတို့သည် သင့်မြတ်ခြင်း ရှိကြမည်ဖြစ်ပါသည်။ သူတို့သည် ရုပ်တုများကို ကိုးကွယ်ကြမည် မဟုတ်ပါ။ သစ္စာရှိစွာ ထာဝရဘုရား၏အမှုကို ဆောင်ရွက်လျက်၊ ဥပုသ်နေ့ကိုလည်း သန့်ရှင်းစွာ စောင့်ကြမည်ဖြစ်ပါသည်။ ထိုသန့်ရှင်းသော အသက်တာက ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည်ဖြစ်ပါသည်။

ထိုသန့်ရှင်းသော အမှုကို ဆောင်ရွက်ဖို့ရန် ဘုရားသခင်သည် ယဇ်ပုရောဟိတ်များကို တာဝန်ပေးတော်မူ၏။ ထို့ကြောင့်၊ သူတို့၏အသက်တာသည် သန့်ရှင်းစင်ကြယ်ခြင်း ရှိရမည်ဖြစ်ပါသည်။ နာဒပ်နှင့်အဘိဟုတို့အား ဒုတိယအခွင့်အရေး မပေးခဲ့ပါ။ ထာဝရဘုရားက သူတို့အား မောရှေ၊ အာရုန်နှင့် ဘုရားသခင်၏လူတို့ရှေ့၌ အသေသတ်တော်မူခဲ့ပါသည်။ ထူးခြားသောမီးကို ပူဇော်ခဲ့ကြသောကြောင့် ဖြစ်ပါသည်။ ဆက်ကပ်ခြင်းအစီအစဉ်မပျက်စီးမည်အကြောင်း၊ ဘုရားသခင် သည် အလျင်အမြန် ထိုသို့ ဆီးတားခြင်း ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်လူတို့၏ အပြစ်များကို ယဇ်ပူဇော်ခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေခြင်းအမှုကို ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ သို့သော်လည်း သူတို့သည် ကြီးလေးသော အပြစ်ကို လွန်ကျူးသဖြင့် ပြစ်ဒဏ်ထိုသို့ ခံရခြင်းဖြစ်၏။ ထာဝရဘုရားက သူတို့ကို သတ်တော်မူခဲ့ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၀း၆။
**ဆုတောင်းချက်** -အဖဘုရား၊ ဤနောက်ဆုံးသောကာလ၌ ကိုယ်တော်၏ ယဇ်ပုရောဟိတ် အကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။ အာမင်။

တနင်္လာ၊ မေ (၆)
**ဝတ် ၁၀**
မာကု ၇း၇-၉

*"လူအပေါင်းအပေါ်မှာ အမျက်တော် သင့်ရောက်မည်ကို စိုးရိမ်သည်ဖြစ်၍၊ သင်တို့ ဦးထုပ်ကို မချွတ်နှင့်၊ အဝတ်ကို မဆုတ်နှင့်"*

# ယဇ်ပုရောဟိတ်များ မငိုရကြ

နာဒပ်နှင့်အဘိဟု ရုတ်တရက် သေဆုံးကြသောအခါ၊ အာရုန်နှင့် ကျန်ရှိသော သူ့သား နှစ်ဦး၊ ဧလာဇာနှင့်ဣသမာ တို့အား ထာဝရဘုရားက ဝမ်းနည်းခြင်း လက္ခဏာဖြစ်သော ဦးထုပ်ချွတ်ခြင်း၊ အဝတ်ဆုတ်ခြင်း မပြုရန် မိန့်တော်မူ၏။ ပြုခဲ့လျှင် သူတို့လည်း သေနိုင်ပါသည်။ သေခဲ့လျှင် ယဇ်ပုရောဟိတ်အမျိုး ပျက်သုဉ်းမည်ဖြစ်၍ လူထုသည်လည်း ဘုရားသခင်၏အမျက်တော်ကို ခံရကြလိမ့်မည်။ ဘုရားသခင်ရှေ့၌ ယဇ်ပုရောဟိတ်များနှင့်လူထုသည် ခွဲ၍ မရ၊ တသားတည်း ဖြစ်ကြပါသည်။ လူထု၏ဝိညာဉ်အရေး ကောင်းမွန်မှုသည် ယဇ်ပုရောဟိတ်တို့၏ ဝိညာဉ်အရေး ကောင်းမွန်မှု၌ ခြေခံထားပါသည်။ သူတို့သေခဲ့လျှင် အမှုတော်အတွက် ဘုရားသခင်ထံ ဆက်ကပ်ခြင်း အစီအစဉ်ကို ဆက်လက် ဆောင်ရွက်မည့်သူ ရှိတော့မည် မဟုတ်ပါ။ လူတို့သည် အပြစ်၌ ဆက်လက် ကျင်လည်နေရမည်ဖြစ်ပါသည်။ ယဇ်ပူဇော်ခြင်းအမှု မပြီးသေးသောကြောင့်၊ လူတို့သည် မသန့်ရှင်းသေးပါ။

အာရုန်နှင့်သူ့သားတို့သည် နာဒပ်နှင့်အဘိဟုအတွက် ငိုကြွေးခဲ့လျှင် ဘာအဓိပ္ပါယ်သက်ရောက်လိမ့်မည်နည်း။ ငိုကြွေးခဲ့လျှင်၊ သူတို့အပေါ်၌ ထိုသို့ ထာဝရဘုရား မပြုခဲ့သင့်ပါ ဟူသော ခံယူချက်ကို လူတို့ထံ ပြသရာရောက်လိမ့်မည်။ အာရုန်နှင့်သူ့သားများသည် မိသားစု ဦးထုပ်မဟုတ်ဘဲ၊ ယဇ်ပုရောဟိတ် ဦးထုပ်ကို ဆောင်းလျက် ရှိကြပါသည်။ ယဇ်ပုရောဟိတ် အမျိုး သည် အာရုန်မှ စတင်ခဲ့ခြင်း ဖြစ်သော်လည်း၊ ယဇ်ပုရောဟိတ်၏တာဝန်ဝတ္တရားသည် မိသားစု အရေးနှင့် ခွဲခြားထားရပါမည်။ ဆွေမျိုးသားချင်း ဦးစားပေးမှုအပြစ်၏ အန္တရာယ်ကြီးပုံကို ဆိုးသွမ်း လှသော သူ့သား နှစ်ဦး၊ ဟောဖနိနှင့် ဖိနဟတ်တို့အား မဆီးတားဘဲ အပြစ်ပြုခွင့်ပေးခဲ့သော ဧလိ မိသားစု၌ တွေ့ရပါသည်။ ဧလိ၏အပြစ် ကြီးမားမှုကို ပြသခြင်းအားဖြင့် ထာဝရဘုရားသည် ဣသမာ အမျိုးကို ဖြတ်ခဲ့ပါသည်။ ထာဝရဘုရားသည် မိမိယဇ်ပုရောဟိတ်အပေါင်း လိုက်လျှောက်ဖို့ရန် မွန်မြတ်သော စံနှုန်းကို ချမှတ်တော်မူခဲ့ပါသည်။ ထိုဝတ်ပြုခြင်းနှင့်ဆိုင်သော ယဇ်ပူဇော်ခြင်း ဥပဒေသများကို စနစ်တကျ သေချာစွာ၊ ထပ်ပေါင်းထည့်ခြင်းမပြု၊ နုတ်ယူခြင်းလည်း မပြုဘဲ လိုက်လျှောက်ကြရပါမည်။ လူသည် ဘုရားသခင်အား ချဉ်းကပ်မည့် နည်းလမ်းကို ဘုရားသခင်က အစပြုချမှတ်တော်မူ၏။ လူသည် မိမိအလိုကို ထိုနည်းလမ်း၌ မပေါင်းထည့်ရပါ။ အခြား ယဇ်ပုရောဟိတ်များသည် ဘုရားသခင်၏ဂရုဏာတော်ကြောင့် ချက်ချင်း အသေသတ်ခြင်း မခံရကြပါ။ ထိုသို့ စီရင်ခြင်းမခံရမှီ သူတို့သည် အလျင်အမြန် နောင်တရဖို့လိုပါသည်။

ထာဝရဘုရားသည် ယနေ့ ယဇ်ပုရောဟိတ်များကိုလည်း ဝတ်ပြု ဆုတောင်းခြင်းဖြင့် ဘုရားသခင် ချဉ်းကပ်သောအခါ ထိုသန့်ရှင်းခြင်းစံနှုန်းကို လိုက်လျှောက်ကြရန် မျှော်လင့်တော်မူပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၀း၇။
**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်၏သမ္မာတရားနှင့်ဝိညာဉ်၊ စိတ်ဝိညာဉ်နှင့်ဝိညာဉ် ပြုသော ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းကို သနားလက်ခံတော်မူပါ။ အာမင်။

# အဘယ် ယစ်မျိုးမှ မသောက်ရ

နာဒပ်နှင့်အဘိဟု သေ၍ မြေမြုပ်သင်္ဂြိုလ်ပြီး သောအခါ၊ ထာဝရဘုရားက ယဇ်ပုရောဟိတ်များသည် လုံးဝ အဘယ်ယစ်မျိုးကိုမျှ မသောက်ခြင်းငှါ မိန့်တော်မူခဲ့ပါသည်။ တာဝန်ထမ်းဆောင်စဉ် စပျစ်ရည် (သို့) အရက်ကို မသောက်ရန် တားမြစ်ထားပါသည်။ အရက်သောက်ခြင်းက သူတို့၏ အသိဉာဏ်ကို ထုံထိုင်းစေမည်ဖြစ်၍ ဘုရားသခင်အပေါ် အပြစ်ပြုမိစေမည်ဖြစ်ပါသည်။ နာဒပ်နှင့် အဘိဟုသည်လည်း ဤအပြစ်ကို လွန်ကျူးသောကြောင့် ထူးခြားသောမီးကို ပူဇော်ခြင်းပြုလျက် ထိုသို့ ချက်ချင်း သေခြင်း ကြုံတွေ့ရသည်ဟု ထင်မြင်ရပါသည်။

ရေကို သန့်ရှင်းစေဖို့ရန် ယနေ့ ဂလိုရင်းကို ကျွန်တော်တို့ အသုံးပြုသကဲ့သို့ အယ်ကိုဟော (သိုထားသော စပျစ်ရည်) ကို အသုံးပြုခဲ့ကြပါသည်။ ထိုသို့ ကာလရေလလူအချို့သည် ရေနှင့် စပျစ်ရည် ရောကြသောအခါ စပျစ်ရည် ပမာဏသည် ရေ ထက်များသောကြောင့် ရေ မဟုတ်တော့ ဘဲ စပျစ်ရည် ဖြစ်လာတတ်ပါသည်။ ထို့ကြောင့် ထာဝရဘုရားသည် ယဇ်ပုရောဟိတ်များအား တာဝန်ထမ်းဆောင်စဉ် စပျစ်ရည် (သို့) အရက်ကို မသောက်ဖို့ရန် တားမြစ်ခြင်းဖြစ်ပါသည်။ သန့်ရှင်းစင်ကြယ်စေခြင်း မရှိသော (စပျစ်ရည် မရောသော) ရေ ကို သောက်သောအခါ မိမိတို့အတွက် အန္တရာယ် မရှိအောင် ထာဝရဘုရားက စောင့်ရှောက်မည်ဟု ယုံကြည်ကြရပါမည်။ သိုထားသော စပျစ်ရည်ကို များစွာ သောက်လျှင် လွယ်ကူစွာ မူးနိုင်ကြောင်း နောဧ အသက်တာ၌ တွေ့ရပါသည်။ ကမ္ဘာ ၉း၂၀-၂၁၊ "နောဧသည် လယ်လုပ်သော အတတ်ကို ပြုစု၍၊ စပျစ်ဥယျာဉ်ကို စိုက်လေ၏။ စပျစ်ရည်ကိုလည်း သောက်၍ ယစ်မူးသဖြင့်၊ မိမိတဲ၌ အဝတ် မခြုံဘဲ နေလေ၏။"

ယနေ့ ယဇ်ပုရောဟိတ်မှုကား ဓမ္မာသစ် ယုံကြည်သန့်ရှင်းသောသူအပေါင်း ဖြစ်ကြပါသည်။ ခရစ်တော်အတွက် သက်သေ မခံသောနေ့၊ သန့်ရှင်းစင်ကြယ်ခြင်း မလိုအပ်သောနေ့ ဟူ၍ မရှိပါ။ အိပ်ယာမှ ထသောအချိန်မှစ၍ နေ့စဉ် သန့်ရှင်းသောအသက်တာဖြင့် နေထိုင်ရပါမည်။ ဤသည်ကား၊ လုံးဝ အရက် မသောက်ဖို့ရန် ခိုင်မာသော ကျမ်းစာဖော်ပြသည့် အကြောင်းရင်း တခုဖြစ်ပါသည်။ ၁ ပေ ၂း၉-၁၀၊ "သင်တို့မူကား၊ မှောင်မိုက်ထဲမှ အံ့ဘွယ်သော အလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဘော်ပြစေခြင်းငှါ၊ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ် ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်း ဖြစ်ကြ၏။ အထက်က အပေါင်းအသင်း မဟုတ်၊ ယခုတွင် ဘုရားသခင်၏ အပေါင်းအသင်း ဖြစ်ကြ ၏။ ကရုဏာ ကျေးဇူးတော်ကို အထက်က မခံရသော်လည်း ယခုတွင် ခံရကြ၏" (၁ ပေ ၂း၅ ကိုလည်း ကြည့်ပါ)။ ဘုရားသခင်၏ သန့်ရှင်းသောလူမျိုးနှင့်သက်သေ ဖြစ်ခြင်းသည် ကျွန်ုပ်တို့အား ခရစ်တော်၌ ဘုရားသခင် ပေးသနားတော်မူသော ဘုန်းအသရေ ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၀း၉။

**ဆုတောင်းချက်** -အဖဘုရား၊ ယေရှုကြောင့် ဘုရားသခင်၏ဘုန်းတော် ထင်ရှားဖို့ရန်၊ အဘယ် ယစ်မျိုးမှ မသောက်ရန် ကျွန်ုပ်ကို မစတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။

*"မီးဖြင့်ပြုသော ပူဇော်သက္ကာထဲက သင်နှင့်
သင်၏သားတို့ ခံထိုက်သော အဘို့ဖြစ်၍၊
သန့်ရှင်းရာဌာနတော်၌ စားရကြမည်"*

# မထိုက်တန်

အာရုန်နှင့် ကျန်သည့်သားနှစ်ဦးဖြစ်သော ဧလာဇာနှင့်ဣသမာ တို့၏ စိတ်ထဲတွင် မထိုက်တန်ခြင်း ဟူသောအတွေးဖြင့် ပြည့်နေခဲ့ပါသည်။ မောရှေက သူတို့အား ထိုဆက်ကပ်ခြင်း အစီအစဉ်ကို ပြည့်စုံစေခြင်းဖြစ်သော ဘောဇဉ်ပူဇော်သက္ကာမှ သူတို့၏ဝေစုကို စားကြဖို့ရန် မိန့်တော်မူခဲ့ပါသည်။ မီးရှို့ရာယဇ်ပလ္လင်ဘေး၌ စားကြရမည်ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်နှစ်ပါး ကွယ်လွန်ပြီးနောက် ထိုဆက်ကပ်ခြင်းအစီအစဉ် ပြီးမြောက်တော့မည်ဖြစ်၍ ဣသရေလလူတို့သည် စောင့်ကြည့်နေခဲ့ကြပါသည်။

ဤဘောဇဉ်ပူဇော်သက္ကာတွင် မိဿဟာယယဇ်နှင့် ချီလှဲခြင်းယဇ်တို့ ပါဝင်ပါလိမ့်မည်။ ဤမိဿဟာယယဇ်သည် အပြစ်ဖြေရာယဇ်နှင့် မီးရှို့ရာယဇ် ပူဇော်ပြီးနောက် ဘုရားသခင်နှင့် သင့်မြတ်ခြင်းကို ကိုယ်စားပြုခြင်းဖြစ်ပါသည်။ ထိုသို့ ဘုရားသခင်နှင့် မိမိလူတို့အကြား၌ သင့်မြတ်ငြိမ်သက်ခြင်း ရှိသည်ဖြစ်သောကြောင့်၊ အစီအစဉ် ပြီးမြောက်ဖို့ရန် ချီလှဲခြင်း (သို့) ချီးမွမ်းခြင်း ပူဇော်သက္ကာကို ပူဇော်ခဲ့ကြပါသည်။

မောရှေသည် အာရုန်နှင့်သူ့သားများ စားခွင့်ရှိသော အပြစ်ဖြေရာယဇ်ကို လာကြည့်သောအခါ၊ မီးရှို့ရာယဇ်ပလ္လင်ပေါ်၌ မီးရှို့လျက် တွေ့ခဲ့ပါသည်။ မောရှေ အမျက်ထွက်ခဲ့ပါသည်။ ဝတ် ၁၀း၁၆-၁၈၊ "တဖန် မောရှေသည် အပြစ်ဖြေရာယဇ် ပြုသော ဆိတ်ကို ကြိုးစား၍ ရှာသော် လည်း မတွေ့။ မီးရှို့နှင့်ပြီ။ ထို့ကြောင့် ကြွင်းသော အာရုန်သား ဧလာဇာ၊ ဣသမာတို့ကို အမျက်ထွက်လျက် ဆိုသည်ကား၊ အပြစ်ဖြေရာယဇ်သားသည် အလွန် သန့်ရှင်း၏။ သင်တို့သည် ပရိသတ်တို့အပြစ်ကို ခံ၍၊ ထာဝရဘုရား ရှေ့တော်၌ သူတို့အဘို့ အပြစ်ဖြေခြင်းကို ပြုစေခြင်းငှါ ထိုယဇ်သားကို ပေးတော်မူသည်ဖြစ်၍၊ သန့်ရှင်းရာဌာနတော်၌ အဘယ်ကြောင့် မစားရသနည်း။ ထိုယဇ်သားအသွေးကိုလည်း သန့်ရှင်းရာဌာနတော်၌ စားရမည်။" သို့သော်လည်း အာရုန်၏စကားကြောင့် မောရှေ၏ဒေါသသည် ငြိမ်းခဲ့ပါသည်။ နာဒပ်နှင့်အဘိဟု ပြုခဲ့သောအမှုကြောင့် သူတို့အားလုံးသည် ယဇ်ပုရောဟိတ်များဖြစ်ကြသောကြောင့်၊ ထိုပူဇော်သက္ကာ စားခွင့် မရှိဟု သူတို့ ခံစားခဲ့ကြပါသည်။ သူတို့သည် စားဖို့ရန် မထိုက်တန်ဟု မိမိကိုယ်ကို ထင်မှတ် ထားကြပါသည်။ ထို့ကြောင့် ထိုပူဇော်သက္ကာကို မီးရှို့ရာယဇ်ပလ္လင်ပေါ်၌ ထာဝရဘုရားထံ ပြန်လည် မီးရှို့ ပူဇော်ခြင်းသည် အကောင်းဆုံးဖြစ်မည်ဟု ယူဆခဲ့ကြခြင်းဖြစ်ပါသည်။

ထို မထိုက်တန်ဟု မိမိကိုယ်ကို ထင်မှတ်ထားခြင်း အပြုအမူသည် ဘုရားသခင်နှင့်မောရှေ အမြင်၌ မှန်ကန်သောအမှု ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၀း၁။

**ဆုတောင်းချက်** -အဖဘုရား၊ အထံတော်သို့ မှောက်မာသောစိတ်နှင့် မဟုတ်ဘဲ၊ နှိမ့်ချသောစိတ်၊ မိမိကိုယ်ကို မထိုက်တန်မှန်း သိသောစိတ်နှင့် အစဉ်ချဉ်းကပ် လိုပါ၏။ အာမင်။

*“သူတို့ အသေကောင်ကို ထိသောသူသည်၊
ညဦးတိုင်အောင် မစင်ကြယ်”*

# အစားအစာနှင့်ဆိုင်သော ပညတ်တရား

ဤပညတ်သည် ဣသရေလလူတို့အတွက် အလွန်အံ့ဩစရာကောင်းခဲ့ပါလိမ့်မည်။ အဲဂုတ္တုပြည်၌ နေထိုင်လာခဲ့သော နှစ်ပေါင်း ၄၀၀ ကျော်ကြာလာသည့်တိုင် အစားအစာနှင့်ဆိုင်သော ပညတ်ချက် မရှိခဲ့ကြပါ။ သူတို့စားချင်သောအစားအစာနှင့် ကျွန်ဖြစ်သည်အလျောက် မိမိတို့၌ ရှိသောအရာကို စားခဲ့ကြပါသည်။ ယခုတွင် သူတို့စားရမည့်၊ မစားရမည့်အရာကို ဘုရားသခင်က ဖော်ပြခဲ့ပါသည်။ ဤတရား၏ သွန်သင်ချက်နှင့်ဝိညာဉ်ရေးရာ မင်္ဂလာများကား အဘယ်နည်း။

ဓမ္မဟောင်းခေတ်တွင်၊ ပဋိညာဉ်များကို ပြုသောအခါ အတူတကွ အစားအစာ စားသုံးခြင်းဖြင့် အဆုံးသတ်ခဲ့ကြပါသည်။ လာဗန်နှင့်ယာကုပ်တို့အကြား ပဋိညာဉ်ပြုသောအခါ၌လည်း ထိုအမှုကို တွေ့ရပါသည် (ကမ္ဘာ ၃၁း၄၃-၅၅)။ ယဇ်ပူဇော်ခြင်းက ပြသသော အဓိပ္ပါယ် တခုမှာ ထိုပဋိညာဉ်ပြုခြင်း ပြီးဆုံးခြင်းနှင့်တည်မြဲမှုပင် ဖြစ်ပါသည်။ ထိုအမှုကို ကမ္ဘာဦးကျမ်း ၁၅ ထဲ၌ ထာဝရဘုရားနှင့်အာဗြံ အကြားတွင် တွေ့ရပါသည်။ အာဗြံ က (ကမ္ဘာ ၁၇ ၌ အာဗြဟံ ဟုနာမည် ပြောင်းလဲခြင်း မခံမှီ) ခါနန်ပြည်၌ နေထိုင်ခြင်းသည် အမှားတခုဖြစ်မည်ကို အလွန်စိုးရိမ်ခဲ့ပါသည်။ ထို့ကြောင့် ထာဝရဘုရားထံမှ အတည်ပြုခြင်းကို သူ လိုအပ်ခဲ့ပါသည်။ အာဗြံသည် စာရဲ မွေးမည့်သားကို စောင့်နေခဲ့ပါသည်။ ထာဝရဘုရားသည် မိမိ မိန့်တော်မူသည်အတိုင်း အာဗြံ ပြင်ဆင်ခဲ့သော သန့်ရှင်းသည့် တိရစ္ဆာန်များကို လောင်ကျွမ်းစားသုံးခြင်းဖြင့် ပဋိညာဉ်ကို ပြုတော်မူခဲ့ပါသည်။ ထိုအခါ၊ အာဗြံက ဘုရားသခင်ခေါ်တော်မူခြင်းနှင့် ထိုပဋိညာဉ်၏ တည်မြဲမှုကို နားလည်ခဲ့ပါသည်။

ဤအစားအစာ ပညတ်ချက်နှင့် ပဋိညာဉ်ပြုသောအခါ အတူတကွ အစားအစာ စားခြင်းက ဘုရားသခင်၏လူများအား တပါးအမျိုးသားတို့နှင့် ပဋိညာဉ်ပြုခြင်းကို ဆီးတားခဲ့ပါသည်။ ထိုသို့ဖြင့် ဣသရေလသည် သန့်ရှင်းခြင်းရှိမည်ဖြစ်ပါသည်။ ဤသည်ကား အသက်တာ၌ ကျမ်းစာ သွန်သင်ချက် အသီးအခြားနေခြင်းကို လိုက်လျှောက်ခြင်းဖြစ်ပါသည်။ ဣသရေလလူတို့သည် မယုံကြည်သူများနှင့် လက်မထပ်ရပါ။ တပါးအမျိုးသား စီးပွားရေးသမားများနှင့် ပေါင်းဘော်ခြင်း မပြုရပါ။ တိုင်းတပါးနိုင်ငံများနှင့်လည်း နိုင်ငံရေး၊ စစ်ရေးများ၌ မဟာမိတ် မဖွဲ့ရပါ။ နေ့စဉ် အစားအစာ စားကြရသည်ဖြစ်သောကြောင့် ဤအစားအစာ ပညတ်ချက်က သူတို့သည် တပါးအမျိုးသားတို့နှင့် ဝိညာဉ်အရေး၌ လုံးဝ မတူညီကြောင်း၊ ကွဲပြားခြင်းရှိကြောင်း သတိရစေပါလိမ့်မည်။

ယနေ့ ယုံကြည်သူများသည် မိမိတို့၏ ဝိညာဉ်ပိုင်းဆိုင်ရာ အခြေအနေကို သိမှတ်လျက်၊ ထိမ်းမြားခြင်းနှင့် စီးပွားရေးလုပ်ငန်းတို့၌ မပေါင်းဖော်သင့်သောသူများကို သတိပြု ရှောင်ရှားဖို့ လိုအပ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၁း၈။

**ဆုတောင်းချက်** -အဖဘုရား၊ ခရစ်တော်အတွက် သန့်ရှင်းစွာ နေထိုင်ဖို့ရန် ကျမ်းစာ သွန်သင်တော်မူသော အသီးအခြားနေထိုင် ကျင့်ကြံခြင်းတရားကို အကျွန်ုပ်အား မစ လိုက်လျှောက်စေတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။ အာမင်။

သောကြာ၊ မေ (၁၀)
**ဝတ် ၁၁**
ဧဇ ၁၀း၁၀-၁၂

*"ငါသည် သင်တို့၏ ဘုရားသခင် ဖြစ်ခြင်းငှါ၊ သင်တို့ကို အဲဂုတ္တုပြည်မှ ကယ်နှုတ်သော ထာဝရဘုရား ဖြစ်၏"*

## မစင်ကြယ်သောအရာ၊ စင်ကြယ်သောအရာ

ခမ္မဟောင်းခေတ် ဣသရေလလူတို့သည် မသန့်ရှင်းသော တိရစ္ဆာန်ကို မကိုင် မထိရကြဟု အချို့ ခရစ်ယာန်များက သင်ပေးခဲ့ပါသည်။ ဤသွန်သင်ချက်သည် မှားပါသည်။ မှန်ခဲ့လျှင်၊ ယေရုရှလင်မြို့ထဲသို့ သခင်ယေရှု ခရစ်တော်သည် မြည်းကို စီးလျက် ဝင်ခဲ့လိမ့်မည် မဟုတ်ပါ။ မှန်ကန်သော သွန်သင်မှုသည်ကား၊ သန့်ရှင်းစင်ကြယ်သောသူသည် စင်ကြယ်သောအစားအစာကို စားကြ၏ ဟူ၍ ဖြစ်ပါသည်။ မစင်ကြယ်သော အစားအစာ စားခြင်းဆိုသည်မှာ ချက်ပြုတ်ခြင်း မပြုမှီ ထို မစင်ကြယ်သော တိရစ္ဆာန်ကို သတ်ခြင်း၊ အသေကောင် ထိတွေ့ကိုင်တွယ်ခြင်း ပါပါသည်။ ဘုရားသခင်၏လူတို့သည် မစင်ကြယ်သော တိရစ္ဆာန် အသေကောင်ကို ထိတွေ့ကိုင်တွယ်လျှင် မစင်ကြယ်သောသူ ဖြစ်ကြပါသည်။ အသက်ရှင်သော မစင်ကြယ်သည့် တိရစ္ဆာန်၊ ဝက်၊ လင်းယုန် (သို့) မြည်း စသည်တို့ကို ဣသရေလလူသည် ထိတွေ့ကိုင်တွယ်လျှင် ထိုသူသည် မစင်ကြယ် မဖြစ်ပါ။ အဓိကအချက်မှာ အသေကောင်ပင်ဖြစ်ပါသည်။ စင်ကြယ်သည့် တိရစ္ဆာန် အသေကောင် မူကား ထာဝရဘုရား ခွင့်ပြုတော်မူ၏။ သို့မဟုတ်လျှင်၊ ဣသရေလလူတို့သည် ဟင်းသီးဟင်းရွက် ကိုသာ စားရကြမည်ဖြစ်ပါသည်။

ထာဝရဘုရားက တိရစ္ဆာန်အပေါင်း၊ ငှက်များနှင့်ငါးများတို့တွင် မစင်ကြယ်သော အကောင်များကို သတ်မှတ်တော်မူ၏။ ထိုသို့သတ်မှတ်ခြင်း၌ ဘုရားသခင်က အကြောင်းရင်း မဖော်ပြထားပါ။ ဣသရေလလူတို့သည် ထာဝရဘုရားအတွက် သန့်ရှင်းသောသူများဖြစ်ကြသောကြောင့်၊ ထိုသန့်ရှင်း စင်ကြယ်မှုကို စောင့်ရှောက်ဖို့ရန် ထိုအစားအစာ ပညတ်ချက်များကို လိုက်လျှောက်ဖို့ ဘုရားသခင် မိန့်တော်မူ၏။ ထာဝရဘုရားသည် သန့်ရှင်းတော်မူသည်ဖြစ်သောကြောင့်၊ မိမိလူတို့သည်လည်း ဘုရားသခင်နည်းတူ သန့်ရှင်းခြင်းရှိကြရပါမည်။ ဝတ် ၁၁း၄၅၊ "ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်ခြင်းငှါ၊ သင်တို့ကို အဲဂုတ္တုပြည်မှ ကယ်နှုတ်သော ထာဝရဘုရားဖြစ်၏။ ငါသည် သန့်ရှင်းတော်မူသောကြောင့်၊ သင်တို့သည် သန့်ရှင်းခြင်း ရှိရကြမည်။" သန့်ရှင်းခြင်းသည် ဣသရေလလူတို့၏ သက်သေခံခြင်းအတွက် အဓိကကျသောအရာဖြစ်ပါသည်။ ထို့ကြောင့် ဣသရေလလူတို့သည် တပါးအမျိုးသားများနှင့် ထိမ်းမြားလက်ထပ်သောအခါ၊ တပါးအမျိုးသား ရှင်ဘုရင်များနှင့် မဟာမိတ်ဖွဲ့သောအခါ၊ ဤအစားအစာ ပညတ်ချက်ကို ညစ်ညူးစေကြပါသည်။ ထိုအခါ သူတို့သည် မစင်ကြယ်သောသူ ဖြစ်လာ၏။ အသီးအခြားနေခြင်း တရားကို ဤအစားအစာ ပညတ်ချက်ကလည်း ကိုယ်စားပြုပါသည်။ ဤတရားသည် ယုံကြည်သူတိုင်းအတွက် ပထမဆုံး ပြုရမည့် အရေးကြီးဆုံးသော မိမိကိုယ်ကိုကာကွယ်ခြင်း ပင်ဖြစ်ပါသည်။

ဤအစားအစာ ပညတ်ချက်အားဖြင့်၊ ယနေ့ ခရစ်ယာန်တို့သည် ခရစ်တော်အတွက် မိမိကိုယ်ကို သန့်ရှင်းစွာ ထိန်းသိမ်းစောင့်ရှောက်ဖို့ရန် အလွန်အရေးကြီးကြောင်းကို သိပြုကြရပါမည်။ ရောနှောနေခြင်းက သန့်ရှင်းစင်ကြယ်သော သက်သေခံခြင်းကို ဖျက်ဆီးလျက်ရှိပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၁း၄၄။
**ဆုတောင်းချက်** -အို အမြင့်ဆုံးသော အဖဘုရား၊ ကိုယ်တော်အတွက် အကျွန်ုပ်ကို သန့်ရှင်းစွာ စောင့်ရှောက်တော်မူပါ။ အာမင်။

*"သားမိန်းမကို ဘွားမြင်လျှင်၊ ဥတုရောက် သကဲ့သို့ တဆယ်လေးရက် ပတ်လုံး မစင်ကြယ်နေရမည်"*

# သားဘွားပြီးနောက် သန့်ရှင်းစေခြင်း

သားဘွားခြင်းက မိန်းမကို ဘုရားသခင်ရှေ့၌ မည်သို့ မစင်ကြယ်သောသူ ဖြစ်စေသနည်း။ ထိုအကြောင်းကို ဝတ် ၁၂ ထဲတွင် တွေ့ရပါသည်။ မိန်းမသည် သားယောကျ်ားကို မွေးလျှင် ခုနစ်ရက် မစင်ကြယ်ဖြစ်လိမ့်မည်။ ရှစ်ရက်မြောက်နေ့တွင်၊ ခလေးကို အရေဖျားလှီးခြင်းမင်္ဂလာ ခံစေရပါမည်။ ထို့နောက်၊ ခလေး အမေသည် "စင်ကြယ်စေခြင်းနှင့်ဆိုင်သော အသွေး" (ဝတ် ၁၂း၄) ဟု သိမှတ်သော၊ သုံးဆယ့်သုံးရက် လုံးလုံး ဆက်လက်၍ မစင်ကြယ်ဖြစ်ပါလိမ့်မည်။ သို့သော်လည်း၊ သမီးမွေးလျှင်၊ အမေသည် ဆယ့်လေးရက် မစင်ကြယ်ဖြစ်ပြီးမှ၊ "စင်ကြယ်စေခြင်းနှင့်ဆိုင်သော အသွေး" (ဝတ် ၁၂း၅) အတွက်၊ ခြောက်ဆယ့်ခြောက်ရက် ဆက်လက်၍ မစင်ကြယ်ဖြစ်ပါလိမ့်မည်။ ထိုသို့ မစင်ကြယ်ခြင်းနှင့်သန့်ရှင်းစေခြင်း ကာလ နှစ်ဆ ဖြစ်ရခြင်း အကြောင်းကို ကျန်းမာရေးဆိုင်ရာ အကြောင်းရင်း ဤသို့ ပေးထားပါသည်၊ သမီးမွေးသောအခါ အမေသည် သွေးထွက် ပို၍ များသောကြောင့် အနားယူဖို့ အချိန် ပိုလိုအပ်သည်ဟု ဆိုပါသည်။ သို့သော်လည်း၊ ကျမ်းစာသည် ကျန်းမာရေး စာအုပ် မဟုတ်ပါ။ မစင်ကြယ်သော တိရစ္ဆာန် မစားရန် တားမြစ်ခြင်းသည် ကျန်းမာရေး အတွက် မကောင်းသောကြောင့် မဟုတ်သကဲ့သို့၊ ယခု မစင်ကြယ်ခြင်း ကာလသည်လည်း ကျန်းမာရေးနှင့် မဆိုင်ပါ။

ကျမ်းစာသည် ဝိညာဉ်အရေးနှင့်ဆိုင်ရာ စာအုပ်ဖြစ်ပါသည်။ ထိုကြောင့် ဝိညာဉ်ပိုင်းဆိုင်ရာ ရှင်းပြချက်မှုကား၊ ခွဲခြားခြင်းပင်ဖြစ်ပါသည်။ အဓိကအချက်မှာ သားယောကျ်ား အရေဖျားလှီးခြင်း ပင်ဖြစ်ပါသည်။ ဤသည်ကား ဝိညာဉ်အရေး ခွဲခြားခြင်းဖြစ်ပါသည်။ အရေဖျားလှီးခြင်း၏လက္ခဏာသည် ခရစ်တော်၌ ကယ်တင်ခြင်း လက္ခဏာပင်ဖြစ်ပါသည်။ တပါးအမျိုးသားသည် ယုံကြည်သူဖြစ်လာသောအခါ၊ ခရစ်တော်၏တပည့်တော်ဖြစ်လာကြောင်း သက်သေလက္ခဏာအဖြစ် အရေဖျားလှီးခြင်းကို ခံပါသည်။ ဣသရေလသည် သူ့အိမ်ဖြစ်လာခဲ့ပါသည်။ ထိုအခါ ပသခါပွဲနှင့် တဆေးမဲ့မုန့်ပွဲ အပါအဝင်၊ ဣသရေလ၏ပွဲအားလုံး၌ ပါဝင်ခွင့်ရခဲ့ပါသည်။ ဗမ္ဗဟောင်း၏ မင်္ဂလာဖြစ်သော အရေဖျားလှီးခြင်းသည် ဆက်ကပ်ခြင်းအတွက် ကျေးဇူးတော် မင်္ဂလာဖြစ်ပါသည်။ ထို ဝိညာဉ်အရေးနှင့်ဆိုင်သော မင်္ဂလာကြောင့်၊ သမီးထက် သားမွေးဘွားသောအခါ မိခင်၏ မစင်ကြယ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်စေခြင်း ကာလသည် ပို၍ တိုရခြင်းဖြစ်ပါသည်။

အသွေးသွန်းခြင်းသည် ထာဝရဘုရားရှေ့တွင် အလွန်အရေးကြီးပါသည်။ ခရစ်တော်၏ အသွေးသွန်းခြင်းကြောင့် ကျွန်တော်တို့သည် အပြစ်လွတ်ခြင်းကို ခံရကြ၏။ မိန်းမသည် သားဘွားသောအခါ၊ များစွာအသွေးသွန်းသောကြောင့် မစင်ကြယ်ဖြစ်ရ၏။ ရာသီလာသောအခါ၌လည်း ထိုသို့ပင်ဖြစ်ပါသည်။ ဤအချက်က ဣသရေလလူတို့အား လူတို့၏ မစင်ကြယ်မှုကို သိစေလျက်၊ သန့်ရှင်းစင်ကြယ်စေခြင်းအတွက် ခရစ်တော်၏အသွေးသွန်းခြင်း လိုအပ်ကြောင်းကို ဖော်ပြခဲ့ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၂း၄။

**ဆုတောင်းချက်** -အဖဘုရား၊ ခရစ်တော်အတွက် သန့်ရှင်းစွာ နေထိုင်ဖို့ရန် ကျမ်းစာ သွန်သင်တော်မူသော အသီးအခြားနေထိုင် ကျင့်ကြံခြင်းတရားကို အကျွန်ုပ်အား မစ လိုက်လျှောက်စေတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။ အာမင်။

# မစင်ကြယ်ခြင်း - အပြစ်လော

အပြစ်ပြုခြင်းက မစင်ကြယ်ခြင်းကို ဖြစ်စေနိုင်ပါသည်။ ဥပမာအားဖြင့်၊ လူတဦးသည် မိမိအိမ်နီးချင်း ပစ္စည်းကို ခိုးယူလျှင် ထိုအပြစ်ကြောင့် သူသည် ဘုရားသခင်ရှေ့၌ မစင်ကြယ်ဖြစ်ပါသည်။ စင်ကြယ်စေခြင်း အတွက် သူသည် ယဇ်ပူဇော်ခြင်း ယူဆောင်လျက်၊ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းကို ပြန်လည်တည်ဆောက်ဖို့လိုပါသည်။ သို့သော်လည်း၊ သားဘွားခြင်းအမှုကြောင့် မစင်ကြယ်ဖြစ်ခြင်း၌ ဘယ်အပြစ်က ထိုမိန်းမကို မစင်ကြယ်ဖြစ်စေပါသနည်း။ ဤသို့သော မစင်ကြယ်ခြင်းအမှုတွင် တရားသော ဘုရားသခင်က ထိုသို့ ကြေငြာသောကြောင့် ဘုရားသခင်နှင့်သာ ဆိုင်သောအရာဖြစ်ပါသည်။

မိန်းမသည် သားဘွားခြင်း၌ အဘယ်အပြစ်မျှ မကျူးလွန်ပါ။ သို့သော်လည်း၊ သန့်ရှင်းစင်ကြယ်စေခြင်းအဆင့်ဆင့်ကို ပြုလျက် မီးရှို့ရာယဇ်နှင့်အပြစ်ဖြေရာယဇ် ပူဇော်ခြင်းဖြင့် အဆုံးသတ်ရပါမည်။ ဤ ယဇ်ပူဇော်ခြင်းနှစ်ခုသည် အပြစ် သန့်ရှင်းစေခြင်းကို အထူးဖော်ပြပါသည်။ မီးရှို့ရာယဇ်သည် အပြစ်လွှတ်ခြင်းအတွက် ဖြစ်၍၊ အပြစ်ဖြေရာယဇ်သည် အပြစ်မှ သန့်ရှင်းစေခြင်းအတွက်ဖြစ်ပါသည်။ သို့သော်လည်း၊ ယခုအမှုတွင် သန့်ရှင်းစင်ကြယ်စေခြင်းကို ရည်ညွှန်းပါသည်။ ဤ ယဇ်ပူဇော်ခြင်း နှစ်မျိုးသည် အရေးကြီးပါသည်။ ဆင်းရဲသား မိသားစုအတွက်၊ တစ်နှစ်သားသိုးသငယ်နှင့် ချိုး (သို့) ခို တွဲလျက် ပူဇော်ခြင်းသည် တန်ဖိုးကြီးလှပါသည်။ ထို့ကြောင့် ချိုးနှစ်ကောင် (သို့) ခိုနှစ်ကောင် ကိုလည်း ပူဇော်၍ ရပါသည်။ မိခင်က ထိုပူဇော်သက္ကာကို မိမိ၏သန့်ရှင်း စင်ကြယ်ခြင်းအတွက် ယူဆောင်လာရပါမည်။ မစင်ကြယ်သောကာလတွင်၊ ထိုသူသည် ဘာသာရေး ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်နှင့် သန့်ရှင်းသော ပွဲများ၌ ပါဝင်ခွင့်မရှိပါ။ ထို့ကြောင့်၊ ဘုရားသခင်၏လူတို့သည် ထာဝရဘုရားနှင့် ပတ်သက်သောအရာ၌ မိမိ၏သန့်ရှင်းသော အသက်တာကို အစဉ်သတိပြုလျက်၊ ထာဝရဘုရားထံ မိမိ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်ရပါမည်။

ထိုသို့ ထာဝရဘုရားသခင်နှင့် သန့်ရှင်းသော မိဿဟာယဖွဲ့ခြင်းကို ထိန်းသိမ်းစောင့်ရှောက် ဖို့ရန် သန့်ရှင်းသောအသက်တာ ရှိခြင်းတရားကို ယနေ့ များစွာသော အသင်းတော်သည် အလေး မထားကြပါ။ ယနေ့ အဓိက အလေးထားသောအရာမှူကား ဘုရားသခင်မဟုတ်ဘဲ၊ လူ့အကြိုက် ပင်ဖြစ်ပါသည်။ ထိုအခါ ခရစ်တော်အတွက် သက်သေခံခြင်းအမှုသည် စိတ်အားထက်သန်မှု မရှိတော့ပါ။ စစ်မှန်သာ ဝိညာဉ်အသက်တာနှင့် ဇာတိသဘော ခွဲခြားခြင်း မရှိတော့ဘဲ၊ ပူလည်း မပူ၊ အေးလည်း မအေး၊ နွေး ရုံသက်သက်ဖြစ်ကြ၏။ ယုံကြည်သူများသည် မစင်ကြယ်ဖြစ်မည်ကို အလေး မထားကြပါ။ အကြောင်းမှာ လူတိုင်း ထိုမစင်ကြယ်ခြင်းနှင့် နေသားကျလျက် နေထိုင် အသက်ရှင် နေကြ၏။

**ကျက်မှတ်ရန်** - ဝတ် ၁၁း၄၄။
**ဆုတောင်းချက်** -အဖဘုရား၊ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူလျက်၊ ကိုယ်တော်၏သန့်ရှင်းခြင်းတရားကို စွဲကိုင်ထားမည်အကြောင်း မစတော်မူပါ။ အာမင်။

တနင်္လာ၊ မေ (၁၃)
**ဝတ် ၁၃**
မသဲ ၈း၁-၄

"နူနာစွဲသော သူကို ယဇ်ပုရောဟိတ် ထံသို့ ခေါ်ခဲ့ရမည်"

## နူနာ - ထာဝရဘုရားထံမှလာသော ရောဂါ

ဣသရေလလူတို့အား ထာဝရဘုရားက မိမိစကား နားခံ လိုက်လျှောက်ကြလျှင် ကျန်းမာကြွယ်ဝခြင်းကို ပေးမည်ဟု ဂတိပေးတော်မူခဲ့ပါသည်။ တရား ၂၈း၁-၆၊ "ယနေ့ ငါဆင့်ဆိုသမျှသော ပညတ်တော်တို့ကို သင်သည် ကျင့်စောင့်ခြင်းငှါ၊ သင်၏ ဘုရားသခင် ထာဝရဘုရား၏စကားတော်ကို စေ့စေ့နားထောင်လျှင်၊ သင်၏ ဘုရားသခင် ထာဝရဘုရားသည် လူမျိုးတကာတို့ထက် သင့်ကို ချီးမြှောက်တော်မူမည်။ သင်၏ ဘုရားသခင် ထာဝရဘုရား၏ စကားတော်ကို နားထောင်လျှက်၊ သင့်အပေါ်မှာ သက်ရောက်လတံ့သော ကောင်း ကြီးမင်္ဂလာများဟူမူကား၊ သင်သည် မြို့၌ မင်္ဂလာရှိလိမ့်မည်၊ တော၌ မင်္ဂလာရှိလိမ့်မည်။ သားသမီး အားဖြင့်၎င်း၊ မြေအသီးအနှံ အားဖြင့်၎င်း၊ တိရစ္ဆာန်ဘွားသော သားငယ် လားဖြင့်၎င်း၊ သိုးနွား အစီးအပွား အားဖြင့်၎င်း မင်္ဂလာရှိလိမ့်မည်။ ခြင်းတောင်း၌၎င်း၊ မုန့်နယ်သော ခွက်၌၎င်း မင်္ဂလာရှိ လိမ့်မည်။ မိမိအိမ် ထံသို့ ဝင်လာသောအခါ မင်္ဂလာရှိလိမ့်မည်၊ ပြင်သို့ ထွက်သောအခါ မင်္ဂလာ ရှိလိမ့်မည်။" သို့သော်လည်း၊ ထာဝရဘုရား၏ စကားကို နာခံလိုက်လျှောက်ခြင်း မရှိလျှင် စီရင်ခြင်း ခံရကြမည်ဖြစ်ပါသည်။

တရား ၂၈း၂၁-၂၂၊ "သင်သွား၍ ဝင်စားလတံ့သောပြည်မှ သုတ်သင်ပယ်ရှင်းတော် မမူမှီတိုင်အောင်၊ ကာလနာကို သင်၌ စွဲစေတော်မူမည်။ ထာဝရဘုရားသည် သင့်ကို တူလာ၊ ဖျားနာ၊ ဒလခက်နာ၊ ခရခရနာဖြင့်၎င်း၊ ထားဘေး၊ လေထိ၍ အပင်သေဘေး၊ အရည်ယို၍ အပင်သေဘေးဖြင့်၎င်း ဒဏ်ခတ်တော်မူ၍၊ သင်သည် မပျက်စီးမှီတိုင်အောင် ထိုဘေးတို့သည် လိုက်ကြလိမ့်မည်"။ နူနာသည် ကုသ၍ မရသော ရောဂါဖြစ်ပါသည်။ ထာဝရဘုရားကသာလျှင် ထိုရောဂါကို ပျောက်ကင်း အောက် ကုသ နိုင်တော်မူ၏။ နူနာစွဲသည်ဟု သံသရရှိသောသူ ဣသရေလလူသည် စစ်ကြောခြင်း ခံရန် ယဇ်ပုရောဟိတ်ထံ သွားပြရပါမည်။ နူနာစွဲကြောင်း တွေ့ရလျှင်၊ ထိုသူကို မစင်ကြယ်ဟု ကြေငြာရပါမည်။ နူနာစွဲကြောင်း သေချာသောအခါ ထိုသူသည် အခြားလူတို့နှင့် ထိတွေ့ခွင့် မရှိ၊ သီးခြားထားကြရပါမည်။ လူတိုင်းက သူ့ကို ရှောင်ရှားနိုင်မည်အကြောင်း၊ သူသည် "မစင်ကြယ်၊ မစင်ကြယ်" ဟု ဟစ်ကြော်ရမည် (နှိုင်း - ဝတ် ၁၃း၄၅)။ သူ့ကို ထိသောသူတိုင်းသည် မစင်ကြယ်ဖြစ် ပါလိမ့်မည်။

ယနေ့ ကျွန်ုပ်တို့၏ နူနာရောဂါသည် အသက်တာ၌ ရှိသော အပြစ်ပင်ဖြစ်ပါသည်။ နူနာစွဲသောသူသည် ခရစ်တော်၌သာ သန့်ရှင်းစင်ကြယ်စေခြင်း ခံရနိုင်သည်နည်းတူ၊ ကျွန်ုပ်တို့၏ အပြစ်များမှ ကျွန်တော်တို့သည် ခရစ်တော်အားဖြင့်သာ ကယ်တင်ခြင်း ခံရနိုင်ပါသည်။ မသဲ ၈း၁-၄ ထဲတွင်၊ သခင်ဘုရားသည် နူနာစွဲသောသူကို ထိ၍ ထိုနူနာသည် သန့်ရှင်းစင်ကြယ်ခြင်းကို ခံရခဲ့ပါသည်။ သခင်ဘုရားသည် အစင်ကြယ် မဖြစ်ခဲ့ပါ။

**ကျက်မှတ်ရန်** - ဝတ် ၁၃း၈။

**ဆုတောင်းချက်** -အဖဘုရား၊ ကျွန်ုပ်အပြစ်များမှ၎င်း၊ အပြစ်၏ချည်နှောင်ခြင်းမှ၎င်း ကယ်နှုတ်တော်မူလျက်၊ နူနာစွဲအား သန့်ရှင်းစေ သကဲ့သို့ အကျွန်ုပ်ကို သန့်ရှင်းစေတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။ အာမင်။

*"ခေါင်း၌အနာပေါက်သောကြောင့်၊ အလျှင်း မစင်ကြယ်ဟု ယဇ်ပုရောဟိတ် စီရင်ရမည်"*

# စင်ကြယ်ခြင်းနှင့်ဆိုင်သော စီရင်ကြေငြာခြင်း

ထာဝရဘုရားကို ကိုယ်စားပြုသော ယဇ်ပုရောဟိတ်တို့သည် ထာဝရဘုရားကိုယ်စား ဣသရေလလူ၌ နူနာရောဂါ ရှိ မရှိနှင့် ထိုအရောဂါ ပျောက်ကင်းခြင်း ရှိ မရှိကို ဆုံးဖြတ်ခဲ့ရ၏။ ဤတာဝန်သည် အလွန်ကြီးလေးလှပါသည်။ သူတို့၏ဆုံးဖြတ်ချက်အပေါ်၌ ဣသရေလလူတဦးသည် လွတ်လပ်ခွင့် ရ မရ၊ အထီးကျန်စွာ သေ မသေ (သို့) အနာပျောက်ကင်းကြောင်း ကြေငြာလျက် မိသားစု၊ အဖွဲ့အစည်းနှင့် ပြန်ပေါင်းစည်းမည် မပေါင်းစည်းမည်ကို မူတည်နေပါသည်။

နူနာရောဂါသည် သေစေနိုင်သော ရောဂါဖြစ်ပါသည်။ ဤရောဂါသည် လူကို ဖြည်းဖြည်းချင်း သတ်ပါလိမ့်မည်။ ဤရောဂါသည် အကြောကို တိုက်ခိုက်သည်ဖြစ်သောကြောင့်၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း ပျက်စီးကြပါလိမ့်မည်။ နှာခေါင်း ပင်လျှင် ပျောက်ကွယ်နိုင်ပါသည်။ မီးလောင်လျှင်ပင် အနာကို မသိ၊ မခံစားရ ဖြစ်ပါလိမ့်မည်။ အသံအိုးပြောင်းလဲလျက်၊ ကွဲအက်သော အသံ ထွက်လည်မည်ဖြစ်ပါသည်။ မျက်နှာ အကြောများ၌ ရောဂါ ပျံ့နှံ့လာသောအခါ သူ့ရုပ်ရည်ကို မမှတ်မိလောက်အောင် ပြောင်းလဲမည်ဖြစ်ပါသည်။ သူ့အသားများသည် ပုပ်သိုးလာမည်ဖြစ်သောကြောင့် လူကို မမြင်မီ အနံ့အရင်ရမည်ဖြစ်ပါသည်။ ထိုရောဂါသည် ကူးစက်နိုင်သောကြောင့် သူ့ကို ရှောင်ရှားကြပါလိမ့်မည်။ ထို့ကြောင့် သူတပါး ကောင်းကျိုးအတွက် သူသည် "မစင်ကြယ်၊ မစင်ကြယ်" ဟု ဟစ်အော်ရခြင်း ဖြစ်ပါသည်။ သူသည် မိသားစုနှင့် လူအပေါင်းတို့၏ ရှောင်ရှားမှုကို ခံရပါသည်။ နူနာစွဲသောသူသည် မိမိ၏မိသားစု၊ မိဘ၊ ဇနီးနှင့်သားသမီးများ မိမိထံလာ၍ နူနာစွဲကြမည်ကို လုံးဝ လိုလားမည် မဟုတ်ပါ။ ထိုစိတ်ဒဏ်ရာသည် ရောဂါဝေဒနာဒဏ်ရာထက် ပို၍ ဆိုးရွားလှပါသည်။ နူနာစွဲသောသူ ဘဝ၏အရာရာတိုင်းကို ထိုစိတ်ဒဏ်ရာက သတ်ခဲ့ပါသည်။

ထာဝရဘုရားကသာလျှင် သူ့အနာရောဂါကို ငြိမ်းစေနိုင်၏။ ပုံမှန်အားဖြင့် မိမိအပြစ်ကြောင့် ထိုသို့ နူနာရောဂါကို ခံစားခြင်းဖြစ်ပါသည်။ ထာဝရဘုရား၏စကားကို နာခံခြင်း ရှိလျှင် ဣသရေလလူတို့သည် ကျန်းမာ ကြွယ်ဝခြင်း ခံစားရမည်အကြောင်း ဂတိတော်ရှိခဲ့ပါပြီ။ သူတို့သည် ရုပ်တုဆင်းတုကို ထားခဲ့ပြီး ထာဝရဘုရားထံ ပြန်လာခဲ့ကြလျှင် ထာဝရဘုရားသည် သူတို့ကို ပြန်လည်ပြုပြင်လျက် အနာငြိမ်းစေတော်မူမည်ဖြစ်ပါသည်။

ယဇ်ပုရောဟိတ်များသည် ဘုရားသခင်၏လူများကို ဤတရား သင်ပေးကြရပါမည်။ ဘယ်အပြစ်ကို မဆို ခရစ်တော်၏အသွေးတော်က ဆေးကြောသန့်ရှင်းပေးနိုင်ပြီး၊ ခွင့်လွှတ်ပေးတော်မူနိုင်၏။ အပြစ်သည် ကျွန်ုပ်တို့ကို ဘုရားသခင်၏မိသားစုဝင် မဖြစ်ဖို့ရန် ဆီးတားလျက်ရှိပါသည်။ အပြစ်ရှိလျက် သေဆုံးခဲ့ပါလျှင်၊ ဘုရားသခင်နှင့် ထာဝရ ဝေးကွာခဲ့မည်ဖြစ်ပါသည်။ ငရဲသို့ သွားရပါမည်။ အနာငြိမ်း ကယ်တင်ခြင်း ခံရမည်အကြောင်း အပြစ်မှ နောင်တရလျက် ခရစ်တော်ကို ယုံကြည်ဖို့လိုပါသည်။ ထိုအခါ ခရစ်တော်၌ တည်သော ကျွန်ုပ်တို့ အသက်တာသစ်ကို မြင်ရကြမည်။

**ကျက်မှတ်ရန်** - ဝတ် ၁၃း၃၄။

**ဆုတောင်းချက်** -အို အဖဘုရား၊ အပြစ်မှ ကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။ ကျွန်ုပ်အပြစ်များကို ဝန်ခံ နောင်တရလျက်၊ ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင် သခင်အဖြစ် လက်ခံ ယုံကြည်ပါသည်။ ယေရှုနာမတော်အားဖြင့် ဆုတောင်းပါ၏။ အာမင်။

# မစင်ကြယ်သောသူသည် သူတပါးကို မစင်ကြယ်ဖြစ်စေနိုင်၏

"မစင်ကြယ်၊ မစင်ကြယ်" ဟု နူနာစွဲသောသူသည်၊ ဘယ်သူမှ မိမိအနီး မလာမည်အကြောင်း၊ ထိုရောဂါ မကူးစက်မည်အကြောင်း၊ အဝေးမှ အော်ဟစ်ရပါသည်။ မစင်ကြယ်၊ ညစ်ညူးခြင်း ဖြစ်မည်ကို စိုးရိမ်ခြင်းသည် တကိုယ်ရည်သန့်ရှင်းရေး အကြောင်းကြောင့် မဟုတ်ပါ။ အခြား မဟုတ်၊ ဝိညာဉ်ရေးရာနှင့် ဆိုင်သောအမှုဖြစ်ပါသည်။ ယနေ့ ကမ္ဘာ၌ဖြစ်ပျက်နေသော ရောဂါကူးစက်ခြင်းနှင့် မတူပါ။ လူ့အသက်နှင့် အသက်ရှင်ခြင်းသည် အဓိကကျသောကြောင့်၊ ထိုသို့ ရောဂါ မပျံ့နှံ့ဖို့ရန် အလွန်ပြင်းထန်သော ဥပဒေများကို ချမှတ်ကြပါသည်။ ထိုအလွန်ပြင်းထန်သည့် ဥပဒေများကို လူ့အသက်ကယ်ရန်နှင့် တိုင်းပြည် စီးပွါးရေးအတွက် ချမှတ်ကြပါသည်။ လူတို့၏ လုံခြုံမှုအတွက် ချမှတ်ထားသော ထိုအမှုများ၌ ဝိညာဉ်ရေးရာအကျိုး မျှော်ကိုးခြင်း မရှိပါ။

သို့သော်လည်း နူနာစွဲသောသူအတွက် ဘုရားသခင်၏ပညတ်ချက်များသည် ဣသရေလလူတို့၏ ဝိညာဉ်အရေးကို စောင့်ရှောက်ဖို့ရန် ဖြစ်ပါသည်။ ဘုရားသခင်၏လူတို့သည် ထာဝရဘုရား၏စကားကို နာခံခြင်းရှိလျှင်၊ ဤနူနာရောဂါနှင့် အခြားသောအနာရောဂါတို့သည် သူတို့အတွက် သေစေသော ရောဂါ မဖြစ်ကြပါ။ နာခံခြင်း မရှိလျှင် သူတို့သည် ဒဏ်ခတ်ခြင်း ခံရကြ၏။ ထို့ကြောင့်၊ လူတစ်ဦးသည် မိမိအပြစ်ကြောင့် ဒဏ်ခတ်ခြင်း ခံရသောအခါ၊ ထိုအပြစ်၏ဆိုးကျိုးသည် နူနာရောဂါကဲ့သို့ သတိမထားဘဲ နေသော ပတ်ဝန်းကျင်ရှိ အခြားသောသူတို့ကို လွှမ်းမိုးနိုင်ပါသည်။ နူနာရောဂါ ပျံ့နှံ့ပါလျှင် သန့်ရှင်းသော ပွဲအပေါင်းကို ထိခိုက်ပါလိမ့်မည်။ မစင်ကြယ်သောသူသည် ဘုရားသခင်၏ သန့်ရှင်းသော ပွဲအားလုံး၌ ပါဝင်ခွင့် မရပါ။ သူ ကိုင်တွယ် ထိသမျှသောအရာသည် မစင်ကြယ်ဖြစ်ကြပါလိမ့်မည်။ သန့်ရှင်းစင်ကြယ်သော ဘယ်အရာမျှ မထိရပါ၊ သို့ မဟုတ်လျှင် ထိုစင်ကြယ်သောအရာသည် မစင်ကြယ်ဖြစ်လိမ့်မည်။ ထို့ကြောင့်၊ သူ ဝတ်ဆင်သော အဝတ်အစား အားလုံးကို မီးရှို့ ကြရပါမည်။

ဣသရေလလူတို့၏ အသက်ရှင်ခြင်း ဘဝတွင် သန့်ရှင်းစင်ကြယ်ခြင်းသည် ပုံမှန်အရာဖြစ်ပါသည်။ သူတို့သည် သန့်ရှင်းသောအမှုကိုဆောင်ရွက်သော သန့်ရှင်းသောအမျိုး ဖြစ်ကြောင်း သတိပြု ကြရပါမည်။ ထိုသန့်ရှင်းသော နေ့ နှင့် ပွဲများကို သန့်ရှင်းတော်မူသော ဘုရားသခင်က သတ်မှတ် တော်မူခြင်း ဖြစ်ပါသည်။ လူနှင့် ဣသရေလလူတို့သည် ထိုသန့်ရှင်းသောနေ့ရက်ကို မသတ်မှတ် နိုင်ပါ။ ဘုရားသခင်ကိုယ်စားပြုကြခြင်းအမှုသည်လည်း ဘုရားသခင် သတ်မှတ်တော်မူခြင်းဖြစ်၏။ သန့်ရှင်းစင်ကြယ်ခြင်း ဆိုသည်မှာ ခရစ်ယာန်တို့သည် သန့်ရှင်းသောသူဖြစ်မည်အကြောင်း သမ္မာကျမ်းစာအတိုင်း အသက်ရှင်လျက်၊ အပြစ်ဟု ထင်ရသောအရာနှင့် အပြစ်အပေါင်းကို ရှောင်ရှားလျက် နေထိုင်ကျင့်ကြံခြင်း ပင်ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၃း၅၂။

**ဆုတောင်းချက်** -အို အဖဘုရား၊ ခရစ်တော်၌ ကျွန်ုပ်ကို သန့်ရှင်းစေတော်မူလျက်၊ ဤနောက်ဆုံးသောကာလ၌ ကိုယ်တော်၏ သက်သေဖြစ်မည်အကြောင်း ကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ။ အာမင်။

*"နူနာစွဲသောသူသည် စင်ကြယ်သောနေ့၌ ကျင့်ရသော တရားဟူမူကား၊ ထိုသူကို ယဇ်ပုရောဟိတ် ထံသို့ခေါ်ခဲ့ပြီးမှ . . . "*

# ဝိညာဉ်ရေးရာ စင်ကြယ်စေခြင်း ရှင်းပြချက်

နာခံခြင်းဖြင့် အသက်ရှင်သော ဘုရားသခင်၏လူတို့သည် အနာရောဂါမှ ကွယ်ကာခြင်း ခံရကြလိမ့်မည်။ ထို့ကြောင့် နူနာရောဂါစွဲသောသူသည် အပြစ်ကြောင့် ဘုရားသခင် ဒဏ်ခတ်ခြင်း ဖြစ်ပါသည်။ အပြစ်မှ နောင်တရ၍ အနာငြိမ်းသောအခါ၊ သူသည် လူအဖွဲ့အစည်းထံ ပြန်လည် ပါဝင်ခွင့်ရပြီး၊ အထူးသဖြင့် ထာဝရဘုရားနှင့် ပြန်လည်သင့်မြတ်ခဲ့ပါသည်။ ထို့ကြောင့် ဤဖြစ်စဉ် သည် နည်းနာ တခုသာသာ မဟုတ်၊ ဝိညာဉ်နှင့်ဆိုင်သောအမှုဖြစ်ပါသည်။

ဘုရားသခင်နှင့်လူအကြား၌ သံတမန်အဖြစ် ဘုရားသခင် ခန့်ထားတော်မူသော ယဇ်ပုရောဟိတ်များ ရှေ့၌ မိမိကိုယ်ကို ပြကြရပါမည်။ ထို့ကြောင့် ယဇ်ပုရောဟိတ်တို့သည် အလွန် အာဏာရှိခဲ့ကြပါသည်။ ထို့ပြင် သူတို့သည် အပြစ်အနာစာ မရှိအောင် ရိုးသားဖြောင့်မတ်ကြဖို့ လိုအပ်ပါသည်။ သန့်ရှင်းစင်ကြယ်စေခြင်းကာလသည် ရှစ်ရက်ဖြစ်ပါသည်။ စင်ကြယ်စေခြင်း ပထမ နေ့ မတိုင်မီ၊ ယဇ်ပုရောဟိတ်သည် နူနာစွဲသောသူကို တပ်ပြင်၌ စစ်ဆေးရပါမည်။ အကြောင်းမှာ အနာရောဂါ မငြိမ်းခဲ့ မိလျှင် ဟူသောအချက်ကြောင့်ဖြစ်ပါသည်။ အနာငြိမ်းခဲ့လျှင် ငှက်နှစ်ကောင်ကို အရှင် ယူလာခဲ့ရပါမည်။ တကောင်ကို စီးသောရေ ထည့်ထားသော မြေအိုးထဲ၌ သတ်ရပါမည်။ အရှင်တကောင်ကို ပထမအကောင်၏အသွေးရှိသော မြေအိုးထဲသို့ အာရစ်သစ်သား (မပျက်စီးနိုင်သော)၊ နီမောင်းသော ကြိုး (သွေး) နှင့် ဟုသုပ်ပင်ညွန့် (နံ့သာ)နှင့်တကွ နှစ်ရပါမည်။ ထို့နောက် ထိုငှက်ကို လွှတ်ရပါမည်။ ထိုသို့ မလွှတ်မီ၊ နူနာ၏ အနာရောဂါ ငြိမ်းပါပြီ ဟူသော အချက်ကို ပြသခြင်းဖြင့် သူ့အပေါ်၌ ငှက်သွေးရောသောရေကို ခုနစ်ကြိမ် ဖြန်းရပါမည်။

ဤစင်ကြယ်စေခြင်း စတင်ခြင်းအမှုကြောင့် နူနာသည် အလွန် ဝမ်းမြောက် ငြိမ်သက်ခြင်း ကို ခံစားပါလိမ့်မည်။ နူနာရောဂါသည် ထာဝရဘုရားသာလျှင် ပျောက်ကင်းစေနိုင်သော သေစေနိုင် သည့် ရောဂါဖြစ်ပါသည်။ ယခု နူနာစွဲသောသူသည် အနာငြိမ်းပြီဖြစ်သောကြောင့်၊ သူသည် ဘုရားသခင်အပေါ် ပြန်လည် အပြစ်ပြုလျက်၊ အပြစ်ထဲ၌ ထပ်နေချင်မည်ဟု သင်ထင်ပါသလား။ သူသည် ဘုရားသခင်၏ကျေးဇူး ကရုဏာတော်ကို ခံစားလျက်၊ ခရစ်တော်ကို မိမိ၏သခင်၊ ကယ်တင်ရှင် အဖြစ်လက်ခံခဲ့ပြီးဖြစ်ပါသည်။ နောင်တရခြင်းဖြင့် အနာရောဂါ ငြိမ်းခြင်းလည်း ခံစား ခဲ့ပါသည်။ ငှက်အရှင်ကို ပထမအကောင်၏အသွေးနှင့်ရောသော ရေထဲသို့ နှစ်ပြီးမှ လွှတ်ပေးခြင်း က အသွေးသွန်းခြင်း မရှိဘဲ၊ အပြစ်လွှတ်ခြင်း မရှိဟူသော တရားကို ရှင်းလင်းစွာ ဖော်ပြပါသည်။ နူနာရောဂါထက် ပိုဆိုးရွားသော အပြစ်မှ ကျွန်တော်တို့သည် ကယ်တင်ခြင်း ခံရကြပါသည်။ ခရစ်တော်၏ အသွေးတော်အားဖြင့် ကျွန်တော်တို့သည် အပြစ်မှ ဆေးကြောခြင်း ခံရ၍၊ သေခြင်း နှင့်ငရဲတည်းဟူသော ထိုအပြစ်၏အခမှ လွတ်မြောက်ခြင်းအခွင့် ပေးတော်မူခဲ့ပြီ ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၄း၈။

**ဆုတောင်းချက်** -အို အဖဘုရား၊ အပြစ်များကို ဝန်ခံ နောင်တရလျက် ယေရှုခရစ်တော်ကို မိမိ၏ ကယ်တင်ရှင် သခင်အဖြစ် ယုံကြည် လက်ခံသည်ဖြစ်သောကြောင့်၊ ကျွန်ုပ်အပြစ်များမှ ကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။ အာမင်။

သောကြာ၊ မေ (၁၇)
**ဝတ် ၁၄**
တမန် ၂း၃၇-၄၁

*“သတ္တမနေ့၌ မိမိဆံပင်၊ မုတ်ဆိတ်၊ မျက်ခုံမွေး အစရှိသော ကိုယ်မွေး ရှိသမျှကို ရိတ်၍ . . . ”*

## ဆံပင်ရိတ်ခြင်း

အလိုမတူဘဲ လူတဦး၏ မုတ်ဆိတ်ကို အတင်း ရိတ်ပေးခြင်းသည် ထိုလူကို အရှက်ခွဲခြင်း ဖြစ်ပါသည်။ ၂ ရာ ၁၀း၄-၅၊ “ဟာနုန်သည် ဒါဝိတ်၏ ကျွန်တို့ကို ယူပြီးလျှင်၊ မုတ်ဆိတ် တခြမ်းကို ရိတ်၍ အဝတ်ကို တင်ပါးတိုင်အောင် ဖြတ်ပြီးမှ လွှတ်လိုက်လေ၏။ ထိုသတင်းကို ဒါဝိတ်သည် ကြားသော အခါ၊ ထိုသူတို့သည် အလွန် ရှက်သောကြောင့် သူတို့ကို ဆီးကြိုစေခြင်းငှါ စေလွှတ်၍၊ သင်တို့သည် မုတ်ဆိတ် မရှည်မှီတိုင်အောင် ယေရိခေါမြို့မှာ နေကြလော့။ ထိုနောက်မှ ပြန်လာကြလော့ဟု မှာထားတော်မူ၏။”

သို့သော်လည်း ဝတ် ၁၄ ထဲ၌ တွေ့ရသောအမှုသည် ဝိညာဉ်ဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်း လက္ခဏာဖြစ်ပါသည်။ ဆံပင်သည် ဆဲလ်သေများဖြင့် ဖွဲ့စည်းထားသောအရာဖြစ်၏။ နူနာစွဲသောသူသည် မိသားစုနှင့် ချစ်မိတ်ဆွေများ၏ ရှောင်ရှား ဖယ်ကြဉ်ခြင်းကို ခံခဲ့ပါသည်။ တဦးတည်း အထီးကျန်စွာ သေမည့်အစား၊ ချစ်မိတ်ဆွေများ၊ လူ့အသိုင်းအဝိုင်းနှင့် ပြန်လည် ပေါင်းစည်းခြင်းကို တောင့်တနေခဲ့ပါသည်။ ယခု သူသည် လုံးဝ အနာငြိမ်းပြီ ဖြစ်သောကြောင့်၊ လူတို့နှင့် ပြန်လည် ပေါင်းစည်းခွင့် ဘုရားသခင် ပေးတော်မူကြောင်း လူတိုင်း သိမြင်ခဲ့ရပါသည်။ ခုနစ်ရက်မြောက်သော နေ့တွင် ယဇ်ပုရောဟိတ်သည် သေချာ စစ်ကြောလျက်၊ မိန့်တော်မူသည်အတိုင်း စင်ကြယ်စေခြင်း ယဇ်ကောင်များကို ပူဇော်ပြီး၊ ထာဝရဘုရား လက်ခံတော်မူသောအခါ၊ ထိုသူသည် အိမ်သို့ ပြန်၍ ပုံမှန် အသက်တာဖြင့် အသက်ရှင်ခွင့် ရလိမ့်မည်ဖြစ်ပါသည်။

ထိုနူနာသည် မိမိ၏ဘဝကို ပြန်လည် ရှိသည်ဖြစ်သောကြောင့်၊ ထာဝရဘုရား တောင်းလျှောက်တော်မူသောအရာတိုင်းကို ဆောင်ရွက်ဖို့ရန် အသင့်ဖြစ်နေပါလိမ့်မည်။ သူ၏ဆံပင်၊ မုတ်ဆိတ်နှင့် မျက်ခုံမွေးများကို ရိတ်ရပါမည်။ အခြားသူများနှင့် သူသည် လုံးဝ ခြားနားပါလိမ့်မည်။ သူ့အဝတ်အစားများကို လျှော်၍ ရေချိုးပြီးမှ သူသည် စင်ကြယ်သည်ဟု ကြေငြာမည်ဖြစ်ပါသည်။ ဤအဖြစ်အပျက်ကို သူနှင့်သူ့မိသားစုတို့သည် ဘယ်တော့မှ မေ့တော့မည် မဟုတ်ပါ။ အပြစ်၊ သေခြင်းနှင့် ငရဲမှ ကယ်တင်ခြင်း ခံရသောအပြစ်သားသည် ခရစ်တော်၏အသွေးတော်ဖြင့် သန့်ရှင်း စင်ကြယ်စေခြင်း ခံရပြီဖြစ်ကြောင်း ပြသဖို့ရန် ထာဝရဘုရား မိန့်တော်မူသောအချက်များကို လိုက်လုပ်ဖို့ရန် အသင့် ဖြစ်နေရပါမည်။ သူသည် ယခု ဒုတိယမွေးဖွားခြင်း ခံရသည်ဖြစ်၍ အသက်ရှင်သောသူများ၏ပြည်၌ အသက်ရှင်ခွင့် ရပြီဖြစ်ပါသည်။ ထာဝရဘုရား တောင်းလျှောက်သောအရာတို့တွင် တခုမှာ ဗတ္တိဇံ မင်္ဂလာ ခံခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ မိမိကိုယ်ကို ယုံကြည်သူဟု ဆိုလျက်၊ ဗတ္တိဇံ မင်္ဂလာ မခံယူလိုသောသူတို့သည် ကယ်တင်ခြင်း အစစ်အမှန်၊ ရ မရ မသေချာဟု ဆိုနိုင်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၄း၈။
**ဆုတောင်းချက်** - အို အဖဘုရား၊ ကိုယ်တော်၏စကားကို အကြွင်းမဲ့ လိုက်နာမည်အကြောင်း မစတော်မူပါ။ အာမင်။

*"ဤရွေ့ကား၊ စင်ကြယ်သည်၊ မစင်ကြယ်သည်ကို ပိုင်းခြား၍ သိစေခြင်းငှါ . . . နူနာအမျိုးမျိုးနှင့်ဆိုင်သော နူနာတရား ဖြစ်သတည်း"*

# ထာဝရဘုရားထံ ရှေးဦးစွာ ပြန်ပါလော့

နူနာစွဲသောသူသည် တပ်ထဲသို့ (လူထုပရိသတ်ထံ) ပြန်လာခွင့် ရသောအခါ၊ သူသည် ရှေးဦးစွာ ထာဝရဘုရားရှေ့၌ သန့်ရှင်းစင်ကြယ်ခြင်း ပြုရပါမည်။ ထို့နောက် မိသားစုနှင့် ဆွေမျိုးထံ ပြန်သွားရပါမည်။ ထိုသို့သော မျှော်လင့်ချက်မဲ့သည့် အခြေအနေ၊ နာကျင်စရာ ကောင်းလှသော နူနာရောဂါ ခံစား ပြီးနောက်တွင်၊ ထာဝရဘုရားကို ပထမနေရာ၌ အစဉ် ထားရမည်ဖြစ်ပါသည်။

ထိုသို့နူနာရောဂါကို သူ့အပြစ်ကြောင့် ထာဝရဘုရား ခံစား စေတော်မူခြင်းဖြစ်ကြောင်း ကျွန်တော်တို့ သိရပါသည်။ ခရစ်တော်၌ ဘုရားသခင်နှင့် မိမိ၏ပတ်သက်မှု မှန်ကန်စေခြင်းငှါ သူသည် ထာဝရဘုရားထံ ပူဇော်သက္ကာ ယူဆောင်လာရပါမည်။ ဒုစရိုက်ဖြေရာယဇ်၊ အပြစ်ဖြေရာယဇ်၊ မီးရှို့ရာယဇ်နှင့်ချီလွှဲခြင်းယဇ်တို့ကို ထာဝရဘုရားထံ ပူဇော်ရပါမည်။ မီးရှို့ရာယဇ်နှင့်အပြစ်ဖြေရာယဇ်များ ပူဇော်ရာ၊ မီးရှို့ရာယဇ်ပလ္လင်၌ ပူဇော်ရမည်ဖြစ်ပါသည်။ ထို့နောက် ဒုစရိုက်ဖြေရာယဇ်ကောင်၏အသွေးကို အနာငြိမ်းသောသူအား စင်ကြယ်စေခြင်းငှါ သူ၏ လကျ်ာ နား၊ လကျ်ာ လက်မနှင့် လကျ်ာ ခြေမတို့ကို လိမ်းရပါမည်။ ချီလွှဲခြင်းယဇ်၌ အသုံးပြုသောဆီကို သူ့ကိုယ်ပေါ်၌ ခုနစ်ကြိမ် ဖြန်းရပါမည်။ ထို့ပြင် ထိုဆီဖြင့် လကျ်ာ နား၊ လကျ်ာ လက်မနှင့် လကျ်ာ ခြေမတို့ကို လိမ်းရပါမည်။ ကျန်သေးသော ဆီကို သူ့ခေါင်းပေါ်၌ သွန်းလောင်း ရပါမည်။ ထို့နောက် အပြစ်ဖြေရာယဇ်နှင့်မီးရှို့ရာယဇ်ကို ထာဝရဘုရားထံ ပူဇော်ရမည်ဖြစ်ပါသည်။ ဤအမှုအားလုံးကို ယဇ်ပုရောဟိတ်က ပြုခဲ့ပြီးသောအခါ၊ စင်ကြယ်စေခြင်း ခံရသော ထိုနူနာသည် ပရိသတ်နှင့် မိသားစု ထံ ပြန်ပေါင်းစည်းခွင့်ရှိ၏။

ဒုစရိုက်ဖြေရာယဇ်၊ အပြစ်ဖြေရာယဇ်နှင့် မီးရှို့ရာယဇ်အတွက်၊ တတ်နိုင်သောသူသည် သိုးထီးနှစ်ကောင်နှင့် သိုးမတကောင်၊ ဆင်းရဲသောသူသည် သိုးတကောင်နှင့် ချိုးနှစ်ကောင် (သို့) ခိုနှစ်ကောင် ပြင်ဆင်ရပါမည်။ ချီလွှဲခြင်းယဇ်အတွက်လည်း ထိုသို့ပင် ဖြစ်ပါသည်။ ဘယ်သူမှ ဤ သန့်ရှင်းစင်ကြယ်စေခြင်းအမှုကို မပြုဘဲ မနေရပါ။ ထာဝရဘုရားထံ လူအပေါင်းချဉ်းကပ်၍ သန့်ရှင်းစင်ကြယ်စေခြင်း ခံကြရပါမည်။ လူတို့နှင့် မှန်ကန်သောဆက်ဆံရေး ရှိဖို့ရန် ဘုရားသခင်နှင့် မှန်ကန်သော ဆက်ဆံရေး ဦးစွာ ရှိဖို့လိုပါသည်။ ဤသည်ကား နူနာစွဲသောသူ၏ မမေ့နိုင်သော အတွေ့အကြုံဖြစ်သည်သာမက၊ ခရစ်တော်၌ ဘုရားသခင်၏အပြစ်ခွင့်လွှတ်ခြင်းကို ခံရသော အပြစ်သား၏ မေ့မရနိုင်သော အပြစ်အပျက်လည်းဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၄း၁၁။

**ဆုတောင်းချက်** - အဖဘုရား၊ ကယ်တင်ရှင် သခင် ယေရှုခရစ်တော်အားဖြင့် ကိုယ်တော်ထံ အစဉ် ချဉ်းကပ်ရသောအခွင့် ရှိသောကြောင့် ကျွန်တော် ကျေးဇူးတင်ပါသည်။ အာမင်။

# သူတပါးကို မစင်ကြယ်သောသူ မဖြစ်စေနှင့်

ဘုရားသခင်၏သားသမီးများဖြစ်ကြသော ကျွန်တော်တို့သည် အချင်းချင်း စောင့်ရှောက်ကြဖို့ရန် ဘုရားသခင် မိန့်တော်မူခဲ့ပါသည်။ အခြား ယုံကြည်သူများ၏အသက်တာကို စောင့်ရှောက်ဖို့ရန် ကျွန်ုပ်တို့၏အသက်တာ သန့်ရှင်းစင်ကြယ်ဖို့လိုပါသည်။ သူတို့ကို အစင်ကြယ် မဖြစ်စေရန်၊ အပြစ် မပြုစေရန် ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားဖို့လိုပါသည်။ အပြစ်ပြုသော ညီအစ်ကို ကို တွေ့လျှင် အပြစ်ဆက် မလုပ်အောင်၊ ဆုတောင်းပေးခြင်းနှင့်ဆုံးမခြင်း ပြုရပါမည်။ အပြစ်ပြုလျှင် ခရစ်တော်အတွက် သက်သေခံကောင်း မဖြစ်နိုင်ပါ။ အပြစ်ပြုသောသူသည် အပြစ်၏ဆီးတားမှုကြောင့် ထိုတရားကို မမြင်နိုင်ပါ။ ထိုတရားကို သိမြင်နိုင်ဖို့ရန် ကျွန်တော်တို့၏အကူအညီ သူ လိုအပ် ပါသည်။

ထိုအကြောင်းကို ဣသရေလလူတို့အား ဝတ် ၁၅ ထဲတွင် အသိပေးခဲ့ပါသည်။ ရိနာ (အရေပြား အရေယိုခြင်း) စွဲသောသူ ကိုင် ထိသောအရာတိုင်းသည် မစင်ကြယ်ဖြစ်ကြပါသည်။ ထိုသူ မစင်ကြယ်ဖြစ်စေသောအရာတို့ကို ထိသောသူမှန်သမျှ မစင်ကြယ်ဖြစ်ပါလိမ့်မည်။ မစင်ကြယ်သောသူ ထိကိုင်ခြင်းကလည်း သူတပါးကို မစင်ကြယ်ဖြစ်စေပါသည်။ မစင်ကြယ်သောသူသည် စင်ကြယ်ခြင်း၏တန်ဖိုး၊ အရေးကြီးမှုကို ကောင်းကောင်း သိလာပါလိမ့်မည်။ မစင်ကြယ်သောသူကို ရှောင်ရှားကြလော့ဟု ဘေးပတ်ဝန်းကျင်ရှိလူတို့အား သတိပေးဖို့လိုပါသည်။ သူ့ အိပ်ယာ (သို့) ထိုင်ခုံများကို မစင်ကြယ်ဟု သတ်မှတ်ကြရပါမည်။ မိမိ၏ မစင်ကြယ်မှုကြောင့် မိမိညီအစ်ကိုတို့အား မစင်ကြယ် မဖြစ်စေဖို့ရန် သူသည် ချစ်ခြင်းအားဖြင့် အလွန်သတိထား ရပါမည်။ ဤတရားက ဣသရေလလူတိုင်းအား သူတို့၏သန့်ရှင်းစင်ကြယ်သော အသက်တာကို အလေးထားကြဖို့ရန် သတိပေးလျက်ရှိပါသည်။

ထိုသို့သော ခရစ်ယာန် ကိုယ်ချင်း စာနာခြင်းတရား ယနေ့ ခေါင်းပါးလျက် ရှိသောကြောင့် အလွန်ဝမ်းနည်းစရာ ကောင်းပါသည်။ ယုံကြည်သူများသည် မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ စောင့်ရှောက်ကြရပါမည်။ ထိုအခါ မိမိကြောင့် သူတပါး မစင်ကြယ် မဖြစ်စေတော့ပါ။ ဥပမာ အားဖြင့်၊ မယုံကြည်သူနှင့် လက်ထပ်ပွဲ ကျင်းပသော မိမိ၏ယုံကြည်သူ သမီး မင်္ဂလာဆောင်ပွဲသို့ မိမိ၏ယုံကြည်သူ မိတ်ဆွေကို ဖိတ်ကြားခြင်းသည် ထိုမိတ်ဆွေအား အပြစ်ပြုစေရန် ထောင်ချောက်သဖွယ် ဖြစ်နိုင်ပါသည်။ ပြုရမည့် အမှုမှုကား၊ ထိုဖိတ်ကြားခြင်းကို ငြင်းပယ်လျက် သူ့အမှားကို ဖော်ပြရပါမည်။ မဟုတ်ဘဲ၊ ဖိတ်ကြားမှုကို လက်ခံလျက် မင်္ဂလာဆောင်ပွဲသို့ တက်ရောက်ခဲ့လျှင် မိမိ၏ယုံကြည်သူ မိတ်ဆွေများအား မစင်ကြယ် (အပြစ်ပြုစေခြင်း) ဖြစ်စေနိုင်ပါသည်။ ကျွန်တော်တို့သည် ခရစ်တော်၌ တလုံးတဝတည်းဖြစ်ကြပါသည်။ ကျွန်တော်တို့သည် အချင်းချင်း စောင့်ရှောက်ကြဖို့ လိုပါမည်။

**ကျက်မှတ်ရန်** - ဝတ် ၁၅း၇။

**ဆုတောင်းချက်** -အို အဖဘုရား၊ ခရစ်တော်၌ အကျွန်ုပ်၏ညီအစ်ကိုတို့အပေါ် ကိုယ်ချင်းစာတရား ရှိသောသူဖြစ်မည်အကြောင်း ကျွန်ုပ်ကို မစတော်မူပါ။ အာမင်။

*"ယဇ်ပုရောဟိတ်သည် . . . ရိနာစွဲသောသူအဘို့*
*ထာဝရဘုရား ရှေ့တော်၌ အပြစ်ဖြေခြင်းကို ပြုရမည်"*

# ကာမဆက်ဆံခြင်းသည် ဝတ်ပြုခြင်း၌ ပါဝင်ခြင်း မရှိရပါ

ခမ္မဟောင်းနှင့်ခမ္မသစ်ခေတ် ရုပ်တုဆင်းတု ကိုးကွယ်ခြင်းတွင်၊ ဘုရားကျောင်း ပြည့်တန်ဆာများကို များစွာတွေ့ရပါသည်။ ယောကျ်ား၊ မိန်းမတို့သည် ထိုဘုရားကျောင်း ပြည့်တန်ဆာ အလုပ်ကို လုပ်ကြပါသည်။ ထိုယောကျ်ားများကို ကျမ်းစာအသုံးအနှုန်းဖြင့် မိန်းမလျှာများ ဟုခေါ်ခဲ့ပါသည်။ ပဒေသရာဇ်ခေတ် ဣသရေလလူတို့သည် ရုပ်တုကိုးကွယ်ခြင်းအပြစ်ကို ကျူးလွန်ခဲ့ကြပြီး၊ ရွံ့ရှာစရာကောင်းလှသော မိန်းမလျှာများစွာ ရှိခဲ့ပါသည်။ ၃ ရာ ၁၄း၂၄၊ "ယုဒပြည်၌ ယောကျ်ားအလိုသို့ လိုက်တတ်သော မိန်းမလျှာများ ရှိ၍၊ ထာဝရဘုရား သည် ဣသရေလအမျိုး ရှေ့မှ နှင်ထုတ်တော်မူသော ပြည်သား အမျိုးပြုသော စက်ဆုပ်ရွံရှာဘွယ်ရာအမှု အလုံးစုံတို့ကို ပြုကြသည်တကား။"

ထို ရုပ်တုကိုးကွယ်ရာ ဘုရားကျောင်းများ၌ အလုပ်လုပ်သော ယဇ်ပုရောဟိတ်များသည် ဝတ်ပြုသောသူတို့အား ဤရုပ်တုများရှေ့တွင် ဇာတိအလိုတပ်မက်ခြင်း ပြည့်စုံစေကြလျှင်၊ ထိုရုပ်တုများက သူတို့ပြည်၊ ဇနီးများနှင့် တိရစ္ဆာန်များကို ကောင်းကြီးပေးမည်ဟု ဆိုကြပါသည်။ လယ်မြေသည် မိုးခေါင်ခြင်းကို မခံရဘဲ များစွာသော အသီးသီးလိမ့်မည်။ သူတို့၏ဇနီးများနှင့် တိရစ္ဆာန်တို့သည် များစွာ မွေးကြပါလိမ့်မည်။ ထိုသို့သောမှားယွင်းသည့်အယူများကို အိမ်နီးချင်း တိုင်းပြည်များ၌ များစွာ တွေ့ရပါသည်။ ဣသရေလသည် ရုပ်တုကိုးကွယ်ခြင်းအပြစ်သို့ ကျရောက်သောအခါ၊ ဤရွံ့ရှာစရာ ကောင်းသော အပြစ်ကို ဂတိတော်ပြည်၌ ကျူးလွန်ခဲ့ကြပါသည်။

ထိုရွံ့ရှာစရာအပြစ်မှ ဣသရေလကို ဆီးတားကာကွယ်ဖို့ရန် ဤမစင်ကြယ်ခြင်း ပညတ်တရားကို ပေးခြင်းဖြစ်ပါသည်။ ထိမ်းမြားလက်ထပ်ပြီးမှ ကာမဆက်ဆံခြင်းပြုခြင်းကို ထာဝရဘုရားက မှားယွင်းသည်ဟု သွန်သင်ပေးတော်မူခြင်း မဟုတ်ပါ။ ထာဝရဘုရားက မိမိလူတို့အား သိစေလိုသောအရာမှုကား၊ ဝတ်ပြုကိုးကွယ်ခြင်းကို အလေးအမြတ်ထားရမည်အကြောင်း၊ ကိုယ်ခန္ဓာအလိုနှင့် ဝိညာဉ်အရေးကို သေချာစွာ ခွဲခြားရမည်အကြောင်း ဖြစ်ပါသည်။ ထို့ကြောင့် ဝတ် ၁၅း၁၈ က ဣသရေလလူတို့အား ထာဝရဘုရားကို နက်ဖြန် ဝတ်ပြုကိုးကွယ်ခြင်းပြုတော့မည် ဆိုလျှင်၊ ကာမဆက်ဆံခြင်းကို ရှောင်ရှားလျက် မိမိကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ ပြင်ဆင်ထားရမည် အကြောင်း ဖြစ်ပါသည်။

မစင်ကြယ်ခြင်းသည် မကောင်းသောအရာ ပြုခြင်းကြောင့် အမြဲတမ်း ဖြစ်သည် မဟုတ်ပါ။ အပြစ်က လူကို မစင်ကြယ်ဖြစ်စေပါသည်။ သန့်ရှင်းစင်ကြယ်ခြင်းသည် မိမိလူတို့အတွက် ဘုရားသခင် ချမှတ်တော်မူသော စံနှုန်းဖြစ်ပါသည်။ ဘုရားသခင်အမြင်၌ သန့်ရှင်းခြင်းသည် အပြစ်ကို ဆက်လက် မပြုဘဲနေလျက်၊ စိတ်ဝိညာဉ် သန့်ရှင်းစင်ကြယ်စေခြင်း ပင်ဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့အားလုံး ခန္ဓာကိုယ် စိတ်ဝိညာဉ် သန့်ရှင်းစင်ကြယ်ခြင်း ရှိဖို့ရန် အလိုတော်ရှိပါသည်။ သင် သန့်ရှင်းစင်ကြယ်ခြင်း ရှိပါသလား။

**ကျက်မှတ်ရန်** - ဝတ် ၁၅း၁၈။
**ဆုတောင်းချက်** -အို အဖဘုရား၊ အကျွန်ုပ်၏အပြစ် ရှိသမျှကို ဆေးကြော သန့်ရှင်းစင်ကြယ်စေတော်မူပါ။ ယေရှုနာမတော်ဖြင့် ဆုတောင်းပါ၏။ အာမင်။

*“ထိုအရာတို့ကို ထိသောသူသည်လည်း မစင်ကြယ်သောကြောင့်၊ . . . ညဦးတိုင်အောင် မစင်ကြယ်ဖြစ်၏”*

# မစင်ကြယ်ခြင်း စက်ကွင်း

ဣသရေလလူတဦးကို အဘယ်ရောဂါများက မစင်ကြယ်ဖြစ်စေပါသနည်း။ ထိုရောဂါများတွင်၊ နူနာရောဂါ၊ အရေပြား အရေယိုခြင်း (အနာစိမ်း) နှင့် အမျိုးသမီး ရာသီ စသည်တို့ပါဝင်ပါသည်။

သူတို့ ထိတွေ့ကိုင်တွယ်သောအရာနှင့် လူတို့သည် မစင်ကြယ်ဖြစ်ကြပါမည်။ ထိုအရာများတွင်၊ သူတို့၏အိပ်ယာ၊ ထိုင်ရာအခင်း၊ စတွေး ထွေးမိသော အရာတိုင်းနှင့် သူတို့အသုံးပြုသော မြေအိုးနှင့် သစ်သားအသုံးအဆောင်များ၊ ကာမဆက်ဆံသောသူများ ပါဝင်ကြပါသည်။

အထက်ပါဖော်ပြသောအရာ တခုခုကို ထိသောသူသည် ဝိညာဉ်ပိုင်းဆိုင်ရာ မစင်ကြယ်ဖြစ်ရပါသည်။ ဘာသာရေး အမှုများ၌ သူတို့သည် ပါဝင်ခွင့် မရကြပါ။ သူတို့အားလုံးသည် ညဦးတိုင်အောင် မစင်ကြယ်ဖြစ်လိမ့်မည်။ ရာသီလာသော မိန်းမသည် ခုနစ်ရက် မစင်ကြယ်ဖြစ်လိမ့်မည်။ သို့သော်လည်း၊ ထိုမိန်းမနှင့်သူ ထိုင်ခဲ့သောနေရာ၊ အိပ်ခဲ့သောနေရာကို ထိမိသောသူသည် ညဦးတိုင်အောက် မစင်ကြယ်ဖြစ်လိမ့်မည်။ ဥပမာအားဖြင့်၊ ထိုမိန်းမအိပ်ရာကို နေ့ခင်း၌ ထိမိလျှင်၊ ထိုနေ့၏ ညဦး ၆နာရီအထိ သူသည် မစင်ကြယ်ဖြစ်မည်။ သို့သော်လည်း ထိုမိန်းမနှင့် ကာမဆက်ဆံသောသူသည် ထိုမိန်းမနည်းတူ၊ ခုနစ်ရက် မစင်ကြယ်ဖြစ်လိမ့်မည်။ ရိနာစွဲသောသူနှင့် ရာသီလာသော မိန်းမတို့သည် ရှစ်ရက်မြောက်နေ့၊ ယဇ်ပုရောဟိတ်က စင်ကြယ်သည်ဟု ကြေငြာပြီးနောက်တွင် အပြစ်ဖြေရာယဇ်နှင့် မီးရှို့ရာယဇ်ကို ပူဇော်ကြရပါမည်။

တစုံတယောက်သောသူသည် မိမိ၏မစင်ကြယ်မှုကို ကွယ်ဝှက်လျက်၊ ထာဝရဘုရား သတ်မှတ်တော်မူသည့် သန့်ရှင်းသော ဘာသာရေး ပွဲတခုခု၌ ပါဝင်ခဲ့ပါလျှင်၊ ထိုသူသည် ဘုရားသခင်၏ အမျက်တော်နှင့် သေခြင်းပင် ခံရနိုင်ပါသည်။ ဝတ် ၁၅း၃၁၊ “ထိုသို့ ဣသရေလ အမျိုးသားတို့သည် မိမိတို့တွင်ရှိသော ငါ့တဲတော်ကို ညစ်ညူးစေ၍၊ မိမိတို့ မစင်ကြယ်ရာ၌ မသေစေခြင်းငှါ၊ သူတို့ကို မစင်ကြယ်ခြင်းနှင့် ကင်းစင်စေရမည်။” ရိုးသားဖြောင့်မတ်ခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။ ဤဘုရားသခင်၏တရားကို ဘုရားသခင်၏လူတို့အား ယဇ်ပုရောဟိတ်များက သွန်သင်ရန် အလွန်အရေးကြီးလှပါသည်။ ယနေ့ ယုံကြည်သူများသည် အပြစ် မပြုဖို့ရန်နှင့် အပြစ်ဟု ထင်ရသော အရာတိုင်းကို ရှောင်ရှားရန် အထူးသတိထားကြရပါမည်။ သင့်ကို အပြစ်သို့ ဆွဲခေါ်နိုင်သော နေရာများနှင့် လူများကို သတိထား ရှောင်ရှားဖို့ရန် ကြိုတင်ပြင်ဆင်လျက် သတိပြုပါလော့။

**ကျက်မှတ်ရန်** - ဝတ် ၁၅း၃၂-၃၃။

**ဆုတောင်းချက်** -အဖဘုရား၊ အပြစ်ကို ရှောင်လျက် သန့်ရှင်းစွာ ကျင့်ကြံနေထိုင် ဖို့ရန် လိုအပ်သော အသိဥာဏ်ကို အကျွန်ုပ်အား ပေးသနားတော်မူပါ။ အာမင်။

ဗုဒ္ဓဟူး၊ မေ (၂၂)
**ဝတ် ၁၆**
တိတု ၂း၁၁-၁၄

*"အာရုန်သည် သန့်ရှင်းရာဌာနတော် အထဲသို့ အဘယ်သို့ ဝင်ရမည်နည်း ဟူမူကား၊ အပြစ်ဖြေရာယဇ်အဘို့ အသက်ပျိုသော နွားထီးတကောင်၊ မီးရှို့ရာယဇ်ဘို့ သိုးထီး တကောင်ပါရမည်"*

# အရေးကြီးဆုံးသောနေ့

နှစ်တနှစ်အတွင်း ဘယ်နေ့သည် သင့်အတွက် အရေးကြီးဆုံးနေ့ ဖြစ်ပါသနည်း။ သင့်ဇနီး၏မွေးနေ့လော၊ သင့် မင်္ဂလာဆောင် နှစ်ပတ်လည်နေ့လော၊ သင့် သားသမီး မွေးနေ့လော၊ သင် ကယ်တင်ခြင်း ခံရသောနေ့လော။ ကျွန်တော်တို့၌ အရေးကြီးသော နေ့များရှိကြပါသည်။ သို့သော်လည်း၊ ဘယ်နေ့သည် အရေးကြီးဆုံးနေ့ ဖြစ်သည်ကို ကျွန်တော်တို့ မစဉ်းစားခဲ့ကြပါ။

ထာဝရဘုရားသည် ဣသရေလလူတို့အတွက် အရေးကြီးသည့် ပွဲနေ့များစွာ သတ်မှတ်ပေးခဲ့ပါသည်။ ပသခါပွဲ၊ တဆေးမဲ့ပွဲ၊ တဲတော် (သို့) ရိတ်သိမ်းပွဲ များပါဝင်ပါသည်။ ထို့ပြင် အပတ်တိုင် သန့်ရှင်းစွာ စောင့်ရမည့် ဥပုသ်နေ့လည်း သတ်မှတ်ပေးခဲ့ပါသည်။ သို့သော်လည်း၊ နှစ်တနှစ်အတွင်း ဣသရေလလူတို့အတွက် ထာဝရဘုရားက အရေးကြီးဆုံးသောနေ့ အဖြစ် မှတ်သားရမည့် နေ့တနေ့ ရှိခဲ့ပါသည်။ ထိုနေ့သည် အပြစ်ဖြေရာနေ့ (ဟေဗြဲစကားဖြင့် - "Yom Kippur") ပင်ဖြစ်ပါသည်။ ဤနေ့၌သာလျှင် ဘယ်သူမျှ ဝင်ခွင့် မရှိသော၊ ဤလောက၏ အသန့်ရှင်းဆုံးသော နေရာဖြစ်သော အသန့်ရှင်းဆုံးဌာနတော်ထဲသို့ ရာယဇ်ပုရောဟိတ်အကြီး ဝင်ခွင့်ရခဲ့ပါသည်။ ထိုနေရာ၌ ပဋိညာဉ်သေတ္တာနှင့် ကျေးဇူးဂရုဏာတော်ပလ္လင် တည်ရှိတော်မူ၏။ ထိုနေရာသည် အမြင့်ဆုံးသော ဘုန်းတော်အားဖြင့် ထာဝရဘုရား ကျိန်းဝပ်တော်မူရာနေရာ ဖြစ်တော်မူ၏။ ထိုနေရာက ကောင်းကင်ဘုန်းရှိ ဘုရားသခင်၏ပလ္လင်တော်ကို ကိုယ်စားပြုတော်မူ၏။

အဘယ့်ကြောင့်၊ ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသော ထာဝရဘုရားသခင်က ထိုအံ့သြစရာကောင်းသောအမှုကို ပြုလျက်၊ ထိုတရားကို အပြစ်သားများ၊ အထူးသဖြင့် မိမိ၏လူများထံ ဖော်ပြပါသနည်း။ ထာဝရဘုရားက မိမိလူတို့နှင့် အပြစ်သားများအား သခင်ယေရှုခရစ်တော်အားဖြင့်သာ မိမိထံ ချဉ်းကပ်ခွင့်ရှိကြောင်း သိစေလို၍ ဖြစ်ပါသည်။ အပြစ်သားသည် ဘုရားသခင်နှင့် ဘယ်လောက်ပင် ဝေးကွာပါစေ၊ ကားရနီတောင်ကုန်းပေါ်၌ ခရစ်တော်ပြုတော်မူခဲ့သောအမှုသည် နီးစေတော်မူနိုင်ပါသည်။ ထာဝရဘုရားသည် အပြစ်သားတို့အား မိမိထံပြန်လာလျက် ကယ်တင်ခြင်း ရစေလိုပါသည်။ ဣသရေလလိုတို့နှင့်အတူ ရှိတော်မူခြင်းကလည်း သူတို့အား မိမိသန့်ရှင်းသကဲ့သို့ သန့်ရှင်းစင်ကြယ်စေလိုသောကြောင့် ဖြစ်ပါသည်။ သူတို့သည် တပါးအမျိုးသားတို့ထက် အပြစ်နည်းသောကြောင့် မဟုတ်ဘဲ၊ ဘုရားသခင်၏ဂရုဏာတော်ကြောင့်သာလျှင် မပျက်စီးဘဲနေ၍ ဘုရားသခင် ကျိန်းဝပ်တော်မူရာ သန့်ရှင်းသောနေရာကို ချဉ်းကပ်နိုင်ခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏ ပညတ်တရားများနှင့် ဥပဒေသများ လက်ခံရရှိသောကြောင့် ဣသရေလသည် ဝါကြွား ခြင်း မပြုရပါ။ ထိုသို့ ဘုရားသခင်နှင့်ဤလောကအတွက် သန့်ရှင်းသောအမျိုးအဖြစ် ဣသရေလ ရွေးနှုတ်ခံရခြင်းမှာ ဘုရားသခင်၏ ဂရုဏာတော်ကြောင့် သာလျှင်ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၆း၂။
**ဆုတောင်းချက်** -အဖဘုရား၊ နံနက်တိုင်း အသစ်သော ကိုယ်တော်၏ ဂရုဏာတော်ကို ခံရသောကြောင့် ကျေးဇူးတင်ပါသည်။ အာမင်။

*"ယဇ်ပလ္လင် အပေါ်၌လည်း၊ ထိုအသွေးကို လက်ညှိုးနှင့်
ခုနစ်ကြိမ်တိုင်အောင် ဖြန်း၍ ဣသရေလအမျိုးသားတို့၏
မစင်ကြယ်သောအပြစ်မှ စင်ကြယ်သန့်ရှင်း စေရမည်"*

# အသန့်ရှင်းဆုံးဌာနတော်သို့ ဝင်ရောက်ခြင်း

အသန့်ရှင်းဆုံးဌာနတော်သည် ဤလောက၌ အသန့်ရှင်းဆုံးသောနေရာဖြစ်ပါသည်။ ယဇ်ပုရောဟိတ်အကြီးသာလျှင် အပြစ်ဖြေရာနေ့၌ ဝင်ရောက်ခွင့်ရှိပါသည်။ ထိုနေ့တွင်၊ အသန့်ရှင်းဆုံးဌာနတော်ထဲသို့ သုံးကြိမ် ဝင်ရောက်ရပါမည်။ ပထမအကြိမ်တွင်၊ "ထာဝရဘုရား ရှေ့တော် ယဇ်ပလ္လင်မီးခဲနှင့် ပြည့်သောလင်ပန်းကို ကိုင်လျက်၊ ညက်စွာသော နံ့သာ ပေါင်းမွှေး အမှုန့်ကို မိမိလက်၌ အပြည့်ယူ၍၊ ကုလားကာ အတွင်းသို့ ဆောင်သွားရမည်။ ထိုအခါ သူသည် သေဘေးနှင့် ကင်းလွတ်မည်အကြောင်း၊ နံ့သာပေါင်း အခိုးအငွေ့သည် သက်သေခံချက် အပေါ်မှာရှိသော သေတ္တာအဖုံးကို မှုန်းစေခြင်းငှါ၊ ထာဝရဘုရား ရှေ့တော်၌ နံ့သာပေါင်းကို မီးပေါ်မှာ တင်ရမည်" (ဝတ် ၁၆း၁၂-၁၃)။ ဒုတိယအကြိမ်တွင်၊ "နွားအသွေးအချို့ကိုလည်း ယူ၍၊ အရှေ့မျက်နှာဘက် သေတ္တာဖုံးအပေါ်၌ လက်ညှိုးနှင့် ဖြန်းရမည်။ သေတ္တာဖုံးရှေ့၌လည်း ခုနစ်ကြိမ်တိုင်အောင် လက်ညှိုးနှင့် ဖြန်းရမည်" (ဝတ် ၁၆း၁၄)။ တတိယအကြိမ်တွင်၊ "ထိုနောက် . . . အသွေးကို ကုလားကာ အတွင်းသို့ ဆောင်ခဲ့ပြီးလျှင်၊ နွားအသွေးကို ဖြန်းသကဲ့သို့၊ သေတ္တာဖုံး အပေါ်၌၎င်း၊ ရှေ့၌၎င်း ဖြန်းရမည်။ ဣသရေလအမျိုးသားတို့၏ မစင်ကြယ်သော အပြစ် ကြောင့်၎င်း၊ ပြစ်မှားသောအပြစ် အမျိုးမျိုးတို့ကြောင့်၎င်း၊ သန့်ရှင်းရာဌာနတော်အဘို့ အပြစ်ဖြေခြင်း ကို ပြုရမည်။ ထိုသို့ ဣသရေလအမျိုးသားတို့၏ မစင်ကြယ်သော အပြစ်ထဲမှာ နေရသော ပရိသတ် စည်းဝေးရာ တဲတော်အဘို့ ပြုရမည်" (ဝတ် ၁၆း၁၅-၁၆)။

ပထမအကြိမ်သည် အာရုန်အပါအဝင်၊ ယဇ်ပုရောဟိတ်များ၏အပြစ်များ စင်ကြယ်စေခြင်း အတွက်ဖြစ်ပါသည်။ ယူဆောင်ခဲ့သော မွှေးကြိုင်သော နံ့သာပေါင်းသည် သူတို့၏သန့်ရှင်းသော အမှုတော်နှင့်အသက်တာကို ပုံဆောင်ပါသည်။ ထာဝရဘုရားအထံတော်သို့ ချဉ်းကပ်စဉ် ဘုရားသခင်၏ဂရုဏာတော်ကြောင့် အသက်မသေမည်အကြောင်း ထိုနံ့သာပေါင်း အခိုးအငွေ့သည် သက်သေခံချက်အပေါ်မှာရှိသော သေတ္တာတော်အဖုံးကို လွှမ်းရပါမည်။ ဒုတိယအကြိမ်သည် သေတ္တာတော် ရှေ့၌ အသွေးကို ခုနစ်ကြိမ် ဖြန်းသည်ဖြစ်၍ ခရစ်တော်၏အသွေးသွန်းခြင်း မရှိဘဲ အပြစ်လွတ်ခြင်း မရှိကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ တတိယအကြိမ်သည် ဣသရေလလူတို့ ကိုယ်စား အပြစ်ဖြေရာယဇ် ပူဇော်ခြင်းဖြစ်၍ ဒုတိယအကြိမ်ကဲ့သို့ အသွေးကို သေတ္တာတော်ရှေ့၌ ဖြန်းခဲ့ပါသည်။

ခရစ်တော်၏အသွေးတော် မပါလျှင် ဘယ်သူမှ ကောင်းကင်ဘုံသို့ မဝင်နိုင်၊ ထာဝရဘုရား လက်ခံတော် မမူ။

**ကျက်မှတ်ရန်** - ဝတ် ၁၆း၁၇။
**ဆုတောင်းချက်** -အဖဘုရား၊ ကျွန်ုပ်အပြစ်အတွက် ပူဇော်တော်မူခဲ့သော သိုးသငယ် ယေရှုကြောင့် ကျေးဇူးတင်ပါသည်။ ယေရှုနာမတော်ဖြင့် ဆုတောင်းပါ၏။ အာမင်။

သောကြာ၊ မေ (၂၄)
**ဝတ် ၁၆**
ရောမ ၅း၆-၁၂

*"ထိုနေ့ရက်သည် ထာဝရ ပညတ်တော်အတိုင်း၊ သင်တို့ ငြိမ်ဝပ်ရာ ဥပုသ်နေ့၊ ခြိုးခြံစွာ ကျင့်ရသောနေ့ ဖြစ်သတည်း"*

# တောသို့လွှတ်လိုက်သော ဆိတ်

အပြစ်ဖြေရာနေ့အတွက် ဆိတ်နှစ်ကောင် ပြင်ဆင်ရပါသည်။ ထိုနှစ်ကောင်ထဲမှ ဘယ်အကောင်သည် ထာဝရဘုရား ဝေစုဖြစ်၍ ဘယ်အကောင်ကို (လွှတ်လပ်လဟာ) လွှတ်ရမည်အကြောင်း အာရုန် သည် စာရေးတံချရပါမည်။ ထာဝရဘုရား၏ဝေစု ဖြစ်သော ဆိတ်ကို အပြစ်ဖြေရာယဇ်အတွက် ထာဝရဘုရားထံ ပူဇော်ရပါမည်။ ကျန်တကောင်ကို ထာဝရဘုရားရှေ့၌ အရှင် ယူလာလျက် ကိုယ်စားပြုအပြစ်ဖြေခြင်း ပြုပြီးမှ တောသို့ လွတ်လပ်လဟာအဖြစ် လွှတ်ထားမည်ဖြစ်ပါသည် (နှိုင်း - ဝတ် ၁၆း၈-၁၀)။

အပြစ်ဖြေရာယဇ်သည် ဣသရေလလူတို့အဖို့ဖြစ်ပါသည်။ သူတို့၏အပြစ်များ သန့်ရှင်း စင်ကြယ်စေခြင်းအတွက်ဖြစ်၏။ ဤဆိတ်၏အသွေးကို အသန့်ရှင်းဆုံးဌာနတော်ရှိ သေတ္တာတော်ရှေ့ ၌ ဖြန်းရပါမည်။ ဤအမှုက ပြည်တော်၌ ထာဝရဘုရား၏အမှုကို သက်သေခံသောကြောင့် ဣသရေလအပေါ် ထာဝရဘုရား၏ဂရုဏာတော်သက်ရောက်မှုကို ရည်ညွှန်းပါသည်။ သူတို့သည် သန့်ရှင်းသောသူဖြစ်ကြသောကြောင့် သူတို့အသက်တာ၌ရှိသော အတွင်းအပြင် အပြစ်ကို နောင်တ ရလျက် ဖယ်ရှားကြရပါမည်။

ယဇ်ပူဇော်ခြင်း (သန့်ရှင်းရာဌာနအဖို့၊ ပရိသတ်စည်းဝေးရာတဲတော်အဖို့၊ ယဇ်ပလ္လင်အဖို့ အပြစ်ဖြေခြင်း) ပြီးစီးသောအခါ၊ လွတ်လပ်လဟာဆိတ်ကို ထာဝရဘုရားထံ ယူဆောင်လာရပါမည်။ ထိုဆိတ်ကို သင့်တော်သောသူက တောထဲသို့ လွှတ်လိုက်ရပါမည်။ ထိုသို့ မလွှတ်မှီ၊ အာရုန်သည် ထိုဆိတ်၏ခေါင်းပေါ်၌ လက်နှစ်ဘက်ကိုတင်လျက်၊ ဣသရေလအမျိုးသားတို့၏ ပြစ်မှားသောအပြစ် နှင့်ဒုစရိုက်အပြစ်များကို ဝန်ခံဖော်ပြရပါမည်။ ရည်ညွှန်းသည်မှာ ဣသရေလ၏အပြစ်အားလုံးကို ထိုဆိတ်ပေါ်သို့ တင်ခြင်းဖြစ်ပါသည်။ သင့်တော်သူက ထိုလွှတ်လပ်လဟာ ဆိတ်ကို တောသို့ ခေါ်ဆောင်သောအခါ၊ ဣသရေလသည် မိမိ၏အပြစ်အားလုံးကို မိမိထံမှ၊ ယဇ်ပူဇော်ခြင်းအားလုံးက ပုံဆောင်သော ယေရှုခရစ်တော်၏ယဇ်ပူဇော်ခြင်းအားဖြင့်၊ ဖယ်ရှားခဲ့ကြောင်း မြင်တွေ့ရပါသည်။

ဤသည်ကား ဘုရားသခင်က မိမိလူတို့အား သူတို့၏အပြစ်အားလုံးကို ခွင့်လွှတ်တော်မူပြီး၊ တခုမှ အောက်မေ့တော် မမူကြောင်း သိစေခြင်းဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်ရှေ့၌ သန့်ရှင်း ခဲ့ကြပါသည်။ အပြစ်ဖြေရာနေ့၌ပြုခဲ့သော ယဇ်ပူဇော်ခြင်း ပြီးစီးပြီးနောက်၊ ဤလွှတ်လပ်လဟာ ဆိတ်ကို တော်သို့လွှတ်ခြင်းက ကယ်တင်ခြင်းနှင့်သန့်ရှင်းစင်ကြယ်စေခြင်း တရားကို ပုံဆောင်ခဲ့ပါ သည်။ ယုံကြည်သူ၏ နေ့ရက်တိုင်းသည် အပြစ်ဖြေရာနေ့ပင်ဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၆း၂၁။
**ဆုတောင်းချက်** -အဖဘုရား၊ အကျွန်ုပ်အပြစ်များကို ခွင့်လွှတ်မည်အကြောင်း ယေရှုနာမတော် အားဖြင့် ဆုတောင်းပါသည်။ အာမင်။

*"သင်တို့သည် ထာဝရဘုရား ရှေ့တော်၌အပြစ် ရှိသမျှတို့နှင့် ကင်းစင်မည်အကြောင်း၊ ထိုနေ့ရက်၌ ယဇ်ပုရောဟိတ်သည် သင်တို့ကို စင်ကြယ်စေခြင်းငှါ၊ အပြစ်ဖြေခြင်းကို ပြုရမည်"*

# အားလုံးအတွက် အပြစ်ဖြေခြင်း

အပြစ်ဖြေရာနေ့၏ ယဇ်ပူဇော်ခြင်းများကို ယဇ်ပုရောဟိတ် အကြီးကသာလျှင် ပြုခဲ့ပါသည်။ ဤအပြစ်ဖြေခြင်းသည် ဂတိတော်ပြည်၌နေထိုင်သောသူအပေါင်းအတွက်ဖြစ်၍၊ သန့်ရှင်းရာဌာန၊ ပရိသတ်စည်းဝေးရာတဲတော်နှင့် ယဇ်ပလ္လင်၊ ယဇ်ပုရောဟိတ်များနှင့် ပရိသတ်လူထု အားလုံးအတွက်ဖြစ်ပါသည်။ ဤနေ့သည် လူတိုင်း ခြိုးခြံစွာ ကျင့်ရသောနေ့ဖြစ်ပါသည်။ အဘယ်သူမျှ အလုပ်မလုပ်ရပါ။ ဣသရေလလူတို့အတွက် အလုပ်လုပ်သော တပါးအမျိုးသားတို့သည်လည်း ထိုနေ့တွင် အလုပ် မလုပ်ရပါ။ အလုပ် လုပ်ခွင့်ပေးခဲ့လျှင်၊ ဣသရေလလူတို့ကို လုပ်ခွင့်ပေးသလို ဖြစ်ပါလိမ့်မည်။ သူတို့သည် ထိုအလုပ်သမား၏အကျိုးကို ခံစားခဲ့ရသောကြောင့်ဖြစ်ပါသည်။ ဤနေ့သည် ဣသရေလလူတို့အဖို့ ဥပုသ်နေ့များ၏ ဥပုသ်နေ့ပင်ဖြစ်ပါသည်။

အားလုံးအတွက် မည်သို့အပြစ်ဖြေခြင်း ဖြစ်ပါသနည်း။ ဂတိတော်ပြည်သည် အပြစ်ဖြေရာနေ့၏အကျိုးသက်ရောက်မှုကို ခံစားရသောနယ်နိမိတ်ဖြစ်ပါသည်။ ဤပြည်၌ မနေထိုင်သော ပြင်ပလူအတွက် အကျုံးမဝင်ပါ။ သို့သော်လည်း ဤပြည်၌ နေလျှင် အကျုံးဝင်ပါသည်။ ဤပြည်သည် သန့်ရှင်းသော နေရာဖြစ်သောကြောင့်တည်း။ ဤပြည်၌နေထိုင်သောသူအပေါင်းအား သူတို့၏ သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းကို အောက်မေ့စေခဲ့ပါသည်။ ဣသရေလပြည်သည် သမ္မာတရား တည်ရှိရာ၊ သွန်သင်ရာ၊ နာခံရာ နေရာဖြစ်ပါသည်။ ကောင်းကင်ဘုံ တံခါး တည်ရှိရာလည်း ဖြစ်ပါသည်။ ဤအပြစ်ဖြေရာနေ့တွင် ဣသရေလသည် မိမိပြုရမည့် တာဝန်ဝတ္တရားကို သတိရ အောက်မေ့ခြင်း ရှိရပါမည်။ တပါးအမျိုးသားတို့သည် ဤအပြစ်ဖြေရာနေ့၌ ဘုရားသခင်လူတို့ ပြုသောအရာများကို သိနားလည်ခြင်းအားဖြင့် သူတို့သည် ခရစ်တော်အားဖြင့်သာ ကယ်တင်ခြင်း ခံရနိုင်ကြောင်းကို သင်ယူရမည်ဖြစ်ပါသည်။

အားလုံးအတွက် အပြစ်ဖြေခြင်းက သူတို့အားလုံး ကယ်တင်ခြင်း ရကြသည်ဟု မဆိုလိုပါ၊ သူတို့အားလုံး ကယ်တင်ခြင်း ရနိုင်ကြောင်းဖော်ပြခြင်း ဖြစ်ပါသည်။ ဘုရားသခင် မိန့်တော်မူသည်အတိုင်း ဝတ်ပြုပူဇော်ခြင်းများကို ပြုလုပ်ခြင်းဖြင့် ကယ်တင်ခြင်း သတင်းကောင်းကို ရှင်းလင်းစွာ ပြသဖော်ပြရာရောက်ပါသည်။ ခရစ်တော်၌ဒုတိယမွေးခြင်း ခံရသောသူအတွက် ထိုအပြစ်ဖြေရာနေ့သည် ခရစ်တော်အား မိမိ၏ကယ်တင်ရှင် သခင်အဖြစ် လက်ခံခဲ့သောနေ့ကို သတိရ အောက်မေ့စေသောနေ့ပင်ဖြစ်ပါသည်။ ထိုအမှု၌ ဝိညာဉ်နှင့်ဆိုင်သော အကျိုး ခံစားရပါလိမ့်မည်။ ကယ်တင်ခြင်း မခံရသေးသောသူ အဘို့ ထိုနေ့သည် သန့်ရှင်းသောနေ့သာလျှင် ဖြစ်ပါသည်။ သင်သည် အဘယ် တယောက်ဖြစ်ပါသနည်း။

**ကျက်မှတ်ရန်** - ဝတ် ၁၆း၃။

**ဆုတောင်းချက်** -အဖဘုရား၊ အကျွန်ုပ်၏အပြစ်ဖြေရာနေ့ကို အစဉ်အောက်မေ့လိုပါ၏။ ယေရှုနာမအားဖြင့် ဆုတောင်းပါ၏။ အာမင်။

တနင်္ဂနွေ၊ မေ (၂၆)
**ဝတ် ၁၇**
ယောဟန် ၄း၂၁-၂၄ *"... ထာဝရဘုရားသည် ပညတ်တော်မူ၏"*

# ဤကမ္ဘာနှင့်ကောင်းကင်ဘုံ၌ရှိမည့် တူညီသောဝတ်ပြုခြင်း

အဘယ်ဣသရေလလူကမှ တပ်တွင်းနှင့် တပ်ပြင် အဘယ်နေရာ၌မျှ အဘယ် စင်ကြယ်သော တိရစ္ဆာန် ပူဇော်ခြင်းကို မပြုရပါ။ ထိုသို့ပြုလျှင် နတ်ဆိုးကိုးကွယ်ခြင်းလောက် ကြီးလေးသော ကျူးလွန်ခြင်းဖြစ်ပါသည်။ ပြစ်ဒဏ်မှုကား သေခြင်းပင်ဖြစ်ပါသည်။ ဤသွန်သင်ခြင်းက စင်ကြယ်သော တိရစ္ဆာန်၊ နွား၊ သိုး (သို့) ဆိတ်တို့အား မိမိစားသုံးရန် သတ်ခြင်းကို မကန့်ကွက်ပါ။ ဣသရေလလူတို့ စားသုံးခွင့်ရှိသော စင်ကြယ်သည့် တိရစ္ဆာန်တို့တွင် ဝတ်ပြုခြင်းအတွက် သင့်တော်သော တိရစ္ဆာန်များ ပါဝင်ပါသည်။ သို့သော်လည်း၊ တဲတော်မှ အပ အခြားနေရာ၌ ပူဇော်ခြင်းငှါ ဣသရေလလူက စင်ကြယ်သော တိရစ္ဆာန်ကို သတ်ခဲ့လျှင် ထိုအမှုသည် နတ်ဆိုးကိုးကွယ်ခြင်း၊ ရုပ်တုကိုးကွယ်ခြင်း သက်ရောက်ခဲ့ပါသည်။ ထာဝရဘုရား သတ်မှတ်တော်မူသောနေရာမှအပ အခြားဘယ်နေရာ၌မှ ထာဝရဘုရားကို ဝတ်ပြုကိုးကွယ်ဖို့ရန် စင်ကြယ်သော တိရစ္ဆာန်ကို ဘယ်သူမှ သတ်ခွင့် မရှိပါ။ သူတို့သည် မိမိ၏ပူဇော်သက္ကာများကို ထာဝရဘုရား၏ယဇ်ပလ္လင်၌ ပူဇော်ဖို့ရန် ယဇ်ပုရောဟိတ်များထံ ယူဆောင်လာရပါမည်။ ထာဝရဘုရားကို ချစ်သောကြောင့် မိမိစိတ်သဘောအလိုအတိုင်းယူဆောင်လာသည်ဖြစ်သောကြောင့် ဘောဇဉ်ပူဇော်သက္ကာအဖြစ် ပူဇော်ရပါမည်။

ဝတ်ပြုသောသူ၏ ရည်ရွယ်ချက် မှန်ကန်ခဲ့လျှင်လည်း (ထာဝရဘုရား၏ဘုန်းတော် ထင်ရှားစေလိုခြင်း)၊ တဲတော်မှအပ အခြားဘယ်နေရာ၌မျှ ပူဇော်ခြင်း ပြုခွင့်မရှိပါ။ သူတို့သည် ထာဝရဘုရားအား နံဝိညာဉ်နှင့်ငင်း၊ သစ္စာနှင့်ငင်း၊ မှန်ကန်သောနေရာ၌ ကိုးကွယ်ဝတ်ပြုကြရပါမည်။ ဣသရေလ၏ ခရစ်တော်အတွက် သက်သေခံခြင်းအမှု၌ ထာဝရဘုရားအား မှန်ကန်စွာ ကိုးကွယ်ဝတ်ပြုခြင်းသည် အဓိကကျသောအရာတခုဖြစ်ပါသည်။ ထာဝရဘုရား ဝတ်ပြုကိုးကွယ်ခြင်းအမှုတိုင်းကို ထိုဘုရားချမှတ်တော်မူသည်အတိုင်း ပြုရပါမည်။ ဤကမ္ဘာလောက၌ လူတို့ပြုသော ဝတ်ပြုကိုးကွယ်ခြင်းသည် ကောင်းကင်ဘုံ၏ စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းကို ပုံဆောင်ရပါမည်။ လူ့ဇာတိသဘော၊ လူ့အလိုအတိုင်းပြုသော ဝတ်ပြုကိုးကွယ်ခြင်းကို ဤကမ္ဘာလောက၌ လက်ခံ၍ မရသကဲ့သို့၊ ကောင်းကင်ဘုံ၌လည်း လုံးဝလက်ခံမည် မဟုတ်ပါ။ ကောင်းကင်ဘုံနှင့် ဆိုင်သော ဝတ်ပြုကိုးကွယ်ခြင်းသည် သန့်ရှင်းသည်ဖြစ်၍ ဘုရားသခင်ကို အဓိကထားသော ဝတ်ပြုကိုးကွယ်ခြင်းဖြစ်ပါသည်။

ထိုတရားသည် အသင်းတော်က ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသလော၊ မထင်ရှားစေသလော ဟူသောအချက်ကို တိုင်းတာရန် အကောင်းဆုံးသော နည်းလမ်းဖြစ်ပါသည်။ ကောင်းကင်ဘုံနှင့်ဆိုင်သော ကိုးကွယ်ခြင်းသည် သမ္မာကျမ်းစာအတိုင်းဖြစ်၍ သန့်ရှင်းစင်ကြယ်ခြင်းဖြင့် ပြည့်စုံပါသည်။ ထို့ကြောင့်၊ ကျွန်တော်တို့၏ဝတ်ပြုကိုးကွယ်ခြင်း၌လည်း ချီးမွမ်းသီချင်းကအစ နှုတ်ကပတ်တော်အတိုင်းဖြစ်၍ ဘုရားကျောင်း၌ ပြုသမျှသောအမှုသည် ဝိညာဉ်တော်နှင့် ပြည့်ဝသော၊ စင်ကြယ်သောအမှုဖြစ်ကြရပါမည်။

**ကျက်မှတ်ရန်** - ဝတ် ၁၇း၇။
**ဆုတောင်းချက်** -အဖဘုရား၊ စိတ်ဝိညာဉ်နှင့်ငင်း၊ သမ္မာတရားနှင့်ငင်း ကိုယ်တော်ကို ကိုးကွယ်ဝတ်ပြုမည်အကြောင်း အကျွန်ုပ်ကို သွန်သင်တော်မူပါ။ အာမင်။

တနင်္လာ၊ မေ (၂၇)
**ဝတ် ၁၇**
ကောလော ၃း၁-၄

*"ကိုယ်ခန္ဓာ အသက်သည် အသွေး၌တည်၏။ သင်တို့ပြုသော အပြစ်ကို ဖြေစေခြင်းငှါ၊ ထိုအသွေးကို သင်တို့အား ယဇ်ပလ္လင်ပေါ်မှာ ငါပေးပြီ"*

# အဘယ်သူမျှ အသွေးကို မစားရ

အသွေးစားခြင်းသည် ရုပ်တုကိုးကွယ်ခြင်း အစိတ်အပိုင်းတခု အစဉ်ဖြစ်ခဲ့ပါသည်။ အသွေးစားသုံးခြင်းသည် ဝိညာဉ်လောကနှင့်ဆက်နွယ်လျက်ရှိသည်ဟု ထင်မှတ်ရပါသည်။ အသွေးမပါသည်ထက်၊ ချက်ထားသော သွေးခဲတုံးများစားခြင်း၊ သွေး သွန်းခြင်းနှင့် သောက်ခြင်း ပါသောအခါ ရုပ်တုကိုးကွယ်ခြင်းသည် ပို၍လေးနက်လာခဲ့ပါသည်။ ဗာလ ပရောဖက်တို့သည် ဗာလထံ ဆုတောင်း အော်ဟစ်ခဲ့သော်လည်း၊ တိတ်ဆိတ်နေခဲ့ပါသည်။ ထိုအခါ သူတို့၏အော်ဟစ်သံကို ဗာလ နားညောင်းစေဖို့ရန် ဗာလ ပရောဖက်တို့သည် မိမိကိုယ်ကို ဓါးဖြင့် ရှခဲ့ကြပါသည်။ ၃ ရာ ၁၈း၂၈၊ "သူတို့သည်လည်း ကျယ်သောအသံနှင့် ဟစ်၍ ထုံးစံရှိသည်အတိုင်း၊ ကိုယ် အသွေးနှင့် ကိုယ်ကို လူးခြင်းငှါ ထား၊ သံစူးနှင့်ကိုယ်ကို ရှစေကြ၏။"

ထာဝရဘုရားသည် ဣသရေလလူတိုင်း၊ ဣသရေလပြည်၌ နေထိုင်သော တပါးအမျိုးသားတို့လည်း အသွေး မစားဖို့ရန် မိန့်တော်မူခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်၏လူတို့သည် အိမ်အကူ ခေါ်သောအခါ၊ ထိုအိမ်အကူတို့သည် မိမိတို့၏ ရုပ်တုကိုးကွယ်ခြင်းကို မယူဆောင်လာရပါ။ ထိုသူကို အများအားဖြင့် အသေသတ်ရပါမည်။ ဤပြင်းထန်သော ပြစ်ဒဏ်က ထိုအပြစ်၏ကြီးလေးမှုကို ဖော်ပြပါသည်။ ဣသရေလပြည်၌ အသွေးစားခြင်း ခွင့်မပြုသောကြောင့်၊ ရုပ်တုကိုးကွယ်ခြင်းပြု၍ မရပါ။ ဤပညတ်ချက်သည် ဣသရေလလူများနှင့် သူတို့၏ တပါးအမျိုးသားကျွန်များ၊ မိတ်ဆွေများလည်း အကျုံးဝင်ပါသည်။ ရောနှောခြင်းမရှိရပါ။ သန့်ရှင်းတော်မူသော ဘုရားသခင်အပေါ် လူတို့ပြုသော အလွန်ရွံ့ရှာစရာကောင်းသောအပြစ်သည် ရုပ်တုကိုးကွယ်ခြင်းပင်ဖြစ်ပါသည်။ ရုပ်တုကိုးကွယ်ခြင်း၏ဆိုးကျိုးကို ယနေ့ ကျွန်ုပ်တို့လူ့အဖွဲ့စည်း၌ မြင်တွေ့ရပါသည်။

အပြစ်၌ သေဆုံးလျက်ရှိသော ဤကမ္ဘာကြီးအတွက် ဣသရေလသည် တခုတည်းသော အလင်းဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ရုပ်တုကိုးကွယ်ခြင်း ဝင်ရောက်လာပြီး ချက်ချင်း ဆီးတားခြင်း မပြုလျှင်၊ ကင်ဆာရောဂါသည် လူ့အင်္ဂါများကို ဖျက်ဆီးသကဲ့သို့ ဣသရေလ၏သန့်ရှင်းသော သက်သေခံချက်ကို ဖျက်ဆီးလိမ့်မည်ဖြစ်ပါသည်။ ထိုဣသရေလ၏သက်သေခံချက်ကို ကွယ်ကာဖို့ရန် ထာဝရဘုရားသည် အသွေးကို မစားစေခြင်း ဖြစ်ပါသည်။ အသွေးကို မြေကြီး၌ သွန်ပစ်ရပါမည်။ အသားစားဖို့ရန် သတ်သော တိရစ္ဆာန်၏အသွေးလည်း ထို့သို့ ပြုရပါမည်။ တိရစ္ဆာန်ကို သတ်သောအခါ၊ အသွေးတစက်မျှ မကျန်အောင် ပြုခြင်းသည် ခဲယဉ်းလှပါသည်။ အသားစားသောအခါ အသွေး အနည်းငယ် ပါကောင်း ပါနိုင်ပါသည်။ ထိုသို့သောအမှုကို ဘုရားသခင် ခွင့်ပြုတော်မူ၏။ ယနေ့ အသင်းတော်သည်လည်း အသွေး စားသောက်ခွင့် မရှိပါ။

**ကျက်မှတ်ရန်** - ဝတ် ၁၇း၁၀။
**ဆုတောင်းချက်** -အို အဖဘုရား၊ ရုပ်တုဆင်းတု ကိုးကွယ်ခြင်းအမျိုးမျိုးမှ ကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ။ အာမင်။

အင်္ဂါ၊ မေ (၂၈)
**ဝတ် ၁၇**
ယောဟန် ၆း၅၃-၅၇

*"အဘယ်သူမျှ အသွေးကို မစားရ။
သင်တို့တွင်တည်းသော တပါးအမျိုးသားလည်း
အသွေးကို မစားရ"*

# လူသားတိုင်း၏အသက်သည် အသွေးဖြစ်ပါသည်

တရားမျှတတော်မူသော ဘုရားသခင်၏ အမိန့်တော်မှာ လူ့အသက်ကို သတ်သောသူသည် မိမိအသက်ကို ပြန်ပေးဆပ်ရမည်ဟူ၍ ဖြစ်ပါသည်။ ဤသည်ကား လူ့အသက်ကို ဖြောင့်မတ်မှန်ကန်စွာ တန်ဖိုးထားခြင်း ဖြစ်ပါသည်။ သေဒဏ်ပေးခြင်းသည် သမ္မာကျမ်းစာ၏ သွန်သင်ချက်သဘောတရား ဖြစ်ပါသည်။ ဤပြစ်ဒဏ်သည် လူ့အသက်ကို တန်ဖိုးထားခြင်း၊ စောင့်ရှောက်ကာကွယ်ခြင်း ဖြစ်ပါသည်။ သေဒဏ်ပေးခြင်းကို ငြင်းပယ်သောပြည်သည် လူ့အသက်ကို တန်ဖိုးမထားသောကြောင့်၊ အကျင့်ပျက်မှုများရှိလျက်၊ မင်းမဲ့စရိုက် စိုးမိုးပါလိမ့်မည်။ သူတို့၏အကျဉ်းထောင်သည် များစွာသောရိက္ခာလိုအပ်လိမ့်မည်။ လူသတ်မှုကျူးလွန်သောသူ များစွာ ဝင်လာကြပါလိမ့်မည်။ သေဒဏ်ပေးခြင်း မရှိခြင်းက လူသတ်မှုများပြားစေမည်ဖြစ်ပါသည်။ သေဒဏ်စနစ်သည် ရက်စက်ကြမ်းတမ်းလွန်းသည်ဟု ဆိုသောသူတို့သည် ထိုရက်စက်ကြမ်းတမ်းမှုဖြင့် လူသတ်မှုကျူးလွန်သူကို ကွယ်ကာမှုပေးခဲ့ကြပါသည်။ ထိုသို့သော မှားယွင်းသည့်အမြင်သည် ဂတိတော်ပြည်၌ မရှိရပါ။ ဘုရားသခင်၏လူတို့သည် လူ့အသက်ကို တန်ဖိုးထားကြရပါမည်။

ထာဝရဘုရားသည် မိမိလူတို့အား လူ့အသက်ကို တန်ဖိုးထားဖို့ရန် အသွေးကို မစားရဟု မိန့်တော်မူခဲ့ပါသည်။ ထိုသို့တားမြစ်ခြင်းသည် မနေ့၌ဖော်ပြသည်အတိုင်း ရုပ်တုကိုးကွယ်ခြင်း မရှိစေရန် ကာကွယ်ခြင်းဖြစ်သည် သာမက၊ လူ့အသက်ကို အလွန်တန်ဖိုးထားခြင်းဖြစ်ပါသည်။ ဘုရားသခင်၏လူအပေါင်းတို့သည် ထိုသို့သောအမြင်ရှိကြလျှင် လူသတ်မှုရှိမည် မဟုတ်ပါ။ ထို့ကြောင့် ဘုရားသခင်၏လူတို့သည် အမဲလိုက်သောအခါ၊ သားကောင်များနှင့်ငှက်များ၏အသွေးကို သွန်ပစ်ရပါမည်။ ထိုသွန်ပစ်သောအသွေးကို အခြားသားကောင်များ မစားသောက် မိစေရန် မြေမှုန့်ဖြင့် ဖုံးအုပ်ကြရပါမည်။ ထိုအမှုအားဖြင့် ဘုရားသခင်သည် ဣသရေလလူတို့အား လူ့အသက်ကို မိမိ တန်ဖိုးထားကြောင်း သတိပေးခဲ့ပါသည်။ အပြစ်သားသည် အပြစ်ရှိလျက် သေဆုံးခဲ့လျှင် ငရဲသို့ ပစ်ချခြင်း ခံရလိမ့်မည်။ ထို့ကြောင့်၊ မယုံကြည်သူကို သတ်မိလျှင် ထိုသူကို ငရဲသို့ ပို့လိုက်ခြင်းပင် ဖြစ်ပါသည်။ သတ်သောသူသည်လည်း သေဒဏ်ခံလျက် ငရဲသို့ သွားရပါမည်။ ဣသရေလလူသည် စင်ကြယ်သော တိရစ္ဆာန်အသေကောင်ကို တွေ့လျှင် ဘုရားသခင်က စားခွင့် ပေးတော်မမူ။ ထိုသူသည် ရေချိုး၊ အဝတ်ကိုလျှော်လျက် ညဦးတိုင်အောက် မစင်ကြယ်ဖြစ်ရပါမည်။ ထိုသို့မပြုလျှင် မိမိ အပြစ်၏အခကို ခံရမည်ဖြစ်ပါသည်။ ပြစ်ဒဏ်ကို မဖော်ပြခဲ့သော်လည်း ဘုရားသခင် (သို့) ယဇ်ပုရောဟိတ် (သို့) လူကြီးများက ထိုအပြစ်ဒဏ်ကို ခံစေကြပါလိမ့်မည်။ လူ့အသက်ကို အမှန်တန်ဖိုးထားခြင်းသည် ယုံကြည်သူများနှင့် လူ့အဖွဲ့အစည်းတခုလုံးအတွက် ကောင်းသောအမှုဖြစ်ပါသည်။

**ကျက်မှတ်ရန်** - ဝတ် ၁၇း၁၄။
**ဆုတောင်းချက်** -အဖဘုရား၊ မိမိကိုယ်ကို ချစ်သည်နည်းတူ ကိုယ်နှင့်သက်ဆိုင်သောသူကို ချစ်မည်အကြောင်း သွန်သင်တော်မူပါ။ အာမင်။

*"ငါစီရင်ချက်ရှိသည်အတိုင်း ကျင့်၍၊ ငါ့ပညတ်တရားလမ်းသို့ လိုက်ခြင်းငှါ စောင့်ရှောက်ရကြမည်။ ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏"*

# အကျင့်ဟောင်းကို အသစ်ဖြင့် အစားထိုးခြင်း

လူတိုင်း၌ အတိတ် ရှိခဲ့ကြပါသည်။ အတိတ်အတွေ့အကြုံက ကျွန်ုပ်တို့ အသက်တာနှင့် အတွေးအခေါ်ကို ပုံသွင်းပြုပြင်လေ့ရှိပါသည်။ ထိုအတိတ်ကြောင့်သာလျှင် ယနေ့ ကျွန်တော်တို့ ဖြစ်သည်အတိုင်း ဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ ပြောင်းလဲသည့်တိုင်၊ အတိတ်ကို ကျွန်တော်တို့ ပစ်ထား၍ မရပါ။ ထိုအတိတ်သည် ဖောက်ဖျက်၍မရသော ခရီးဆောင်အိတ်ပမာ ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်အတွေးထဲ၌ ရှိပါသည်။ သွားလေရာရာ လိုက်ပါတတ်၏။ ခရစ်တော်၌ ကယ်တင်ခြင်း ခံရပြီးနောက် ကျွန်ုပ်တို့၏ ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်း၌လည်း ထိုအကျင့် ပါလာတတ်ပါသည်။

ဣသရေလလူတို့သည် နှစ်ပေါင်း ၄၀၀ ကျော် အဲဂုတ္တုလူတို့၏ ဝတ်ပြုကိုးကွယ်ခြင်းကို တွေ့ကြုံမြင်တွေ့ခဲ့ရကြ၏။ မကြာမီ၊ ခါနန်ပြည်သို့ဝင်ရောက်လျက် နေထိုင်ကြသောအခါ သူတို့၏ ဝတ်ပြုကိုးကွယ်မှုကို မြင်တွေ့ခဲ့ကြပါလိမ့်မည်။ ထိုဂတိတော်ပြည်၌ ရုပ်တုကိုးကွယ်ခြင်းနှင့် ကိုးကွယ်ရာနေရာများကို တွေ့ခဲ့ကြရပါသည်။ ထို့ကြောင့် ဘုရားသခင်က ဣသရေလလူတို့အား ထို ရုပ်တုကိုးကွယ်ခြင်းပြုသောနေရာနှင့် ရုပ်တုကိုးကွယ်သော ခါနန်ပြည်သူပြည်သား ယောက်ျား၊ မိန်းမနှင့် ကလေးငယ်များ အပါအဝင် ဖျက်ဆီးကြရန် မိန့်တော်မူခြင်းဖြစ်ပါသည်။ ဣသရေလအား ရုပ်တုကိုးကွယ်ခြင်းမှ ကယ်တင်ဖို့ရန် ထိုသို့ပြုဖို့လိုပါသည်။ ဣသရေလသည် ရုပ်တုကိုးကွယ်ခြင်းထဲသို့ ကျရောက်ခဲ့လျှင် ဤကမ္ဘာလောကကြီးသည် ဝိညာဉ်အလင်း မရှိတော့သော၊ အမှောင်ထဲသို့ ကျရောက် ပါလိမ့်မည်။ ဤလောကလူသားများကို အပြစ်မှ ကယ်တင်ဖို့ရန် ခရစ်တော်၏အလင်းကို သယ်ဆောင်သော၊ ဤလောက၏ တခုတည်းသော ဝိညာဉ်အလင်းသည် ဣသရေလဖြစ်ပါသည်။

ဣသရေလသည် နှုတ်ကပတ်တရားတော်အတိုင်း၊ ဘုရားသခင်၏ဥပဒေသများ၊ စီရင်ချက်များနှင့် အထုံးအဖွဲ့များကို လိုက်လျှောက်ရမည်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် လိုက်လျှောက်ဖို့ရန် ထိုဘုရားသခင်ထံ စိတ်အားထက်သန်စွာ ဆက်ကပ်ဖို့လိုပါသည်။ ထိုသို့ ဆက်ကပ်ဖို့ရန် ထာဝရဘုရားက "ငါသည် သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏" (ဝတ် ၁၈း ၂၊ ၄၊ ၃၀) ဟု ဣသရေလအား မိန့်တော်မူခဲ့ပါသည်။ ဣသရေလသည် ထာဝရဘုရားအား မိမိ၏ ဘုရားသခင်အဖြစ် ပဋိညာဉ် ပြုခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်၏စကားကို နာခံလျက်၊ သန့်ရှင်းသော အသက်တာဖြင့် ထာဝရဘုရားကို သက်သေခံကြရပါမည်။ မစင်ကြယ်သော ရောနှော ကိုးကွယ်ခြင်းသည် ရွံ့ရှာစရာကောင်းလှပါသည်။ ထာဝရဘုရားနှင့် ဗာလဘုရားကို ရောနှောလျက် မကိုးကွယ်ရပါ။ ခါနန်လူတို့၏ရုပ်တုကိုးကွယ်ခြင်းထက် ဘုရားသခင်၏လူဖြစ်သော ဣသရေလ၏ ရုပ်တုကိုးကွယ်ခြင်းသည် ပို၍ အပြစ်ကြီးပါသည်။ တနင်္ဂနွေနေ့၌ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်လျက်၊ ကျန်နေ့များတွင် ရုပ်တုကိုးကွယ်သော ခရစ်ယာန်တို့သည်လည်း ထိုသို့ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အတိတ်က ရုပ်တုကိုးကွယ်မှု အတွေ့အကြုံများကို ခရစ်တော်ကိုးကွယ်ခြင်းသို့ မလှည့်ပြောင်းရပါ။ ခရစ်တော် ဝတ်ပြုကိုးကွယ်ခြင်းသည် သမ္မာကျမ်းစာ၌သာ အခြေခံရပါမည်။

**ကျက်မှတ်ရန်** - ဝတ် ၁၈း၃။

**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်ကိုသာ ဝိညာဉ်နှင့်ဒင်း၊ သမ္မာတရားနှင့်ဒင်း ကိုးကွယ် ဝတ်ပြုမည်အကြောင်း မစတော်မူပါ။ အာမင်။

*"ထိုသို့သော ရွံ့ရှာဘွယ် အမှုတို့ကို ပြုသောသူ မည်သည်ကား၊ သူ၏အမျိုးမှ ပယ်ရှင်းခြင်းကို ခံရမည်"*

# ဆက်ဆံမှုတိုင်း၌ သန့်ရှင်းခြင်း

ခရစ်ယာန် ဇနီးမယား ရှာဖွေခြင်းအမှုတွင် ရှေးယုံကြည်သူများခေတ်နှင့် က္လသရေလလူတို့ ခေတ် မတူညီခဲ့ပါ။ က္လသရေလအမျိုးသည် ဘုရားသခင်၏အမျိုးဖြစ်၍ ဘုရားသခင် မိန့်တော်မူသည့် အတိုင်း ပြုကြရ၏။ သူတို့၏အဝတ်အစား၊ အစားအသောက်၊ တဲတော်တည်ဆောက်ခြင်းမှအစ ယဇ်ပုရောဟိတ်နှင့် ဝတ်ပြုကိုးကွယ်ခြင်းဥပဒေများ၊ သန့်ရှင်းစင်ကြယ်စွာ ဘုရားသခင် ချဉ်းကပ်ရ မည် စသည်အထိ လိုက်လျှောက်ကြရ၏။ အာဒံနှင့်ဧဝ ခေတ်တွင် သူတို့၏သားသမီးတို့သည် အခြား သူများ မရှိသောကြောင့် မိသားစုဝင်အချင်းချင်း ထိမ်းမြားလက်ထပ်ခဲ့ကြရ၏။ ရေလွှမ်းမိုးမှု ဖြစ်ပြီး နောက်၌လည်း နောဧ၏ မိသားစုဝင် ရှစ်ဦးသာကျန်ခဲ့ကြသောကြောင့်၊ သူတို့သားသမီးတို့သည် အချင်းချင်း လက်ထပ်ထိမ်းမြား ဖို့လိုခဲ့ပါသည်။ အာဗြဟံသည် မိမိ၏ညီမ စာရာ (ဖအေတူ မအေကွဲ) ကို လက်ထပ်ခဲ့ရပါသည်။ က္လဇက်သည် မိမိ၏ ဝမ်းကွဲ ညီမ ရေဗက္ကကို လက်ထပ်ခဲ့ရ၏။ ယာကုပ်က လည်း မိမိ၏ဝမ်းကွဲများဖြစ်သော လေအာနှင့် ရာခေလတို့ကို လက်ထပ်ယူခဲ့ပါသည်။ ဘုရားသခင် နှင့်ဆိုင်သော တစ်ဦးတစ်ယောက်နှင့် မိသားစု အားဖြင့်၊ အာဗြဟံ၊ က္လဇက်နှင့်ယာကုပ် တို့အားဖြင့်၊ ခရစ်တော်၏သန့်ရှင်းသောသက်သေခံခြင်း အမှုကို ပြုသောခေတ်တွင် ထိုသို့ဖြစ်ခဲ့ပါသည်။

သို့သော်လည်း၊ က္လသရေလအမျိုး တည်ရှိလာသောအခါ၊ ထိုသွေးသားနီးစပ်သော ထိမ်းမြား လက်ထပ်ခြင်းကို မပြုရတော့ပါ။ အကြောင်းမှာ က္လသရေလ၏သန့်ရှင်းသော သက်သေ ခံခြင်းကို ပျက်စီးစေမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထာဝရဘုရား အသုံးပြုသော တားမြစ်စကား မှာ "မချဉ်းရ" (ဝတ် ၁၈း၉၊ ၁၀) ဟူ၍ဖြစ်ပါသည်။ ဤအသုံးအနှုန်းသည် လက်မထပ်ရ ဟူ၍ အဓိပ္ပါယ်ရသည်သာမက ကာမဆက်ဆံခြင်း မပြုရ၊ မပြစ်မှားရ ဟူလည်း အဓိပ္ပါယ်သက်ရောက် ပါသည်။ ထိုတားမြစ်ချက်က က္လသရေလ၏ သန့်ရှင်းသော မိသားစု ဆက်နွယ်မှုကို ကာကွယ်ပေး ခဲ့ပါသည်။ မှားယွင်းသော ကာမဆက်ဆံခြင်းတိုင်းသည် မိသားစုကို အနည်းအများ ထိခိုက်ပါ၏။ မိသားစု ပြိုလဲသောအခါ လူ့အဖွဲ့အစည်းသည် ဒုက္ခရောက်ရပါ၏။ ထိုဆိုးကျိုးကို ယနေ့ ခေတ်သစ် နိုင်ငံများခံစားနေရပါသည်။ အကျင့်ပျက်ခြင်းက လွှမ်းမိုးထားပါသည်။ မိသားစုကွဲလျက်၊ ကလေးများ သည် အမိ (သို့) အဖ တစ်ဦး၏ ပြုစုမှုအောက်၌၎င်း၊ ကွဲပြီးမှ ပြန်ယူသော မိဘများ၏ လက်အောက် ၌၎င်း ကြီးပြင်းခဲ့ရကြ၏။ ဘုရားသခင်ကို ကြောက်ရွံ့သော မိသားစုမရှိသောကြောင့် သန့်ရှင်းသော အသက်တာ၊ သက်သေခံချက်မရှိနိုင်ပါ။ အဖွဲ့အစည်းတိုင်းသည် မိသားစုများ ပေါင်းစည်းခြင်းဖြင့် ဖြစ်လာပါ၏။ မိသားစုပြိုကွဲလျှင် အဖွဲ့အစည်း ပျက်စီး၏။ စာတန်သည် ထိုသို့ဖြစ်စေလို၏။

ဆက်ဆံမှုတိုင်း၌ သန့်ရှင်းစင်ကြယ်ခြင်းရှိလျှင် လူမျိုး နိုင်ငံ ခိုင်ခန့်မြဲမြံပါလိမ့်မည်။ က္လသရေလသည် ထိုသို့သော ခရစ်တော်၏ သန့်ရှင်းသောသက်သေဖြစ်ခဲ့ရပါမည်။ သင့် မိသားစုသည် ဘုရားသခင်ကို ကြောက်ရွံ့သော မိသားစုဖြစ်ပါသလား။

**ကျက်မှတ်ရန်** - ဝတ် ၁၈း၆။

**ဆုတောင်းချက်** -အဖဘုရား၊ ခရစ်ယာန် မိသားစုတိုင်းသည် ကိုယ်တော်၏နှုတ်ကပတ်တော်ကို နာခံလျက် ခရစ်တော်၏ဘုန်းတော်ကို ထင်ရှားစေမည်အကြောင်း မစတော်မူပါ။ အာမင်။

*"သူတို့ပြည်သည်လည်း ညစ်ညူး၏။
ညစ်ညူးသောအပြစ်ကြောင့် ငါဆုံးမ၍၊ ထိုပြည်သည်
မိမိသားတို့ကို အော့အန်လိမ့်မည်"*

# မိမိကိုယ်ကို မညစ်ညူးစေနှင့်

အပြစ်သားသည် ဘုရားသခင်၏သား ဖြစ်လာသောအခါ၊ သူသည် သန့်ရှင်းသောသူအဖြစ် ပြောင်းလဲခဲ့ပါသည်။ ထာဝရဘုရားကထိုသို့ သန့်ရှင်းသူအဖြစ် ပြောင်းလဲတော်မူခြင်းဖြစ်ပါသည်။ သန့်ရှင်းသောသူတိုင်းသည် သန့်ရှင်းခြင်းကို ခံမင်ကြပါသည်။ သန့်ရှင်းခြင်းဆိုသည်မှာ အသက်တာ၌ ရှိသော အပြစ်တိုင်းကို ဖယ်ရှားခြင်း၊ အပြစ်မပြုဖို့ရန် ဆုံးဖြတ်ချက်ချခြင်းလည်းဖြစ်ပါသည်။ ဤခန္ဓာကိုယ်ဖြင့် ထာဝရဘုရား၏အမှုတော်ကို ဆောက်ရွက်သကာလ အပြစ်ကို ဘယ်လောက်မုန်းမုန်း အပြစ်ပြုမိသောအချိန်ရှိမည်ကို သူသိပါသည်။

ဝတ် ၁၈ က ယုံကြည်သူများအား အသစ်သော ကာမဆက်ဆံခြင်းအကြောင်းကို ဖော်ပြပေးခဲ့ပါသည်။ ဖော်ပြပါ ထိုကာမဆက်ဆံခြင်းတို့ကို မပြုဖို့ရန် သတိပေးခြင်းဖြင့် ဤကျမ်းစာက ဖော်ပြပေးခြင်း ဖြစ်ပါသည်။ အချို့အပြစ်များကို ခါနန်လူများ (ရုပ်တုကိုးကွယ်သောသူ) ကျူးလွန်ခဲ့ကြခြင်းဖြစ်ပါသည်။ သူ့မယားပြစ်မှားခြင်း အပြစ် (ဝတ် ၁၈း ၂၀)၊ တိရစ္ဆာန်နှင့်ဆက်ဆံခြင်း (ဝတ် ၁၈း ၂၂) နှင့် ယောကျ်ားချင်း ပေါင်းဘော်ခြင်း (ဝတ် ၁၈း ၂၂) တို့ဖြစ်ပါသည်။ ထိုအပြစ်များကို ဣသရေလအား ဘယ်တော့မှ မကျူးလွန်ဖို့ရန် သတိပေးထားပါသည်။ ရုပ်တုဆင်းတု ကိုးကွယ်ခဲ့လျှင် ထိုအပြစ်များကို ကျူးလွန်လိမ့်မည်ဖြစ်ပါသည်။ ထိုအပြစ်တို့သည် ထာဝရဘုရားရှေ့၌ စက်ဆုပ်ရွံ့ရှာစရာကောင်းလှပါသည်။ ဣသရေလသည် တပါးအမျိုးသားကဲ့သို့ ဖြစ်ပါလိမ့်မည်။ ထိုသို့ ခရစ်တော်၏နာမတော် ညစ်ညူးစေခြင်းသည် ရုပ်တုကိုးကွယ်ခြင်းထက် ပို၍ အပြစ်ကြီး၏။

ခရစ်တော်၏နာမတော် ညစ်ညူးစေခြင်းက ဤလောကလူတို့ကို မျှော်လင့်ခြင်းမဲ့သောသူ ဖြစ်စေခဲ့ပါသည်။ အပြစ်သားကို သေခြင်းနှင့်ငရဲမှ ကယ်တင်နိုင်သော တခုတည်းသော နာမတော်သည် အချည်းနှီးဖြစ်ခဲ့ပါလိမ့်မည်။ ဤသတိပေးချက်သည် ဂတိတော်ပြည်၌ နေထိုင်သော ဣသရေလလူတို့နှင့်တပါးအမျိုးသားတို့အတွက် ဖြစ်ပါသည်။ ဣသရေလလူတို့သည် အပြစ်ကို မရပ်ဘဲ ဆက်လက်ပြုနေပါလျှင် ထိုပြည်မှ နှင်ထုတ်ခြင်းခံရမည်။ ဝတ် ၁၈း၂၈၊ "ထိုပြည်သည် သင်တို့ ရှေ့၌ရှိသောလူအမျိုးမျိုးတို့ကို အော့အန်သကဲ့သို့ တဖန် ညစ်ညူးခြင်းကို ခံ၍၊ သင်တို့ကို မအော့အန်စေခြင်းငှါ။"

ဤအပြစ်ကို မကျူးလွန်ဖို့ရန် ကာကွယ်မည့် နည်းလမ်းတခုမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အစဉ်လိုက်လျှောက်ခြင်းပင်ဖြစ်ပါသည်။ ယနေ့ခရစ်ယာန်တို့သည် ထိုသို့ပြုကြရပါမည်။ ရုပ်တုကိုးကွယ်ခြင်းအန္တရာယ်သည် ယနေ့၌လည်း ကြောက်စရာကောင်းလှပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် လိုက်လျှောက်ခြင်းက ဘုရားလူတို့ကို ကွယ်ကာမှုပေးသကဲ့သို့၊ ယနေ့၌လည်း ထိုအရာကသာလျှင် ကျွန်တော်တို့ကို ကွယ်ကာပေးလိမ့်မည်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ကို စိတ်အားထက်သန်စွာ နာခံခြင်းလိုသောစိတ်ဖြင့် လေ့လာပါလော့။ ထိုသို့ပြုခြင်းက ကျွန်တော်တို့ကို အထက်က ဖော်ပြခဲ့သောအပြစ်များမှ လုံခြုံမှုပေးပါလိမ့်မည်။

**ကျက်မှတ်ရန်** - ဝတ် ၁၈း၃၀။

**ဆုတောင်းချက်** - အဖဘုရား၊ အသက်ရှင်ခြင်းနှင့်ဆိုင်သော ကိုယ်တော်၏သန့်ရှင်းသော နှုတ်ကပတ်တော်ကို ကြိုးစားလေ့လာသည်အတိုင်း အကျွန်ုပ်ကို နာခံသော စိတ်နှလုံး ပေးသနားတော်မူပါ။ အာမင်။

စနေ၊ ဇွန် (၁)
**ဝတ် ၁၉**
၁ ပေ ၁း၁၄-၁၆

*"သူ့ဥစ္စာကို မခိုးရ။ သူတပါးကို မလှည့်စားရ။ တယောက်ကိုတယောက် မုသာစကား မပြောရ"*

# ခရစ်ယာန်အကျင့်၏အသက်သွေးကြော

ဧဒင်ဥယျာဉ်၌ လူသားကျဆုံးချိန်မှစ၍ ခရစ်ယာန်တစ်ဦး၏ အမူအကျင့်မှာ ပြောင်းလဲခြင်း မရှိပေ။ ၎င်းမှာ ဘုရားသခင်သည် သန့်ရှင်းသကဲ့သို့ သန့်ရှင်းရမည်။ ၎င်းမှာခရစ်တော်အတွက် သက်သေဖြစ်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ထိုအရာသည် ဓမ္မဟောင်းခေတ်တွင် မှန်ကန်ခဲ့ပြီး ဓမ္မသစ်ကာလတွင်လည်း မှန်ကန်ပါသည်။ "အထက်ကသင်တို့သည် မှောင်မိုက်ထဲမှာ ကျင့်သော တပ်မက်ခြင်းတရားကို ယခုမလိုက်မကျင့်ဘဲ နားထောင်တတ်သောသူငယ်ကဲ့သို့ဖြစ်၍၊ သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်း ရှိကြလော့။ အကြောင်းမူကား ငါသည်သန့်ရှင်းတော်မူသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်း ရှိကြလော့ဟု ကျမ်းစာလာသတည်း" (၁ ပေ ၁း၁၄-၁၆)။

ထိုသန့်ရှင်းခြင်းသည် လူတို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးမဟုတ်ပါ။ ၎င်းမှာ သီအိုရီသာ မဟုတ်ဘဲ အလွန်လက်တွေ့ကျသည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းမှာ သူ၏လုံးဝမှန်ကန်သော ပညတ်တော်ဆယ်ပါးတွင် အခြေပြုထားသည်။ Dispensationalists နှင့် ပညတ်တော်ဆယ်ပါးကို ငြင်းပယ်သောသူတို့သည် မိမိတို့ထိခိုက်ရာဖြစ်စေကြသည်။ သန့်ရှင်းခြင်းအဓိပ္ပာယ်ကို သွန်သင်ပေးသည့် သမ္မာကျမ်းစာပါပညတ်တော်ဆယ်ပါးကို ငြင်းပယ်သောအခါ သူတို့၏သန့်ရှင်းသောသက်သေကို ထိခိုက်စေကြသည်။ ဥပမာ ဝတ် ၁၉း၃ မှာ ပညတ်တော် ၄ နှင့် ၅ တွင်၎င်း၊ ဝတ် ၁၉း၄ မှာ ပညတ်တော် ၁ နှင့် ၂ တွင်၎င်း၊ ဝတ် ၁၉း၉ နှင့် ၁၄ တို့မှာ ပညတ်တော် ၈ တွင်၎င်း၊ ၁၉း၁၂ မှာ ပညတ်တော် ၃ တွင်၎င်း၊ ၁၉း၁၄ မှာ ပညတ်တော် ၆ တွင်၎င်း၊ ၁၉း၁၅-၁၆ မှာ ပညတ်တော် ၉ တွင်၎င်း၊ ၁၉း၁၇-၁၈ မှာ ပညတ်တော် ၆ အပေါ်တွင်၎င်း အခြေခံထားကြသည်။

ယုံကြည်သူတိုင်း၏ အသက်တာ၌ သန့်ရှင်းခြင်းသည် အပြင်ဘက်တွင်မထင်ရှားမီ၊ အတွင်းဘက်တွင် အရင်ဖြစ်ပေါ်သည်။ ၎င်းမှာ ခံစားချက် (သို့) သန့်ရှင်းလိုသော ဆန္ဒထက်ပိုနေ၏။ ၎င်းသည် ယုံကြည်သူတိုင်း၏ စိတ်နှလုံးတွင် တွေ့ရှိရသည့်အတွင်းသန့်ရှင်းမှုကို ခရစ်တော်အားဖြင့် ဘုရားသခင်လုပ်ဆောင်မှုဖြစ်သည်။ ဤအချက်သည် ပညတ်တော်ဆယ်ပါးကို နာခံခြင်း၌ အကျုံးဝင်၏။ ပညတ်တော်ဆယ်ပါးကို ငြင်းပယ်သောသူတို့သည် သန့်ရှင်းခြင်းအပေါ် နိမ့်ပါးသောအမြင်ရှိကြသည်။ သူတို့၏သန့်ရှင်းခြင်းအမြင်မှာ ကိုယ်ပိုင်အဆင်ပြေမှုနှင့် သင့်လျော်မှုတို့၌ အသွင်ဆောင်သောကြောင့် မိမိတို့အမြင်၌ မှန်သောအရာကို လုပ်ဆောင်ကြသည်။ စစ်မှန်သော သန့်ရှင်းသူတို့သည် ခရစ်တော်၏မေတ္တာဖြင့် ချုပ်ချယ်ခံရ၍ သန့်ရှင်းစွာနေထိုင်ကြသည်။ ပညတ်တော်ဆယ်ပါးကိုနာခံခြင်းသည် ဘယ်သောအခါမှ မခဲယဥ်းပါ။ ၎င်းမှာ သူတို့၏ကယ်တင်ရှင်နှင့် သခင်အပေါ် စစ်မှန်သောချစ်ခြင်းမေတ္တာကို ပြသခြင်းဖြစ်သောကြောင့် ကြီးစွာသော ဝမ်းမြောက်ခြင်းကို ယူဆောင်လာ၏။

**ကျက်မှတ်ရန်** - ဝတ် ၁၉း၂။

**ဆုတောင်းချက်** -အဖဘုရား၊ ခရစ်တော် တဖန်ကြွလာတော်မူသည်အချိန်ထိ ကျွန်တော် သန့်ရှင်းသော အသက်တာ နေ့စဉ်ပိုင်ဆိုင်မည်အကြောင်း သွန်သင်တော်မူပါ။ အာမင်။

*“သင်၏ညီအစ်ကိုကို စိတ်အခုအခံ မရှိရ။
ကိုယ်နှင့်စပ်ဆိုင်သောသူ၌ ရှိသောအပြစ်ကို
တတ်တိုင်း မရှိစေဘဲ၊ သူ့ကို အမှန်ဆုံးမရမည်”*

# ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ခြင်း

သမ္မာကျမ်းစာ၏ချစ်ခြင်းမေတ္တာသည် ခံစားချက်များဖြင့် အမြဲအစပြုသော်လည်း မည်သည့်အခါမျှ ခံစားချက်များ၌ ရပ်တန့်မသွားပေ။ စစ်မှန်ပြီး ဘုရားသခင်နှစ်သက်စေရန်အတွက် ၎င်းကို လက်တွေ့ကျသောစကားရပ်ဖြင့် ဖော်ပြရပါမည်။ လက်တွေ့ဖော်ပြချက်မပါဘဲ နွေးထွေးသော မေတ္တာနှင့်ဂရုစိုက်မှုခံစားချက်မှာ မှားယွင်းသောချစ်ခြင်းဖြစ်သည်။ ဝတ်ပြုရာကျမ်း ၁၉ က ယုံကြည်သူသည် မိမိ၏အိမ်နီးချင်းများကို လက်တွေ့ကျသော နည်းလမ်းများစွာဖြင့် ချစ်ကြောင်းကို ဖော်ပြထားသည်။ သူသည် မိမိညီအစ်ကိုအား စိတ်နှလုံးထဲ၌ မုန်းတီးဖို့ရန်မဟုတ်ဘဲ အပြစ်လုပ်သောအခါ ဆုံးမဖို့ရန်ဖြစ်သည်။ အပြစ်ကိုဖော်ပြဆုံးမခြင်းသည် လုပ်ရအခက်ဆုံးအရာများထဲမှ တစ်ခုဖြစ်သည်။ သို့သော် ၎င်းမှာ ညီအစ်ကိုအား ချစ်ကြောင်းကို အကောင်းဆုံးဖော်ပြချက်ဖြစ်သည်။ ဆုံးမဖို့ရန် ပျက်ကွက်ခြင်းမှာ ညီအစ်ကိုဖြစ်သူအား နောက်ထပ်အပြစ်ပြုခွင့်ပေးပြီး၊ သူ့ကိုယ်သူနှင့် သူ့ပတ်ဝန်းကျင်ရှိလူများကို ထိခိုက်နာကျင်စေခြင်းဖြစ်သည်။ ထိုထက် သူသယ်ဆောင်သော ယေရှုခရစ်၏ နာမတော်ကို ပျက်စီးစေမည်။

ယုံကြည်သူသည် တရားစီရင်ရာတွင် လူမျက်နှာကိုမထောက်ဘဲ တရားမျှတမှုရှိရပါမည်။ တရားမျှတမှုမရှိသော စီရင်ခြင်းသည် မိသားစု၊ အဖွဲ့အစည်းနှင့်အသင်းတော်တိုင်းရှိ ဆက်ဆံရေးနှင့် စိတ်ဓာတ်တို့ကို ဖျက်ဆီးဖို့ရန် အကောင်းဆုံးနည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ သူ့အိမ်နီးချင်းကို အတင်းအဖျင်းပြောပြီး မမှန်သောသက်သေဖြစ်ဖို့ရန်မဟုတ်ပါ။ သူ၏အိမ်နီးချင်းအပေါ် ကလဲ့စားချေဖို့ရန်နှင့် ရန်ငြိုးထားဖို့ရန် မဟုတ်ပေ။ ကတိတော်ပြည်၌ ခရစ်တော်အားဖြင့် ဘုရားသခင်အတွက် သန့်ရှင်းသောသက်သေခံယူနေကြစဉ်တွင် သူသည် ခွင့်လွှတ်ပြီးကူညီပေးရန်ဖြစ်သည်။

ဣသရေလအမျိုးသားတစ်ဦးသည် သူ၏အိမ်နီးချင်းအပေါ်တွင် အထက်ဖော်ပြပါအပြစ်တစ်ခုခုကို ကျူးလွန်သောအခါတွင် သန့်ရှင်းသောအမျိုးဣသရေလအားဖြင့် ခရစ်တော်အတွက် ဘုရားသခင်၏သက်သေဖြစ်ခြင်းကို ဖျက်ဆီးရာတွင် မာရ်နတ်၏အမှုကို ဆောင်ရွက်ပေးနေခြင်းဖြစ်၏။

ဤသည်မှာ ယနေ့အသင်းတော်များစွာတွင် ဖြစ်ပျက်နေသောအရာဖြစ်သည်။ မိတ်ဆုံစားပွဲနှင့်ကျမ်းစာသင်ယူမှုအစီအစဉ်များသည် အတင်းအဖျင်းပြောချိန်နှင့်စောဒကတက်ချိန်များ ဖြစ်လာ၏။ ကျွန်ုပ်တို့သည် စာတန်၏ကိရိယာတန်ဆာပလာဖြစ်ကြပြီး ဘဝကိုထိခိုက်နာကျင်စေသော သဘောထားကွဲလွဲမှုမျိုးစေ့များကြဲချကာ ပေါင်းသင်းဆက်ဆံရေးကိုပင် ဖျက်ဆီးခဲ့သည်ကို သတိမပြုမိကြပေ။ ဤအရာများမှာ ညီအစ်ကိုတို့အား မုန်းတီးခြင်းလုပ်ရပ်ဖြစ်သည်။ ၎င်းမှာဘုရားသခင်၏လူတို့က ဖြစ်သည့်နည်းနှင့်ရပ်တန့်စေရမည့်သာမန်အပြစ်တစ်ခုဖြစ်သည်။ ထိုသို့သော အတင်းအဖျင်းမျှဝေခြင်းကို လုပ်ဆောင်သောအခါ ဆုံးမခြင်းသည် မာရ်နတ်နှင့်သူ၏အစေခံများကို ရပ်တန့်စေရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

**ကျက်မှတ်ရန်** - ဝတ် ၁၉း၁၈။
**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်နှင့်စပ်ဆိုင်သောသူအပေါ်၌ မိမိလျှာကို စောင့်စည်းမည့်အကြောင်း အသိဉာဏ် ပေးသနားတော်မူပါ။ အာမင်။

တနင်္လာ၊ ဇွန် (၃)
**ဝတ် ၁၉**
ဂလာ ၂း၁၉-၂၀

*"ငါ့ဥပုသ်နေ့တို့ကို စောင့်၍၊ ငါ့သန့်ရှင်းရာ ဌာနတော်ကို ရိုသေရမည်။ ငါသည် ထာဝရဘုရားဖြစ်၏"*

# သန့်ရှင်းခြင်းအသက်တာရှိဖို့ရန် အစဉ်သတိပေးချက်

ခရစ်ယာန်တစ်ဦး၏အသက်တာသည် အမှန်တကယ်ခရစ်တော်၌ နေသောအသက်တာပင်ဖြစ်သည်။ တနင်္ဂနွေတစ်ရက်သာ ယုံကြည်သူဖြစ်သောသူတို့ကို ဘုရားသခင်ငြင်းပယ်၏။ အကြောင်းမှာ သူတို့သည် တနင်္ဂနွေနေ့တွင်သာ ခရစ်တော်အတွက်အသက်ရှင်ကြပြီး၊ တခြားရက်များတွင် ဟန်ဆောင်သောသူများဖြစ်ကြသည်။ ယုံကြည်သူအတုများသည်လည်း ငြင်းပယ်ခံရကြသည်။ အကြောင်းမှာ ထိုအရာကို လုပ်ဖို့အဆင်ပြေသောအခါ သန့်ရှင်းစွာနေထိုင်ကြသည်။ ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံဖို့ တောင်းဆိုသောအခါတွင် သူတို့သည် နားမကြားသူ (သို့) မျက်စိကန်းသူအဖြစ် ဟန်ဆောင်ကြသည်။

တိရစ္ဆာန်ယဇ်ကောင်များကို တဲတော်သို့ယူဆောင်လာသောအခါတွင်သာမက အချိန်တိုင်းတွင် သန့်ရှင်းစွာနေထိုင်ကြရန် ထာဝရဘုရားတောင်းဆိုသည်။ သူတို့၏ ဝတ်လုံများသည် သန့်ရှင်းသောသိုးမွေး (သို့) ပိတ်ချောဖြစ်ရမည်။ သူတို့သည် ရောနှောသောမျိုးစေ့ကြဲခြင်းမပြုရပါ။ မတရားသောမေထုန်ကို မပြုရပါ။ ကတိတော်ပြည်သို့ ဝင်ကြသောအခါ ပဌမနှစ်မှစ၍ စိုက်ပျိုးထားသောအသီးအနှံများကို စားခွင့်ရှိကြသည်။ ပဌမသုံးနှစ်၏ အသီးအနှံသည် မစင်ကြယ်ကြသည်ဖြစ်၍ မစားရကြပါ။ စတုတ္ထနှစ်၏အသီးအနှံသည် ထာဝရဘုရားပိုင်တော်မူ၏။ သူတို့သည် ရုပ်တုကိုးကွယ်သူများကဲ့သို့ အယူသီးသူများမဖြစ်ရပါ။ မိမိတို့၏အသားကို လှီးဖြတ်ခြင်းမပြုရပါ။ ဆိုလိုသည်မှာ တက်တူးထိုးခြင်းမပြုရပါ။ ဥပုသ်နေ့များကို စောင့်ပြီး ထာဝရဘုရား၏သန့်ရှင်းရာဌာနတော်ကို ရိုသေရပါမည်။ သူတို့သည် စုန်းအတတ်ကို တတ်သူ (သို့) မှော်ဆရာများကို မပတ်သက်ဘဲ ရှောင်ရှားရပါမည်။ သက်ကြီးရွယ်အိုတို့ကို လေးစားကြရပါမည်။ သူတို့သည် တစ်ချိန်က အဲဂုတ္တုပြည်၌ သူစိမ်းများဖြစ်သကဲ့သို့ ဣသရေလပြည်တွင် နေထိုင်သောသူစိမ်းများကို သနားကြင်နာမှုပြုကြရပါမည်။ သူတို့၏ စီးပွားရေးလုပ်ငန်းမှာ ရိုးသားရမည်။ ထာဝရဘုရား၏ စီရင်ထုံးဖွဲ့ချက်များအားလုံးကို လိုက် နာရပါမည်။

ဤနေ့စဉ်တွေ့ကြုံမှုများမှာ သူတို့အား ဘုရားသခင်၏ သန့်ရှင်းသောလူမျိုးဖြစ်ကြောင်းကို သတိပေးဖို့ဖြစ်သည်။ ၎င်းမှာ သူတို့အထဲတွင်ရှိသော ဘုရားသခင်၏သန့်ရှင်းခြင်းကို ထင်ဟပ်စေရန် နေထိုင်ရပုံဖြစ်သည်။ ဘုရားသခင်က ထိုအရာကို ဣသရေလလူတို့အား မေ့ပစ်ခွင့်မပေးပါ။ သူတို့၏ အဝတ်အစား၊ အစားအသောက်မှအစ လူများနှင့် ဆက်ဆံရေးအထိ အားလုံးသည် သန့်ရှင်းစွာ နေထိုင်ရန် အမြဲသတိပေးချက်ဖြစ်သည်။

ယနေ့ခရစ်ယာန်များသည်လည်း သန့်ရှင်းသောအသက်တာ၏ အရေးကြီးမှုကို အမြဲသတိပေးရန်လိုအပ်သည်။ သန့်ရှင်းသော၊ အသက်ရှင်သော၊ စစ်မှန်သောယုံကြည်သူများထက် အပြစ်၌ ကျင်လည်သောဟန်ဆောင်ယုံကြည်သူများ သာ၍များသည်။ သင်ရော မည်သို့အသက်ရှင်သနည်း။

**ကျက်မှတ်ရန်** - ဝတ် ၁၉း၃၇။

**ဆုတောင်းချက်** -အဖဘုရား၊ ခရစ်တော် တဖန်ကြွလာတော်မူသည် အချိန်ထိ ကျွန်တော် သန့်ရှင်းသော အသက်တာ နေ့စဉ် ပိုင်ဆိုင်မည်အကြောင်း သွန်သင် တော်မူပါ။ အာမင်။

**ဝတ် ၂၀**

၁ ယော ၅း၂၀-၂၁

*"ထိုသူကို ငါသည် မျက်နှာထား၍ သူ၏အမျိုးမှ ပယ်ရှင်းမည်"*

# ထာဝရဘုရားသည် ဆန့်ကျင်တော်မူမည်

ထာဝရဘုရားသည် တစ်စုံတစ်ဦးအပေါ် ဆန့်ကျင်လျက် မျက်နှာထားတော်မူမည့် အကြောင်းကို သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့ဖတ်ရဖို့ အလွန်ရှား၏။ ဤနေရာတွင် ထိုစကားစုကို သုံးကြိမ်ဆက်တိုက် သူဖော်ပြထားသည် (ဝတ် ၂၀း၃၊ ၅၊ ၆)။ ဘုရားသခင်က တစ်ကြိမ်မိန့်ဆိုလျှင် ကျွန်ုပ်တို့သည် နှစ်ခါနားထောင်ရမည်။ သူသည် ၎င်းကို သုံးကြိမ်ဆက်တိုက်မိန့်တော်မူသောအခါ ၎င်းကိုသတိပြု၍ အမြဲတမ်းမှတ်သားထားရပါမည်။ ပြင်းထန်သော သတိပေးချက်သုံးချက်ပြီးနောက် ကျွန်ုပ်တို့ပြစ်မှားမိပါက အကျိုးဆက်သည် အလွန်ဆိုးရွားလိမ့်မည်။

ထိုအပြစ်ကား အဘယ်နည်း။ ၎င်းမှာ ရုပ်တုကိုးကွယ်ခြင်းအပြစ်ဖြစ်သည်။ ဣသရေလလူမျိုးမဟုတ်သူများအပါအဝင် ကတိတော်ပြည်တွင် နေထိုင်သူများအားလုံးအပေါ်၌ ဘုရားသခင်၏ အမျက်တော်ရှလိမ့်မည်။ ဤသည်မှာ နေထိုင်သူတိုင်းအတွက် ကျင့်သုံးရမည့် ဥပဒေတစ်ခုဖြစ်သည်။ ရုပ်တုကိုးကွယ်ခြင်းအား စီရင်ခြင်းမှာ ကျောက်ခဲနှင့်ပစ်သတ်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်က ကျောက်ခဲနှင့်ပစ်သတ်ခံရမည့် ရုပ်တုကိုးကွယ်သူအား ဝှက်ထားသောသူကို ဆန့်ကျင်တော်မူမည်။ အကြောင်းမှာ ရုပ်တုကိုးကွယ်သူအား လွတ်ပေးသောသူသည် ရုပ်တုကိုးကွယ်ခြင်းကို အားပေးရာရောက်သောကြောင့်ဖြစ်သည်။ ရုပ်တုကိုးကွယ်သူအား ပညာပေးခြင်းမှာ ကတိတော်ပြည်ရှိ ဘုရားလူတို့နှင့်ဘုရားသခင်၏ သန့်ရှင်းခြင်းကို ကာကွယ်ဖို့တာဝန်ရှိသည်နှင့်တူညီသည်။ တိတ်ဆိတ်နေခြင်းဖြင့် ရုပ်တုကိုးကွယ်ခြင်းကို ဖုံးကွယ်ထားသောသူမှာ ရုပ်တုကိုးကွယ်သူ၏ အပြစ်၌ပါဝင်သူဖြစ်ပြီး၊ ထိုသူအား ဆက်လက်ရုပ်တုကိုးကွယ်စေ၍ အခြားသူများကိုလည်း ကူးစက်စေရန် ခွင့်ပြုပေးခြင်းဖြစ်သည်။ ဆိတ်ဆိတ်နေခြင်းသည် ထာဝရဘုရားချမှတ်ထားသော ပြစ်ဒဏ်ဖြင့်တိုင်းတာလျှင် ကြီးလေးသောကျူးလွန်မှုဖြစ်သည်။ ဘုရားသခင်၏ ပြည်တော်၌နေထိုင်၍ သူ၏နာမတော်ဖြင့် ခေါ်ဝေါ်ခြင်းခံရသောသူတိုင်း၊ လျစ်လျူရှုခြင်းအမှုကို တောင်းပန်ပိုင်ခွင့်မရှိပေ။ ရုပ်တုကိုးကွယ်ခြင်းနှင့်ကိုးကွယ်သူအပေါ်တွင် မိမိ၏ကိုယ်ပိုင်သဘောထားရှိပိုင်ခွင့်လည်းမရှိပေ။ ရုပ်တုကိုးကွယ်ခြင်းကိုဆန့်ကျင်သည့် ဤစည်းမျဉ်းသည် ထာဝရဘုရား၏ သန့်ရှင်းရာဌာန (တဲတော်) နှင့်ထာဝရဘုရား၏ နာမတော်ကို မညစ်ညူးစေသောတပါးအမျိုးသားတို့နှင့် သက်ဆိုင်ခြင်းမရှိပေ။ သူတို့သည် မွေးကတည်းက သေသည့်တိုင်အောင် ရုပ်တုကိုးကွယ်သူများဖြစ်ကြသော်လည်း သူတို့၏ ရုပ်တုကိုးကွယ်ခြင်းသည် ဘုရားသခင်၏နာမတော်ကို မထိခိုက်စေပါ။ အကြောင်းမှာ သူတို့သည် ဘုရားသခင်၏လူတို့ဟူ၍ ခေါ်ဆိုခြင်းမခံရသောကြောင့်ပင်။ သူတို့အပေါ် ဘုရားသခင်က သူ၏သန့်ရှင်းသောဥပဒေကို ကျင့်သုံးလျှင် ဘုရားသခင်ကယ်တင်ဖို့ရန်အတွက် ဤလောကတွင် တပါးအမျိုးသားတိုင်းပြည်ဟူ၍ရှိတော့မည်မဟုတ်ပေ။ သူတို့၏အပြစ်များ ပြည့်လာသောအခါ ခရစ်တော်ပြန်ကြွလာချိန်၌ ဘုရားသခင်၏ စီရင်ခြင်းအမှန်ခံရကြမည်။

ရုပ်တုကိုးကွယ်ခြင်းသည် ဘုရားသခင်ကို တိုက်ခိုက်ဆန့်ကျင်သောအပြစ်ဖြစ်သည်။ ထို့ကြောင့် ၎င်းမှာ စက်ဆုပ်ရွံရှာဖွယ်အကောင်းဆုံးဖြစ်သည်။ ရုပ်တုကိုးကွယ်ခြင်းအပြစ်ကို သတိထားလော့။

**ကျက်မှတ်ရန်** - ဝတ် ၂၀း၆။

**ဆုတောင်းချက်** -အဖဘုရား၊ ရုပ်တုဆင်းတု ကိုးကွယ်ခြင်းအပြစ်မှ ကျွန်တော် နောင်တရလိုပါ၏။ ယေရှုနာမတော်အားဖြင့် ဆုတောင်းပါသည်။ အာမင်။

# အစဉ်သန့်ရှင်းခြင်းရှိလော့

ပညတ်တော်ဆယ်ပါး၏ပထမ (၄) ပါး၌ပါဝင်သော ရုပ်တုကိုးကွယ်ခြင်းအပြစ် (ထွက် ၂၀း၃-၁၁) ကို ကိုင်တွယ်ဖြေရှင်းပြီးနောက်၊ ယခုတွင် ထာဝရဘုရားသည် ပညတ်တော်ဆယ်ပါး၏ ကျန် ၆ ပါးအနက် ၂ ပါးကို အာရုံစိုက်သည်။ ၎င်းတို့ကို လူကချိုးဖျက်လေ့ရှိပြီး၊ ယနေ့ခေတ်နိုင်ငံများစွာတွင် ရာဇဝတ်မှုအဖြစ် မသတ်မှတ်ကြပါ။ ၎င်းနှစ်ပါးမှာ ပညတ်တော် ၅ နှင့် ၇ တို့ဖြစ်သော မိဘကို ရိုသေစွာပြုလော့နှင့် သူ့မယားကိုမပြစ်မှားနှင့်ဟူသော ပညတ်တို့ဖြစ်သည်။

ပညတ်တော်ဆယ်ပါးကို နာခံခြင်းအတွက် အခြေခံအချက်မှာ ခရစ်တော်၏ အသွေးတော်နှင့်ပြီးပြည့်စုံသော နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ပေါ်၌ရှိသော ဘုရားသခင်၏သန့်ရှင်းခြင်းနှင့် တန်ခိုးတော်ဖြစ်သည်။ ထို့ကြောင့် အထူးသဖြင့် ပညတ်တော် ၅ နှင့် ၇ တို့ကို ဖောက်ဖျက်သည့်အခါတိုင်း မိမိကိုယ်ကို သန့်ရှင်းစေရန် ဘုရားသခင်မိန့်မှာထားသည်။ မိဘကို ကျိန်ဆဲခြင်းသည် သေဒဏ်ဖြစ်သည်။ မိဘများသည် ကျွန်ုပ်တို့ဖြစ်တည်လာဖို့အတွက် ဘုရားသခင်ရွေးချယ်ပေးထားခြင်းဖြစ်သည်။ မိဘတို့သည် မည်သို့ပင်ဖြစ်ပါစေ၊ ကျွန်ုပ်တို့ကို မည်သို့ပင်မွေးထုတ်စေကာမူ၊ မိဘကို ကျိန်ဆဲခွင့်လုံးဝမရှိပေ (ဆိုလိုသည်မှာ ဘယ်ကိစ္စ၌မဆို မိဘစိတ်နာအောင် မပြောဆိုရပါ)။ သူ့မယားကိုပြစ်မှားခြင်းအပြစ်က အိမ်ထောင်ပြင်ပလိင်ဆက်ဆံမှုအားလုံး၊ တိရိစ္ဆာန်နှင့်ကာမဆက်ဆံခြင်းအပါအဝင် (နှိုင်း ဝတ် ၂၀း၁၀-၂၁) အကျုံးဝင်သည်။ ခရစ်တော်အတွက် သန့်ရှင်းသောသက်သေအဖြစ် ဣသရေလလူမျိုးကို တည်ထောင်စဉ်တွင် ဘုရားသခင်က အမြင့်ဆုံးသောသန့်ရှင်းခြင်းကို တောင်းဆိုထားသည်။ မောရှေခေတ်မတိုင်မီ နှစ်ရာပေါင်းများစွာက အာဗြဟံကဲ့သို့သော ဘုရားတရားရိုသေသော အမျိုးသားများကို သူတို့၏ညီမ (အဖေတူ၊ အမေကွဲ) များကို ထိမ်းမြားခွင့်ပြုထားသည်။ ကာဣနသည် လူသားမျိုးနွယ်ဆက်လက်ဖြစ်တည်ရန် သူ၏ညီမနှင့် ထိမ်းမြားခဲ့သည်။ အာဗြဟံခေတ်တွင် လက်ထပ်ခြင်း၌ ကိုးကွယ်ယုံကြည်ခြင်းမှာ အလွန်အရေးကြီးသည်။ ထိုအချက်ကြောင့် အာဗြဟံက သားဣဇက်အတွက် ထိမ်းမြားစေဖို့ မိမိကျွန်အား ခါရန်မြို့သို့ စေလွှတ်ပြီး၊ ဣဇက်၏ ဝမ်းကွဲညီမရေဗက္ကကို ရှာဖွေခြင်းဖြင့် မေရှိယဖွားမြင်မည့်မျိုးရိုးကို သေချာစေခဲ့သည်။ သူတို့သည် ဘုရားသခင်က အဲဂုတ္တုပြည်သို့ သွားခိုင်းသည့်တိုင်အောင် ခါနာန်ပြည်၌ နေရကြသည်။ ခါနန်ပြည်သားတစ်ယောက်ယောက်ကို လက်ထပ်ခြင်းသည် ပျက်စီးခြင်းဖြစ်လိမ့်မည်။ ဘုရားသခင်၏ လူမျိုးကို တည်ထောင်ပြီးသည်နှင့် ဣသရေလလူများသည် ယာကုပ်၏သားမြေးများဖြစ်သည့် သန်းနှင့်ချီသော လူမျိုးများကို လက်ထပ်ထိမ်းမြားနိုင်သည်။ အကြောင်းမှာ သူတို့သည် ယခင်အတိုင်း "ယုံကြည်ခြင်း" ၌ရှိကြမည်ဖြစ်၏။ နောက်ပိုင်းတွင် မိသားစုများကို ပျက်စီးခြင်းမှ ကာကွယ်ရန်နှင့် သန့်ရှင်းသောသက်သေဖြစ်ခြင်းကို ထိန်းသိမ်းထားရန် လက်ထပ်ခြင်းဆိုင်ရာ တင်းကြပ်သော ဥပဒေများကို ပေးခဲ့သည်။

**ကျက်မှတ်ရန်** - ဝတ် ၂၀း၇-၈။

**ဆုတောင်းချက်** -အဖဘုရား၊ ပညတ်တရား နံပါတ် ၅ နှင့် ၇ ကို လိုက်လျှောက်လျက်၊ ကိုယ်တော်အပေါ် အပြစ်မပြုမည်အကြောင်း မစတော်မူပါ။ အာမင်။

ကြာသပတေး၊ ဇွန် (၆)
**ဝတ် ၂၀**
ရောမ ၁၂း၁-၃

*"ထိုသူကို ငါသည် မျက်နှာထား၍ သူ၏အမျိုးမှ ပယ်ရှင်းမည်"*

# ပြည်တော်သန့်ရှင်းခြင်းကို ကာကွယ်ပါ

ခါနန်ပြည်ကို ဘုရားသခင်က ကတိတော်ပြည်ဟုခေါ်သည်။ ဣသရေလသည် အပြစ်နှင့်ပြည့်သောပြည်မှ သန့်ရှင်းခြင်းနှင့် ပြည့်သောပြည်တော်အဖြစ်သို့ ဤပြောင်းလဲမှုကို ဘယ်တော့မှ မမေ့သင့်ပါ။ ဣသရေလလူတို့သည် ကောင်းကင်ဘုံ၌ နေထိုင်သကဲ့သို့ ကတိတော်ပြည်၌ နေထိုင်ရမည်။ ကောင်းကင်ဘုံ၌ သန့်ရှင်းခြင်းရှိသကဲ့သို့ မြေကြီးပေါ်ရှိ ဤကတိတော်ပြည်သည် သန့်ရှင်းခြင်းရှိရမည်။ မောရှေ၏ ပညတ္တိကျမ်းတွင် သန့်ရှင်းရန်လိုအပ်သမျှတို့ကို ဘုရားသခင်ပေးထားသည်။ ထိုမြေကို သန့်ရှင်းစေနိုင်သူ (သို့) ညစ်ညမ်းစေနိုင်သူတို့မှာ ထိုပြည်၌ နေထိုင်ကြသူများသာဖြစ်သည်။ ထို့ကြောင့် ရုပ်တုကိုးကွယ်သူတိုင်း၊ အငယ်ဆုံးမှ အကြီးဆုံးထိ ရှင်းရှင်းဖျက်ဆီးရန် လူများကို ထာဝရဘုရားမှာထားတော်မူ၏။ ဤအရာမှာ သန့်ရှင်းမှုအစအဦးဖြစ်၍ဣသရေလလူတို့သည် ဘုရားသခင်မှာထားသောအရာကို ပြီးမြောက်စေဖို့လိုအပ်သည်။ သူတို့သည် ကတိတော်ပြည်တွင် သန့်ရှင်းစွာ နေထိုင်နိုင်ရန် လိုအပ်သောအစားအသောက်ဥပဒေများမှအစ ဘာသာရေးဥပဒေများအထိ ထောက်ပံ့ ပေးထားသည်။ သူတို့ကိုယ်တိုင် ကိုယ်ပိုင်နည်းလမ်းတီထွင်ဖို့မလိုအပ်ပေ။ သူတို့လုပ်ရမည်မှာ ဘုရား သခင်ကိုနာခံဖို့ပင်ဖြစ်သည်။

ဤသန့်ရှင်းသောတောင်းဆိုချက်၏ ကျောရိုးမှာ ထာဝရဘုရား၏သန့်ရှင်းခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သူ၏လူများသည် သန့်ရှင်းသောအားဖြင့် သူ့ကို ကိုယ်စားပြုရမည်ဖြစ်သည်။ သန့်ရှင်းမှုသည် ပြီးပြည့်စုံခြင်းဟု မှားယွင်းစွာမခံယူသင့်ပါ။ သန့်ရှင်းခြင်းဆိုသည်မှာ ရုပ်တုကိုးကွယ်ခြင်းကို အားပေးသော အပြစ်သားများနှင့် အပြစ်များကို ဖယ်ရှားဖို့ ဆိုလိုသည်။ ဝတ်ပြု ၂၀း၂၂ သည် ကြမ်းတမ်းသည်ဟု ထင်ရသော်လည်း ထိုသို့မဟုတ်ပါ။ ၎င်းသည် ဣသရေလ၏ သန့်ရှင်းမှုကို ကာကွယ်ပေးဖို့ဖြစ်သည်။ စုန်းမများ၊ မှော်ဆရာများ၊ ရုပ်တုကိုးကွယ်သူ၊ လူသေတို့နှင့် ဆက်နွယ်သူ အပါအဝင် အားလုံးကို ကျောက်ခဲနှင့်ပစ်သတ်ခြင်းခံရပါမည်။

ယနေ့အသင်းတော်၏ သန့်ရှင်းမှုကို ဘုရား၏လူများက ကာကွယ်ရမည်ဖြစ်သည်။ ခရစ်တော်၌ သန့်ရှင်းခြင်းရှိခြင်းအားဖြင့် သူတို့ကာကွယ်ကြသည်။ ကတိတော်ပြည်၌ ဘုရားသခင် အလိုရှိခဲ့သောအရာကို အသင်းတော်သို့ လာကြသောလူတို့အားဖြင့် ဘုရားသခင်၏သန့်ရှင်းခြင်း သက်သေကို မြင်တွေ့ရမည်။ သန့်ရှင်းခြင်းမရှိဘဲ ခရစ်တော်၏ သက်သေသည် ဖျက်ဆီးခြင်းခံရမည်။ ဣသရေလဘုရင်များမပျက်စီးမီကကဲ့သို့ အသင်းတော်သည် ရုပ်တုကိုးကွယ်ရာနေရာဖြစ်လာသည်။

**ကျက်မှတ်ရန်** - ဝတ် ၂၀း၂၆။
**ဆုတောင်းချက်** -အဖဘုရား၊ အကျွန်ုပ်၏အပြစ်အားလုံးကို ခွင့်လွှတ်လျက်၊ ကိုယ်တော် သန့်ရှင်းသည်နည်းတူ သန့်ရှင်းမည်အကြောင်း မစတော်မူပါ။ အာမင်။

*“အမျိုးသားချင်းသေသောသူအတွက် သင်တို့တွင် အဘယ်သူမျှ ညစ်ညူးခြင်း မရှိရ”*

# ယဇ်ပုရောဟိတ်များအတွက် သန့်ရှင်းခြင်းတရား

နာဇရိလူတစ်ဦး၏ ကတိသစ္စာသုံးပါးအနက်တစ်ခုမှာ လူသေတစ်ဦးအပါအဝင်၊ မသန့်ရှင်းသောတိရိစ္ဆာန်အသေကောင်၏ အနားသို့မသွားဖို့ရန်ဖြစ်သည်။ အသေကောင်သို့ ချဉ်းကပ်သည်နှင့် တပြိုင်နက် သူသည် ညစ်ညူးမည်ဖြစ်ပြီး ဝိညာဉ်ရေးသန့်စင်ခြင်းလုပ်ငန်းစဉ်ကို ပြီးမြောက်ပြီး နောက်တဖန် နာဇရိကတိသစ္စာကို စတင်ရပါမည်။ အကြောင်းမှာ သူသည် ညစ်ညူးခြင်းခံရသောကြောင့်ဖြစ်သည်။ ဤတောင်းဆိုချက်သည် သစ္စာကတိပြုသည့်ကာလတစ်ခုလုံး တည်တံ့မည်ဖြစ်သည်။ ယဇ်ပုရောဟိတ်တို့သည် သူတို့ဘဝတလျှောက်လုံးညစ်ညူးခြင်းမှ ကင်းဝေးကြရမည်။ ထို့ကြောင့် လူသေများအနီးသို့ သူတို့သွားခွင့်မပြုကြပါ။ လူအသေအနီးသို့သွားလျှင်၊ သူတို့သည် ညစ်ညူးကြပြီး သူတို့၏အလုပ်ဖြစ်သော တိရိစ္ဆာန်ပူဇော်သက္ကာများကို ပူဇော်ပေးခြင်းအမှုအပါအဝင် ဝိညာဉ်ရေးဆိုင်ရာ ဆောင်ရွက်မှုတစ်ခုခုတွင် လုပ်ဆောင်ခွင့်တားမြစ်ခံရပြီး၊ ဗိမာန်တော်သို့ဝင်ရောက်ခွင့်မပြုကြပေ။ ယဇ်ပုရောဟိတ်အားလုံး မစင်ကြယ်ကြလျှင် ဘုရားသခင်ကို ဝတ်ပြုခြင်း ရပ်နားရလိမ့်မည်။ သေသောသူတို့သည် မိမိတို့၏ချစ်ရသူဖြစ်လျှင် အဘယ်သို့နည်း။ မိခင်၊ ဖခင်၊ သားသမီး၊ ညီအစ်ကို ကဲ့သို့သော မိသားစုဝင်များအတွက် ခြွင်းချက်အနေနှင့် ဘုရားသခင်ပြုလုပ်ပေးခဲ့သည်။ ယဇ်ပုရောဟိတ်၏ညီမသည် အပျိုဖြစ်လျှင် (အိမ်ထောင်မပြု၊ အခြားမိသားစုဝင်မဖြစ်ခြင်းကိုဆိုလိုသည်) သူသည် သေလွန်သောထိုညီမကို ထိတွေ့ခွင့်ရှိသည်။ ထိုသို့မဟုတ်လျှင် ထိုချစ်ရသူများအတွက် ငိုကြွေးပေးမည့်သူနှင့် သင်္ဂြိုဟ်ပေးမည့်သူရှိမည်မဟုတ်ပါ။

မိမိတို့ချစ်ရသူများကို သူတို့အား ထိတွေ့ခွင့်ကို ဘုရားသခင်ပေးသောအခါ ညစ်ညူးခြင်းလုံးဝမရှိပါ။ ၎င်းက ထာဝရဘုရားအား ဝတ်ပြုရန်နှင့် အမှုတော်လုပ်ဆောင်ရန် သူတို့၏သန့်ရှင်းမှုကို မထိခိုက်စေပါ။ သို့သော် မည်သည့်အခြေအနေမျိုးတွင်မှ ၎င်းတို့အား မည်သူ (သို့) မည်သည့်အရာအတွက်မဆို မိမိတို့ကိုယ်ကို တမင်ညစ်ညူးစေရန် ခွင့်မပြုပါ။ ယဇ်ပုရောဟိတ်များအား သူတို့၏ဦးခေါင်းကို မုတ်ဆိတ်မွေးတောင့်အထိ ရိတ်ခွင့်မပြုပါ။ သူတို့ကိုယ်ခန္ဓာ၏ မည်သည့်အစိတ်အပိုင်းတွင်မဆို တက်တူးထိုးခြင်း (သို့) ထိုးဖောက်ခြင်းကိုခွင့်မပြုပါ။ ထိုအရာက သူတို့ကို ညစ်ညူးစေမည်။ မုတ်ဆိတ်မွေးများနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဖျက်ဆီးခြင်းအကျင့်မှာ အယူသီးမှုများအပေါ် အခြေခံ၍ ရုပ်တုကိုးကွယ်ရာတွင် တွေ့နေကျအရာဖြစ်သည်။ ဤပညတ်တော်က ဘုရားသခင်၏ယဇ်ပုရောဟိတ်တို့အား ရုပ်တုကိုးကွယ်ခြင်းမှကာကွယ်ပေးသည်။ သူတို့သည် ဘုရားသခင်နှင့်လူသားတို့ရှေ့မှောက်တွင် ဆောင်ရွက်နေသောတာဝန်မှာ အလွန်အရေးကြီးကြောင်း နားလည်ထားရမည်။ သူတို့သည် ရွေးကောက်ထားသော မျိုးဆက်များဖြစ်ကြသည်။ ယနေ့တွင် အသစ်တဖန်မွေးဖွားသောသူအားလုံးမှာ ယဇ်ပုရောဟိတ်များဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘဝနယ်ပယ် တိုင်းတွင် သတိရှိရန်လိုအပ်သည်။

**ကျက်မှတ်ရန်** - ဝတ် ၂၁း၅။

**ဆုတောင်းချက်** -အဖဘုရား၊ ကျွန်ုပ်ကို သန့်ရှင်းစွာ စောင့်ရှောက်တော်မူလျက်၊ ယဇ်ပုရောဟိတ်အပေါင်းတို့၏ တာဝန်ကို မမေ့မည်အကြောင်း မစတော်မူပါ။ အာမင်။

*"သူသည်သင့်အဘို့ ±သန့်ရှင်းရမည်။ သင်တို့ကို သန့်ရှင်းစေသော ငါ ထာဝရဘုရား သန့်ရှင်း၏"*

## ယဇ်ပုရောဟိတ်များ၏ ထူးကဲသောအမှုတော်

ယဇ်ပုရောဟိတ်တို့က မိမိတို့သည် ဘုရားသခင်နှင့်ဘုရားသခင့်လူတို့အတွက် အလွန်အရေးပါကြောင်းကို မကြာခဏမေ့လျော့တတ်သည်။ သူတို့သည် သတိရကြလျှင် အပြစ်လျော့နည်းလမ့်မည်။ သူတို့၏အပေါင်းအသင်းများကို ပိုသတိထားကြလိမ့်မည်။ သူတို့၏ဘဝပုံစံသည် ဇာတိစိတ်နည်းလာလိမ့်မည်။ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်း၌ ပို၍သစ္စာရှိကြလိမ့်မည်။ သူတို့ကို ပိုကောင်းသည့် ယဇ်ပုရောဟိတ်ဖြစ်စေဖို့ရန် ကူညီပေးသော နှုတ်ကပတ်တော်ကို လေ့လာခြင်း၌ ပို၍ လုံ့လဝိရိယရှိလိမ့်မည်။ ဘုရားသခင့်ရှေ့တော်၌ ယဇ်ပုရောဟိတ်များကား အဘယ်နည်း။ သူတို့၏ ရုံးက သန့်ရှင်း၏။ ၎င်းကိုဘုရားသခင်သန့်ရှင်းစေတော်မူ၏။ သူတို့ကို ဘုရားသခင် သန့်ရှင်းစေပြီးနောက် သူတို့၏အမှုတော်ကို မည်သို့မသန့်ရှင်းဘဲ လုပ်ဆောင်နိုင်ကြသနည်း။ ထိုဆုံးဖြတ်ချက်အတွက် ညီညွတ်မှုမရှိပါ။ အမှုတော်လုပ်ငန်းက ဣသရေလလူတို့နှင့် ဘုရားသခင်သာမက လူသားအားလုံးနှင့်သူ၏ကြား ပြတ်တောက်သွားသည့် ဆက်ဆံရေးနှင့်မိဿဟာယများကို ပြန်လည်ထူထောင်ခဲ့သည်။ ဣသရေလပြည်တွင် နေထိုင်သူအားလုံး ခရစ်တော်ကို ယုံကြည်ပြီး သန့်ရှင်းနိုင်ကြသည်။ ဘုရားသခင်က ယဇ်ပုရောဟိတ်တို့ကို သန့်ရှင်းသော အမှုတော်ကို ဆောင်ရွက်ဖို့ အခြားလူတို့နှင့်သီးသန့်ခွဲ၍ သန့်ရှင်းစေတော်မူသည်။ သူတို့အား မြေကိုမပေးဘဲ ရုံးကို ပေးထားသည်။ သူတို့၏ အထူးတာဝန်မှာ ဣသရေလမျိုးအား သန့်ရှင်းသောလူမျိုးဖြစ်စေရန်နှင့် အပြစ်၌သေနေသော ကမ္ဘာကြီးအတွက် သန့်ရှင်းသောလူမျိုးဖြစ်စေဖို့ ကူညီပေးဖို့ရန်ဖြစ်သည်။ အကယ်၍ ဣသရေလသည် မသန့်ရှင်းပါက အပြစ်သားများကို သေခြင်းနှင့်ငရဲမှကယ်တင်ရန် မြေကြီးပေါ်တွင် သက်သေရှိတော့မည်မဟုတ်ပေ။ သူတို့၏ ထူးခြားပြီးမရှိမဖြစ် လိုအပ်သောဓမ္မအမှုမှာ အပြစ်သားများကို ခရစ်တော်ထံ ညွှန်ပြရန်ဖြစ်သည်။ ယဇ်ပုရောဟိတ်အားလုံးသည် ယုံကြည်သူများမဟုတ်ကြသော်လည်း၊ မောရှေ၏ပညတ်တော်နှင့်အညီ အမှုတော်ကို မှန်ကန်စွာ လုပ်ဆောင်ပါက ဝတ်ပြုသူများသည် အပြစ်ခွင့်လွှတ်ခံရပြီး၊ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာခံစားရကြသည်။

ဣသရေလလူမျိုးသည် သန့်ရှင်းသောလူမျိုးဖြစ်ရမည်။ ဘုရားသခင်သည် သူတို့ကို အစကတည်းက ထူးခြားစွာစီမံထားခဲ့သည်။ သူတို့၏မျိုးရိုးမှာ အာဗြဟံ၊ ဣဇက်နှင့် ယာကုပ်တို့ဖြစ်ကြသည်။ သူတို့ကို အုပ်ချုပ်ရာတွင် အသုံးပြုသော ဥပဒေတိုင်းမှာ ဘုရားသခင်ပေးထားခြင်းဖြစ်သည်။ မည်သည့်အရာကိုမှ သူတို့မဆုံးဖြတ်ကြပါ။ သူတို့ကို ဘုရားသခင်က သူ့အတွက် သန့်ရှင်းသောလူမျိုးဖြစ်စေခဲ့သည်။ ဘုရားသခင်ကို နံဝိညာဉ်၊ သမ္မာတရားနှင့် ဘုရားသခင်သတ်မှတ်ထားသော အရပ်၌ ဝတ်ပြုကိုးကွယ်ချိန်ဖြစ်၍ ထိုပြည်သည် သန့်ရှင်းခဲ့သည်။

နာဇရက်မြို့သားယေရှုကို မေရှိယအဖြစ် ဣသရေလလူတို့က ငြင်းပယ်သောအခါ အသင်းတော်သည် ဤတာဝန်ကို ထမ်းဆောင်ရသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် သန့်ရှင်း၍ ယဇ်ပုရောဟိတ်အရာကို အမွေဆက်ခံသော တုနှိုင်းမဲ့ယဇ်ပုရောဟိတ်များဖြစ်ကြသည်။

**ကျက်မှတ်ရန်** - ဝတ် ၂၁း၆။
**ဆုတောင်းချက်** -အဖဘုရား၊ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်လျက်၊ ကိုယ်တော်၏ အမှုတော်ကို သန့်ရှင်းစွာ အစဉ်ဆောင်ရွက်လိုပါ၏။ အာမင်။

တနင်္ဂနွေ၊ ဇွန် (၉)
**ဝတ် ၂၁**
မာကု ၁၂း၂၉-၃၁

*"မိမိသားကို၊ အမျိုးသားချင်းတို့တွင် မရှုတ်မချရ။ ငါ ထာဝရဘုရားသည်၊ ယဇ်ပုရောဟိတ်မင်းကို သန့်ရှင်းစေသည်"*

# ယဇ်ပုရောဟိတ်မင်းအတွက် အမြင့်ဆုံးသောသန့်ရှင်းခြင်း

မိသားစုသည် ကျွန်ုပ်တို့အားလုံးအတွက် အရေးကြီးသည်။ မိသားစုများကို သမ္မာတရားဖြင့် ကာကွယ်ခြင်းမှာ သူတို့ကို ပြုစုပျိုးထောင်ရန်နှင့်ဆုံးမသွန်သင်ရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ယဇ်ပုရောဟိတ်၏သမီးသည် ပြည့်တန်ဆာလုပ်လျှင် မိမိကိုယ်ကိုရင်း၊ မိမိဖခင်ကိုရင်း ရှုတ်ချ၏။ ထိုပြစ်ဒဏ်မှာ သေဒဏ်ပင်ဖြစ်သည်။ ၎င်းမှာ ယဇ်ပုရောဟိတ်မင်းအပါအဝင် ယဇ်ပုရောဟိတ်အားလုံးနှင့်သက်ဆိုင်သည်။ ယဇ်ပုရောဟိတ်မင်းသည် ယဇ်ပုရောဟိတ်မင်းကြီးဖြစ်သော ယေရှုခရစ်နှင့်တူ၏။ သူတို့အတွက် သန့်ရှင်းသောစံနှုန်းမှာ အမြင့်ဆုံးဖြစ်သည်။ ဝတ် ၂၁း၂၁ တွင် အကြောင်းရင်းကို ဖော်ပြထားသည်မှာ "မိမိဘုရားသခင်၏ ဘိသိတ်ဆီနှင့်ဆိုင်သော သင်းကျစ်ကို ဆောင်းရသောသူဖြစ်၏။ ငါသည်ထာဝရဘုရားဖြစ်၏"။ ယဇ်ပုရောဟိတ်မင်းသည် ခေါင်းပေါ်တွင် မောင်းကိုစောင်းထားသည်။ ရွှေဖြင့်ပြုလုပ်ထားသော သန့်ရှင်းသော သရဖူကို ထိုမောင်းပေါ်တွင် တင်ထားသည်။ ရေးထားသောစကားမှာ "ထာဝရဘုရား၌သန့်ရှင်းခြင်း" ဟူ၍ဖြစ်သည် (ထွက် ၂၈း၃၆)။ ဘိသိတ်ဆီကို သူ့ခေါင်းပေါ်တွင် လောင်းချပြီး၊ ရွှေမောင်းကို စောင်းထားသည်။

ယဇ်ပုရောဟိတ်မင်းသည် မည်သူ့ကိုမျှ အပြစ်များစေဖို့ ဘုရားသခင်ခွင့်မပြုပေ။ သူ၏မိဘနှစ်ပါးအပါအဝင် တစ်စုံတစ်ဦးသေရာတွင် ဝမ်းနည်းပူဆွေးခွင့်မပြုပေ။ တနည်းဆိုရသော် သူ၏မိသားစုအတွက်ပင် မိမိကိုယ်ကို ညစ်ညူးစေဖို့ ဘုရားသခင်ခွင့်မပြုပေ။ သူ၏အမှုတော်သည် မြေကြီးပေါ်၌ မိမိတာဝန်ပြီးဆုံးပြီးနောက် ဘုရားသခင်၏လက်ယာဘက်၌ ထိုင်တော်မူသော သခင်ယေရှုကို ကိုယ်စားပြုသည်။ ယဇ်ပုရောဟိတ်မင်းသည် မိဘသေဆုံးလျှင်ပင် သန့်ရှင်းရာဌာနတော်မှ ထွက်ခွင့်မရှိ။ ညစ်ညူးစေခွင့်မရှိပါ။ သူ၏အမှုတော်သည် သန့်ရှင်းမှုအမြင့်ဆုံးဖြစ်သည်။ မိဘများကို ထောက်၍ မိမိကိုယ်ကို ညစ်ညူးစေလျှင် မိဘများသည် သူ့အတွက် ဘုရားသခင်ထက် အရေးကြီးသည်ဟု သူသတ်မှတ်ခြင်းဖြစ်သည်။ လူသားသည် မည်သူမည်ဝါဖြစ်ပါစေ၊ ဘုရားသခင်ထက် ကျွန်ုပ်တို့အတွက် အရေးမကြီးပါ။ ခရစ်တော်သည် ကျွန်ုပ်တို့ကို ချစ်၏။ သို့သော် သူ၏ကျွန်ုပ်တို့ချစ်ခြင်းမေတ္တာသည် ကောင်းကင်ဘုံ၌ရှိသော ခမည်းတော်ကို ချစ်ခြင်းအပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။

ဤအရာက ကျွန်ုပ်တို့အချင်းချင်းမည်သို့ချစ်ရမည်ကို သွန်သင်၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ စိတ်ဝိညာဉ်နှင့် အစွမ်းရှိသမျှနှင့်အရင် ချစ်ရပါမည်။ ထိုမှသာ ကျွန်ုပ်တို့၏ အိမ်နီးချင်းကို ကိုယ်နှင့်အမျှ ချစ်နိုင်မည်ဖြစ်၏။

**ကျက်မှတ်ရန်** - ဝတ် ၂၁း၁၂။
**ဆုတောင်းချက်** -အဖဘုရား၊ ကျွန်ုပ်အတွက် အသေခံဖို့ရန် ယေရှုခရစ်တော်ကို စေလွှတ်တော်မူလျက်၊ ထိုသခင်၌ ကျွန်ုပ်အား သန့်ရှင်းစေတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ အာမင်။

*"သန့်ရှင်းသောမုန့်ဖြစ်စေ၊ အလွန်
သန့်ရှင်းသောမုန့်ဖြစ်စေ၊ မိမိ ဘုရားသခင်၏
မုန့်တော်ကို စားရမည်"*

# ယဇ်ပုရောဟိတ်အပေါင်းတို့သည် ကိုယ်၌အပြစ် မပါသောသူဖြစ်ရမည်

ဓမ္မဟောင်းယဇ်ပုရောဟိတ်များသည် ဝိညာဉ်ရေးပိုင်းမဟုတ်ဘဲ၊ ရုပ်ပိုင်းဆိုင်ရာတွင် အပြစ်ကင်းစင်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်ရေးရာအပြစ်ကင်းစင်ခြင်းမှာ မြင်တွေ့လို့မရသောကြောင့်ဖြစ်သည်။ အသစ်တဖန်မွေးဖွားခြင်းခံရသော ယုံကြည်သူတို့သည် ဝိညာဉ်ရေးရာ၌ အပြစ်ကင်းစင်ကြသည်။ အာရုန်ခေတ်မှ ခရစ်တော်ပထမအကြိမ်ကြွလာချိန်အထိ ယဇ်ပုရောဟိတ်များအဖြစ် အမှုထမ်းသူအားလုံးသည် ယုံကြည်သူများမဟုတ်ကြောင်း ထင်ရှားသည်။ အဘယ်သူတို့သည် ယုံကြည်သူများဖြစ်သည်ကို ဘုရားသခင်သာသိရှိသည်။ သူတို့သည် ယုံကြည်သူများမဟုတ်သော်လည်း ဘုရားသခင်၏ယဇ်ပုရောဟိတ်များအဖြစ် လုပ်ဆောင်ကြဆဲဖြစ်သည်။ သူတို့သည် ယုံကြည်သူမဟုတ်ကြသော်လည်း ပူဇော်သက္ကာများကို ယူဆောင်လာသောဝတ်ပြုသူများကိုယ်စား သမ္မာကျမ်းစာအတိုင်း အရာခပ်သိမ်းကို ပြုပါက ဘုရားသခင်လက်ခံပေးမည်။

သို့သော် သူတို့တွင် မျက်စိကွယ်ခြင်း၊ ခြေမသန်စွမ်းခြင်း၊ ခါးကုန်းခြင်း၊ လူပုလွန်းခြင်း (သို့) အခြားသောပြင်ပအနာအဆာများအပါအဝင် ကိုယ်ကာယပိုင်းဆိုင်ရာ အပြစ်အနာအဆာများရှိလျှင် သူတို့သည် အသစ်တဖန်မွေးဖွားခြင်းခံရသောသူများဖြစ်ကြပါစေ ယဇ်ပုရောဟိတ်အဖြစ်ဆောင်ရွက်ခွင့်မရှိပါ။ သူတို့သည် အသန့်ရှင်းဆုံးသောအရပ်မှ ဘုရားသခင်၏မုန့်ကို စားရသောအခွင့်ရှိသော်လည်း အစေခံခွင့်မရှိပေ။ အကြောင်းမှာ လေဝိနှင့်ဆိုင်သော ယဇ်ပုရောဟိတ်အဖွဲ့သည် ခရစ်တော်ပုံစံဖြစ်သောကြောင့်ဖြစ်သည်။ ၎င်းက ခရစ်တော်၏ပြည့်စုံပြီး သန့်ရှင်းသောပူဇော်သက္ကာကို ထင်ဟပ်စေသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းကြီးနှင့် ပြီးပြည့်စုံသော ယဇ်ကောင်လည်းဖြစ်သည်။ စုံလင်ခြင်းပေါ်လွင်ထင်ရှားခြင်းမှာ ခရစ်တော်ပုံသဏ္ဍာန်၏ သင်္ကေတဖြစ်သောကြောင့် အလွန်အရေးကြီးသည်။ ဝတ်ပြုသူများသည် ပူဇော်သက္ကာများနှင့် အတူ လာကြသောအခါ ယဇ်ပုရောဟိတ်များသည် အပြစ်မရှိသည်ကို တွေ့မြင်ဖို့လိုအပ်သည်။ ဤအရာမှာ အမှန်တရားနှစ်ခုကို သင်ကြားရန်ဖြစ်သည်။ ပထမအချက်မှာ ထာဝရဘုရားသည် အပြစ်ကင်းစင်တော်မူ၏။ ဒုတိယအချက်မှာ ခရစ်တော်ကို ကိုယ်စားပြုသော ပူဇော်သက္ကာများအားဖြင့် ဝတ်ပြုသူများသည် သန့်ရှင်းခြင်းသို့ရောက်၍၊ အပြစ်အနာဆာကင်းရပါမည်။

ဤတောင်းဆိုချက်ကို မောရှေအားဖြင့်ဘုရားသခင်က ယဇ်ပုရောဟိတ်များနှင့် ဣသရေလလူများကို မှာကြားခဲ့သည်။ ယဇ်ပုရောဟိတ်များနှင့်ဝတ်ပြုသူများသည် ဘုရားသခင်နှင့်ဆက်ဆံခြင်းအမှုတွင် အချင်းချင်းတာဝန်ခံမှုရှိရပါမည်။ ယနေ့ခေတ်ယုံကြည်သူများသည်လည်း အလားတူလုပ်ဆောင်ရမည်ဖြစ်ပြီး သူတို့သည် ခရစ်တော်ကို အစေခံကြသည့်အတိုင်း သန့်ရှင်းခြင်းကို အမြဲသတိပြုရမည်။ ဘုရားသခင်နှင့်ခရစ်တော်၏ သန့်ရှင်းမှုသည် ခရစ်တော်၏အမှုတော်ကိုထမ်းရာတွင် အခြေခံဖြစ်သည်။ ခရစ်တော်အားဖြင့် ဘုရားသခင်၏သန့်ရှင်းခြင်းသည် ဝိညာဉ်ရေးအမျှော်ကို ထိုးဖောက်ဝင်ရောက်နိုင်သော တန်ခိုးကြီးသောအလင်းဖြစ်သည်။

**ကျက်မှတ်ရန်** - ဝတ် ၂၁း၂၃။

**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ရာ၌ ကျွန်ုပ်အသက်တာကို ခရစ်တော်၌ အစဉ် သန့်ရှင်းစွာ စောင့်ရှောက်ပေးတော်မူပါ။ အာမင်။

အင်္ဂါ၊ ဇွန် (၁၁)
**ဝတ် ၂၂**
ရောမ ၆း၁၈-၁၉

*“နေဝင်သော နောက်မှာ သန့်ရှင်းခြင်းသို့ ရောက်သည်ဖြစ်၍၊ သန့်ရှင်းသောအရာသည် သူတို့စားစရာ ဖြစ်သောကြောင့်၊ ထိုနောက်မှ စားရကြမည်”*

# ဘုရားသခင်၏သန့်ရှင်းသောနာမတော်ကို မညစ်ညူးစေနှင့်

လူက ရှုတ်ချနိုင်သောဘုရားသခင်၏ အစိတ်အပိုင်းတစ်ခုတည်းမှာ သူ၏သန့်ရှင်းသော နာမတော်ဖြစ်သည်။ လူ့ဇာတိခံယူသော ဘုရားသခင် (ယေရှုခရစ်) မြေကြီးပေါ်ရှိနေစဉ်ပင် ဤအမှန်တရားက မှန်ကန်ပါသည်။ ကယ်တင်သောနာမမှာ ယေရှုခရစ်၏နာမတော်ဖြစ်သည်။ ဤနာမတော်ကို မှားယွင်းစွာသွန်သင်ခြင်းဖြင့် ရှုတ်ချသောသူ (သို့) ကျမ်းစာ၌အမှားပါရှိသည်ဟု ဆိုသောသူနှင့် ထိုသို့သောအယူဝါဒကို ကိုင်စွဲသောသူတို့သည် ကယ်တင်ခြင်းရရှိမည်မဟုတ်ပေ။ ၎င်းကို ဝတ်ပြု ၂၂ တွင် ဘုရားသခင်က ရှင်းလင်းစွာဖော်ပြထားသည်။

ယဇ်ပုရောဟိတ်တို့သည် သူတို့၏ကိုယ်၊ အစားအသောက်၊ လုပ်ငန်းစသည့်ကဏ္ဍတိုင်းတွင် ခရစ်တော်၌ သန့်ရှင်းခြင်းရှိရပါမည်။ ဆိုလိုသည်မှာ သန့်ရှင်းသောသမ္မာကျမ်းစာအတိုင်း ဖြစ်ကြရပါမည်။ ထိုသို့မဟုတ်လျှင် ရှင်းလင်းခြင်းခံရကြမည်။ ဝတ်ပြု ၂၁ တွင် ပကတိအနာအဆာ (သို့) ဒဏ်ရာရရှိ၍ ကြီးပြင်းလာသူ (ခြေမသန်စွမ်းဖြစ်သူ) ကို ယဇ်ပုရောဟိတ်ဖြစ်ခွင့်မပြုပါ။ သို့သော် ယဇ်ပုရောဟိတ်များ စားသောသန့်ရှင်းသော အစာကိုစားခွင့်ပြုသည်။ နူနာစွဲလျှင်မူကား၊ ဘုရားသခင်က အနာကင်းစေပြီး သန့်ရှင်းခြင်းလုပ်ငန်းစဉ် ပြီးမြောက်သည့်တိုင်အောင် သန့်ရှင်းသောအရာကို ခံစားခွင့်မပြုပါ။ နူနာရောဂါသည် ဘုရားသခင်ထံမှ ဆင်းသက်သောရောဂါဖြစ်သည်။ ဣသရေလ အမျိုး၏ယဇ်ပုရောဟိတ်တစ်ဦးဦးသည် နူနာစွဲလျှင် ဘုရားသခင်ကို ပြစ်မှားမိသောကြောင့်ဖြစ်၏။ ဝတ်ပြု ၂၆ နှင့် တရားဟော ၂၈ တွင် ဘုရားသခင်က ထိုသို့မိန့်ဆိုခဲ့သည်။ ထို့ကြောင့် သူသည် အပြစ်အတွက် နောင်တရလျှင် ဘုရားသခင် ကျန်းမာစေလိမ့်မည်။ ထို့နောက် သူ့ကို သန့်စင်စေပြီး၊ ယဇ်ပုရောဟိတ်၏အစာကို စားခွင့်ရမည်။ မစင်ကြယ်သောအသေကောင်ကို ထိမိသော ယဇ်ပုရောဟိတ်သည် ညဦးတိုင်အောင် မစင်ကြယ်ဖြစ်မည်။ တဖန် သန့်ရှင်းရန် သန့်စင်ခြင်းလုပ်ငန်းစဉ်ကို ဖြတ်သန်းရပါမည်။ တနေကုန်အချိန်ယူရမည်။ ညဦးယံ၌ နေ့သစ်၏အစဖြစ်သောကြောင့် သန့်ရှင်းပြီဟု မှတ်ယူရမည်။ ထို့နောက် အစာကို သူသုံးဆောင်ရ၏။ အကြောင်းမှာ သူတို့သည် ဘုရားသခင်၏အမွေတော်ဖြစ်ကြသကဲ့သို့ သူတို့စားသမျှတိုင်းမှာ သန့်ရှင်းကြသည်။

လူတို့ကျဆုံးချိန်မှစ၍ ဘုရားသခင်ထံတွင် သူ့သက်သေများအဖြစ် သန့်ရှင်းသောလူတို့ အမြဲရှိကြသည်။ ဤအရာမှာ ဓမ္မသစ်တွင် ပြောင်းလဲခြင်းမရှိပါ။ အသင်းတော်မှာ သူ၏သက်သေဖြစ်သည်။ ဘုရားသခင်၏လူတို့သည် သူတပါးမြင်နိုင်ရန် လက်တွေ့သန့်ရှင်းခြင်းရှိရပါမည်။ ထို့ကြောင့် ဘုရားသခင်က ယဇ်ပုရောဟိတ်တို့၏ မြင်သာသောသန့်ရှင်းခြင်းကို တင်းကြပ်စွာတောင်းဆိုခြင်း ဖြစ်သည်။

**ကျက်မှတ်ရန်** - ဝတ် ၂၂း၂။
**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်၏ဘုန်းတော် ထင်ရှားစေမည်အကြောင်း၊ ကျွန်ုပ်၏ အသက်တာ၊ အကျင့်ကို သူတပါး ရှေ့၌ သန့်ရှင်းစေတော်မူပါ။ အာမင်။

# ယဇ်ပုရောဟိတ်တို့၏အစားအစာ

ယဇ်ပုရောဟိတ်တို့၏အစားအစာသည် သန့်ရှင်း၏။ အခြေခံအချက်မှာ ယဇ်ပုရောဟိတ်များသည် သန့်ရှင်းသောအမှုကို လုပ်ဆောင်ရန် ထာဝရဘုရားက ခွဲထားသောကြောင့် သန့်ရှင်းကြသည်။ ထို့ကြောင့်သူတို့ကို ဘုရားသခင်က သန့်ရှင်းသည်ဟု ကြေညာသည်။ အာရုန်၏သားမြေးအပေါင်းတို့သည် ဘုရားသခင်ရှေ့တော်၌ သန့်ရှင်းကြ၏။ အစားအစာသည် ဘုရားသခင်၏ လူတို့ပေးသော ပူဇော်သက္ကာဖြစ်သည်။ ဆိုလိုသည်မှာ အစားအစာကို ထာဝရဘုရားအတွက် ဖယ်ထားခြင်းဖြစ်သည်။ ယဇ်ပုရောဟိတ်များသည် ဘုရားသခင်၏ ကိုယ်စားလှယ်များဖြစ်သောကြောင့် အစားအစာကို လက်ခံစားသုံးကြ၏။ ဤအကြောင်းရင်းနှစ်ချက်ကြောင့် ယဇ်ပုရောဟိတ်များ၏ အစားအစာ ကို လူတိုင်းစားခွင့်မရှိပါ။ ဘုရားသခင်၏ ညွှန်ကြားချက်မပါဘဲ ထိုအစားအစာကို စားခွင့်ပြုခြင်း သည် ယဇ်ပုရောဟိတ်၏သန့်ရှင်းမှုကို မှိန်စေမည်ဖြစ်သည်။

ညွှန်ကြားချက်မှာ မည်သည့်သူစိမ်းကိုမှ (ဝတ် ၂၂း၁၀) သန့်ရှင်းသောအရာကို စားခွင့်မပြုပါ။ ဤနေရာ၌ သူစိမ်းက ဣသရေလလူမျိုးမဟုတ်သူများ၊ ယဇ်ပုရောဟိတ်မဟုတ်သူများ၊ ထိုပြည်၌ အလုပ်လုပ်သော ဣသရေလအနွယ်ဆယ့်နှစ်မျိုးတို့ပါဝင်သည်။ ခြွင်းချက်မှာ ယဇ်ပုရောဟိတ်များမှ ဝယ်ယူထားသော ကျွန်အချို့နှင့် ၎င်းတို့အိမ်များ၌ မွေးဖွားလာသော ကျွန်များဖြစ်သည်။ သူတို့သည် စားခွင့်ရှိသည်။ သို့မဟုတ်လျှင် သူတို့စားစရာရှိမည်မဟုတ်။ ယဇ်ပုရောဟိတ်၏သမီးသည် ယဇ်ပုရောဟိတ်မဟုတ်သူနှင့်လက်ထပ်ပါက သန့်ရှင်းသောအရာကို စားခွင့်မရှိပါ။ အကယ်၍ သူမသည် မုဆိုးမ (သို့) ကွာရှင်းပြီးပါက (သို့) ကလေးမရှိ၍ ဖခင်အိမ်သို့ပြန်လာပါက စားခွင့်ရှိသည်။ တစုံတဦးသည် သန့်ရှင်းသောအရာကို မရည်ရွယ်ဘဲစားမိပါက ပဥ္စမအပိုင်းကို လျော်ကြေးပေးပြီး သန့်ရှင်းသောအရာကို ပြန်ပေးရမည်။ ယဇ်ပုရောဟိတ်ရာထူးဖြင့် ဤအစားအသောက်ဥပဒေများကို ဖောက်ဖျက်ခြင်းသည် ဘုရားသခင်ကိုပြစ်မှားခြင်းဖြစ်သည်။ ယဇ်ပုရောဟိတ်များသည် ဘုရားသခင်ရှေ့တော်၌ သန့်ရှင်းသောသူများဖြစ်ကြသောကြောင့် သူတို့စားစရာအတွက် ဘုရားထံ ဣသရေလလူတို့ပေးလှူသောအစာကို မည်သူမျှ မထီမဲ့မြင်ပြုခွင့်မရှိပေ။

သန့်ရှင်းသောအလုပ်ကို လုပ်သောသန့်ရှင်းသူများသည် သန့်ရှင်းသောအစာကို စားရမည်။ ဤသည်မှာ ခရစ်တော်၌သန့်ရှင်းစေခြင်းခံရသောယုံကြည်သူတိုင်း သိရှိနားလည်ထားရမည့် ရိုးရှင်းသောအမှန်တရားဖြစ်သည်။ ဘုရားသခင်၏သန့်ရှင်းသောသားသမီးများအနေနှင့် လုပ်ဆောင်သည့်အရာသည် သန့်ရှင်းရပါမည်။ ကျွန်ုပ်တို့စားသောအရာသည်လည်း ဘုရားသခင်ရှေ့၌ သန့်ရှင်းရပါမည်။ ထို့ကြောင့် ထမင်းမစားခင် ကျေးဇူးတော်ချီးမွမ်းရခြင်းဖြစ်ပါသည်။ ယဇ်မူးစေနိုင်သောအရာအားလုံးသည် ဘဝများစွာကိုပျက်စီးစေသော ဒုစရိုက်ဖြစ်သောကြောင့် ရှောင်ရှားရပါမည်။ မကောင်းသည့်အရာပုံပေါက်သောအရာကိုပင် ရှောင်ရှားလော့။

**ကျက်မှတ်ရန်** - ဝတ် ၂၂း၁၅-၁၆။

**ဆုတောင်းချက်** -အို အဖဘုရား၊ ကိုယ်တော်၏ သန့်ရှင်းတော်မူသော နာမတော် ဘုန်းတော်ထင်ရှားရန်အတွက် အကျွန်ုပ်၏စိတ်နှလုံး၊ အသက်တာ အကျင့်တို့သည် သန့်ရှင်းကြပါစေသော်။ ယေရှုနာမဖြင့် ဆုတောင်းပါ၏။ အာမင်။

*"အပြစ်ပါသော အကောင်ကို မပူဇော်ရ။
ပူဇော်လျှင် စိတ်တော်နှင့် မတွေ့"*

# အပြစ်ပါသောပူဇော်ခြင်းကို ခွင့်ပြုသောအခါ

ဓမ္မဟောင်းနှင့်ဓမ္မသစ်နှစ်ခုလုံး၏ သွန်သင်မှုတွင် အပြစ်အနာအဆာမရှိသော ပူဇော်သက္ကာများကိုသာ အမြဲတမ်းဘုရားသခင်ခွင့်ပြုထားသည်။ သို့သော် ဤနေရာတွင် အပြစ်အနာဆာရှိသော ပူဇော်သက္ကာကို ဘုရားသခင်ခွင့်ပြုထားသည့် ပညတ်တော်တပါးရှိသည်။

အပြစ်ဖြေရာယဇ်၊ မီးရှို့ရာယဇ်၊ ငြိမ်သက်ရာယဇ်နှင့်ကျေးဇူးချီးမွမ်းရာယဇ်အပါအဝင် အခြားပူဇော်သက္ကာအားလုံးသည် ခရစ်တော်ကို ပုံဆောင်သောယဇ်ဖြစ်ကြသည်။ ခရစ်တော်သည် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ဆက်ဆံရေးကဏ္ဍလေးရပ်စလုံးတွင် ပြီးပြည့်စုံသောပူဇော်သက္ကာဖြစ်၏။ ခရစ်တော်မရှိလျှင် ကျွန်ုပ်တို့၏အပြစ်၌သေရကြမည်။ သန့်စင်ခြင်းမရှိပါ။ ဘုရားသခင်ကို ဆန့်ကျင်သောကျွန်ုပ်တို့အပြစ်အတွက် ခရစ်တော်သည် အပြစ်ဖြေရာယဇ်အဖြစ် နှိပ်စက်ခြင်းနှင့်သေခြင်းကို ကိုယ်ခန္ဓာပေါ်တွင် ဆောင်ထားသည်။ သူသည် မီးရှို့ရာယဇ်သဘောဆောင်သော ကျွန်ုပ်တို့၏ အပြစ်ဖြေရာယဇ်ဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်များကို ဖြေပြီးသောအခါ ကျွန်ုပ်တို့ကို သန့်စင်စေပြီးနောက် ခရစ်တော်အားဖြင့် ဘုရားသခင်နှင့်ငြိမ်းချမ်းရေးရကြပြီ။ ယခုတွင် ခရစ်တော်၏ ငြိမ်သက်ခြင်းယဇ်ကြောင့် ဘုရားသခင်နှင့်ငြိမ်းချမ်းရေးရှိ၍ ဘုရားသခင်ထံ ကျေးဇူးချီးမွမ်းခြင်းယဇ်ကို ယူဆောင်လာကြ၏။ မိမိဆန္ဒအလျောက်ပေးရသော ပူဇော်သက္ကာရောက်လာသောအခါ အနာအဆာရှိသော ပူဇော်သက္ကာကို ဘုရားသခင်ခွင့်ပြု၏။ အဘယ်ကြောင့်ဆိုသော် ၎င်းက ဝတ်ပြုခြင်း၌ ဘုရားသခင်ထံ ကျွန်ုပ်တို့ယူဆောင်လာသော အလှူတော်ကို ကိုယ်စားပြုသောကြောင့်ဖြစ်သည်။ ကယ်တင်ခြင်းရပြီးသည့်တိုင် ကျွန်ုပ်တို့လုပ်သမျှတွင် အပြစ်အနာအဆာအမြဲရှိနေသောကြောင့် အနာအဆာရှိသောယဇ်ကို ဘုရားသခင်ခွင့်ပြုထားသည်။ ဤအရာက ကျွန်ုပ်တို့အားလုံးအတွက် အလွန်အားတက်စရာဖြစ်သည်။ ကျွန်ုပ်တို့ဆန္ဒအလျောက်ပေးသော ပူဇော်သက္ကာ၌ စုံလင်သော အရာကိုသာ ဘုရားသခင်လက်ခံမည်ဆိုလျှင် ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်ခြင်းအားလုံးကို လက်ခံနိုင်မည်မဟုတ်ပါ။ ဘုရားသခင်က ကျွန်ုပ်တို့အားလုံးကို ကောင်းစွာသိ၏။ ကျွန်ုပ်တို့ပူဇော်သက္ကာသည် အပြစ်အနာအဆာရှိလို့ရနိုင်သည်ဟု ဆိုသောကြောင့် ဘုရားသခင်အတွက် အကောင်းဆုံးပေးဆောင်မှုကို ရပ်တန့်ရမည်ဟု မဆိုလိုပေ။ ဤအတွေးအခေါ်သည် ဇာတိပကတိဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် အကောင်းဆုံးလုပ်ဆောင်သင့်သည်။ ကျွန်ုပ်တို့၏ အကောင်းဆုံးအရာသည် မစုံလင်လျှင်လည်း ခရစ်တော်၏မေတ္တာအားဖြင့်ဆောင်ရွက်ပါက ဘုရားသခင်လက်ခံလိမ့်မည်။

ကျွန်ုပ်တို့ပြောဆိုဆောင်ရွက်မှုများက ခရစ်တော်၏မေတ္တာကြောင့် ပေါက်ဖွားလာသော အရာအမြဲတမ်းမဟုတ်ဘဲ အမှားများလုပ်မိသော်လည်း ဘုရားသခင်က ဆက်ပြီး ပူဇော်ဖို့ရန် မိန့်တော်မူသည်။ ခရစ်တော်ကိုချစ်သော စိတ်နှလုံးဖြင့် ပြုလုပ်သောအနာအဆာရှိသော ပူဇော်သက္ကာများကို ဘုရားသခင်လက်ခံလိမ့်မည်ဖြစ်သည်။

**ကျက်မှတ်ရန်** - ဝတ် ၂၂း၂၃။

**ဆုတောင်းချက်** -အို အဖဘုရား၊ ကိုယ်တော်အတွက် အကောင်းဆုံး အစဉ် ပေးဆပ်လျက် အမှုတော်ကို အစဉ် ဆောင်ရွက်လိုပါသည်။ အာမင်။

*"နွားဖြစ်စေ၊ သိုးဆိတ်ဖြစ်စေ၊ သားအမိ နှစ်ကောင်ကို တနေ့ချင်းတွင် မသတ်ရ"*

# အဌမနေ့ မှစ၍

တိရိစ္ဆာန်ယဇ်ပူဇော်ရာတွင် တိရိစ္ဆာန်အရွယ်သည် အနည်းဆုံးရှစ်ရက်ရှိရမည်။ ဤအရာတွင် နွား၊ သိုး၊ ဆိတ်တို့ပါဝင်သည်။ Fagius က ဤသို့ဆိုခဲ့ပါသည်- "ရှစ်ရက်မပြည့်သော တိရစ္ဆာန်မပူဇော်ရခြင်း အကြောင်းရင်းနှစ်ချက်ကို ဟေဗြဲလူတို့က ဤသို့ ပေးထားပါသည်။ ပထမအချက်မှာ၊ ဤကမ္ဘာပေါ်ရှိ ဘယ်အရာမဆို ဥပုသ်နေ့တနေ့ (သို့) ခုနစ်ရက်ပြည့်မှသာလျှင် စုံလင်ပြည့်စုံခြင်းရှိသည်ဟု ယူဆခဲ့ကြပါသည်။ ဒုတိယအချက်မှာ၊ ကောင်းကင်နှင့်မြေကြီးသည်လည်း ခုနစ်ရက်အတွင်း စုံလင်ခြင်းသို့ ရောက်ကြသည်ဖြစ်သောကြောင့်၊ ထိုအထဲ၌ရှိသော တိရစ္ဆာန်သည်လည်း ခုနစ်ရက်ပြည့်မှသာ စုံလင်သည်ဟု ယူဆခဲ့ကြပါသည်။ သို့သော်လည်း ထိုသို့ယူဆကြေးဆိုလျှင်၊ ပိုကောင်းသော အကြောင်းရင်းပေးကြပါစို့၊ ထိုသူမှာ ယဇ်ပူဇော်ခြင်းအားလုံးက ရည်ညွှန်းခဲ့သော ခရစ်တော်ပင်ဖြစ်ပါသည်၊ သူသည် ကလေးငယ်ဘဝ၌ သေခြင်း (သို့) ပူဇော်ခြင်းကို မခံရမည်ကြောင်း ဟေရုဒ်က သတ်ဖို့ ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ဆိုလိုသည်မှာ တရားမျှတသော ဘုရားသခင်ရှေ့တော်၌ အပြစ်ဖြေရာယဇ်ပူဇော်ခြင်းအတွက် မပြည့်စုံသော၊ အားနည်းသော အဘယ်လူသားမျှ ထိုက်တန်ခြင်း မရှိခဲ့ပါ၊ စုံလင်ခြင်း ရှိတော်မူသော ခရစ်တော်သာလျှင် ထိုက်တန်ခြင်းရှိတော်မူ၏။" [John Gill's Exposition of the Entire Bible, Swordsearcher 8.0]

John Gill ၏ဝိညာဉ်ရေးဆိုင်ရာအရေးပါမှုကို လေ့လာခြင်းမှာ သမ္မာကျမ်းစာနှင့် အလွန်ကိုက်ညီမှုရှိသည်။ ခရစ်တော်သည် လူသား၏စာရင်းဇယားအတိုင်း ပြီးပြည့်စုံသောဘုရားသခင်၏ သိုးသငယ်အဖြစ် ပူဇော်မခံရနိုင်ပါ။ သို့မဟုတ်သူသည် လူသားအဖြစ် နာခံမှုအပြည့်ဖြင့် မိမိကိုယ်ကို ပူဇော်ရန် အသက်မပြည့်သေးပါက မဖြစ်နိုင်ပါ။ ဘုရားသခင်နှင့်လူ၏သားတော်ဖြစ်သော ယေရှုခရစ်သည် အရွယ်ရောက်ပြီး အသက်သုံးဆယ်သုံးနှစ်တွင် မိမိကိုယ်ကို ပူဇော်ခဲ့သည်။ ဤရင့်ကျက်မှုက လောက၏အပြစ်များကို ဖယ်ရှားပေးသည့်စုံလင်သောဘုရားသခင်၏ သိုးသငယ်အဖြစ် လူသားဖြစ်စဉ်တွင် ခရစ်တော်၏ အကောင်းဆုံးပူဇော်သက္ကာကို သရုပ်ပြသည်။

ဘုရားသခင်၏သားသမီးများဖြစ်သော ကျွန်ုပ်တို့အနေဖြင့် ဘဝ၏အကောင်းဆုံးအရွယ်များကို ဘုရားသခင်ထံ ဆက်ကပ်ရန် လိုအပ်သည်။ ပွဲတစ်ပွဲ၏ညှော်ခံပွဲစားပွဲမှ ကျသောအစအနများကို ဘုရားသခင်အားမပေးပါနှင့်။ အကောင်းဆုံးကိုသာပေးလော့။ သူသတ်မှတ်ထားသောအချိန်အတိုင်း ဘုရားသခင်က ကျွန်ုပ်တို့ကို ကယ်တင်တော်မူ၏။ ကျွန်ုပ်တို့သည် အသက်ငယ်လေလေ၊ ဘုရားသခင်၏ အစေကိုခံနိုင်လေလေဖြစ်သည်။ ကျွန်ုပ်တို့၏အကောင်းဆုံးအရွယ်ကို ဘုရားသခင်ထံ အပ်နှံရမည်။ ဤခမ်းနားသော သူ့အမှုတော်အတွက် ကျွန်ုပ်တို့ကို ကယ်တင်သည်မှာ အထူးအခွင့်အရေးဖြစ်သည်။ သူ၏အကောင်းဆုံးကို သင့်ကိုပေးသော ဘုရားသခင်အား သင်၏အကောင်းဆုံးအရာကိုပေးပါသလား။

**ကျက်မှတ်ရန်** - ဝတ် ၂၂း၂၇။

**ဆုတောင်းချက်** -အို အဖဘုရား၊ ကိုယ်တော်အတွက် ကျွန်ုပ်၏ကိုယ်ကို သန့်ရှင်းလျက် အသက်ရှင်သော ပူဇော်သက္ကာအဖြစ် ဆက်ကပ်မည်အကြောင်း မစတော်မူပါ။ အာမင်။

စနေ၊ ဇွန် (၁၅)
**ဝတ် ၂၃**
ထွက် ၂၀း၈-၁၁

*"ခြောက်ရက်ပတ်လုံး အလုပ်လုပ်ရမည်။
သတ္တမနေ့ရက်သည် ငြိမ်ဝပ်စွာ နေရသော ဥပုသ်နေ့၊
ဓမ္မစည်းဝေးခြင်း ပြုရသောနေ့ ဖြစ်၏"*

# သန့်ရှင်းသော ဓမ္မအစည်းအဝေး

"စည်းဝေးခြင်း" ဟူသော ဟေဗြဲစကားလုံး (ဝတ် ၂၃း၂) သည် "ခေါ်ဖိတ်သည်" ဟူသော ကြိယာမှဆင်းသက်လာ၏။ "ခေါ်ထုတ်သောအရာ" ဟုဆိုလိုသည်။ ဝတ်ပြု ၂၃ ၏စကားဆက်စပ်မှုအရ ဘုရားသခင်သည် သူ၏လူတို့ကို သန့်ရှင်းသောခေါ်ခြင်းဖြင့်ခေါ်ထုတ်ခဲ့သည့် အနားယူရာနေ့ကို ရည်ညွှန်းသည်။ ဝတ်ပြု ၂၃ တွင် ဖော်ပြထားသော ဘုရားသခင်၏ ပွဲတော်ရှစ်ပွဲစလုံးတွင် အဦးသီးသောအသီးအနှံရိတ်သိမ်းပွဲနှင့် ပဿခါပွဲတစ်ခုသာ "သန့်ရှင်းသောစည်းဝေးပွဲ" ဟူသော စကားစုမပါဝင်ပါ။ ၎င်းက အနားယူသည့်နေ့မဟုတ်ဟုမဆိုလိုပါ။ ထိုပွဲတော်အားလုံးတွင် အနားယူရာဥပုသ်နေ့ပါရှိကြသည်။ ဤသည်မှာ သူနှင့်အတူ အချိန်အသုံးပြုခြင်းသည် အမြဲသန့်ရှင်းသော အချိန်ဖြစ်ကြောင်း သူ့လူတို့အား နားလည်စေသောနည်းလမ်းဖြစ်သည်။ ထိုအရာက သူတို့သည် မြေယာလုပ်ငန်းတွင် အလုပ်ရှုပ်နေချိန်၌ပင် သူတို့၏ဘဝသန့်ရှင်းမှုကို သတိရစေသည်။ သူတို့ အသက်မွေးဝမ်းကျောင်းဖြစ်သော ယဇ်ပုရောဟိတ်ဟူသောနာမက သန့်ရှင်းမှုကို ဖော်ပြသောအရာ တစ်ခုဖြစ်သောကြောင့် တရားသူကြီးများလက်ထပ် နှစ်ပေါင်း ၃၅၀ ကျော်က အထောက်အထား အဖြစ် မေ့လျော့ခဲ့ကြလျှင်ပင် ၎င်းကိုမေ့ပစ်ဖို့ခက်လိမ့်မည်။

သို့သော် လယ်ယာအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုသော မျိုးနွယ်စုဆယ့်နှစ်ပါး အတွက်မူ မေ့ဖို့ပိုလွယ်ကူ၏။ ဘုရားသခင်၏တည်ရှိခြင်းနှင့် နှုတ်ကပတ်တော်မပါဘဲ ဘယ်သော အခါမှ မသန့်ရှင်းနိုင်သော တပါးအမျိုးသားတို့အားလုံးနှင့်ကွဲပြားနေရန်လိုအပ်သည်။ ဣသရေလ သည် ကမ္ဘာအတွက် သန့်ရှင်းသောလူမျိုးဖြစ်ရပါမည်။ ဤသည်မှာ ဘုရားသခင်၏မူလရည်ရွယ်ချက် ဖြစ်သည်။

ဤပွဲတော်များအားလုံးကို ဝိညာဉ်ရေးရာ ရည်ရွယ်ချက်ဖြင့် ဘုရားသခင်စီမံထားခြင်းဖြစ်သည်။ ဤရည်ရွယ်ချက်၏အလယ်ဗဟိုမှာ သန့်ရှင်းခြင်းဖြစ်သည်။ ဘုရားသခင်သည် သန့်ရှင်းတော်မူသကဲ့သို့ သူတို့သန့်ရှင်းရပါမည်။ ဝတ် ၁၁း၄၄-၄၅၊ "ငါသည် သင်တို့ ဘုရားသခင် ထာဝရဘုရား ဖြစ်၏။ ငါသည် သန့်ရှင်းသောကြောင့်၊ သင်တို့လည်း ကိုယ်ကိုကိုယ် သန့်ရှင်းစေ၍ သန့်ရှင်းခြင်း ရှိကြမည်။ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်တစုံတခုအားဖြင့်မျှ သင်တို့သည် ကိုယ်ကိုကိုယ် မညစ်ညူးစေရကြ။ ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်ခြင်းငှါ၊ သင်တို့ကိုအဲဂုတ္တုပြည်မှ ကယ်နှုတ်သောထာဝရဘုရား ဖြစ်၏။ ငါသည် သန့်ရှင်းသောကြောင့်၊ သင်တို့သည် သန့်ရှင်းခြင်း ရှိရကြမည်" ဤပွဲရှစ်မျိုးတွင် အထိရောက်ဆုံးမှာ အပတ်စဉ်ဥပုသ်နေ့ဖြစ်သည်။ အကြောင်းမှာ ၎င်း၏အကြိမ်ရေကြောင့်ပင်။ ဘုရားသခင်က သူ၏လူများသည် သူ့အားမည်မျှလွယ်ကူစွာ မေ့ပစ်နိုင်သည်ကို သိသောကြောင့် အပတ်စဉ်လုပ်စေခြင်းဖြစ်သည်။ ဘုရားသခင်သည် သန့်ရှင်းတော်မူသည်နှင့်အမျှ ကျွန်ုပ်တို့သည် သန့်ရှင်းဖို့လိုအပ်ကြောင်း သတိပေးဖို့ရန် ဥပုသ်နေ့ကို ဘုရားသခင်က သူ၏ သားသမီးတို့အား ပေးခဲ့သော ဓမ္မစည်းဝေးပွဲဖြစ်သည်ထက် အခြားအကြောင်းရင်းမရှာပါနှင့်။

**ကျက်မှတ်ရန်** - ဝတ် ၂၃း၂။
**ဆုတောင်းချက်** -အို အမြင့်မြတ်ဆုံးသော အဖဘုရား၊ ကိုယ်တော် သန့်ရှင်းသည်နည်းတူ အစဉ် သန့်ရှင်းမည်အကြောင်း မစတော်မူပါ။ အာမင်။

*"ပဌမလ ဆယ်လေးရက်နေ့ ညဦးယံ၌၊
ထာဝရဘုရား၏ ပသခါပွဲဖြစ်၏"*

## ပသခါပွဲနှင့် တဆေးမဲ့မုန့်

ပသခါပွဲနှင့်တဆေးမဲ့မုန့်ပွဲနှစ်ပွဲသည် တစ်ပွဲပြီးသည်နှင့်တပြိုင်နက် ကျင်းပသောကြောင့် ပွဲတစ်မျိုးတည်းဟု နားလည်ရသည်။ ဣသရေလတိုင်းပြည်ပေါ် ထွန်းလာသောအခါ ပသခါပွဲက ဣသရေလလူတို့အား အဲဂုတ္တုနိုင်ငံမှထွက်ခွာမှုကို အမှတ်ရစေသည်။ ယုံကြည်ခြင်းဖြင့် ပသခါသိုးသငယ်ကိုသတ်ပြီး အသွေးကို တံခါး၏ထိပ်နှင့်တံခါးတိုင်နှစ်တိုင်ပေါ်၌ လိမ်းကျံသော ယုဒလူတိုင်း၏သားဦးကို ဘုရားသခင်၏ကောင်းကင်တမန်သည် ကျော်သွား၍ လွတ်ခွင့်ပေးခဲ့သည်။ သိုးသငယ်၏အသွေးကို ထာဝရဘုရား၏ ကောင်းကင်တမန်သည်မြင်လျှင် သားဦးကို အသက်ချမ်းသာခွင့်ပေးသည်။ ထိုအိမ်ကို ဘုရားသခင်ကျော်လွန်သွား၏။ ဝိညာဉ်ရေးဆိုင်ရာအရေးပါမှုမှာ လောက၏အပြစ်များကို ယူဆောင်သွားမည့် ဘုရားသခင်၏သိုးသငယ်မှာ ခရစ်တော်ဖြစ်ခြင်းကို ဆို၏။ ဣသရေလလူတို့ အဲဂုတ္တုပြည်မှ အလျင်စလိုထွက်ခွာရသည့်အချိန်မှလွဲ၍ ပသခါပွဲပြီးသည်နှင့် တဆေးမဲ့မုန့်ပွဲကို ချက်ချင်းကျင်းပရမည်။ သူတို့သည် အဲဂုတ္တုပြည်မှ မထွက်ခွာခင်ကတည်းက မိမိတို့အိမ်မှ တဆေးအားလုံးကို ဖယ်ထားခဲ့သော်လည်း ဤနေရာတွင် ဖော်ပြသည့်အတိုင်း တဆေးမဲ့မုန့်ပွဲကို မကျင်းပခဲ့ကြပေ။

တဆေးမဲ့မုန့်ပွဲသည် ဣသရေလလူတိုင်း၏ ဘဝတွင် သန့်ရှင်းခြင်း၏အရေးကြီးမှုကို သင်ပေးသည်။ တဆေးအနည်းငယ်က မုန့်တစ်ခုလုံးကို ဖောင်းပွစေသကဲ့သို့ တဆေးသည် ဣသရေလအိမ်တိုင်းသို့ လွယ်ကူစွာစိမ့်ဝင်နိုင်သည့် အပြစ်နှင့်ညစ်ညမ်းမှုပုံစံအားလုံးကို ကိုယ်စားပြုသည်။ ပထမနေ့နှင့် နောက်ဆုံးသောနေ့ရက်များသည် သန့်ရှင်းသောစည်းဝေးပွဲဖြစ်ပြီး သူတို့သည် ဘုရားသခင့်ရှေ့တော်၌ အပြစ်များကို ဆင်ခြင်သုံးသပ်ပြီး နောင်တရခြင်းဖြင့် စတင်ကာ အသက်တာပြန်လည်အပ်နှံခြင်းနှင့် သန့်ရှင်းစွာနေထိုင်ရန် ကတိပေးခြင်းဖြင့် အဆုံးသတ်မုန့်ဖုတ်ရန် သာမန်အချိန်များတွင် တဆေးကို သုံးနိုင်သော်လည်း တဆေးမဲ့မုန့်ပွဲတော်ကျင်းပချိန်ရောက်သောအခါတွင်မူ တဆေးအားလုံးကို ဖယ်ရှားပစ်ရသည်။ ဤအရာက မုန့်ဖုတ်ရန်အတွက် တဆေးကို အသုံးပြုသည့်အခါတိုင်း၊ တဆေး၏ဝိညာဉ်ရေးဆိုင်ရာ အရေးပါမှုကိုလည်း သူတို့ကို အမှတ်ရစေသည်။ သူတို့သည် တဆေးမဲ့မုန့်ပွဲကို ကျင်းပချိန်တွင်ပင်မဟုတ်ဘဲ တစ်နှစ်ပတ်လုံးသတိပြုရပါမည်။ ထိုပွဲတော်နှစ်ခု၏ ဝိညာဉ်ရေးဆိုင်ရာအရေးပါမှုမှာ ခရစ်တော်အားဖြင့် ကယ်တင်ခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ်သည်။ ထို့နောက် ခရစ်တော်၏ သက်သေများဖြစ်ကြသော သူတို့သည် သန့်ရှင်းစွာအသက်ရှင်ဖို့လိုအပ်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

**ကျက်မှတ်ရန်** - ဝတ် ၂၃း၇-၈။

**ဆုတောင်းချက်** -အဖဘုရား၊ ကျွန်ုပ်အပြစ်များမှ ကယ်နုတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။ ခရစ်တော်အတွက် သန့်ရှင်းစွာ နေထိုင်မည်အကြောင်း မစတော်မူပါ။ အာမင်။

တနင်္လာ၊ ဇွန် (၁၇)
**ဝတ် ၂၃**
လုကာ ၂၁း၃၄-၃၅

*“သင်တို့သည် စိတ်တော်နှင့် တွေ့ခြင်းငှါ၊*
*ယဇ်ပုရောဟိတ်သည် ဥပုသ်နေ့လွန်မှ၊ နက်ဖြန်နေ့တွင်*
*ထိုကောက်လှိုင်းကို ထာဝရဘုရားရှေ့တော်၌ ချီလွှဲရမည်”*

# အဦးသီးသောအသီးနှင့် ပင်တေကုတ္တေ

အသီးအနှံအားလုံးသည် ဘုရားသခင်ပိုင်သကြောင်းကို ဖော်ပြဖို့ အဦးသီးသောအသီးအနှံများကို ဘုရားသခင်ထံ ပူဇော်ရမည်။ ဤသည်မှာ ကျေးဇူးသိတတ်သော စိတ်နှလုံးကို အခြေခံ၍ ကျေးဇူးချီးမွမ်းခြင်းယဇ်ဖြစ်သည်။ ၎င်းက ဣသရေလလူမျိုးသည် ဘုရားသခင်၏ နိုင်ငံတော်တွင် ငှားရမ်းနေထိုင်သူများသာဖြစ်ကြောင်း သတိရစေသည်။ ကတိတော်ပြည်သည် ဣသရေလူတို့ပိုင်ကြသည်မဟုတ်၊ ဘုရားသခင်ပိုင်တော်မူ၏။ ဣသရေလလူတို့သည် သခင်ယေရှုခရစ်အဖို့ သန့်ရှင်းသောသက်သေဖြစ်ဖို့တာဝန်ရှိသည်။ ဘုရားသခင်ကိုယ်စား အဦးသီးသော အသီးတို့ကို လက်ခံရရှိသောသူတို့မှာ ယဇ်ပုရောဟိတ်များဖြစ်ကြသည်။ သူတို့သည် ဝိညာဉ်ရေးတာဝန်များ (ဘုရားသခင်နှုတ်ကပတ်တော်ကို လေ့လာသင်ကြားပေးခြင်းနှင့် တဲတော်၌ရှိသောသူတို့၏ သန့်ရှင်းသောတာဝန်များကို ဆောင်ရွက်ခြင်း) ကို အာရုံစိုက်ကြစဉ်တွင် သူတို့နှင့်သူတို့၏ မိသားစုကို ထောက်ပံ့ပေးရသည်။ ဤပွဲတော်က သန့်ရှင်းသောလူမျိုးဖြစ်ဖို့ သူတို့၏ဝိညာဉ်ရေးရာတာဝန်များကို သတိရစေသည်။ အဦးသီးသောအသီးကို ဘုရားသခင်မလိုအပ်ပါ။ ယဇ်ပုရောဟိတ်တို့သည် လိုအပ်၏။ ယဇ်ပုရောဟိတ်တို့သည် ရုပ်ပိုင်းဆိုင်ရာများကို ဂရုစိုက်ခံရကြပြီး၊ သူတို့က ဣသရေလလူမျိုးတို့ကို ဝိညာဉ်ရေးဆိုင်ရာ ဂရုစိုက်ပေးသည်။

ပသခါပွဲမှစ၍ ဣသရေလလူတို့သည် ရက်ငါးဆယ်ကို ရေတွက်ကြရသည်။ ရက်ပေါင်းငါးဆယ်မြောက်နေ့ (ခုနစ်ပတ်ကြာပြီး) ကို ပင်တေကုတ္တေနေ့ဟုခေါ်သည်။ ဘာအလုပ်မျှ မလုပ်ရဘဲ အနားယူရသည့်နေ့ဖြစ်သည်။ အပြစ်ဖြေရာယဇ်၊ မီးရှို့ရာယဇ်၊ ငြိမ်းချမ်းရေးယဇ်နှင့် ချီလွှဲသောယဇ် (သို့) ကျေးဇူးချီးမွမ်းခြင်းယဇ်ကို သူတို့ပူဇော်ကြသည်။ ဝိညာဉ်ရေးဆိုင်ရာအရေးပါမှုမှာ ဘုရားသခင်ထံမှ မကြာသေးမီက ရရှိခဲ့သော ကောက်ရိတ်သိမ်းမှုအတွက် ဘုရားသခင်ကို ကျေးဇူးတင်ခြင်းဖြစ်သည်။ ဣသရေလလူတို့သည် သန့်ရှင်းသောသက်သေဖြစ်ကြလျှင် ကတိတော်ရှိသည့်အတိုင်း ပြည်ကို ကောင်းကြီးပေးမည်။ သူတို့သည် ဆင်းရဲသားများနှင့်ဧည့်သည်များကို သတိရကြကြောင်း သေချာစေဖို့ “စပါးကိုရိတ်သောအခါ၊ လယ်တောင့်တို့ကို အကုန်အစင်မရိတ်ရပါ”။ ရိတ်သိမ်းခြင်းအလုပ်ကို လုပ်သောဆင်းရဲသားများနှင့် သူစိမ်းများအတွက် အချို့ကို ချန်ထားကြရသည်။ ဤသည်မှာ ရှုသဝတ္ထု၌ ရှုသပြုခဲ့သောအမှုဖြစ်သည်။

ကျွန်ုပ်တို့၏ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ပေးခြင်းက ကျွန်ုပ်တို့ဝိညာဉ်ရေးရာလျှောက်လှမ်းခြင်းကို အလွယ်တကူလွှမ်းမိုးသွားနိုင်သည်။ ဤသို့ဖြစ်သောအခါ ဝိညာဉ်ရေးရာရပ်တန့်တတ်သည်။ ကျွန်ုပ်တို့သည် ဇာတိလူဖြစ်လာကြသည်။ ဘုရားသခင်ထံမှ အသီးအနှံရိတ်သိမ်းခြင်း ကို နှစ်သက်ကြသောအခါ သူတို့သည် ဤအမှုကို နှစ်တိုင်းသတိရစေဖို့ ဘုရားသခင်သေချာစေ၏။ ထို့ကြောင့် ကြွယ်ဝသောအချိန်များထက် ရုန်းကန်ရသောအချိန်များတွင် ပို၍ကောင်းကြီးမင်္ဂလာ ရှိ၏။ ထိုအချိန်တွင် ကျွန်ုပ်တို့သည် သာ၍ဆုတောင်းပြီး ဘုရားသခင်ကို သာ၍ကိုးစားကြသည်။

**ကျက်မှတ်ရန်** - ဝတ် ၂၃း၂၀။

**ဆုတောင်းချက်** -အို အဖဘုရား၊ မိမိကိုယ်ကို မကိုးစားမည်အကြောင်း၊ အထူးသဖြင့် ကျန်းမာကြွယ်ဝသော အချိန်တို့၌ ကိုယ်တော်ကို မမေ့လျော့မည်အကြောင်း မစတော်မူပါ။ အာမင်။

အင်္ဂါ၊ ဇွန် (၁၈)

**ဝတ် ၂၃**

ရောမ ၅း၁၀-၁၁

*“ထိုနေ့သည် ငြိမ်ဝပ်စွာ နေရသော နေ့၊*
*ခြိုးခြံစွာ ကျင့်ရသော နေ့ဖြစ်၏”*

## အပြစ်ဖြေရာ နေ့

သတ္တမလ၏ပထမနေ့တွင် နှစ်သစ်ကို စတင်ရန် တံပိုးမှုတ်ခဲ့သည်။ ထိုနေ့သည် ဓမ္မစည်းဝေးပွဲနေ့ဖြစ်ရမည်။ ထိုနေ့တွင် လောကီအလုပ်မလုပ်ရပါ။ အပြစ်ဖြေခြင်းအတွက် ထာဝရဘုရားရှေ့တော်၌ မီးရှို့ရာယဇ်ကို ပူဇော်ရမည် (နှိုင်း တော ၂၉း၁-၆)။ ၎င်းကို ထိုလ၏ ဆယ်ရက်နေ့တွင် ကျရောက်မည့် သာ၍ကြီးသောနေ့အတွက် ကြိုတင်ပြင်ဆင်ခြင်းအဖြစ် လုပ်ဆောင်ခဲ့သည်။ ၎င်းသည် အပြစ်ဖြေရာနေ့၏ပွဲတော်ဖြစ်သည်။

အပြစ်ဖြေရာနေ့သည် ဥပုသ်နေ့များထဲက နေ့တစ်နေ့ဖြစ်သည်။ ထိုအနားယူရာနေ့သည် ကိုးရက်နေ့ညနေပိုင်း၊ ဆိုလိုသည်မှာ ကိုးရက်နေ့အဆုံးပိုင်းနှင့် ဆယ်ရက်နေ့အစပိုင်းဖြစ်သည်။ ဤသည်မှာ နှစ်ဆယ့်လေးနာရီလုံး မနားမနေရဖြစ်သည်။ ဤအရာမှာ ယဇ်ပုရောဟိတ်မင်းတပါးတည်းသာ သန့်ရှင်းရာဌာနထဲသို့ ဝင်ခွင့်ပြုသည့်နှစ်တွင် တစ်ရက်သာဖြစ်သည်။ ဝတ်ပြုရာကျမ်း၌ ဤကျမ်းပိုဒ်သည် က္ကသရေလလူတို့ စောင့်ထိန်းရမည့် ပုံစံကို ဖော်ပြသည်။ ဝတ်ပြုရာကျမ်း ၁၆ တွင် ယဇ်ပုရောဟိတ်မင်းစောင့်ထိန်းရမည့်ပုံစံကို ဖော်ပြသည်။ က္ကသရေလလူတို့သည် ခြိုးခြံစွာကျင့်ရမည်။ ခြိုးခြံစွာနေဖို့ ငြင်းပယ်သောသူတစုံတဦးသည် မိမိအမျိုးမှ ပယ်ရှင်းခြင်းကိုခံရမည်။ “ပယ်ရှင်းခြင်း” (ဝတ် ၂၃း၂၉) ၏အဓိပ္ပာယ်မှာ သေသည့်တိုင်အောင် လူ့ဘောင်ဘဝမှ ကြဉ်ခြင်းမျိုးအထိဖြစ်သည်။ အလုပ်လုပ်သောသူကို ဘုရားသခင်ဖျက်ဆီးမည်။ ဤနေ့တွင် လူတို့၏အပြစ်ရှိသော အခြေအနေနှင့်စပ်လျဉ်း၍ မိမိကိုယ်ကို ပြန်လည်သုံးသပ်ခြင်း၏အလွန်အရေးကြီးသော နေ့ရက်ဖြစ်ပြီး ဘုရားသခင်က ကတိတော်ပြည်၌ သူတို့နေထိုင်ခွင့်ပြုထားခြင်းနှင့် သူတို့လူမျိုးတည်ရှိမှု၏ တစ်ခုတည်းသောနည်းလမ်းမှာ ကျေးဇူးတော်နှင့် ကရုဏာတော်ကြောင့်သာဖြစ်သည်။ ထို့ကြောင့် က္ကသရေလအမျိုးသည် ဤပွဲကို ကျင်းပသောအခါ ဘုရားသခင်အဖို့ သန့်ရှင်းသောသက်သေဖြစ်ရ၏။

တင်းကြပ်သော ရုပ်ပိုင်းဆိုင်ရာစောင့်ထိန်းမှုမှာ က္ကသရေလလူတို့နှင့် ကမ္ဘာတဝှမ်းလုံး၏ ဝိညာဉ်ရေးနှင့်စိတ်ပိုင်းဆိုင်ရာဖြစ်တည်မှုကို အကျိုးသက်ရောက်စေရန် ရည်ရွယ်သည်။ သန်းနှင့်ချီသောလူများသည် သူတို့အလုပ်ကို လုံးဝရပ်ဆိုင်းပြီး ခြိုးခြံစွာကျင့်ဖို့ ဤသန့်ရှင်းသောနေ့ကို ကုန်ဆုံးစေသည်ဟု မြင်ယောင်ကြည့်ပါ။ ဤသတင်းသည် ကမ္ဘာတဝှမ်းလုံးအတွက် ရှင်းလင်းပါ၏။ သူတို့၏ တည်ရှိမှုသည် ဘုရားသခင်၏ကျေးဇူးတော်နှင့် ကရုဏာတော်ကြောင့်ဖြစ်၏။ ဘုရားသခင် ချမှတ်ထားသော ယဉ်ကျေးမှုများ၊ ဥပဒေများနှင့် အသက်တာပေါ်တွင် တည်ထောင်ထားသော လူမျိုးတစ်မျိုးလုံးသည် ခြိုးခြံစွာနေဖို့လိုပါက၊ ရုပ်တုကိုးကွယ်ခြင်းနှင့် ဆိုးသွမ်းမှုများအပေါ် တည်ထောင်ထားသော ကမ္ဘာပေါ်ရှိ လူမျိုးများသည် သာ၍လိုအပ်ပါမည်။

**ကျက်မှတ်ရန်** - ဝတ် ၂၃း၂၇။

**ဆုတောင်းချက်** -အို အဖဘုရား၊ ကိုယ်တော်၏ ကျေးဇူးတော်နှင့်ဂရုဏာတော်ကို အစဉ်အောက်မေ့လျက်၊ တသက်လုံး ကျေးဇူးတင်မည်အကြောင်း မစတော်မူပါ။ ယေရှုနာမတော်အားဖြင့် ဆုတောင်းပါသည်။ အာမင်။

# သကေနေပွဲ

အပြစ်ဖြေရာနေ့ကို သန့်ရှင်းစွာကျင်းပပြီးနောက် ငါးရက်အကြာသတ္တမလဆယ့်ငါးရက်နေ့တွင် ဣသရေလအားလုံးသည် တဲတော်ပွဲကို စောင့်ထိန်းရပါမည်။ ရှောလမုန်ဗိမာန်တော်သည် တဲတော်ကို အစားထိုးပြီးနောက်တွင်ပင် တဲတော်ပွဲကို ဗိမာန်တော်ပွဲဟု ပြောင်းလဲလို့မရပါ။ "တဲတော်" ဟူသော အဓိပ္ပာယ်မှာ "ရွက်ဖျင်တဲ" ဖြစ်သည်။ ၎င်းက ယာယီဖွဲ့စည်းပုံကို ဖော်ပြသည်။ ရှစ်ရက်ကြာမြင့်သည့်တဲတော်ပွဲကျင်းပသည့်ကာလအတွင်း ဣသရေလလူတို့သည် ကောင်းသော သစ်ပင်များကို အသုံးပြု၍ ယာယီတဲကို ဆောက်လုပ်ရမည်။ ဝတ် ၂၃း၄၀ တွင် "ပထမနေ့၌ ကောင်းမွန်သော သစ်သီး၊ စွန်ပလွံခက်၊ မိုးမခပင် အစရှိသော အရွက်များသော အပင်၏အကိုင်းအခက်တို့ကိုယူ၍ သင်တို့၏ ဘုရားသခင်ထာဝရဘုရားရှေ့တော်၌ ခုနစ်ရက်ပတ်လုံးရွှင်လန်းခြင်းကို ပြုရကြမည်။" ကောင်းသောသစ်ပင်၏ အကိုင်းအခက်များဖြင့် ယာယီတဲများတည်ဆောက်ကြသည်။ သူတို့သည် ရှစ်ရက်ပတ်လုံး တဲများတွင်နေထိုင်ကြရသည်။ နေဟမိ ၈း၁၆ တွင် "လူများတို့သည် ထွက်သွား၍၊ သစ်ခက်တို့ကို ဆောင်ခဲ့ပြီးလျှင် အိမ်မိုးပေါ်မှာ၎င်း၊ မိမိဝင်းထဲ၊ ဗိမာန်တော် တန်တိုင်းထဲမှာ၎င်း၊ ရေတံခါးလမ်းနှင့် ဧဖရိမ် တံခါးလမ်းမှာ၎င်း သစ်ခက်တဲများကို လုပ်ကြ၏။" ပထမနေ့နှင့် နောက်ဆုံးရက်များသည် အနားယူရာနေ့ဟူသော ဥပုသ်နေ့များဖြစ်သည်။

ဝိညာဉ်ရေးဆိုင်ရာအရေးပါမှုမှာ ကတိတော်ပြည်တွင် ဣသရေလလူတို့သည် ဧည့်သည်များကဲ့သို့ နေထိုင်သင့်ကြောင်း သတိပေးခြင်းဖြစ်သည်။ ထိုပြည်သည် ကတိတော်ပြည်ဟု ခေါ်သော်လည်း ဤလောကသည် သူတို့၏ထာဝရအိမ်မဟုတ်ပေ။ ဤပြည်ကား အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့ကို ဘုရားသခင်ကတိပြုသောပြည်ဖြစ်၏။ ဣသရေလလူတို့သည် ဘုရားသခင်၏ သန့်ရှင်းသောလူမျိုးအဖြစ် နေထိုင်ရမည့်ပြည်ဖြစ်သည်။ ထိုကတိတော်မှာ တပါးအမျိုးသားတို့မပါ၊ ဣသရေလလူမျိုးတမျိုးအတွက်သာဖြစ်သည်။ ဤပြည်သည် တစ်ကမ္ဘာလုံးကို ကောင်းကြီးပေးမည့်ပြည်ဖြစ်၏။ ဤပြည်သည် ယေရှုခရစ်တော်မွေးဖွားပြီး နိုင်ငံသားခံယူမည့်တိုင်းပြည်ဖြစ်သည်။ ဘုရားသခင်သည် ရုပ်တုကိုးကွယ်သော တပါးအမျိုးသားတို့တိုင်းပြည်ကို ပြောင်းလဲစေ၍ သူ၏သန့်ရှင်းသောအမျိုးအဖြစ် အသုံးပြုလို့မရပါ။ ဘုရားသခင်က ဣသရေလလူတို့ကို သန့်ရှင်းသောလူမျိုးဖြစ်စေပြီး တိုင်းပြည်ကို ပေးတော်မူသည်။ ယာယီတဲထိုးပွဲ (သို့) တဲတော်ပွဲများက ဣသရေလလူတို့သည် ထာဝရကောင်းကင်ဘုံကို မျှော်လင့်လျက် သန့်ရှင်းစွာ အသက်ရှင်ဖို့ကို သတိရစေရန်ဖြစ်သည်။

**ကျက်မှတ်ရန်** - ဝတ် ၂၃း၄၂-၄၃။

**ဆုတောင်းချက်** -အို အမြင့်မြတ်ဆုံးသော အဖဘုရား၊ ခရစ်တော်၌ ထာဝရအကျိုးကို မျှော်လျက်အသက်ရှင်ဖို့ရန်၊ ဤလောက၌ ကျွန်တော်သည် ဧည့်သည် ဖြစ်ပါ၏။ ယေရှုနာမတော်ဖြင့် ဆုတောင်းပါသည်။ အာမင်။

ကြာသပတေး၊ ဇွန် (၂၀)
**ဝတ် ၂၄**
မသဲ ၅း၁၄-၁၆

*"စင်ကြယ်သောမီးခုံ၌ မီးခွက်များကို၊ အာရုန်သည် ထာဝရဘုရား ရှေ့တော်မှာ အစဉ်အမြဲ ပြင်ဆင်ရမည်"*

# အစဉ်မပြတ် မီးထွန်းရန် မီးခုံ

မီးခုံကို အဆက်မပြတ်တောက်လောင်စေခြင်း၏ ဝိညာဉ်ရေးဆိုင်ရာအရေးပါမှုမှာ အလွန်ရှင်းလင်းပါ၏။ အမှောင်ကျရောက်သောအခါ ဘုရားသခင့်လူတို့၏ အလင်းသည် ဆက်လက်တောက်ပနေရမည်ကို သတိပေးခြင်းဖြစ်သည်။ နံနက်နေထွက်သောအခါ မီးခုံကို ငြိမ်းသက်ရမည်။ ညသည် လူဆိုးတို့၏ မကောင်းမှုပြုရန် အချိန်ဖြစ်သည်။ ညဘက်တွင် သူခိုးတို့သည် အိမ်ထဲဝင်ပြီး ခိုးတတ်ကြသည်။ ညဘက်တွင် မကောင်းသောအပြုအမူများ ပေါ်များတတ်သည်။ သူငယ်ချင်းများနှင့် မိသားစုများက သူတို့၏အပြစ်ကျူးလွန်မှုများကို မမြင်နိုင်အောင် အမှောင်ကို အကာအကွယ်ယူဖို့ လိုအပ်သည်။ သို့မဟုတ် သူတို့ရာဇဝတ်မှုလုပ်နေကြသည်ကို သိ၍ အဖမ်းမခံချင်သောကြောင့် အမှောင်ကို အကာအကွယ်ယူတတ်ကြသည်။ အပြစ်ရှိသောအကျင့်စရိုက်များနှင့် ဝိညာဉ်ရေးဆိုင်ရာ မှောင်မိုက်ခြင်းကို ထင်ရှားစေရန် ကျမ်းစာထဲတွင် အမှောင်ကို မကြာခဏအသုံးပြုသည်။ "မှောင်မိုက်၌ကျင်လည်ခြင်းမပြုကြနှင့်" ဟူ၍ သမ္မာကျမ်းစာက အမြဲတမ်းတားမြစ်ထားသည်။ ဥပမာနှစ်ခုမှာ ဤသို့ဖြစ်သည် - "ညဥ့်အချိန် ကုန်လု၍ နေ့အချိန် ရောက်လုသောကြောင့်၊ . . . မှောက်မိုက်၏ အကျင့်ကို ပယ်ရှား၍၊ အလင်း၏ လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့" (ရောမ ၁၃း၁၂)၊ "ထိုသို့ဖြစ်လျှင် မှောင်မိုက်၌ ဝှက်ထားသောအရာတို့ကို ပွင့်လင်းစေ၍ စိတ်နှလုံး အကြံအစည်များကို ထင်ရှားစေလတံ့သော သခင်ဘုရား ကြွလာတော်မမူမှီတိုင်အောင် အဘယ်အမှုကိုမျှ အဆုံးအဖြတ်မစီရင်ကြနှင့်။ ကြွလာတော်မူသောအခါ၊ အသီးအသီးတို့သည် ဘုရားသခင် ချီးမွမ်းတော်မူခြင်း ကျေးဇူးကို ခံရကြလတံ့" (၁ ကော ၄း၅)။

ခရစ်တော်အလင်း၏သားသမီးများဖြစ်သော ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့ကို မည်သူမျှ မကြည့်ဟုထင်ရသော အချိန်နှင့်သွေးဆောင်ခံရမှုအရှိဆုံးနှင့် အားအနည်းဆုံးအချိန်မှာ ညဘက်ဖြစ်ကြောင်း သတိပြုရန်လိုအပ်သည်။ အထီးကျန်ခြင်းက စုံစမ်းသွေးဆောင်ခြင်းကို ဖြစ်ပေါ်စေတတ်ပြီး ကျွန်ုပ်တို့အပြစ်လုပ်ပါက မည်သူမျှမသိနိုင်သလို ဘယ်သူ့ကိုမျှ ထိမိလဲစရာမဖြစ်စေပါဟူသော ဆိုးသောအတွေးအခေါ်ကို လက်ခံတတ်ကြသည်။ ဤသို့သောအချိန်မျိုးတွင် ကျွန်ုပ်တို့၌ခရစ်တော်၏ အလင်းသည် အတောက်ပဆုံးဖြစ်ဖို့လိုအပ်ကြောင်းကို သတိရဖို့လိုအပ်သည်။ ကျွန်ုပ်တို့သည် ဆက်လက်သန့်ရှင်းရန်နှင့် အပြစ်ကိုကျော်လွှားနိုင်ဖို့ ခွန်အားအတွက် ဒူးထောက်ဆုတောင်းရန်လိုသည်။ ဣသရေလလူမျိုး၊ အထူးသဖြင့် ယဇ်ပုရောဟိတ်အဖွဲ့တို့က ဤအမှန်တရားကို သတိရဖို့လိုသည်။ ဣသရေလပြည်အားလုံးမှောင်မိုက်ကျရောက်သောအခါ သန့်ရှင်းရာဌာနတော်အတွင်းနှင့် အသန့်ရှင်း ဆုံးဌာန၏ ကုလားကာနောက်တွင် မီးခုံထွန်းထားသောကြောင့် ညစဉ်ဖြစ်ရပ်၏ ကြည်ညိုစရာ ရည်ရွယ်ချက်က ယဇ်ပုရောဟိတ်တိုင်း၏ စိတ်နှလုံးထိမှန်လိမ့်မည်။ ဘုရားသခင်ရှေ့တော်၌ သန့်ရှင်း ခြင်းသည် နေ့ရောညပါဖြစ်ရပါမည်။ သူတို့၏သန့်ရှင်းခြင်းသည် ဦးစွာအရာခပ်သိမ်းကို သိသော ဘုရားသခင်ရှေ့တော်၌ဖြစ်ပြီး၊ နောက်မှ ဣသရေလလူတို့ရှေ့မှောက်တွင် ဖြစ်သည်။ ဤနည်းအားဖြင့် နေ့ရောညပါသန့်ရှင်းနိုင်ကြပါလိမ့်မည်။

**ကျက်မှတ်ရန်** - ဝတ် ၂၄း၂။
**ဆုတောင်းချက်** -အကျွန်ုပ်သည် သန့်ရှင်းလျက်၊ ခရစ်တော်အတွက် အလင်း ဖြစ်လိုပါ၏။

သောကြာ၊ ဇွန် (၂၁)
**ဝတ် ၂၄**
မသဲ ၆း၃၃

*"ထာဝရဘုရားရှေ့ စင်ကြယ်သော စားပွဲပေါ်မှာ
မုန့်တလုံးပေါ်၌ တလုံးကို ထပ်ဆင့်၍၊
တပုံခြောက်လုံးစီ၊ နှစ်ပုံ ပုံရမည်"*

## အပတ်တိုင်း အစားထိုးလဲရသော ရှေ့တော်မုန့်

အပတ်စဉ်ဥပုသ်နေ့အနားယူခြင်းသည် လေဝိယဇ်ပုရောဟိတ်အဖွဲ့အတွက် ဘယ်တော့မှ မရည်ရွယ်ကြောင်း ဤကျမ်းပိုဒ်က သွန်သင်ထားသည်။ ဥပုသ်နေ့၌ အနားယူခြင်းကို ကတိတော်ပြည်၌ အလုပ်လုပ်ကိုင်နေကြသော တကျိပ်နှစ်ပါးသောသူတို့အတွက် ဘုရားသခင်ပေးခဲ့ခြင်းဖြစ်သည်။ သူတို့သည် အလုပ်ကိုနား၍ ငြိမ်ဝပ်စွာနေပြီး သူတို့၏ဘုရားသခင်ကို ကိုယ်တိုင်သိဖို့လို၏။ ဖိစီးမှုနှင့် ပင်ပန်းနွမ်းနယ်မှုတို့သည် အပြစ်၌သေနေသော လောကအတွက် သူတို့၏ဝိညာဉ်ရေးတာဝန်နှင့်ဘုရားသခင်၏သန့်ရှင်းသောလူမျိုးဖြစ်ကြကြောင်းကို မေ့လျော့စေနိုင်သည်။ ကမ္ဘာပေါ်ရှိ လူများကဲ့သို့ ၂၄ နာရီတွင် ၇ နာရီအလုပ်လုပ်လို့မရနိုင်ပါ။

ယဇ်ပုရောဟိတ်များကို အပတ်တိုင်း မုန့်လတ်လတ်ဆတ်ဆတ် ဆယ့်နှစ်ပြားဖုတ်ရန် ဘုရားသခင်မှာထားသည်။ ၎င်းတို့သည် ဆယ့်နှစ်ပတ်ရှိမုန့်များကို အစားထိုးရမည်။ ယဇ်ပုရောဟိတ်များသည် သန့်ရှင်းရာဌာန၌ ထိုမုန့်တို့ကို စားရမည်။ ဝိညာဉ်ရေးရာအဓိပ္ပာယ်မှာ " . . . ထာဝရဘုရားအား မီးဖြင့်ပြုသော ပူဇော်သက္ကာထဲက၊ ထိုမုန့်သည်၊ ထာဝရ ပညတ်တော်အတိုင်း၊ . . . အလွန် သန့်ရှင်းသောအရာ ဖြစ်သည်" (ဝတ် ၂၄း၉)။ မုန့်ကိုစားမည်ဖြစ်ပြီး အတန်းတစ်ခုစီတွင် တင်ထားသော သန့်ရှင်းသောအမွှေးတိုင်ကို သန့်ရှင်းရာဌာနရှေ့တွင် ရှိသောနံ့သာပလ္လင်ပေါ်တွင် မီးရှို့ရပါမည်။ မုန့်စားပွဲသည် ညာဘက်ခြမ်းတွင်တည်ရှိသည်။

အပတ်စဉ်မုန့်ကို အစားထိုးခြင်း၏အရေးပါမှုမှာ "လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရမည် မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကို မွေးရမည်" (မသဲ ၄း၄) ကို သင်ကြားပေးဖို့ရန်ဖြစ်သည်။ ဘုရားသခင်သည် သူ့လူတို့ကို အစာပေးသောသူဖြစ်သည်။ သူတို့သည် ဝိညာဉ်လူများဖြစ်ဖို့လိုပြီး သူတို့၏ဝိညာဉ်ရေးသုခကို အာရုံစိုက်ခြင်းဖြင့် တာဝန်ကျေဖို့လိုသည်။ ဤအရာမှာ "ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ရှေ့ဦးစွာ ရှာကြလော့။ နောက်မှထိုအရာများကို ထပ်၍ ပေးတော်မူလတံ့" (မသဲ ၆း၃၃) ရှိ ခရစ်တော်၏သွန်သင်ချက်နှင့် တူသည်။ ဤအပတ်စဉ်ဝိညာဉ်ရေးရာလုပ်ဆောင်ခြင်းအားဖြင့် ယဇ်ပုရောဟိတ်တို့သည် ဘုရားသခင်၏လူတို့ကို သွန်သင်ဖို့တာဝန်ရှိကြောင်းကို သတိပေးခြင်းဖြစ်သည်။ ယဇ်ပုရောဟိတ်များသည် လူတို့အား ဝိညာဉ်ရေးရာကို ဂရုစိုက်ဖို့ ခန့်အပ်ခံရခြင်းကို ဖြည့်ဆည်းနေချိန်တွင်ပင် သူတို့၏ကိုယ်ခန္ဓာအတွက် လိုအပ်သောအရာကို ထောက်ပံ့ဖို့ ဘုရားသခင်ကို ကိုးစားဖို့သင်ယူရန် အရင်ဆုံးလိုအပ်သည်။ ဤအချက်မှာ အထူးသဖြင့် ယနေ့ခေတ်လေဝိသားများဖြစ်ကြသော သင်းအုပ်ဆရာများနှင့်အချိန်ပြည့်အမှုတော်ဆောင်များအပါ ယုံကြည်သူတိုင်း အလိုအပ်ဆုံးသောအရာဖြစ်သည်။

**ကျက်မှတ်ရန်** - ဝတ် ၂၄း၈-၉။

**ဆုတောင်းချက်** -အို အဖဘုရား၊ ကိုယ်တော်နှင့်လူသားများအပေါ် အကျွန်ုပ်၏ ဝိညာဉ်တာဝန်များကို မမေ့မည်အကြောင်း မစတော်မူပါ။ ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။

*"ကျိန်ဆဲသောသူကို တပ်ပြင်သို့ဆောင်သွား၍၊
သူ၏စကားကို ကြားသောသူအပေါင်းတို့သည်
သူ၏ခေါင်းပေါ်မှာ လက်ကို တင်ပြီးမှ . . . "*

## နာမတော်ကို ပြစ်မှားသောသူအား ကျောက်ခဲဖြင့် ပစ်သတ်ခြင်း

အလွန်အရေးကြီးသူတစ်ဦးကို ကဲ့ရဲ့ပြောဆိုခြင်းသည် ကဲ့ရဲ့သူမှာ တရားစွဲဆိုခံရနိုင်၏။ ထိုအရေးကြီးသော ပုဂ္ဂိုလ်သည် သူ၏နိုင်ငံရေးရပ်တည်မှုသော်၎င်း၊ စီးပွားရေးလုပ်ကိုင်မှုသော်၎င်း၊ စသည့်အရာများတွင် သူ၏နာမပေါ်တွင် မူတည်သည်။ သူ့နာမည်ကောင်းဆုံးရှုံးလျှင် အရာအားလုံး ဆုံးရှုံးနိုင်သည်။ ကဲ့ရဲ့ခြင်းခံရပြီးနောက် သူ့နာမည်ကို ကာကွယ်မှုမပေးဘဲ နှုတ်ဆိတ်နေပါက သူ၌ အပြစ်ရှိသည်ဟု မြင်နိုင်စရာဖြစ်၏။ ထို့ကြောင့် ဤကဲ့သို့သော အခြေအနေမျိုးတွင် ရွေးချယ်စရာ အနည်းငယ်သာကျန်တော့သော်လည်း သူ၏နာမည်ကောင်းကို ကာကွယ်ရပါသည်။

ဘုရားသခင်နှင့်သက်ဆိုင်သောအမှုတွင် နာမတော်ကို ကဲ့ရဲ့ခြင်းသည် ပို၍ကြီးလေးသော အပြစ်ဖြစ်သည်။ ထိုအမှုကို ဘုရားသခင်က သေဒဏ်အဖြစ် ပြဋ္ဌာန်းသည်။ ထိုအမှုဖြစ်ပွားသော အခါ မောရှေနှင့်ဣသရေလလူတို့သည် ဘာလုပ်ရမည်ကို မသိကြပေ။ ဘုရားသခင်၏အလိုတော် ဖော်ပြဖို့ရန် စောင့်ဆိုင်းလျက် ကဲ့ရဲ့သူကို အဆောင်ထဲသွင်းထားကြ၏။ ကဲ့ရဲ့သောသူကို တပ်ပြင်သို့ ခေါ်သွား၍၊ ကဲ့ရဲ့သူပြောသောဘုရားကို ထိုစကားကြားသောသူအပေါင်းတို့က ထိုသူ၏ခေါင်းပေါ်တွင် လက်တင်ကြပြီးမှ ထိုသူကိုကျောက်ခဲနှင့်ပစ်သတ်ရပါမည်။ အပြစ်ပြုသောသူ၏ ဦးခေါင်းပေါ် လက်တင်ခြင်းက ထိုသူသည် ဘုရားသခင်၏နာမကို ကဲ့ရဲ့သူဖြစ်ကြောင်း လူထုတို့ကို သက်သေပြခြင်း ဖြစ်သည်။ ဤဥပဒေကို တပါးအမျိုးသားတို့အပါ ဣသရေလတိုင်းပြည်တွင် နေထိုင်သူအားလုံးနှင့် သက်ဆိုင်သည်။ ဘုရားသခင်ကျိန်းဝပ်ရာတဲတော်တည်ရှိရာအရပ်ဖြစ်သော ဤကတိတော်ပြည်သည် ကောင်းကင်ဘုံကဲ့သို့ဖြစ်သည်။ ဘုရားသခင်၏လူမျိုးဖြစ်သော ဣသရေလလူတို့ကို ဤသန့်ရှင်းသော ပြည်တွင် သန့်ရှင်းစွာနေထိုင်ဖို့ မိန့်တော်မူသည်။ ဘုရားသခင်၏နာမတော်ကို ကဲ့ရဲ့ခြင်းဆိုသည်မှာ သန့်ရှင်းသောနာမတော်ကို ကျိန်ဆဲခြင်းဖြစ်ပြီး ဘုရားသခင်နှင့်သူ၏အလိုတော်ရှိသမျှတို့ကို တိုက်ခိုက်ခြင်းဖြစ်သည်။ ဘုရားသခင်သည် မျှတစွာ တရားစီရင်မည်ကို ကျွန်ုပ်တို့သိ၏။ ဘုရားသခင်၏ နာမတော် (ယေရှုခရစ်) သည် အပြစ်သားကိုအပြစ်၊ သေခြင်းနှင့်ငရဲမှ ကယ်တင်နိုင်သော တစ်ခုတည်းသော နာမတော်ဖြစ်သည်။ ထိုသေဒဏ်ပြဋ္ဌာန်းချက်မှာ လူတစ်ဦး၏ ကယ်တင်ခြင်းအတွက် ကောင်း၏။ အကြောင်းမှာ ဆိုးသွမ်းသောသူတို့က အခြားသူတို့သည် ကယ်တင်ခြင်းမခံရဖို့ တားဆီးခြင်းမှ ကာကွယ်ဖို့ရန်ဖြစ်သည်။ ဘုရားသခင်၏နာမတော်ကို ကဲ့ရဲ့ခြင်းသည် ဧဝံဂေလိတရားကို တိုက်ခိုက်ခြင်းပင်ဖြစ်သည်။ ယနေ့ခေတ်သစ်သက်သေတွင် ဘုရားသခင်၏အမိန့်စာမှာ ထိုသူကို ကျိန်ခြင်းအမင်္ဂလာခံစေဖို့ရန်ဖြစ်သည်။ ဂလာတိ ၁း၉ "တဖန်တုံ၊ သင်တို့ ခံယူပြီးသော ဧဝံဂေလိတရားမှတပါး အခြားသော ဧဝံဂေလိတရားကို တစုံတယောက်သောသူ ဟောပြောလျှင်၊ ထိုသူသည် ကျိန်တော်မူခြင်းကို ခံစေဟု ငါတို့ ဆိုခဲ့ပြီးသည်အတိုင်း ယခု ငါထပ်၍ ဆိုသေး၏။"

**ကျက်မှတ်ရန်** - ဝတ် ၂၄း၁၆။

**ဆုတောင်းချက်** -အို အဖဘုရား၊ ကိုယ်တော်၏ သန့်ရှင်းသောနာမတော်ကို မပြစ်မှားမည် အကြောင်း၊ ကျွန်ုပ်၏နှုတ်ကို စောင့်ထိန်းပေးတော်မူပါ။ အာမင်။

*"ခြောက်နှစ်ပတ်လုံး လယ်လုပ်လျက်၊ စပျစ်ဥယျာဉ်ကို သုတ်သင်၍ အသီးကို သိမ်းလျက်နေရမည်"*

# သတ္တမနှစ် - ငြိမ်ဝပ်စွာနေရသော ဥပုသ်နှစ်

လောဘကြောင့် အပတ်စဉ်ဥပုသ်နေ့ကိုစောင့်ဖို့မဖြစ်နိုင်ပါဟု အချို့က ယူဆနိုင်၏။ အခြားသူများကလည်း ဇာတိပကတိကို ဆန့်ကျင်ရန်းကန်ရသောအခါတွင် စိန်ခေါ်မှုများစွာရှိသည်။ သတ္တမနှစ်ကို ဥပုသ်နှစ်အဖြစ် စောင့်ထိန်းရန် ထိုပြည်ကို ဘာမှမစိုက်ဘဲ တစ်နှစ်လုံးထားဖို့မှာ မဖြစ်နိုင်ကြောင်းသေချာသည်။ ငယ်သောအရာမှာ သစ္စာမရှိလျှင်၊ ကြီးသောအရာမှာ သစ္စာရှိဖို့မဖြစ်နိုင်ပါ။ ဘုရားသခင်၏အမိန့်တော်မှာ အနာဂတ်အသီးအနှံများစိုက်ပျိုးဖို့အတွက် မြေယာကို ပြုပြင်မွမ်းမံခြင်းထက် ပိုပါသည်။ ၎င်းကို ဝိညာဉ်ရေးရာအတွက် မိန့်ကြားခြင်းဖြစ်သည်။

အပတ်စဉ်ဥပုသ်နေ့သည် ယုံကြည်ခြင်းကိုစွဖြစ်သည်။ နှစ်စဉ်ဥပုသ်နေ့သည် သာ၍ ကြီးမားသော ယုံကြည်ခြင်းကိုစွဖြစ်သည်။ ယုံကြည်ခြင်းမရှိဘဲ ကျင့်သောအမှုသည် အပြစ်ဖြစ်သည်။ ရောမ ၁၄း၂၃- "ယုံမှားသောသူသည် စားလျှင်၊ ယုံကြည်သော စိတ်မရှိဘဲ စားသောကြောင့် အပြစ်စီရင်ခြင်းကိုခံရ၏။ ယုံသောစိတ်မရှိဘဲ ကျင့်သမျှသော အကျင့်တို့သည် အပြစ်ရှိကြ၏။" ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်ပါ။ ဟေဗြဲ ၁၁း၆- "ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့် အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင် ရှိတော်မူသည်ကိုင၎်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည်ကိုင၎်း ယုံကြည်ရမည်။" ကယ်တင်ခြင်းအတွက် ခရစ်တော်ကို ယုံကြည်ဖို့ရန် ဘုရားသခင်ထံမှ ရရှိထားသောယုံကြည်ခြင်းသည် ဘုရားသခင်အား ကျေနပ်စေဖို့အတွက် နေ့စဉ် ယုံကြည်ခြင်းဖြင့် အသက်ရှင်ဖို့လိုအပ်သည်။ ယုံကြည်ခြင်းအသက်တာမှာ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ အသက်ရှင်သောအသက်တာဖြစ်သည်။ နှုတ်ကပတ်တော်ကို ပိုလေ့လာလေလေ၊ ယုံကြည်ခြင်းအသက်တာဖြင့် အသက်ရှင်နိုင်လေလေဖြစ်သည်။ ယုံကြည်ခြင်းအသက်တာသည် ဘုရားသခင်ကို ကိုးစားသောအသက်တာဖြစ်သည်။ ဘုရားသခင်ကို ကိုးစားဖို့အခက်ခဲဆုံးထဲမှ တစ်ခုမှာ ရုပ်ပိုင်းဆိုင်ရာနယ်ပယ်တွင်ဖြစ်သည်။ ကျွန်ုပ်တို့အသက်ရှင်ဖို့ရန် လိုအပ်သောအရာကို ထောက်ပံ့ပေးဖို့ ဘုရားသခင်ကို မကိုးစားကြပါ။ အကြောင်းမှာ ကျွန်ုပ်တို့အသက်ရှင်ရခြင်းမှာ ဘုရားသခင်ကြောင့်မဟုတ်ဘဲ ကျွန်ုပ်တို့၏ကြိုးစားမှုကြောင့်ဖြစ်သည်ဟု ထင်မှတ်ကြသည်။ ဤသည်မှာ ဥပုသ်နှစ်တွင် အနားယူခြင်း၏ရည်ရွယ်ချက်ဖြစ်သည်။ ဣသရေလလူတို့တွင် ယနေ့ယုံကြည်သူအားလုံးက သူတို့ကို ထောက်ပံ့ပေးသူမှာ ဘုရားသခင်သာဖြစ်ကြောင်းကို သိဖို့လိုသည်။ ကျွန်ုပ်တို့၏အားထုတ်မှုသည် အစာကို ဘုရားသခင်ပေးသည့်နည်းလမ်းဖြစ်ပုံရသည်။ သို့သော် မကြာခဏဆိုသလို ကြိုးစားအားထုတ်မှုသည် မလုံလောက်ကြောင်းကို ကျွန်ုပ်တို့သိကြ၏။ ဤအရာကို လယ်သမားက အသိဆုံးပင်။ ဘုရားသခင်က မိုးရွာစေတော်မမူလျှင် သူ၏ကြိုးစားမှုသည်အသုံးမဝင်ပါ။

**ကျက်မှတ်ရန်** - ဝတ် ၂၅း၄-၅။

**ဆုတောင်းချက်** -ဘုန်းတော်နှင့် ခရစ်တော် ပြန်လည် ကြွလာတော်မူသည် အချိန်ထိ၊ ကျွန်ုပ်ဘဝတခုလုံး ယုံကြည်ခြင်းဖြင့် အသက်ရှင်လိုပါ၏။ ယေရှုနာမတော်ဖြင့် ဆုတောင်းပါ၏။ အာမင်။

တနင်္လာ၊ ဇွန် (၂၄)
**ဝတ် ၂၅**
မသဲ ၅း၇

*"ထိုမြေကို ရွေးနှုတ်သော သူတယောက်မျှ မပေါ်မရှိ၍၊ မြေရှင်ဟောင်းသည် ကိုယ်တိုင် ရွေးနှုတ်နိုင်လျှင် . . ."*

# မြေ ရွေးနှုတ်ခြင်း

ကတိတော်ပြည်၌ ဆင်းရဲသောဣသရေလလူများရှိကြမည်ကို ဘုရားသခင်သိခဲ့သည်။ တချို့က လယ်လုပ်ရန် (သို့) သိုးစုကိုထိန်းကျောင်းရန် ပျက်ကွက်ကြလိမ့်မည်။ လောဘကြောင့် ဆိုးရွားသည့် စီးပွားရေးဆုံးဖြတ်ချက်များ ချမှတ်သူရှိကြလိမ့်မည်။ သို့မဟုတ် အလိမ်ခံရသူရှိကြမည်၊ လုယက်ခံရသူ၊ ဒုက္ခသည်ဘဝရောက်သူရှိကြလိမ့်မည်။ မည်သည့်အကြောင်းဖြစ်ဖြစ် အကြွေးရှိသောသူဖြစ်နိုင်သည်။ ကြွေးမြီက ကြီးမားသောကြောင့် သူတို့၏မြေကို အပေါင်ပစ္စည်းအဖြစ် အသုံးပြုရပြီး တခါတရံတွင် အကြွေးရှင်၏ကျွန်ဘဝပင် ရောက်နိုင်သည်။

ကြွေးရှင်များအား အကြွေးအားလုံးကို ချက်ချင်းဖယ်ရှားပေးဖို့ အမိန့်ပေးဖို့ရန်မှာ ဘုရားသခင်အတွက် မှန်ကန်သောအရာ (သို့) ကြီးမားသောအရာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အကြွေးတင်သောသူတို့က ပိုက်ဆံကို မိုက်မဲစွာချေးယူနိုင်သောကြောင့်ငှင်း၊ ဘုရားသခင်၏ သန့်ရှင်း၍ လုံ့လရှိသောကျေးကျွန်များဖြစ်ဖို့ တာဝန်ကို ပျက်ကွက်သူဖြစ်သောကြောင့်ငှင်း ဖြစ်နိုင်သည်။ တချိန်တည်းတွင်ပင် ဘုရားသခင်သည် သူ၏လူများကို ဆင်းရဲခြင်းနှင့် အကြွေးတင်စေလိုခြင်းမရှိပါ။ ဤအရာမှာ ဘုရားသခင်ကိုနံ့ဝိညာဉ်၊ သမ္မာတရားနှင့်ကိုးကွယ်ဖို့ သတ်မှတ်ထားသော ပြည်၌ ချည်နှောင်ထားသော သန့်ရှင်းခြင်းနှင့် ကောင်းမြတ်ခြင်း၏ သက်သေခံချက်မဟုတ်ပေ။ မောရှေ၏ ပညတ္တိကျမ်း၌ ဘုရားသခင်က နယ်မြေကို ရွေးနှုတ်ဖို့ရန် ပြဌာန်းထားသည်။ မိမိမြေကို ကြွေးမြီရှင်အား အပေါင်ပစ္စည်းအဖြစ် ပေးဆောင်ခဲ့သော မြေကို သူ၏ဆွေမျိုးတစ်ဦးက ရွေးခွင့်ရှိသည်။ အကြွေးတင်သူကိုယ်တိုင်ကလည်း သူ့မြေယာကို ပြန်ရွေးပိုင်ခွင့်ရှိသည်။ ဥပမာ ကြွေးမြီရှင်က သူ၏မြေကို လယ်လုပ်ရန် ငါးနှစ်အသုံးပြုလျှင် ထိုငါးနှစ်ကို အကြွေးတင်၏။ မြေမှ ထွက်ကုန်များသည် သူ့အကြွေးကို ကာမိရန်ပေးဆပ်ခြင်းဖြစ်လာမည်။ သို့သော် သူ့အကြွေးလက်ကျန်အတွက် ပေးချေရန်နည်းလမ်းကို ရှာတွေ့ပါက ထိုသို့ပြုလုပ်ရန်ခွင့်ပြုရမည်ဖြစ်သည်။ အကြွေးက အလွန်များပြီး သူ့၌ အကြွေးလက်ကျန်အတွက် ငွေမရှိလျှင် ဂျူဗလီနှစ်တွင် အကြွေးကရှင်းသွားလိမ့်မည်။ အကြောင်းမှာ ထိုပြည်ကို ဘုရားသခင်ပိုင်သောကြောင့်ဖြစ်သည်။ ဣသရေလတိုင်းသည် ဘုရားသခင်၏နယ်မြေတွင် နေထိုင်ကြသော သူစိမ်းနှင့်ဧည့်သည်များဖြစ်ကြသည်။ ပိုင်ရှင်အစစ်ဖြစ်သော ဘုရားသခင်က အကြွေးတိုင်းကို ငါးနှစ်တစ်ကြိမ်ဖြတ်ပြီး သက်ဆိုင်ရာမူလပိုင်ရှင်ထံ ပြန်ပေးဖို့မိန့်ကြားထားခဲ့သည်။ ဤအရာက ဘုရားသခင်အတွက် သက်သေခံကြသောအခါ သူတို့အားလုံး အကြွေးမရှိဘဲ အသစ်ကစ ပြန်စခွင့်ပြုသည်။ ဘုရားသခင်က သူ၏ပြည်တော်တွင် နေသောသူအားလုံးကို စောင့်ရှောက်ထားကြောင်းကို သေချာစေသည်။

**ကျက်မှတ်ရန်** - ဝတ် ၂၅း၂၃-၂၄။
**ဆုတောင်းချက်** -အို အဖဘုရား၊ ညီအစ်ကိုများကို မစလျက်၊ မိသားစုဝင် ကဲ့သို့ ဆက်ဆံမည် အကြောင်း မစတော်မူပါ။ ယေရှုနာမဖြင့် ဆုတောင်းပါ၏။ အာမင်။

အဂ၅၊ ဇွန် (၂၅)
**ဝတ် ၂၅**
ဆာလံ ၁၀၃း၈-၁၈

*"သင်သည် စေခိုင်းသော ကျွန်၊ ကျွန်မတို့ကို၊ သင့်ပတ်လည်ဝန်းကျင်တို့၌ နေသော သာသနာ့ပလူတို့တွင် ဝယ်ရမည်"*

# အစေခံကျွန်နှင့် သူငှါးကျွန်

"အစေခံကျွန်များ" ဟူသောစကားလုံး (ဝတ် ၂၅း၄၂) က "ကျွန်များ" ကို ဆိုလိုနိုင်သည်။ "ကျွန်" ဟူသောစကားလုံးသည် အလွန်အပျက်သဘောဆောင်သော အမဲစက်တစ်ခုဖြစ်သည်။ ထိုစကားကို မသုံးသင့်သော တားမြစ်စကားအဖြစ် မြင်တွေ့ရလေ့ရှိသည်။ ဤအပျက်သဘောဆောင်သော ဂယက်အနက်မှာ ကျွန်ရောင်းဝယ်ဖောက်ကားမှုနှင့် ကျွန်ပိုင်တို့၏လုပ်ဖော်ကိုင်ဖက်များအပေါ် အရက်စက်ဆုံးပြုမူမှုအဖြစ် ဟောလိဝုဒ်မှပုံဖော်ထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် "ကျွန်" ဟူသော စကားလုံးကို သုံးစွဲသည့်အခါတိုင်း မျက်မှောင်ကြုတ်သွားကြသည်။ ကျမ်းစာကို ဖတ်ကြားသောယုံကြည်သူများ၏ စိတ်ထဲသို့ ဤအဆိုးမြင်နားလည်မှုဝင်လာတတ်သည်။ ဤကျမ်းပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း ဘုရားသခင်သည် အစဉ်သနားကြင်နာ၍ ကောင်းမြတ်တော်မူကြောင်းကို သိရှိဖို့ ပျက်ကွက်ကြသည်။ မှားယွင်းသောလောကီပုံရိပ်နှင့်သြဇာလွှမ်းမိုးမှုများသည် ကျွန်ပိုင်တို့၏ သမ္မာကျမ်းစာနားလည်မှုကို ပုံဖျက်ကာ အရောင်ခြယ်ဖို့ ခွင့်ပြုခြင်းကို ရပ်တန့်ရပါမည်။

အစေခံကျွန်နှင့် ငှားရမ်းသူကြားခြားနားချက်ရှိသည်။ ဣသရေလလူမျိုးတစ်ဦးသည် အခြား ဣသရေလလူမျိုးထံ ကျွန်ဖြစ်ခွင့်မရှိပေ။ သူသည် ဘုရားသခင်၏လူဖြစ်ပြီး သခင်ဖြစ်သော ဣသရေလလူ၏ ညီအစ်ကိုဖြစ်သောကြောင့် အငှားကျွန်သာဖြစ်ရမည်။ သူသည် အမှားလုပ်မိပြီး အကြွေးနှင့်ပြည့်နေ၍ အကြွေးစပ်ရန်ကျွန်ဖြစ်လာရ၏။ သို့သော် တပါးအမျိုးသားတို့ကိုမူ ကျွန်အဖြစ် လက်ခံလို့ရ၏။ ဤအရာသည် ဘုရားသခင်ဘက်မှ မလိုမုန်းထားမှု (သို့) ရက်စက်မှုမဟုတ်ဘဲ ဘုရားသခင်၏မေတ္တာနှင့်ကောင်းကြီးမင်္ဂလာဖြစ်သည်။ ကတိတော်ပြည်၏ မြေတစ်လက်မတိုင်းကို ဆယ့်နှစ်မျိုးနွယ်ပိုင်ဆိုင်ထားသည်ကို သိပါ။ ထို့ကြောင့် တပါးအမျိုးသားတစ်ဦးသည် ဘုရားသခင်ကို ယုံကြည်လာပြီး မိမိနိုင်ငံမှ ထွက်ခွာကာ မြေကြီးပေါ်ရှိဘုရားသခင်၏ မြင်နိုင်သောသက်သေဖြစ်လိုသောအခါ ကတိတော်ပြည်တွင် နေထိုင်ပြီး ထိုနိုင်ငံရှိ အရာခပ်သိမ်းကို ဘုရားသခင်စီရင်ထားသောကြောင့် ထိုနိုင်ငံ၏ယဉ်ကျေးမှုနှင့် သန့်ရှင်းသောဘဝပုံစံကို ခံယူရပါမည်။ ဆိုလိုသည်မှာ တပါးအမျိုးသားများ၏ တစ်ခုတည်းသော "အလုပ်" မှာ ကျွန် (သို့) အစေခံရန်သာဖြစ်သည်။ "လူလွတ်" ဖြစ်လျှင် ငတ်မွတ်ခေါင်းပါးခြင်း (သို့) အအေးဒဏ်ကြောင့် သေဆုံးရလိမ့်မည်။ အကြောင်းမှာ သူ့အတွက် နေစရာနေရာမရှိသောကြောင့်ဖြစ်သည်။ သူသည် အစေခံကျွန်အဖြစ် ဘုရားသခင်၏ လူများထံတွင်နေပြီး ခရစ်တော်အတွက် သန့်ရှင်းသောသက်သေဖြစ်ဖို့ လိုအပ်သည်။ "ကျွန်" အယူဝါဒ၏ ဝိညာဉ်ရေးအရ အရေးပါမှုသည် ဘုရားသခင်ကိုချစ်သော တပါးအမျိုးသားယုံကြည်သူများ အတွက် စောင့်ရှောက်မှုနှင့် ရုပ်ပိုင်းဆိုင်ရာသုခချမ်းသာဖြစ်သည်။

**ကျက်မှတ်ရန်** - ဝတ် ၂၅း၃၉-၄၀။

**ဆုတောင်းချက်** -အဖဘုရား၊ ဤလောကကို သမ္မာကျမ်းစာအတိုင်း၊ ဝိညာဉ်မျက်စိဖြင့် ကြည့်မြင်မည်အကြောင်း မစတော်မူလျက်၊ ကျွန်ုပ်ကို သူတပါးအတွက် ကောင်းကြီးဖြစ်စေတော်မူပါ။ အာမင်။

ဇူဒ္ဒဟူး၊ ဇွန် (၂၆)
**ဝတ် ၂၆**
မသဲ ၅း၁၃-၁၆

*"သင်တို့ကို ငါစောင့်မသဖြင့် တိုးပွါးများပြားစေ၍၊ သင်တို့နှင့် ငါပြုသော ပဋိညာဉ်ကို ငါမြဲမြံစေမည်"*

# ဝိညာဉ်နှင့်ခန္ဓာကိုယ် ကောင်းကြီးမင်္ဂလာ

ဝတ်ပြုရာကျမ်း ၂၆ သည် ဣသရေလအမျိုးကို ဘုရားသခင်ကောင်းကြီးပေးသောအခါ ဝိညာဉ်ရေးနှင့်ရုပ်ပစ္စည်းကောင်းကြီးများပါဝင်ကြောင်း သွန်သင်ပေးသည့် အဓိကကျမ်းပိုဒ်ဖြစ်သည်။ ဤအခန်းက ရုပ်ပိုင်းဆိုင်ရာကောင်းကြီးမင်္ဂလာများကို အလေးပေးဖော်ပြသည်။ ဘုရားသခင်သည် ဣသရေလတိုင်းပြည်ကို တည်သောအခါ ဤတိုင်းပြည်က တာဝန်နှစ်ဆရှိ၏။ ပထမအချက်မှာ ဘုရားသခင်၏သစ္စာတရားအပေါ်တွင်သာ မှီခိုအားထားဖို့ဖြစ်သည်။ ဘုရားသခင်က မေရှိယကို ပေးဖို့ကတိပေးခဲ့သည်။ သူသည် ဣသရေလလူတို့ကို ကာကွယ်၍၊ မေရှိယကို ဣသရေလလူမျိုးအဖြစ် မွေးဖွားလာစေမည်။ ခရစ်တော်၏ပထမအကြိမ်ကြွလာချိန်ထိ ဣသရေလပြည်သည် တွန်းလှန်လို့မရသောတိုင်းပြည်ဖြစ်သည်။ ဒုတိယတာဝန်မှာ ဣသရေလလူမျိုးသည် ခရစ်တော်အတွက် သန့်ရှင်းသောသက်သေဖြစ်ရန်ဖြစ်သည်။ ဤတာဝန်သည် နှုတ်ကပတ်တော်ကို နာခံမှုအပေါ်တွင် မူတည်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူတို့နာခံလျှင် ကောင်းကြီးမင်္ဂလာခံရမည်။ ဤသည်မှာ ဘုရားသခင်၏အုပ်ချုပ်မှုအောက်တွင် ဘုရားသခင်၏ကတိတော်ဖြစ်သည်။ ဝတ် ၂၆း၃-၁၃ တွင် ဤအရာကို တွေ့ရသည်။ သူတို့၏ မိန်းမများ၊ စပါးပင်များနှင့် တိရိစ္ဆာန်များက မြံမည် မဟုတ်။ သူတို့၏အလယ်၌ တဲတော်တည်ခြင်းငှါ ဘုရားသခင်အလိုရှိ၏။ သူသည် ဣသရေလအမျိုး၏ ဘုရားသခင်ဖြစ်ပြီး သူတို့သည် သူ၏လူဖြစ်ကြမည်။ ဣသရေလအမျိုးသည် သန့်ရှင်းခြင်းနှင့်ဖြောင့်မတ်ခြင်း၌ နေထိုင်ပါက ဝိညာဉ်ရေးနှင့်ရုပ်ပိုင်းဆိုင်ရာ ကောင်းကြီးမင်္ဂလာခံစားကြရမည်။

မိသားစုအားဖြင့် ဘုရားသခင်ဖြစ်ခြင်းကာလဖြစ်သော အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့ လက်ထပ်ကငှင်း၊ ဣသရေလနိုင်ငံအားဖြင့် သက်သေဖြစ်ခြင်းကာလတွင်ငှင်း၊ ဓမ္မသစ်တွင် ဒေသန္တရ အသင်းတော်ဖြင့် သက်သေဖြစ်ခြင်းကာလတွင်ငှင်း ဘုရားသခင်သည် သူ၏လူမျိုးတော်အဖို့ အကောင်းဆုံးကို အစဉ်အမြဲအလိုတော်ရှိ၏။ သို့ရာတွင် လူ့သမိုင်းတစ်လျှောက်တွင် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာမှာ အတူတူပင်ဖြစ်သည်။ သူ၏လူများသည် သန့်ရှင်းပြီးအဖိုးတန်သော နှုတ်ကပတ်တော်ကို နာခံကြရပါမည်။ သို့မှသာ သူတို့သည် ဘုရားသခင်၏ထူးခြားသောရတနာများဖြစ်လာမည်ဖြစ်သည်။ လောကကြီးသည် အပြစ်၌သေအံ့ဆဲဆဲဖြစ်၏။ ဘုရားသခင်၏လူတို့သာ နှုတ်ကပတ်တော်ကို နာခံခြင်းကို သန့်ရှင်းသောသက်သေခံချက်အားဖြင့် ကယ်တင်ခြင်းလမ်းကို ပြသနိုင်သူတစ်ဦးတည်းဖြစ်သည်။ ဘုရားသခင့်လူတို့သည် နှုတ်ကပတ်တော်ကို နာခံ၍အသက်ရှင်သောအခါ ဤလောကသည် ခရစ်တော်ကိုမြင်ရကြမည်။ ခရစ်တော်၏ဧဝံဂေလိတရားနှင့်ဘုရားသခင့်လူမျိုး၏ သန့်ရှင်းသောသက်သေနှင့်အတူ ဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးကိုမြင်တွေ့ကြရမည်။ သမ္မာကျမ်းစာကို နာခံခြင်းသည် သန့်ရှင်းသောသက်သေဖြစ်ဖို့ သော့ချက်ဖြစ်သည်။

**ကျက်မှတ်ရန်** - ဝတ် ၂၆း၂-၄။
**ဆုတောင်းချက်** -ဘုန်းတန်ခိုးတော်နှင့် ခရစ်တော် ပြန်လည်ကြွလာတော်မူသည်အထိ၊ ကျွန်တော်သည် ခရစ်တော်၏စကားကို နာခံလျက် သန့်ရှင်းသောသက်သေဖြစ်လိုပါ၏။ ယေရှုနာမတော်ဖြင့် ဆုတောင်းပါသည်။ အာမင်။

ကြာသပတေး၊ ဇွန် (၂၇)
**ဝတ် ၂၆**
၁ ယော ၁း၈-၁၀

*"ထိုမျှလောက် ခံရသော်လည်း၊ ငါ့ စကားကို နားမထောင်ဘဲ နေသေးလျှင်၊ သင်တို့ အပြစ်ကြောင့် ခုနစ်ဆသောဒဏ်ကို ငါပေးဦးမည်"*

# နာမခံခြင်း ရှိသောအခါ

ဣသရေလအမျိုးသည် မနာခံလျှင် ဘုရားသခင်ပြုမည့်အရာများကို သွန်သင်သည့်အခန်းငယ်အရေအတွက်သည် ဘုရားသခင်ကောင်းကြီးများနှင့် နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံအချိုးဖြစ်သည်။ အကြောင်းမှာ သူတို့သည် ဘုရားစကားနာခံသောအခါ ကောင်းကင်မှ ကောင်းကြီးမင်္ဂလာများ ကြွယ်ဝစွာ သွန်းလောင်းခံရသည်။ သို့သော် နာမခံကြသောအခါ ဆုံးမခြင်းသည် သူတို့၌ အဆင့်ဆင့် သက်ရောက်သည်။ ဘုရားသခင့်ပရောဖက်များ၏ သတိပေးခြင်းအားဖြင့် ၎င်းသည်စတင်ခဲ့သည်။ ဣသရေလတို့ နောင်တရလျှင် အားလုံးအဆင်ပြေပြီး ကောင်းကြီးများပြန်ရလိမ့်မည်။ သို့ရာတွင် သူတို့သည် ခေါင်းမာ၍ နောင်တမရဘဲ အပြစ်၌ နေကြသောအခါ ဆုံးမခြင်းသည် ပိုမိုပြင်းထန်လာမည်။ နောင်တရပြီး ဘုရားသခင်ထံ ပြန်သွားကြသည်နှင့်တပြိုင်နက် ဆုံးမခြင်းရပ်တန့်ပြီး ကောင်းကြီးမင်္ဂလာပြန်ရလာကြမည်။ ဆုံးမခြင်း၏ ပြင်းထန်မှုမှာ ပြစ်တင်မောင်းမဲခြင်းမှ မိုးခေါင်ခြင်းနှင့် အစာခေါင်းပါးခြင်းဖြင့် တိုင်းပြည်ကို ဒုက္ခရောက်စေခြင်းနှင့် ကပ်ကာလနာဖြစ်စေခြင်းအထိ တိုးများလာသည်။ လူတို့သည် အပြစ်များကို ရပ်တန့်ရန် ငြင်းဆိုနေသေးပါက ညှင်းဆဲသူများလက်ထဲ ရောက်ရှိစေခြင်းက လိုက်လာသည်။ ဘုရားသခင်သည် ဣသရေလလူတို့အား ပြည်တော်မှ ဖယ်ရှားပြီး နှင်ထုတ်ခြင်းကြောင့် သူတို့သည် သန့်ရှင်းသောသက်သေမဖြစ်နိုင်တော့သော အနေအထားထိ ဆုံးမခြင်းခံရကြသည်။

ဘုရားသခင်သည် သူ၏အသင်းတော်ကို ယနေ့တိုင်အောင် ဆုံးမတော်မူသောအခြေအနေမှာ မပြောင်းလဲသေးပါ။ အသင်းတော်က နောင်တရဖို့ ငြင်းဆိုပါက ဆုံးမခြင်းများလိုက်လာမည်။ နောင်တမရသေးပါက ဘုရားသခင်က သူ၏ဘုန်းတော်ကို ဖယ်ရှားလိမ့်မည်။ အသင်းတော်သည် အရင်လို ဝိညာဉ်ကောင်းကြီးမင်္ဂလာမရှိတော့ဘဲ အခွံသာဖြစ်လိမ့်မည်။ အသင်းတော်၌ ကျန်ရှိသူအားလုံးသည် ဟန်ဆောင်ခြင်းနှင့်နေရကြမည်။ ဝတ်ပြုဆုတောင်းကြသော်လည်း သူတို့၏ချီးမွမ်းခြင်းနှင့်ဆုတောင်းခြင်းသည် ဘုရားရှိခိုးကျောင်း၏ မျက်နှာကြက်ထက်သာ၍ မြင့်တက်နိုင်မည်မဟုတ်။ ဤအချက်သည် ယုံကြည်သူတစ်ဦးချင်းစီအတွက် မှန်ကန်မည်။ အကြောင်းမှာ အသင်းတော်သည် ယုံကြည်သူများကို ဆိုလိုခြင်းဖြစ်သည်။ အသစ်တဖန်မွေးဖွားခြင်းခံရသော ယုံကြည်သူများသည် ထိုအသင်းတော်၏အချည်းနှီးဖြစ်ခြင်းကို မြင်တွေ့ပြီး စစ်မှန်သော၊ ကျမ်းစာနှင့်ညီသော အသင်းတော်သို့ ပြောင်းရွှေ့ကြမည်။ သိုးတို့သည် သူ၏အသံကိုကြား၍ သူ့နောက်သို့လိုက်ကြောင်း သခင်ဘုရားမိန့်ဆိုခဲ့သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မဟောပြောတော့သောအခါ ဆိတ်များသာကျန်ရစ်လိမ့်မည်။ ယုံကြည်သူတစ်ဦးချင်းစီတိုင်းက မိမိသည်ဆိတ်မဟုတ်ဘဲ သိုးဖြစ်ကြောင်းကို သေချာစေဖို့ အရေးကြီးသည်။ သူတက်ရောက်သော အသင်းတော်က သူ၏ဝိညာဉ်ရေးအခြေအနေနှင့် ယေရှုခရစ်တော်နှင့်သူ၏ဆက်ဆံရေးကို ဖော်ပြနေသည်။

**ကျက်မှတ်ရန်** - ဝတ် ၂၆း၁၅-၁၆။
**ဆုတောင်းချက်** -အို အဖဘုရား၊ ကျွန်ုပ်စိတ်နှလုံးကို စစ်ကြောလျက်၊ သိတော်မူပါ။ အပြစ်များကို ဝန်ခံ နောင်တရလျက်၊ ကိုယ်တော်ထံ တိုးဝင်ဖို့ရန် မစတော်မူပါ။ အာမင်။

# နောင်တရလျက် ပြန်လာပါ

ဘဝတွင် အကျိုးအရှိဆုံးအရာများထဲက တစ်ခုမှာ အမှားဝန်ခံခြင်းဖြစ်သည်။ အကြင်လင်မယားကိုမေးလျှင် အဖြေသည် ထင်ရှားပေါ်လွင်နေပါသည်။ ဤအချက်သည် ညီအစ်ကိုအရင်းများနှင့် မိတ်ဆွေများကြားတွင်၎င်း၊ ခရစ်တော်၌ရှိသော ညီအစ်ကိုများကြားတွင်၎င်း မှန်ကန်နေ၏။ ကယ်တင်ခြင်းရပြီးနောက် နောင်တရပြီး ခရစ်တော်အားဖြင့် ဘုရားသခင်ထံ ပြန်သွားဖို့ရန် ပိုမိုလွယ်ကူမည်ဟု တစုံတယောက်သည် မျှော်လင့်ထားပေမည်။

ဣသရေလအမျိုးသည် ဘုရားသခင်ကိုပြစ်မှားလျှင် သခင်ဘုရားထံ ချက်ချင်းပြန်သွားနိုင်သည်။ သို့သော် သူသည် အပြစ်အတွက် နောင်တအရင်ရရမည်။ နောင်တရခြင်းသည် အပြစ်ကိုဝန်ခံခြင်းမှအစပြုသည်။ ထိုအရာသည် ပြဿနာတည်ရှိရာအရပ်ဖြစ်သည်။ ဥပမာ ဣသရေလလူတို့သည် ရုပ်တုကိုးကွယ်ခြင်း၌ ရာစုနှစ်များစွာရှိနေချိန်တွင် (ရွှေနွားရုပ်၊ ဗာလဝတ်ပြုခြင်း) ယောရှုလက်ထပ်မှစ၍ တရားသူကြီးများခေတ် အစပိုင်းထိ နှစ် ရာနှင့်ချီ၍ နောင်တရခြင်းမရှိခဲ့ပါ။ ထို့ပြင် ရွှေနွားသငယ်ဝတ်ပြုကိုးကွယ်မှုစတင်သောအခါ တိုင်းပြည်နှစ်ခြမ်းကွဲခဲ့သည်။ တရားသူကြီးများနှင့်ပရောဖက်များစွာကို ဣသရေလလူတို့အား ဆုံးမပဲ့ပြင်ဖို့ စေလွှတ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ အဆုံးတွင် ဝမ်းနည်းစရာမှာ ရာစုနှစ်များစွာ ရုပ်တုကိုးကွယ်မှုရှိသော ကတိတော်ပြည်ကို သန့်စင်ရန် ဗာဗုလုန်လူမျိုးကို ဘုရားသခင်စေလွှတ်ခဲ့ရခြင်းပင်ဖြစ်သည်။ ကတိတော်ပြည်ကို သူတို့မဝင်မီကပင် “နောင်တနှင့်ပြန်လာခြင်း” ဟူသော ပြဋ္ဌာန်းချက်ပေးအပ်ခဲ့သည် (ဝတ် ၂၆း၄၀-၄၆)။ ဘုရားသခင်နှင့် ဣသရေလတို့ဖွဲ့သော ပဋိညာဉ်တွင် ဤအမှုကို ထာဝစဉ်ရေးသားခဲ့သည်။ ခရစ်တော်အားဖြင့် ကယ်တင်ခြင်းခံရကြသည့်တိုင် သူ၏လူတို့သည် အပြစ်ပြုကြမည်ကို သူသိခဲ့၏။ ဘုရားသခင်သည် ပဋိညာဉ်ဖွဲ့ခြင်းကို အလေးထားတော်မူ၏။ သူ၏နှုတ်ကပတ်တော်ကို အမြဲစောင့်ရှောက်တော်မူသည်။ ဣသရေလလူတို့ကို သူ၏လူဖြစ်စေခြင်းအပါအဝင် သန့်ရှင်းခြင်းအတွက် အမြဲတံခါးဖွင့်ပေးခြင်းတို့ပါဝင်သည်။

ယနေ့ကျွန်ုပ်တို့နောင်တရပါက ဓမ္မဟောင်းကာလတွင် သူ၏လူများကို ခွင့်လွှတ်တော်မူသကဲ့သို့ ကျွန်ုပ်တို့ကို သူခွင့်လွှတ်တော်မူမည်။ နောင်တရပြီး ပြန်လာပါက ကိုယ်တော်သည် ကျွန်ုပ်တို့အား လက်ရုံးတော်နှင့် နွေးထွေးစွာ ကြိုဆိုမည်။ ၁ ယော ၁း၈-၉၊ “ကိုယ် အပြစ်မရှိဟု ငါတို့သည် ဆိုလျှင်၊ ကိုယ်ကိုကိုယ် လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာတရားမရှိ။ ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့ အပြစ်များကို လွှတ်၍ ဒုစရိုက် ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။”

**ကျက်မှတ်ရန်** - ဝတ် ၂၆း၄၀-၄၂။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်အပြစ်အားလုံးကို ခွင့်လွှတ်တော်မူပါ။ အပြစ်နှင့်ဝေးလျက်၊ ခရစ်တော်အတွက် သန့်ရှင်းမည်အကြောင်း မစတော်မူပါ။ အာမင်။

စနေ၊ ဇွန် (၂၉)
**ဝတ် ၂၇**
ဒေ ၅း၄-၆

*“သင်၏စကားမှာ ဟုတ်သည်ကို အဟုတ်၊
မဟုတ်သည်ကို မဟုတ် ဖြစ်စေလော့”*

## သစ္စာဂတိပြုသောအခါ

သစ္စာပြုခြင်းသည် ဘဝ၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ခရစ်ယာန်တို့ကို လိုအပ်သောအချိန်တိုင်း ကတိသစ္စာပြုဖို့ တိုက်တွန်းထားသည်။ စစ်မှုထမ်းသည့်အခါတွင် သစ္စာကတိပြုကြသည်။ ဒေသန္တရအသင်းတော်၏ အဖွဲ့ဝင်ဖြစ်လာသောအခါ၊ လက်ထပ်သောအခါတွင် ကတိသစ္စာပြုကြသည်။ ကုမ္ပဏီတစ်ခုသို့ အလုပ်ဝင်သောအခါတွင်လည်း ပြုကြ၏။ “စာချုပ်” ဟု၍ ခြားနားသောအမည်ဖြင့်ခေါ်သော်လည်း ၎င်းမှာ ခရစ်တော်အတွက် သစ္စာကတိပြုခြင်းပင်ဖြစ်သည်။ ခရစ်တော်အတွက် သန့်ရှင်းသောသက်သေဖြစ်ရန် သူ၏ဘဝသစ်၊ လုပ်ငန်းခွင်သစ်ကို စတင်ရန် တံခါးဖွင့်ပေးထားသည့် ဘုရားသခင်ကို သစ္စာကတိပြုသည်။

မုသာစကားကိုမပြောနိုင်သော ဘုရားသခင်၏သားသမီးများအနေဖြင့် မုသာမပြောရပါ။ ကျွန်ုပ်တို့စကားက ကျွန်ုပ်တို့၏ နှောင်ကြိုးဖြစ်ရမည်။ အကယ်၍လူတို့သည် ကျွန်ုပ်တို့ပြောသောစကားကိုမယုံကြည်နိုင်လျှင် သူတို့က ကျွန်ုပ်တို့ဝေငှသောခရစ်တော်၏ ဧဝံဂေလိတရား (အသက်ကိုပေးသောဘုရား) ကို မည်သို့ယုံကြည်နိုင်ကြမည်နည်း။ ထို့ကြောင့် ကျွန်ုပ်တို့၏နှုတ်ထွက်စကားကိုစောင့်ထိန်းဖို့အလွန်အရေးကြီးပြီး ဟုတ်သည်ကို အဟုတ်၊ မဟုတ်သည်ကိုမဟုတ် ဟူ၍ဖြစ်စေပါ။ ဤအရာမှာ ခရစ်ယာန်တစ်ဦး၏ အတွေ့အကြုံသစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ယေရှုက ပြောကြားခဲ့သည်။ မသဲ ၅း၃၇ တွင် “သင်၏ စကားမှာ ဟုတ်သည်ကို အဟုတ်၊ မဟုတ်သည်ကို မဟုတ် ဖြစ်စေလော့။ ဤထက်လွန်သောစကားသည် မကောင်းသောအရာနှင့် စပ်ဆိုင်ပေ၏” ဟူ၍ မိန့်ဆိုထား၏။ ငါတို့သည် ငါတို့နှုတ်ထွက်စကားကို နေ့စဉ်စောင့်ထိန်းနိုင်လျှင် ငါတို့၏ ကတိသစ္စာကိုစောင့်ထိန်းမည်ဟု ပြောဆိုခြင်းသည်လည်း စိတ်ချရသည်။ ငါတို့သည် အနည်းငယ်သောအရာ၌ သစ္စာရှိလျှင် များစွာသောအရာ၌လည်း သစ္စာရှိကြလိမ့်မည်။ ကတိသစ္စာကို ကမူးရှူးထိုးမပြုရဘဲ၊ စိတ်နှလုံးထဲ၌ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းနှင့် ရိုသေလေးစားခြင်းဖြင့် ပြုလုပ်ရမည်။ ဘုရားသခင်၏ သန့်ရှင်းသောနာမတော်သည် စောင့်ကြည့်တိုင်းတာခြင်းခံရ၏။ အကြောင်းမှာ ယုံကြည်သူအပေါင်းတို့သည် သွားလေရာရာ၌ သူ၏နာမတော်ကို သယ်ပိုကြသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့လိမ်လည်လျှင် ဘုရားသခင်ကို လူများက လူလိမ်ဟုထင်ကြလိမ့်မည်။ ထို့ကြောင့် ကတိသစ္စာများကို တရားမျှတစွာနှင့် မှန်ကန်စွာပြုလုပ်ရမည်။ ကတိသစ္စာပြုပြီး မစောင့်ထိန်းဘဲ နေခြင်းထက် ကတိမပြုဘဲနေခြင်းသည် သာ၍ကောင်း၏။ ကတိသစ္စာကို အချိန်တိုင်း အစွမ်းကုန်ထိန်းထားရပါမည်။ ဒေ ၅း၄-၆၊ “ဘုရားသခင့် ထံတော်၌ သစ္စာဂတိ ပြုမိလျှင်၊ သစ္စာဝတ်ကို မဖြေဘဲ မနေနှင့်။ မိုက်သောသူတို့ကို အားရနှစ်သက်တော် မမူ။ သစ္စာဂတိပြုသည်အတိုင်း ဝတ်ကို ဖြေလော့။ သစ္စာဂတိပြု၍ ဝတ်ကို မဖြေဘဲ နေသည်ထက်၊ သစ္စာဂတိ အလျှင်း မပြုဘဲနေသော် သာ၍ကောင်း၏။ သင်၏နှုတ်သည် သင်၏ကိုယ်ခန္ဓာ၌ အပြစ် မရောက်စေနှင့်။ အကျွန်ုပ် မှားပါပြီဟု၊ တမန်တော်ရှေ့မှာ ပြောရသောအကြောင်း မရှိစေနှင့်။ ဘုရားသခင်သည် သင်၏စကားသံကို အမျက်တော်ထွက်၍ သင်ပြုစုသောအမှုကို အဘယ်ကြောင့် ဖျက်ဆီးတော်မူရမည်နည်း” ဟုဆို၏။

**ကျက်မှတ်ရန်** - ဝတ် ၂၆း၁၅-၁၆။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်နှုတ်စကားကို သတိပြုမည်အကြောင်း၊ အဟုတ်ကို အဟုတ်၊ မဟုတ်ကို မဟုတ် ဟု ဆိုမည်အကြောင်း မစတော်မူပါ။ အာမင်။

*"ကောင်းမကောင်းရှိသည်အလျောက်၊ ယဇ်ပုရောဟိတ်အဘိုးဖြတ်ရမည်။ ယဇ်ပုရောဟိတ် ဖြတ်သည်အတိုင်းအဘိုးရှိရမည်"*

# မိုက်မဲသော ကတိသစ္စာ မပြုရန် ကာကွယ်ခြင်း

မိုက်မဲစွာ ကတိသစ္စာပြုသောအခါ ဘာဖြစ်သွားသနည်း။ မတွေးတောဘဲ ကတိသစ္စာပြု၍ အပြစ်ကိုကျူးလွန်စေသော ကတိသစ္စာရှိသလား။ လူသားအကြောင်းကို လူက မိမိကိုယ်ကို သိသည်ထက် ဘုရားသခင် သိတော်မူ၏။ ဝတ်ပြုရာကျမ်း ၂၇ တွင် အထက်ဖော်ပြပါ အခြေအနေအောက်တွင် ပြုလုပ်ခဲ့သော ကတိသစ္စာများကို ဖောက်ဖျက်ခြင်းအတွက် ပြဋ္ဌာန်းထားသည်။ လျော်ကြေးငွေပမာဏသည် လူတစ်ဦးနှင့်တစ်ဦးမတူညီပါ။ အသက် ၂၀ မှ ၆၀ နှစ်ကြား လူငယ်တစ်ဦးအတွက် ၅၀ ကျပ်ဖြစ်သည်။ ထိုအသက်အရွယ်အမျိုးသမီးတစ်ဦးအတွက်မှာ ၃၀ ကျပ်ဖြစ်သည်။ အသက် ၅ နှစ်မှ ၂၀ နှစ်ကြားဖြစ်လျှင် အမျိုးသားနှင့်အမျိုးသမီးအတွက် ၂၀ နှင့် ၁၀ ကျပ်အသီးသီးရှိသည်။ အသက် ၁ လမှ ၅ နှစ်အတွင်းဖြစ်ပါက အမျိုးသားနှင့်အမျိုးသမီးအတွက် ၅ ကျပ်မှ ၃ ကျပ်အသီးသီးရှိသည်။ အသက် ၆၀ နှစ်နှင့်အထက်ဖြစ်ပါက အမျိုးသားနှင့်အမျိုးသမီးအတွက် ၁၅ ကျပ်နှင့် ၁၀ ကျပ်အသီးသီးရှိသည်။ ဆင်းရဲသားများအတွက် ယဇ်ပုရောဟိတ်သည် ဆုံးဖြတ်ပေးရမည်။ အကြောင်းရင်းမှာ လူသည် ခွန်အားကြီးလေလေ ဘုရားသခင်ကို အစေခံနိုင်လေလေဖြစ်ပြီး၊ ခန့်မှန်းငွေလည်း မြင့်မားလေလေဖြစ်သည်။ သန့်ရှင်းသောတိရစ္ဆာန်ကို ပေးဖို့ကတိပြုလျှင် ကတိအတိုင်းပြုရမည်။ သန့်ရှင်းသော တိရစ္ဆာန်အတွက် တန်ဖိုးသတ်မှတ်ချက်မရှိပေ။ မသန့်ရှင်းသောတိရစ္ဆာန်အတွက် ယဇ်ပုရောဟိတ်က တန်ဖိုးဆုံးဖြတ်ရပြီး ပိုင်ရှင်က ထိုတန်ဖိုးအတိုင်း ဘုရားသခင်ထံ ပေးချေရမည်။

ဤတန်ဖိုးသတ်မှတ်ချက်ဥပဒေသည် ဘုရားသခင်ရှေ့တော်၌ သစ္စာကတိပြုခြင်း၏ အရေးကြီးမှုကို အတည်ပြုပေးသည်။ ဤအချက်က မိုက်မဲသောလုပ်ရပ်များ မကျူးလွန်မိအောင် တားဆီးထားသည်။ အဘယ်ကြောင့်ဆိုသော် ကတိသစ္စာပြုခြင်းက ထွက်လမ်းမရှိဘဲ အပြစ်နှင့်ပို၍ ဆိုးယုတ်သောအရာသို့ ပို့ဆောင်ခြင်းကြောင့်၎င်းကို တားမြစ်ဖို့ရန်ဖြစ်သည်။ ဘုရားသခင်သည် အာမောရိလူတို့ကို အောင်ပွဲပေးမည်ဆိုလျှင် မိမိအိမ်မှ ထွက်လာသူအား မီးရှို့ရာယဇ်အဖြစ် ပူဇော်မည်ဟုကတိသစ္စာပြုသော မိုက်မဲသော ယေဖသအမှုမျိုးဖြစ်သည်။ အောင်ပွဲနှင့်အတူ သူပြန်လာသောအခါတစ်ဦးတည်းသော သမီးပျိုလေးက ထွက်လာပြီးကြိုဆိုခဲ့သည်။ ထိုမိုက်မဲသောသစ္စာကတိကို စောင့်ထိန်းပြီး သမီးကိုပူဇော်ခဲ့သည်။ ခရစ်ယာန်များသည် ယနေ့တွင် ကတိသစ္စာပြုပြီး စောင့်ထိန်းဖို့လိုအပ်သည်။ သို့သော် ပို၍အရေးကြီးသည်မှာ စောင့်ထိန်းသည့်အခါ အပြစ်သို့ ပို့ဆောင်မည့် မိုက်မဲသော ကတိသစ္စာကိုမပြုဖို့ သတိထားရမည်။

**ကျက်မှတ်ရန်** - ဝတ် ၂၇း၂။
**ဆုတောင်းချက်** -အဖဘုရား၊ ဂတိသစ္စာကို ဆုတောင်းခြင်းနှင့်၎င်း၊ ဉာဏ်ပညာနှင့်ယှဉ်၍၎င်း ပြုမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဇွန် (၃၀ ညနေ)
**ဝတ် ၂၇**
ဆာလံ ၁၁၉း၁၆၅-၁၆၈

*“ဤရွေ့ကား ထာဝရဘုရားသည်၊ သိနာတောင်ပေါ်မှာ ဣသရေလအမျိုးသားတို့အဘို့ မောရှေ၌ ထားတော်မူသော ပညတ်တော်များ ဖြစ်သတည်း”*

# ကျိန်ဆိုသောအရာများကို ရွေးနှုတ်၍ မရပါ

ဣသရေလအမျိုးကို ဘုရားသခင်က တိုင်းပြည်အဖြစ် တည်ထောင်သောအခါ သူကိုယ်တိုင်အုပ်ချုပ်ခဲ့သည်။ ဘုရားသခင်က ရန်သူများကို တိုက်ခိုက်ဖို့ စစ်တပ်များမလိုပေ။ သို့ရာတွင် ဣသရေလအမျိုး၏ ဝိညာဉ်ရေးသုခကို စောင့်ရှောက်ရန် လေဝိအမျိုးအနွယ်ကို ခန့်ထားသည်။ ယဇ်ပုရောဟိတ်ရာထူးသည် လေဝိမျိုးနွယ်မှ ဆင်းသက်လာသည်။ သူတို့၏တာဝန်မှာ ယဇ်ပူဇော်ခြင်းကို စီမံခန့်ခွဲခြင်းနှင့် နှုတ်ကပတ်တော်ကို အချိန်ပြည့်လေ့လာပြီး သွန်သင်ပေးခြင်းတို့ဖြစ်သည်။ သူတို့သည် ယော်ဒန်မြစ် နှစ်ဘက်စလုံးရှိ ကတိတော်ပြည်တစ်လျှောက်လုံး ဘုရားသခင်ရွေးချယ်ထားသော လေဝိမြို့လေးဆယ့်ရှစ်မြို့၌ နေထိုင်ကြသည်။ ၎င်းက ဣသရေလလူမျိုးတိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်ယူဖို့ရန် ဝေးဝေးသွားစရာမလိုကြောင်း သေချာစေသည်။

လေဝိသားတို့၏ ကိုယ်ကာယလိုအပ်ချက်ကို စောင့်ရှောက်ခြင်းငှါ ဘုရားသခင်အား ပေးသော အဦးသီးသောအသီးအနှံနှင့် ဆယ်ဘို့တစ်ဘို့ကို ယဇ်ပုရောဟိတ်နှင့် လေဝိသားတို့သည် အသီးသီးစားရမည်ဟု မိန့်တော်မူ၏။ ဤနည်းအားဖြင့် ယဇ်ပုရောဟိတ်တို့သည် တကျိပ်နှစ်ပါးသော မျိုးနွယ်စုတို့၏ ဝိညာဉ်ရေးသုခကို စောင့်ရှောက်နိုင်မည်ဖြစ်ပြီး တစ်ကျိပ်နှစ်ပါးတို့က ယဇ်ပုရောဟိတ်နှင့်လေဝိသားတို့၏ ကိုယ်ကာယလိုအပ်ချက်ကို စောင့်ရှောက်နိုင်မည်ဖြစ်သည်။ ဘုရားသခင်က သူကိုအပ်နှံဖို့ရန်၊ ယဇ်ပုရောဟိတ်နှင့်လေဝိသားတို့ကို ထောက်ပံ့ဖို့ရန် သတ်မှတ်ထားပြီးသော ဆယ်ဘို့တစ်ဘို့နှင့်စေတနာအလျောက် ပေးသောအလှူများကို ပြန်ရွေးဝယ်လို့မရပါ။ သူတို့သည် ထိုအရာများကို ပုံမှန်ပေးဆောင်ရမည်။ ဆယ်ဘို့တစ်ဘို့မတတ်နိုင်သော ဆွေမျိုးသားချင်းကို ကူညီလိုလျှင် ဆယ်ဘို့တစ်ဘို့၏ ငါးပုံတစ်ပုံကို စည်းကြပ်ကောက်ခံရမည်။ သန့်ရှင်းသော တိရစ္ဆာန်များကို ဆယ်ကောင်တွင် တစ်ကောင်ထည့်ဝင်ရမည်။ သူတို့အားလုံးသည် ဘုရားသခင်အဘို့ သန့်ရှင်းကြရ မည်။ ဘုရားသခင်ထံ ဆက်ကပ်ထားပြီးသားအရာကို ပြန်ရွေးဖို့ ကြိုးစားသူ မည်သူမဆို သေဒဏ်ကျခံရမည်။ ဤအရာမှာ ဘုရားသခင်ကို ကြီးလေးစွာ ပြစ်မှားခြင်းဖြစ်သည်။ ယနေ့ခရစ်ယာန်များသည် ဤသွန်သင်ချက်မှ သင်ယူကြရပါမည်။ ဘုရားသခင်တောင်းဆိုသော ဆယ်ဘို့တဘို့နှင့် အလှူတော်ငွေများကို ဘုရားသခင်ထံ ရက်ရောစွာနှင့် ပျော်ရွှင်စွာပေးရပါမည်။ ငါသည် မရွှင်လန်း၍ ဆန္ဒမရှိသောကြောင့် မပေးတော့ပါဟူ၍ အကြောင်းပြလို့မရပါ။ ရွှင်လန်းစွာ ပေးကမ်းဖို့ သွန်သင်ပေးထားသည်။ ဘုရားသခင်ထံ ပေးလှူဖို့ သတ်မှတ်ထားပြီးသော အရာတို့ကို မပေးဖို့ရန်မည်သည့် အကြောင်းပြချက်မှ မသုံးပါနှင့်။

**ကျက်မှတ်ရန်** - ဝတ် ၂၇း၂၈-၂၉။

**ဆုတောင်းချက်** -အဖဘုရား၊ ကိုယ်တော်ထံ ကျွန်တော် မိမိကိုယ်ကို ဆက်ကပ်သည်နည်းတူ၊ ကျွန်ုပ်၏ ဆယ်ဘို့တစ်ဘို့ကို စိတ်ကျေနပ်စွာ ကိုယ်တော်ထံ ပေးကမ်း လိုပါ၏။ အာမင်။